# အပ္ပမာဒ ပုံပြင်များ

အမှတ်-၂

တော်ဝင်နွယ်



# အပ္ပမာဒ ပုံပြင်များ

အမှတ် - ၂

တော်ဝင်နွယ်



2005.GRAPHIC DESIGN : KYAW MINN MOUNG

# အပွမာဒ ပုံပြင်များ အမှတ် (၂)

## တော်ဝင်နွယ်

တရိုက် တင်ဆက်သူ

ရာမညသူလေး

ပီဒီအက်

ရေဘဝ

http://mmteashop.com

မှ

စီစဉ်တင်ဆက်သည်

http://mmteashop.com July 11, 2011

# အပွမာဒဓမ္မရသ ပုံပြင်များ( ဒုတိယတွဲ)

ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)၊ ၂၀၀၅ - ခုနှစ်၊ ဖေဖော်ဝါရီ

စာမူခွင့်ပြုချက်　-　၃၂၀၂၂၉၀၅၀၄

အဖုံးခွင့်ပြုချက်　-　၃၂၀၂၈၅၀၅၀၅

မျက်နှာဖုံးပန်းချီ　-　ပန်းချီ ကိုကျော်မင်းမောင်

အတွင်းသရုပ်ဖော် -　ပန်းချီ ကိုပန်းချာန်

ထုတ်ဝေသူ　-　ဦးမြသန်းစံ (မြဲ - ဝ၃၈၈၂)၊ အပွမာဒစာစဉ်

အမှတ် (၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ရန်ကုန်မြို့။ ဖုန်း - ၅၈၄၇၃၈

အဖုံးနှင့်အတွင်းပုံနှိပ် -　ရွှေနိုင်ငံပုံနှိပ်တိုက်

ဦးမောင်မောင်လှ၊ (မြဲ - ဝ၅၇၄၅)

အမှတ် ၉၀(စီ) ၊ ကမ္ဘာအေးဘုရားလမ်း၊

ရန်ကုန်မြို့ ။

ဖြန့်ချိရေး-　မြကြာငုံသက်န်တိုက်

အမှတ် (၅၄)၊ ရွှေတိဂုံဘုရားအရှေ့မုဒ်

http://mmteashop.com　July 11, 2011

Typing - ရာမညသူလေး

စောင်းတန်းထိပ်၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်၊

ရန်ကုန်မြို့ ။ ဖုန်း - ၃၈၄၅၅၉

တန်ဖိုး - (၁၃၀၀) ကျပ်

July 11, 2011 http://mmteashop.com

## *စကားဦး*

စလင်းမြို့က မေတ္တာစာ

စာဖတ်သူတို့ ပွဲတင်သံ

၁။ အတွင်းပစ္စည်း မပျက်စီးရင် ပြီးတာပဲ

၂။ နားလည်းပူ ခါးလည်းပူတယ်

၃။ တန်းဖိုးသိမှ တန်းဖိုးရှိတယ်

၄။ နဂါးမင်းနဲ့ မပေဟမာ

၅။ ရသေ့နဲ့ ကင်းမြီးကောက်

၆။ ပညာအယူများလို့ သူ့မယားဖြစ်ရတယ်

၇။ ကုန်သည်မိုက်နဲ့ နွားလိမ္မာ

၈။ ရောင့်ရဲရင် ပျော်ရွှင်တယ်

၉။ ပြောင်းဖူးခိုးတဲ့ ဖိုးသူတော်

၁၀။ မေတ္တာရှိရင် အားလုံးရှိတယ်

၁၁။ မတူးနဲ့ မထူး

၁၂။ စကားတတ်တဲ့ ချီပါသားနဲ့ ဒေါသကြီးတဲ့ ဘုန်းတော်ကြီး

၁၃။ ဟင်းကောင်းတစ်ခွက်နဲ့ ဆရာတပည့်နှစ်ဦး

၁၄။ ငယ်သာငယ် တယ်တွယ်တဲ့ဘုရား

၁၅။ သာချစ်နဲ့ သူ၏ရုပ်တုများ

၁၆။ တောင်ကျောင်းဘုန်းကြီးနဲ့ မြောက်ကျောင်းဘုန်းကြီး

၁၇။ ကျုပ်တူမအရင်းကြီးဗျ

၁၈။ ငရဲနဲ့ နတ်ပြည်

၁၉။ တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ဟေ့

၂၀။ ခံသင့်သလောက်ဘဲ ခံမည်

၂၁။ ငစံမိုက်ကြောင့် ငါ့ကျားငယ်ရတယ်

၂၂။ သူဌေးကြီးနဲ့ သားသုံးယောက်

၂၃။ ပေါင်မုန့်ခြောက်နဲ့ မှင်စာ

http://mmteashop.com July 11, 2011

## စကားဦး

တရားနာခိုက်၊
တို့ သန်းဂိုက်၏။
စိတ်ကြိုက်ပျော်အောင်၊
ပုံပြင်ဆောင်အံ့။
ယုန်ကောင်-ရွှေကျား၊
ဇာတ်ခင်းသွားသော်၊
အများလူတို့ မပျင်းတည်း။           ။

လာဖွန်တိန် (ပြင်သစ်စာဆို )

စာရေးခြင်း အနုပညာဟာ စာရေးသူရဲ့ ငယ်ဘဝအိမ်မက်ဖြစ်ပေမယ့် ပုံပြင်တွေ ရေးဖို့တော့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။ ဒါပေမယ့် ပုံပြင်တွေကိုတော့ စာရေးသူ အလွန်ချစ်ပါတယ်။

ပုံပြင်တွေဟာ စာပေယဉ်ကျေးမှု မထွန်းကားမီ ကတည်းက ဖြစ်ပေါ်တည်ရှိလာတဲ့ "သမိုင်းဦး အနုပညာ" တစ်ခုဖြစ်တာမို့ အစဉ်အလာ ကြီးမားသလို၊ စိတ်ကောင်းနဲ့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် လောကကောင်းကျိုးကို သယ်ပိုး ရွက်ဆောင်တက်တာကြောင့် အစဉ်အလာလည်း အင်မတန် ကောင်းပါတယ်။

နောက်ပြီးတော့ ပုံပြင်တွေဟာ လောကနဲ့ဘဝအကြောင်းကို သင်ပြရာမှာ အင်မတန် ညင်သာ သိမ်မွေ့ ပါတယ်။ သူတို့ဟာ အာဏာရှင် မဆန်တတ်သလို

http://mmteashop.com    July 11, 2011

တင်းကျပ်တဲ့ စည်းကမ်းတွေကို ကြိမ်လုံးနဲ့အတူ ကိုင်ဆောင်ထားတဲ့ ဆရာကြီး တစ်ဦးနဲ့လည်း မတူပါဘူး။ ပုံပြင်ကောင်းတစ်ပုဒ်ရဲ့ နှလုံးသားတိုင်းမှာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်တစ်ဦးရဲ့ "ဖေးမကူညီမှု" မျိုးနဲ့ အစ်မကြီးတစ်ဦးရဲ့ နွေးထွေးလှိုက်လှဲတဲ့ "ချစ်ကြင်နာမှုမျိုး" ရှိနေတတ်ပါတယ်။

များသောအားဖြင့် ပုံပြင်တွေဟာ မေတ္တာ၊ ကရုဏာတရားတွေနဲ့ မွမ်းထုံနေတဲ့ အဘိုးအဘွားတွေရဲ့ ရင်ခွင်တွင်းက သက်ဆင်း လာကြတာမို့ အကြင်နာချစ်ရနံ့တွေ သင်းပျံ့နေရုံတွင်မကဘဲ သူတို့နဲ့ ထိတွေ့ခွင့် ရတဲ့အခါတိုင်း ကလေးဘဝက ပျောက်ဆုံး သွားတဲ့ ဘိုးဘွားတွေရဲ့ ကိုယ်ငွေ့ နွေးနွေးကလေးနဲ့ နမ်းဆီစစ်စစ်နဲ့ ဆမ်းထားတဲ့ လက်ဖက်နံ့ သင်းသင်း ကလေးကိုပါ ပြန်ရလိုက်သလို ခံစားရတက်ပါတယ်။

စာရေးသူ ဝေငှလိုက်တဲ့ ဒီဓမ္မပုံပြင်တွေဟာ ကဗျာတစ်ပုဒ်လို မလှပ၊ ပျားရည် တစ်စက်လို မချိုမြိန်နိုင်ရင် နေပါစေ။ ပြင်သစ်စာဆို (လာဖွန်တိန်) ပြောသလို "စာဖတ်သူတို့ မပျင်းရိ၊ မငြီးငွေ့ လှရင်ပဲ ရေးရကျိုးနပ်ပြီး" လို့ စာရေးသူခံယူပါတယ်။ တကယ်တော့ ပုံပြင် ကောင်းတွေဆိုတာ (အနာတိုးလ်ဖရန့်စ်) ပြောခဲ့သလို "သန်းပေါင်းများစွာသော လူတွေရဲ့ ဘဝကို ရွှေရောင်တောက်ပ" စေနိုင်ကြပါတယ်။

ဒီဓမ္မပုံပြင်တွေကို အစဉ်တစိုက် ရေးဖြစ်အောင် တိုက်တွန်းခဲ့ပြီး မဂ္ဂဇင်းမှာ လစဉ် ဖော်ပြပေးကာ လုံးချင်းစာအုပ်အဖြစ် (ပထမတွဲ၊ ဒုတိယတွဲ)လည်း စီစဉ် ရိုက်နှိပ်ဓမ္မဒါန ဖြန့်ဝေပေးခဲ့တဲ့ ဦးမြသန်း+ဒေါ်သိဂီမိုးတို့ မိသားစုနဲ့တကွ အပွမာဒဓမ္မရသမဂ္ဂဇင်း အဖွဲ့သားများ အားလုံးရဲ့ ကျေးဇူး ဥပကာရ အထူးတင်ရှိမှုကို မြတ်နိုးစွာ ကမ္ပည်းထိုးပြီး မှတ်တမ်း တင်ထားပါတယ်။

စာဖတ်သူတွေအားလုံး ရေလို "အေး" ပြီး၊ ပန်းလို "မွှေး" ကြပါစေ။

တော်ဝင်နွယ်



http://mmteashop.com July 11, 2011

## စလင်းမြို့က မေတ္တာစာ

သို့

တော်ဝင်နွယ်ဆရာတော်

ဘဲ့မမှတ်မိလို့ ခုလိုမိတ်ဆက်လိုက်ရပါတယ်ဘုရား။

အရှင်ဘုရားဆီကို စာရေးဖို့က စိတ်ကူးတာကြာပါပြီး။ ခုမှပဲ လေ့ဦးဆိုက်၊ လှည်းဦး ဆိုက်ရေးဖြစ် ပါတော့တယ်။ အရှင်ဘုရားရဲ့ စာတွေဖတ်ပြီးအရှင်ဘုရားကို လေးစားမိသလို အားကျမှုလည်း ဖြစ်မိတယ်။ ရေးပါဘုရား၊ စာရေးဆရာဆိုတာ စာပေတော့ ချမ်းသာ ရမှာပေါ့။ အရှင်ဘုရားက လူချစ်ဆေးဖော်သူပါ။ ဟာသပြောတက်သူ၊ ရေးတက်သူတွေဟာ ခေတ်အဆက်ဆက်မှာ အလေးဂရု အပြုခံရတယ် မဟုတ်လား။ ဟာသကိုဖတ်ပြီးတဲ့အခါ ကိုယ်စိတ်နလုံး ရွှင်ပြုံးချမ်းမြေ့ရတယ်။ အကျဉ်းချုံးပြောရရင်။ ဟာသရေးသူတွေဟာ ထွက်ပေါက် ရှာပေးသူတွေပါ။

သို့သော် အရှင်ဘုရား အရေးအသားက လောက ထွက်ပေါက်တွင်မက လေကုတ္တရာ ထွက်ပေါက်ပါ ရှာပေးသူဆိုတော့ စာပေတာဝန်ပိုပြီး ကျေပွန်ပါတယ်ဘုရား။ နောက်တစ်ခု အရှင်ဘုရားကို ကျေးဇူးတင်တာက အရှင်ဘုရားဟာ စာရေးတဲ့ နေရာမှာ စေတနာ အပြည့် အဝနဲ့ ရေးသားခြင်းကို ပါပဲ။

၁။ ရေးသားပုံ ဆန်းသစ်တယ်။

၂။ အနုသန္ဓေစပ်ပုံ ကောင်းတယ်။

၃။ ဝါကျတည်ဆောက်ပုံ ခိုင်ခံ့ပီပြင်တယ်။



http://mmteashop.com　July 11, 2011

၄။ အရေးအသား ကျစ်လျစ်တယ်။

၅။ ခေတ်ကို ထင်ဟပ်တယ်။

၆။ ချုံငုံပြောနိုင်စွမ်းရှိတဲ့ ဩဇာဂုဏ်ရှိတယ်။

၇။ အတွေးသစ်ကိုပေးတယ်။

၈။ ဓမ္မကထိကတွေအတွက် အားကိုးမှီခိုရတယ်။

၉။ စေတနာပါခြင်းတို့ဖြစ်ပါတယ်။

ဆက်လက်ရေးပါဦးဘုရား။ အရှင်ဘုရား ပရိသတ်တွေ အများကြီးရှိပါတယ်။ စာဆိုတာ ရေးမှလည်း ထွက်တာပါဘုရား။ ခုလိုပဲ အတွေးသစ်တွေနဲ့ ဇာတ်တော်တွေကိုလည်း လူငယ်ပရိသတ်တွေနဲ့ မိတ်ဆက်ပေးပါဦး။ သူများတွေ ရေးထားတာ ရှိပေမယ့် အရှင်ဘုရားရေးရင် ရသသစ်ကို ဖော်ထုတ်ပေးနိုင်ပါလိမ့်မယ်။ အရှင်ဘုရားတို့၊ တပည့်တော်တို့ လုပ်အားရှိတုန်း စာပေအလုပ်တွေ၊ အများကြီးလုပ်ရအောင်ဘုရား။ ကျန်းမာရေး ဂရုစိုက်ဖို့ လမ်းလျှောက်ဖို့ကိုတော့ တိုက်တွန်းပါရစေ။

မျှော်လင့်လျက်

ဦးစန္ဒိမ

ညောင်နှစ်ပင်ကျောင်း

ပုထိုးဖြူရပ်၊ စလင်းမြို့။

http://mmteashop.com July 11, 2011

## စာဖတ်သူတို့ ပဲ့တင်သံ

ဦးပဋ္ဌင်း.........

တပည့်တော် စာရေးလိုက်ပါတယ်။ ဦးဇင်းရေးတဲ့စာတွေ အပွမာဒမဂ္ဂဇင်းမှာ ပါတယ် ဆိုလို့ လစဉ် စောင့်ပြီး ဖတ်ဖြစ်ပါတယ်။ အခုတော့ မဖတ်လို့ လုံးဝ မဖြစ်တော့ဘူး။ တစ်လ မဖတ်ဖြစ်ရင် တစ်ခေတ် နောက်ကျ သွားမယ်လေ။ ဟုတ်တယ်နော် ဘုရား။

ဦးဇင်းရေးလိုက်မှပဲ ကြားဖူးနားဝ ရှိပြီးသား ရိုးရာ ပုံပြင်လေးတွေက ပိုပြီးလှပ သွားသလို တန်ဖိုး ဖြတ်မရအောင် အဖိုးတန်သွားတယ်။ တပည့်တော်တို့လို ပုထုဇဉ်တွေ ရောက်ဖို့ ခဲယဉ်းတဲ့ လောကုတ္တရာ နယ်ပယ်ထဲကို ဦးဇင်းက ပုံပြင်လေးတွေနဲ့ ချော့မော့ ခေါ်ဆောင် သွားပေးတာကို ကျေးဇူးတင်ပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ပျော်ရွှင်ပါစေ။

သတိရစွာဖြင့်
မောင်အောင်ကျော်ငြိမ်း
မြင်းခြံမြို့။

http://mmteashop.com July 11, 2011

အရှင်ဘုရား......

တပည့်တော် အပ္ပမာဒမဂ္ဂဇင်းကို လစဉ်ဖတ်ပါတယ်။ မဂ္ဂဇင်းရောက်လာတိုင်းလည်း အရှင်ဘုရားရဲ့ ဓမ္မပုံပြင်တွေကို အရင်အဦးဆုံး ဖတ်ပါတယ်ဘုရား။ အရှင်ဘုရားက တပည့်တော်တို့လို လူပြိန်းတွေ သိရှိနားလည်ဖို့ ခက်ခဲနက်နဲတဲ့ ဓမ္မရေးဆိုင်ရာ အကြောင်းအရာတွေကို ပုံပြင်ကလေးတွေနဲ့ လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး ပြောပြထားတာမို့ ဖတ်ရတာ အင်မတန်အဆင်ပြေပါတယ်ဘုရား။

အရှင်ဘုရားရဲ့ စေတနာကို လူတော်တော်များများက ခံစားနားလည်ပြီး ကျေးဇူးတင်ကြပါတယ်ဘုရား။ အရှင်ဘုရားပြောလိုတဲ့ ပွိုင့်ရောက်အောင်ပုံပြင်လေးတွေကို လိမ်လိမ်မာမာ ထိန်းကျောင်း ခေါ်ဆောင်သွားနိုင်တာဟာ အရှင်ဘုရားရဲ့ ထူးခြားတဲ့ အရည်အချင်း တစ်ခုဖြစ်ပါတယ်။

အရှင်ဘုရား စာပေတွေအများကြီး ရေးပြီး သာသနာပြုနိုင်ပါစေ။

ရှိသေစွာဖြင့်
မောင်ကျော်စိုးသူ
ရန်ကုန်မြို့။

http://mmteashop.com July 11, 2011

အရှင်ဘုရား......

အရှင်ဘုရားရေးတဲ့ အပ္ပမာဒဓမ္မရသ ပုံပြင်စာအုပ်ကို ဖတ်ရပါတယ်ဘုရား။ အဲဒီစာအုပ်ထဲမှာ တပည့်တော်မတို့ သိသင့်သိထိုက်တဲ့ ဒါန၊ သီလ၊ ကံ ကံရဲ့အကျိုး၊ ဒုက္ခသစ္စာ၊ အတ္တအစွဲ၊ နိဗ္ဗာန်စတဲ့ အကြောင်းအရာတွေကိုလည်း ပုံပြင်ကလေးတွေနဲ့ ကပ်ပြီး ပြောပြထားတဲ့အတွက် လွယ်ကူစွာ နားလည်သဘောပေါက်ခွင့် ရပါတယ်ဘုရား။

နောက်ပြီးတချို့ဘာသာရေးကိစ္စတွေမှာ အလွဲလွဲအမှားမှား ဖြစ်နေတာကို ပြုပြင်စေလိုတဲ့ စေတနာနဲ့ ရေးထားတဲ့ ပုံပြင်တွေကလည်း တပည့်တော်တို့ အတွက် အင်မတန် ကျေးဇူးများပါတယ်ဘုရား။ ပုံပြင်တွေထဲမှာ ဓမ္မရသတွင်မကဘဲ ဟာသရသလေးတွေပါ ရောစွက်ပါဝင်နေတာမို့ ဒီပုံပြင်တွေ ဖတ်ရတာ အင်မတန်ပျော်ဖို့ ကောင်းပါတယ်ဘုရား။

အရှင်ဘုရားအနေနဲ့ ဒီဓမ္မပုံပြင်ကလေးတွေကို အင်္ဂလိပ်ဘာသာနဲ့ပါ ဘာသာပြန်ဆိုပြီး ရိုက်နှိပ်ဖြန့်ဝေသင့်ပါတယ်ဘုရား။ ဒါမှ မြန်မာပြည်နယ်နိမိတ်ကို ကျော်ပြီး ပြည်ပနိုင်ငံတွေမှာပါ ဓမ္မရသတွေ ခံစားနိုင်ကြမှာပါဘုရား။

အရှင်ဘုရား ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုနိုင်ပါစေ။

ရိုသေစွာဖြင့်
မအိအိလှိုင်
မြောက်ဒဂုံ၊ ရန်ကုန်မြို့။

http://mmteashop.com July 11, 2011

အရှင်ဘုရား........

တပည့်တော်ဟာ ပုံပြင်ဖတ်တာ ကလေးဆန်တယ်လို့ အရင်တုန်းက ပုံပြင်ဆို ဘယ်တော့မှ ဖတ်လေ့မရှိပါဘုရား။

ဒါပေမယ့် အရှင်ဘုရားရေးတာဆိုလို့ ဖတ်ဖြစ်အောင် ဖတ်ကြည့်ပါတယ်။ အရှင်ဘုရား ရေးတဲ့ ဓမ္မပုံပြင်တွေဟာ အဆင့်အတန်းရှိပြီး အရွယ်သုံးပါးစလုံး ဖတ်နိုင်တာ တွေ့ရတော့ ဖတ်လို့သိပ်ကောင်းတာပဲ ။

မေမေကတော့ ပြောတယ် "အရှင်ဘုရားရေးတဲ့ ပုံပြင်တွေဟာ နောင်တစ်ချိန် ကျရင် ဂန္တဝင် စာပေအဖြစ် ကျန်ရစ်ခဲ့မှာ" တဲ့။ အရှင်ဘုရားကို အားပေးပါတယ်။ ဆက်ပြီး ရေးဖြစ်အောင် ရေးပါဘုရား။

ရိုသေစွာဖြင့်
မနီလာမိုး
ချောက်မြို့။

http://mmteashop.com July 11, 2011

ဦးပဥ္စင်း..........

ဦးပဥ္စင်း ပေးလိုက်တဲ့ "အပွမာဒ ဓမ္မရသပုံပြင်" စာအုပ်ရတယ်။ တပည့်တော်မက ပုံပြင် သိပ်ကြိုက်ပါတယ်။

ဒါပေမယ့် ပုံပြင်လေးတွေရဲ့ ရှေ့နဲ့နောက်၊ အဖွင့်အပိတ်အနေနဲ့ ဦးပဥ္စင်းရေး ထားတာလေးတွေက ပိုပြီးတော့ ဖတ်လို့ကောင်းတယ်။ အဲဒီနိဒါန်းနဲ့ နိဂုံးစာသားတွေက ပုံပြင်တွေကို ပိုပြီးလှပစေတယ်။

တပည့်တော်မရဲ့ မောင်လေးတွေကတော့ ဦးပဥ္စင်းရဲ့ စာအုပ်ကို ဖတ်ပြီး တခွီခွီနဲ့ ရီနေကြတာပဲ။ ဒါနဲ့ တပည့်တော်မက "ဟဲ့.....တရားစာအုပ်ဖတ်ပြီး ဘာရီနေကြတာလဲ။ ဒါရီစရာမဟုတ်ဘူး" လို့ ပြောတော့ သူတို့က "အံမယ်၊ မမက မသိဘဲနဲ့၊ ဦးပဥ္စင်းက ခပ်တည်တည်နဲ့ ရီရအောင် လုပ်ထားတာဗျ" လို့ ပြန်ပြောကြပါတယ်။ ဘာပဲဖြစ်ဖြစ် ကလေးတွေ ဦးပဥ္စင်းစာအုပ်ကို သဘောကျနှစ်ခြိုက်ကြတယ်ဆိုရင် ဦးပဥ္စင်းလည်း ကျေနပ်တယ် မဟုတ်ဘူးလား။

ရိုသေစွာဖြင့်


မဥမ္မာအောင်

ရန်ကုန်မြို့။

http://mmteashop.com July 11, 2011

❖ ဟဲ့......ကပ္ပိယကြီး၊ ဘုန်းကြီးဆိုလိုတဲ့ အတွင်းပစ္စည်းဆိုတာ အခြားဟာကို ပြောတာမဟုတ်ဘူး။
❖ ကိုယ်ရဲ့ အတွင်းအဖျတ္တ နှလုံးသားထဲမှာရှိတဲ့ ကုသိုလ်ပါရမီကို ရည်ရွယ်ပြီး။ ပြောတာပါ။
❖ ဗဟိဒ္ဓ အပြင်ပန်းပစ္စည်းဥစ္စာဆိုတာ ဘယ်အရာမှ ဆုပ်ကိုင်ထားလို့ မရဘူး။
❖ အားလုံး အချိန်တန်ရင် ပျောက်ကွယ်သွားကုန်တာချည်း ပဲ။ ဘုန်းကြီးရော၊ ကပ္ပိယကြီးရော ဘဝသံသရာမှာ သိကြားမင်းလည်း ဖြစ်ခဲ့ရ၊ စကြဝတေးမင်း လည်း ဖြစ်ခဲ့ရဖူးတာပဲ။
❖ သူဌေး သူကြွယ်ဖြစ်ခဲ့ရတဲ့ ဘဝဆိုတာကတော့ ပြောမနေနဲ့တော့၊ မရေတွက် နိုင်ဘူး။
❖ ဒါပေမယ့် အခုအချိန် ပြန်ကြည့်ရင်လေ အဲဒီတုန်းက ပိုင်ခဲ့၊ ဆိုင်ခဲ့ ရတာတွေ အားလုံး ဘာတစ်ခုမျှ လက်ထဲကျန်ရစ်ခဲ့တာ မရှိဘူး။

http://mmteashop.com  July 11, 2011



တကယ်တော့ ပါရမီကုသိုလ်ဆိုတာ ဘယ်လိုရန်သူမျိုးကမှမနှောင့်ယှက် မဖျက်ဆီး၊ မဟန့်တား၊ မခိုးယူနိုင်တဲ့ "အနဂါမိကဓနဥစ္စာအိုး" အတွင်းပစ္စည်းမျိုးပါ။

## အတွင်းပစ္စည်းမပျက်စီးရင် ပြီးတာပဲ

ကြီးကျယ်ခန့်ညားပြီး မြင့်မြတ်တဲ့ သူတော်ကောင်းတွေရဲ့ နလုံးသားဆိုတာ ဘယ်ဘက်အခြမ်းမှာ ကရုဏာရှိပြီး၊ ညာဘက်အခြမ်းမှာ ပညာ အပြည့်ရှိပါတယ်။ အဲဒီ ကရုဏာ၊ ပညာတရားတွေနဲ့ ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်အခွင့်အရေးတွေကို စတေးပြီး အများ ကောင်းစားရေးအတွက် လောကအပေါ် စေတနာ အပြည့်အဝ ထားနိုင်တာကို "ပါရမီ ဖြည့်တယ်" လို့ ခေါ်တာပါ။

Typing - ရာမညသူလေး



http://mmteashop.com July 11, 2011

"ပါရမီ" ဆိုတာ မြင့်မြတ်သူတွေရဲ့ ပုံရိပ်၊ မြင့်မြတ်သူတွေရဲ့ နှလုံးသား၊ မြင့်မြတ်သူတွေရဲ့ စရဏတရားပဲဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရရင် "ပါရမီဖြည့်တယ်" ဆိုတာ လောဘ၊ အတ္တ၊ မာန တွေကြောင့် အကျည်းတန် အရုပ်ဆိုးလှတဲ့ လူ့ဘဝ၊ လူစေတနာကို အလှပ၊ အယဉ်ကျေး၊ အသိမ်မွေ့ဆုံးဖြစ်အောင် ခြယ်မှုန်း ပြုပြင် တန်ဆာဆင်ပေးတာကို ခေါ်တာပါ။ ဘုရား အလောင်းတော်ဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီပြည့်တယ်ဆိုတာ မိမိရဲ့ဘဝ၊ မိမိရဲ့စေတနာကို လှသည်ထက်လှအောင် အားထုတ်ခြင်းဖြစ်ပါတယ်။

ကြာပန်းရဲ့ အလှဟာ ရေကန်ကို တန်ဆာဆင်နိုင်သလို ဘဝရဲ့အလှဟာလည်း လောကကို တန်ဆာဆင်ပေးနိုင်ပါတယ်။ ပါရမီတွေ ပြည့်ဝလို့ မိမိရဲ့ဘဝက ပို၍ ပို၍ လှအောင်တန်ဆာဆင်နိုင်လေ ဖြစ်ပါတယ်။ တကယ်တော့ "ပါရမီ" ဆိုတာ လူ့ဘဝရဲ့မြတ်နိုး တန်းဖိုးထားစရာ အလှပဆုံး "တော်ဝင်ပန်း တစ်ပွင့်" ပါ။ ပါရမီပန်း တွေများ ပွင့်လန်းနေပြီဆိုရင် အကျည်းတန်မှုတွေနဲ့ ပြည့်လျှမ်းနေတဲ့ ဒီလူ့ဘဝ ခရီးကြမ်း ကြီးဟာ အင်မတန်မှသာယာလှပ ပျော်မွေ့ဖွယ် ကောင်းလှပါတယ်။

သာသနာတော်မှာ ဘုရားရှင်ရဲ့ အဆုံးအမဩဝါဒကို ခြေခြေမြစ်မြစ် လက်ခံရရှိပြီး သူတွေအဖို့ ဘဝသံသရာ ရှေ့ရေးနဲ့ပတ်သက် လာရင်း-

(၁) ဒီဘဝမှာ ကျွတ်တမ်းဝင်ဖို့၊

(၂) ဆုတစ်ခုခုကို ရည်ရွယ်ပန်ဆင်ကာ ပါရမီဖြည့်ဖို့၊ ဒီအရေးကိစ္စ နှစ်ခုကလွဲလို့ တခြားရွေးချယ်စရာ ရှိမနေတော့ပါ။

ဗုဒ္ဓသာသနာဝင်တွေအဖို့ ဘဝချမ်းသာဟူသမျှရဲ့ နောက်ဆုံးပန်းတိုင်ဟာ အရိယာ ပုဂ္ဂိုလ်ဖြစ်ဖို့ပါ။ အရိယာပုဂ္ဂိုလ် ဖြစ်ဖို့ဆိုတာ အရိယသစ္စာကို သိမြင်နိုင်ရမှာပါ။ အရိယ သစ္စာကို သိမြင်နိုင်ဖို့ဆိုတာ ပါရမီမရှိဘဲ မဖြစ်နိုင်ပါ။ ပါရမီဆိုတာ မြင့်မြတ်မှုသို့သွားရာ


http://mmteashop.com July 11, 2011

တစ်ကြောင်းတည်းသော ခရီး၊ တစ်ခုတည်းသော လမ်းမကြီးဖြစ်ပါတယ်။ ပါရမီလမ်းမကြီးကို စွန့်ပစ်ပြီးမြင့်မြတ်မှု ပန်းတိုင်သို့ ရောင်နိုင်ရိုး ထုံးစံမရှိပါ။

ဒါကြောင့် ဗုဒ္ဓမြတ်စွာရဲ့ ကရုဏာနဲ့ ပညာရန်တွေ သင်ပုံ့နေဆဲ ယခုလိုကာလမျိုးမှာ မြင့်မြတ်မှုကို မြတ်နိုးကြသူတိုင်းဟာ ပါရမီကောင်းမှုတစ်ခုခုကို နေ့စဉ်ဝတ်ထားပြီး ပြုလုပ် အားထုတ်သင့်ကြပါတယ်။ ကြေးနဲ့ရွှေဟာ "ဝါ" တာချင်းတူပေမယ့် တန်ဖိုးချင်း မတူညီနိုင်သလို ရိုးရိုးကုသိုလ်နဲ့ ပါရမီကုသိုလ်ဟာလည်း "ကုသိုလ်ချင်း" တူပေမယ့် အရှိန်အဝါ အကျိုးပေးတာချင်း အင်မတန်ခြားနားပါတယ်။

ရိုးရိုးကုသိုလ်ဟာ ကိုယ်ကျိုးရှာ အသာစံလိုမှု ပါဝင်နေတက်တာမို့ အကြောင်းအားမကောင်းသလို အကျိုးပေးလည်း မသန်တက်ပါဘူး။ ရိုးရိုးကုသိုလ်ရဲ့ ပန်းတိုင်ဟာ လောကီအကျိုးမှာ လမ်းဆုံးနေတက်ပြီး၊ အကျိုးပေးပြီးရင်လည်း အသစ်က ပြန်စရတာမို့ (ရှာလိုက်၊ ရလိုက်၊ ကုန်သွားလိုက်နဲ့) သံသရာလည်နေ တက်ပါတယ်။ တစ်ခါတစ်ရံ အကြောင်းမညီညွတ်လို့ လုံးဝအကျိုးမပေးဘဲ အဟောသိကံ ဖြစ်သွားတာကလည်း မရေမတွက်နိုင်အောင်ပါပဲ။

ပါရမီကုသိုလ်ကတော့ ကိုယ်ကျိုးစွန့်၊ အနစ်နာခံမှုကို အရင်းတည်တာမို့ အကြောင်းအားကောင်းသလို အကျိုးပေးလည်း သန်ပါတယ်။ ပါရမီကုသိုလ်ရဲ့ ပန်းတိုင်ဟာ လောကုတ္တရာ ဖြစ်တာမို့ လောကီ သံသရာထဲမှာလည်မနေတက်သလို လမ်းဆုံး မရောက်ခင် ပျောက်ပျက်သွား ရိုး မရှိလို့ အကျိုးမဲ့ အဟောသိကံ ဖြစ်သွားတာမျိုးလည်း မရှိပါဘူး။

အချုပ်ပြောရရင် ရိုးရိုးကုသိုလ်ဟာ လောကီကျိုးကိုသာ ဖြစ်စေနိုင်တယ်၊ မခိုင်မာဘူး၊ ပျက်စီးတက်တယ်။ ပါရမီကုသိုလ်ကတော့ လောကီကျိုးကိုသာမက လောကုတ္တရာ အကျိုးကိုပါ ဖြစ်စေနိုင်တယ်။ ခိုင်မာတယ်။ မပျက်ပြယ်ဘူး။ ဒါကြောင့်မို့

http://mmteashop.com July 11, 2011

အသိဉာဏ် ကြီးသူတိုင်းဟာ ရိုးရိုးကုသိုလ်ထက် ပါရမီကုသိုလ်ကို ပိုပြီး မြတ်နိုးတန်ဖိုး ထားလေ့ ရှိပါတယ်။

တကယ်တော့ ပါရမီ ကုသိုလ်ဆိုတာ ဘယ်လိုရန်သူမျိုးကမျှ မနှောင့်ယှက် မဖျက်ဆီး၊ မဟန့်တား၊ မခိုးယူနိုင်တဲ့ "အနုဂါမိကရွှေအိုး" အတွင်းပစ္စည်းမျိုးပါ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

http://mmteashop.com July 11, 2011

## အတွင်းပစ္စည်း မပျက်စီးရင် ပြီးတာပဲ

တစ်ခါတုန်းက နေပြည်တော်နဲ့ မနီးမဝေး တောအုပ်ကလေးထဲမှာ ကပ္ပိယကြီး တစ်ဦးနဲ့ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးတစ်ပါး ရှိခဲ့ဖူးတယ်။

အဲဒီဆရာတော်ကြီးဟာ ရဟန်းပျိုဘဝတုန်းကတော့ နေပြည်တော်မှာ အင်မတန် ကျော်ကြားတဲ့ ပရိယတ္တိအကျော် စာချဆရာတော်ကြီး တစ်ပါးပါ။ ပိဋကသုံးပုံကို ထုံးလိုခြေ၊ ရေလိုနှောက်နိုင်ပြီး စာသင်သံဃာတော် ရာပေါင်းများစွာကို စာချပေးတဲ့ ဆရာတော်ကြီးပါ။

ဒါပေမယ့် ဝါတော်(၃၀)အရမှာ သံဝေဂဖြစ်စရာ တစ်ခုနဲ့ ကြုံရပြီး "ပိဋကတ်တော် တွေဆိုတာ သင်ယူပြီးတဲ့အခါ သိတဲ့အတိုင်း မကျင့်ရင် စာအုပ်ထဲကလာပြီး စာအုပ်ထဲ ပြန်ဝင်သွားမှာ၊ သိထားတဲ့အတိုင်း တကယ်ကျင့်သုံးမှသာ ကိုယ့်နှလုံးသားထဲမှာ ကိုယ်ပိုင် တရားအဖြစ် ကျန်ရစ်ခဲ့မှာ" လို့ ခံယူတော်မူပြီး စာသင်စာချတဲ့အလုပ်ကို တပည့်ကြီးတွေ လက်ထဲ လွှဲအပ်ပြီး တောထွက်တော်မူခဲ့တာတဲ့။

http://mmteashop.com July 11, 2011

ဆရာတော်ကြီးဟာ နံနက်လင်းလို့ ဆွမ်းခံဝင်ပြီဆိုရင် ဘုရားရှင် လက်ထက်တော်က အရှင်မဟာကဿပ မထေရ်မြတ်ကြီးရဲ့ထုံးကို နှလုံးမူပြီးတော့ နေပြည်တော် အစွန်အဖျားက ဆင်းရဲသား ရပ်ကွက်တွေထဲကို ကြွပြီးဆင်းရဲသူ၊ ဆင်းရဲသား တွေကို ချီးမြှောက် လေ့ရှိပါတယ်။

တစ်နေ့တော့ ဆရာတော်ကြီးရဲ့ မွှေးပျံ့တဲ့ ဂုဏ်သတင်းကြောင့် နေပြည်တော် ထဲက အင်မတန်ချမ်းသာတဲ့ သူဌေးကြီးတစ်ဦးဟာ ဆရာတော်ကြီးကို ဖူးတွေ့ဖို့ တောအုပ်ထဲက သစ်ရွက်မိုးကျောင်း ကလေးကို ရောက်လာပါတယ်။ ဆရာတော်ကြီးကို ဖူးမြော်ကန်တော့အပြီး ဆရာတော်ကြီး ချမ်းချမ်းသာသာ သီတင်း သုံးဖို့အတွက် နေပြည်တော် ထဲမှာ ကျောင်းကြီး တစ်ဆောင် ဆောက်လုပ် လှူဒါန်း လိုပါကြောင်း လျှောက်ထားပါတယ်။

အဲဒီအခါ ဆရာတော်ကြီးက "မိမိအနေနဲ့ ကြီးကျယ်ခမ်းနားတဲ့ အဆောင် အယောင်တွေနဲ့ မနေထိုင်လိုကြောင်း၊ အဲဒီလို နေထိုင်ရင် လောကီအာရုံ ကာမဂုဏ်တွေကို အနှစ်သာရ ဘာမျှမရှိကြောင်း ဟောကြားဆုံးမနေတဲ့ မိမိရဲ့ပြောဆိုချက်တွေနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတဲ့အပြင် ဒီတရားတော်အပေါ်မှာလည်း ကြားနာရသူတွေဟာ ယုံကြည့်တော့မှာ မဟုတ်ကြောင်း" မိန့်တော်မူပါတယ်။

ပြီးမှ ဆရာတော်ကြီးက "မိမိကို တကယ် ကြည်ညိုတယ်ဆိုရင် မရှိ ဆင်းရဲသား တွေကို လှူဒါန်းဖို့နဲ့ ဆင်းရဲသားတွေမှာ နေမကောင်း မကျန်းမမာဖြစ်တဲ့အခါ အလွန်ဒုက္ခ ရောက်ကြတာမို့ ဆင်းရဲသားတွေအတွက် ဇီဝိတဒါန=အခမဲ့ဆေးကုသပေးဖို့" မိန့်ကြား တော်မူပါတယ်။

အဲဒီလို ဆရာတော်ကြီးရဲ့ သြဝါဒတွေကို နာယူရတဲ့အခါ သူဌေးကြီးဟာ ဆရာတော်ကြီးကို အရင်ကထက် ပိုပြီး ကြည်ညိုမိသတဲ့။ ဆရာတော်ကြီးရဲ့ သြဝါဒအတိုင်း

ဆင်းရဲသားတွေ အတွက်လည်း ရန်ပုံငွေထူထောင်ကာ အခမဲ့ ဆေးကုသပေးတဲ့ ဆေးရုံးကြီး တစ်ခု နေပြည်တော်ထဲမှာ ဆောက်လုပ်လှူဒါန်းပါတယ်။

ဒီလိုနဲ့ ဆရာတော်ကြီးရဲ့ ကြည်ညိုဖွယ်ရာ ဂုဏ်သတင်းတွေဟာ နေပြည်တော် အတွင်း ပျံ့နှံ့လာက ရွှေနန်းတော်ထဲအထိ ရောက်လာသတဲ့။ အဲဒီအခါ ဘုရင်မင်းမြတ်က ဆရာတော်ကြီးကို ဘွဲ့တံဆိပ်တော်တွေ အထပ်ထပ်ဆက်ကပ်ပြီး နေပြည်တော်မှာ ကြွရောက် သီတင်းသုံးဖို့ ပင့်လျှောက်ပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးက ပင့်လျှောက်တိုင်း "တောထဲမှာ နေရတာ ပိုပြီး ချမ်းသာပါတယ်" ဆိုပြီး ကြွတော်မမူဘူးတဲ့။

ဘုရင်မင်းမြတ်ကတော့ လက်မလျှော့ဘဲ ဆရာတော်ကြီးကို အကြောင်းအမျိုးမျိုး ပြပြီး နေပြည်တော်မှာကြွပြီး သာသနာပြုဖို့ ပင့်လျှောက်ပါတယ်။ နောက်ဆုံးတော့ ဆရာတော်ကြီးလည်း မနေသာတော့ဘဲ နေပြည်တော်ကို ကြွပြီး ဘုရင်မင်းမြတ် ဆောက်လုပ် လှူဒါန်းအပ်တဲ့ ရွှေနန်းတော်ကျောင်းသစ်ကြီးမှာ သီတင်းသုံးတော်မူ ရပါတယ်။

ဘုရင်မင်းမြတ် ဆောက်လုပ်တော်မူတဲ့ ရွှေနန်းတော်ကျောင်းကြီးဟာ နာမည်နဲ့ လိုက်ဖက်အောင်ပဲ အင်မတန် ခမ်းနားကြီးကျယ်လှပါတယ်။ ရွှေပိန်းချ ပန်းကနုတ်တွေ ရတနာတွေ စီခြယ်ထားတဲ့ တိုင်လုံးကြီးတွေ၊ အဖိုးတန် ကော်ဇောကြီးတွေနဲ့ ကျောင်းတော်ကြီး တစ်ခုလုံးဟာ ဖိတ်ဖိတ်တောက်နေသတဲ့။

ဒါပေမယ့် ဆရာတော်ကြီးကတော့ "ရဟန်းဆိုတာ ငြိမ်ငြိမ်ကလေးနေပြီး ငြိမ်းအောင် ကျင့်ရတဲ့ သူပဲ၊ ငြိမ်လည်း မငြိမ်ဘူး၊ ငြိမ်းလည်း မငြိမ်းဘူးဆိုရင် သင်္ကန်း ဝတ်ထားတာမို့ ရဟန်းတော့ ရဟန်းပါပဲ၊ ဒါပေမယ့် ဘုရားကြိုက်တဲ့ ရဟန်းမျိုးတော့ မဟုတ်တော့ဘူး။ အဲဒီလို ရဟန်းမျိုးဟာ ဒီဘဝက စုတိပြတ်ကြွေ သေလွန်တဲ့အခါ အများက "ပျံတော်မူသွားပြီး" လို့ ထင်ကြပေမယ့် သူကိုယ်တိုင်ကတော့ "လျှိုးတော်မူချင် လျှိုးတော်မူ နေမှာ" အခုဘဝမှာ ကြီးကြီးကျယ်ကျယ်နေရပြီးတော့မှ နောက်ဘဝ

http://mmteashop.com July 11, 2011

ရောက်တဲ့အခါ အောက်တန်းကျ မျက်နှာငယ်နေရာတယ်ဆိုရင် မကောင်းပါဘူးကွာ” လို့ ကပ္ပိယကြီးကို ပြောပြပါတယ်။

နောက်ပြီးတော့ “ရဟန်းနော်တစ်ပါးရဲ့ အများကောင်းကျိုးပြု အောင်မြင်မှုဆိုတာ ကျောင်းကြီး၊ ကန်ကြီး၊ စေတီကြီး၊ အဆောက်အအုံအကြီးကြီးနဲ့ အဖွဲ့အစည်းကြီးတစ်ခု တည်ဆောက်ပြနိုင်မှုအပေါ်မှာ တည်တာမဟုတ်ပါဘူး။ လူများစုရဲ့ ရင်ထဲနလုံးသားထဲမှာ အသိဉာဏ် အလင်းရောင်၊ မြင့်မြတ်မှု မျိုးစေ့ ထည့်သွင်းပေးနိုင်မှုရှိ-မရှိ အပေါ်မှာသာ တည်တာပါကွ ”လို့ လည်း အမိန့်ရှိတော်မူပါတယ်။

ဒါကြောင့်မို့ ဆရာတော်ကြီးဟာ ခံယူချက်အတိုင်းပဲ နေ့ခင်းဘက်မှာ ရွှေနန်းတော် ကျောင်းကြီးပေါ်မှာ သီတင်းသုံးတော်မူပြီး ညမှောင်ရီပျိုးတာနဲ့ တစ်ပြိုင်နက် တောအုပ် ကလေး ဘက်ကို ထွက်ပြီး တစ်ပါးတည်းနေတော်မူပါတယ်။ နံနက်ခင်း အရုဏ်တက်မှပဲ ကျောင်းကြီးဆီကို ပြန်ကြွလာလေ့ရှိပါတယ်။

ဒီလိုနေလာတော်မူရင်းက တစ်ညမှာတော့ ဒီရွှေနန်းတော် ကျောင်းကြီးကို မီးစွဲ လောင်ပါတယ်။ တော်တော်နဲ့ မငြိမ်းသတ်နိုင်တာမို့ ကျောင်းတော်ကြီး တစ်ခုလုံး လောင်ကျွမ်း သွားပါတယ်။ အဲဒါနဲ့ မနက်ခင်း အလင်းရောက်လို့ ဆရာတော်ကြီး တောအုပ် ဘက်က ပြန်ကြွလာတော်မူတဲ့အခါ ကပ္ပိယအဖိုးကြီးက ပြာပုံဘဝရောက်နေတဲ့ ကျောင်းတော်ကြီးကို ညွှန်ပြပြီး “ဆရာတော်ဘုရား၊ ကျောင်းတော်ကြီးကတော့ မနေ့ညက မီးစွဲလောင်လို့ ပြာပုံဘဝရောက်သွားပြီးဘုရား။ တပည့်တော်တို့ ဘယ့်နှယ် လုပ်ရမလဲ ဘုရား ” လို့ မျက်နှငယ်ကလေးနဲ့ လျှောက်ပါတယ်။

ဆရာတော်ကြီးက “ဟဲ့ ကပ္ပိယကြီး၊ ကျောင်းဆိုတာ လောင်စရာတွေနဲ့ တည်ဆောက် ထားတာပဲ၊ မီးလောင်တာ အဆန်းလားဟဲ့၊ကျောင်းကြီမီးလောင်တာ ဘာမျှအရေးမကြီး၊ အတွင်းပစ္စည်းတွေ မပျက်စီးရင် ပြီးတာပဲ”လို့ မိန့်တော်မူပါတယ်။ အဲဒီအခါ ကပ္ပိယကြီးက “ဟာ…အရှင်ဘုရား၊ တပည့်တော်လည်း အိပ်ပျော်နေတာမို့



http://mmteashop.com July 11, 2011

ဘာအတွင်းပစ္စည်းမျှ မရလိုက်ဘူးဘုရား။ အကုန်လုံး မီးထဲပါသွားတာပဲ ”လို့ ပြန်လျှောက်ပါတယ်။

အဲဒီအခါ ဆရာတော်ကြီးက “ဟဲ့...ကပ္ပိယကြီး၊ ဘုန်းကြီးဆိုလိုတဲ့ အတွင်းပစ္စည်းဆိုတာ တခြားဟာကို ပြောတာမဟုတ်ဘူး၊ ကိုယ်ရဲ့အတွင်းအဖျွတ္တ နှလုံးသားထဲမှာရှိတဲ့ ကုသိုလ်ပါရမီကို ရည်ရွယ်ပြီး ပြောတာပါ။

ဗဟိဒ္ဓ အပြင်ပန်းပစ္စည်းဥစ္စာဆိုတာ ဘယ်အရာမှ ဆုပ်ကိုင်ထားလို့ မရဘူး။ အားလုံး အချိန်တန်ရင် ပျောက်ကွယ်သွားကုန်တာချည်းပဲ။ ဘုန်းကြီးရော၊ ကပ္ပိယကြီးရော ဘဝသံသရာမှာ သိကြားမင်းလည်း ဖြစ်ခဲ့ရ၊ စကြာဝတေးမင်းလည်း ဖြစ်ခဲ့ရဖူးတာပဲ၊ သူဌေး သူကြွယ်ဖြစ်ခဲ့ရတဲ့ ဘဝဆိုတာကတော့ ပြောမနေနဲ့တော့၊ မရေတွက်နိုင်ဘူး။

ဒါပေမယ့် အခုအချိန် ပြန်ကြည့်ရင်လေ အဲဒီတုန်းက ပိုင်ခဲ့၊ ဆိုင်ခဲ့ရတာတွေ အားလုံး ဘာတစ်ခုမျှ လက်ထဲကျန်ရစ်ခဲ့တော့ မရှိဘူး။ ကပ္ပိယကြီး ဟိုကျောင်းရင်ပြင်မှာ ဆော့ကစားနေတဲ့ ခွေးတွေကို ကြည့်လိုက်စမ်း၊ အရင်အတိတ်ဘဝတွေတုန်းက သူတို့လည်း မင်းညီ မင်းသား နန်းတွင်းသူတွေ ဖြစ်ခဲ့ကြမှာပဲ။

ဘဝသံသရာ တစ်လျှောက်လုံး တကယ်တမ်း ကိုယ်လက်ထဲ ကျန်ရစ်နိုင်ခဲ့တာဆိုရင်လို့ “ပါရမီ ကုသိုလ် ” ပဲ ရှိတယ်။ ကုသိုလ်ပါရမီ ဆိုတာ သူတော်ကောင်းတွေရဲ့ တကယ်အတွင်းပစ္စည်းပဲ၊ ဒီအတွင်း ပစ္စည်းတွေမပျက်စီးရင် အပြင် ဗဟိဒ္ဓပစ္စည်းဥစ္စာ ပျက်ချင်သလောက် ပျက်ပါစေ၊ ဘာမျှ နှမြောတသနေဖို့ မလိုပါဘူး။ အဲဒီ အတွင်းပစ္စည်း ပါရမီကုသိုလ်တွေ ပျက်စီးကုန်မှ တကယ့်ကို ပျက်စီးဆုံးရှုံးတာပဲ ”လို့ ကပ္ပိယကြီး နားလည်အောင် အရှည်ကြီး ရှင်းပြတော်မူတယ်။

http://mmteashop.com July 11, 2011

အဲဒီအခါ ကပ္ပိယကြီးဟာ ဆရာတော်ကြီး အမိန့်ရှိတာတွေ အင်မတန်မှန်လှတာမို့ "မှန်ပါဘုရား"လို့တောင် ပြန်မလျှောက်နိုင်တော့ဘဲ သူ့ ဆရာတော်ကြီးရဲ့ မျက်နှာတော်ကိုသာ အခုမှမြင်ဖူးသလို အားရပါးရကြီး ဖူးမြော်နေမိပါသတဲ့။

လောကမှာ အတွင်းပစ္စည်းဆိုတာ အရေးကြီးဆုံးဖြစ်သလို အလုံခြုံဆုံးဖြစ်အောင်လည်း သိမ်းဆည်းတတ်ကြပါတယ်။ ဒီပုံပြင်ကို ပြောပြရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ပုံပြင်ထဲမှ ပါတဲ့အတိုင်း ဘဝသံသရာမှာ ပါရမီကုသိုလ်ကိုသာ တကယ့်စစ်မှန်တဲ့ အတွင်းပစ္စည်း အဖြစ် မြတ်နိုးနှစ်ခြိုက် သိမ်းပိုက်နိုင်ကြစေဖို့ပါ။

ပါရမီဆိုတာ လူစွမ်းကောင်း လူရည်ချွန်တွေရဲ့ သီသန်းဥစ္စာ မဟုတ်ပါဘူး။ မြင့်မြတ်တဲ့ နှလုံးသားနဲ့ လောကကိုချစ်ခင် အလှဆင်လိုသူတိုင်း ဖြည့်ကျင့်ဆည်းပူး နိုင်တဲ့ လူ့ကျင့်ဝတ် တွေပါ။ ရိုးရိုးရှင်းရှင်းပြောရရင် ပါရမီဖြည့်တယ်ဆိုတာ လူသားတစ်ဦးအနေနဲ့ မြင့်မြတ်တဲ့ လူ့ကျင့်ဝတ်ကို လူသားဆန်စွာ ပီပီပြင်ပြင် ဖြည့်ကျင့်အားထုတ်တာကို ခေါ်တာပါ။

ပါရမီဆိုတာ မိမိအတွက် စွန့်လွှတ်အနစ်နာခံရတာမို့ အသွင်သဏ္ဍာန်အနေနဲ့ နှစ်မြို့ ဖွယ်ရာမကောင်းပေမယ့် အနှစ်သာရအနေ နဲ့တော့ လောကအတွက် မြင့်မြတ်တဲ့ "စံ" တစ်ခု ဖြစ်တာမို့ မြတ်နိုးဖွယ် အတိဖြစ်ပါတယ်။ ကရုဏာ၊ ပညာနဲ့ မိမိဘဝကို စတေးပြီး အများအကျိုး သယ်ပိုးဆောင်ရွက်လိုတဲ့ ကျင့်ဝတ် သူရဲကောင်းတွေ လူသားဆန်တဲ့ သူတော်စင်တွေ၊ စာရိတ္တသတ္တိ ပြည့်ဝသူတွေ ရှိနေသမျှ ပါရမီပန်းတွေကတော့ ဒီကမ္ဘာပေးမှာ ဖူးပွင့်ဝေဆာ လှပနေဦးမှာပါ။


အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ။

http://mmteashop.com July 11, 2011

ဏဏဏဏဏဏဏဏ

- ပါဠိစာပေမှာ ပဟေဠိကဗျာ တစ်ပုဒ်ရှိပါတယ်။
- `လူတိုင်း လူတိုင်း ပခုံးပေါ်မှာ ခေါင်းပေါက်ကြပြီးတော့ ခေါင်းတိုင်း၊ ခေါင်းတိုင်းမှာ ဆံပင်ပေါက်ကြပါတယ်။
- ဒါပေမယ့် ဦးခေါင်းတိုင်းမှာတော့ နားမပါကြဘူး´ တဲ့။
- ဒီပဟေဠိကလေးဟာ တရားနာယူမှုနဲ့ ပတ်သက်ပြီး ဖွဲ့ထားတာပါ။
- အဖြေကတော့ သူတော်ကောင်းတရား နာကြားဖို့ လူတိုင်းမှာ နားမပါဘူးလို့ ဆိုလိုတာပါပဲ။
- သူတော်ကောင်း တရာဆိုတာကလည်း `ကံနား´ ရှိရုံနဲ့ မကြားရပါ။
- သစ္စာတရားကို မြတ်နိုးကို မြတ်နိုးတက်တဲ့ `ဉာဏ်နား´ ရှိမှသာ ကြားရတတ်၊ ကြားရနိုင်တာမျိုးပါ။

http://mmteashop.com July 11, 2011



အကြင်သူသည် လူ့ဘဝကို ရရှိပါလျက် မြင့်မြတ်သော တရားဓမ္မကို ဂရုမစိုက်ပြားအံ၊ ထိုသူသည် အဖိုးတန် ကျောက်မျက် ရတနာ ပေါများရာ အရပ်မှ လက်အချည်းနှီး ပြန်လာသော သူနှင့် တူပေသည်။

## နားလည်းပူ ခါးလည်းပူတယ်

"လောကမှာ အရှိအသေ ပြုအပ်တဲ့ အရာ မရှိဘဲ နေထိုင်ရခြင်းဟာ အလွန်ပဲ ဆင်းရဲလှတယ်။ ငါဟာ ဘယ်သူ့ကို အလေးဂရုပြုပြီး နေရပ့ါမလဲ"လို့ ဘုရားဖြစ်တော်မူစက ဗုဒ္ဓမြတ်စွာဟာ ဆင်ခြင်တော်မူ ဖူးပါတယ်။ ဒါပေမယ့် ၃၁-ဘုံသော သတ္တလောကကြီးထဲမှာ

မိမိအနေနဲ့ အလေးအမြတ် ပြုအပ် ရှိသေအပ်တဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုမျှ ရှာဖွေတွေ့တော် မမူတဲ့အဆုံး တစ်လောကလုံးရဲ့ မကိုင်းသရဖူဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာဟာ "မိမိ သိမြင်ထား တော်မူတဲ့ တရားတော်တွေကိုပဲ အလေးအမြတ်ပြုပြီး နေတော့မယ်" လို့ ဆုံးဖြတ်တော်မူ ခဲ့ရပါတယ်။

ဗုဒ္ဓမြတ်စွာ ကိုယ်တော်ကပင် ဦးထိပ်တင် ရှိသေလေးမြတ် ပူဇော်အပ်တဲ့ ဒီ-အချက်ဟာ တရားတော်ရဲ့ ကြီးကျယ်မြင့်မြတ်မှုကို အရောင်တင်ပေးလိုက်သလို ပိုမိုပြီး တင့်တယ် တောက်ပစေပါတယ်။ တကယ်တော့ တရားတော်တွေ ဆိုတာ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် (အလောင်းတော်ဘဝက) ကရုဏာယ၊ ပညာဆိုတဲ့ လက်နှစ်ဖက်နဲ့ ပါရမီ(၁၀)ပါး ဆိုတဲ့ တူးရွင်းကြီး(၁၀)ခုကို ကိုင်ကာလေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် အသက်၊ သွေး၊ ချွေး၊ ဘဝပေါင်းများစွာ စတေးပြီး ရှာဖွေတူးဖော်ခဲ့ရတဲ့ ရတနာတွေပါ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ဒီဓမ္မ ရတနာတွေကို လူအပေါင်းအဝင် သတ္တဝါတွေ အားလုံး (၁) သံသရာဝဋ်ဆင်းရဲ ဝဲဩဃထဲမှာ ထောက်တည်၊ သက်သာ၊ အားကိုးရာရဖို့၊ (၂) အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲ၊ ဘဝဆင်းရဲ စတဲ့ ဒုက္ခအားလုံးက ရည်ရွယ်ချက် သုံးခုနဲ့အတူ ကမ္ဘာလောက လက်ထဲ တရား အမွေအနှစ်အဖြစ် ချန်ထားရစ်ခဲ့တာပါ။

ဒီအမွေအနှစ်တွေကြောင့်လည်း လူသားတွေက လူ့ယဉ်ကျေးမှု၊ လူ့ဂုဏ်သိက္ခာ၊ လူ့အဆင်းအတန်း တိုးတက်မြင့်မားလာပြီး ၃၁-ဘုံ အလယ်မှာ အထက်တန်းကျ၊ မျက်နှာပန်း လှအောင် ကြွယ်ဝ ချမ်းသာခဲ့ရပါတယ်။ တရားတော်ကို နာကြားရခြင်း၊ ဆွေးနွေးရခြင်း၊ ကျင့်သုံးရခြင်း၊ သိမြင်ရခြင်းတွေဟာ ဘဝရဲ့ အမြင့်မားဆုံး မင်္ဂလာတွေပါ။ ကျက်သရေ မင်္ဂလာဆိုတဲ့ ဝေါဟာရ တရားမင်္ဂလာရဲ့ စစ်မှန်တဲ့ အမည်နာမဖြစ်ပါတယ်။

သုတ္တနိပါတ်ပါဠိတော်၊ ပရာ ဘဝသုတ်မှာ "ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝါ" လို့ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူခဲ့တဲ့ စကား ဥပဒေသ တစ်ခုရှိပါတယ်။



http://mmteashop.com July 11, 2011

"သူတော်ကောင်းတရား လိုလားသူဟာ ကြီးပွားချမ်းသာပြီး သူတော်ကောင်းတရား မလိုလားသူဟာ ဘဝအဆက်ဆက် ဆုံးရှုံးပျက်စီးတတ်တယ်" လို့ အဓိပ္ပါယ် ရပါတယ်။ အနှစ်ချုပ်ကတော့ "တရားကိုချစ်၊ လူ့အနှစ်၊ တရားကိုမုန်း၊ လူဖြစ်ရှုံး" လို့ ဆိုလိုတာပါ။

ဒီဒေသနာတော်ကို သက်သေတည် အခိုင်အမာ ဖြစ်စေနိုင်တဲ့ ဗုဒ္ဓဝင် ဖြစ်စဉ်တစ်ခု ရှိပါတယ်။ ဘုရားရှင်ဟာ "တရားဦးဟောမယ်" လို့ အကြံအစည် ဖြစ်တော်မူတဲ့အခါ အာဠာရနဲ့ ဥဒက ရသေ့ကြီး (၂)ပါးကို အဦးဆုံး သတိရ တော်မူပါတယ်။ အဲဒီ ရသေ့ကြီး (၂)ပါးဟာ လောကီ ဈာန်အဘိညာဉ်အရာမှာ ဆရာ ဖြစ်ခဲ့ဖူးသလို ဉာဏ်ပညာလည်း အင်မတန် ကြီးမားသူတွေ ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီရသေ့ကြီး နှစ်ဦးစလုံးဟာ အကြာခင်ကမှ ကွယ်လွန်ကြပြီး သိစိတ်ကင်း အသညသတ် ပြဟ္မာနဲ့ ရုပ်သန္ဓမဲ့ အရူပြဟ္မာ ကြီးများဖြစ်နေကြပါပြီ။ အဲဒီလို ဉာဏ်ပညာကြီးတဲ့ ရသေ့ကြီးနှစ်ပါး တရားနာကြားခွင့် မရနိုင်တော့တာကို သိလိုက်ရတဲ့အခါ ဗုဒ္ဓမြတ်စွာက "မဟာဇာနိယော ဝတ = အဆုံးရှုံးကြီး ဆုံးရှုံးလေစွ တကား"လို့ မိန့်မြွက် ကြားတော်မူခဲ့ပါတယ်။ တကယ်လို့သာ တရားဦးနာခွင့်ရခဲ့ရင် အဲဒီရသေ့ကြီး နှစ်ဦးစလုံးဟာ သေချာပေါက် တရားထူးရကြမှာ ဖြစ်ပါတယ်။

ဒီနေရမှာ မဟာယာနဗုဒ္ဓဘာသာကတော့ "အကြင်သူသည် လူ့ဘဝကို ရရှိပါလျက် မြင့်မြတ်သော တရားဓမ္မကို ဂရုမစိုက်ငြားအံ့၊ ထိုသူသည် အဖိုးတန် ကျောက်မျက်ရတနာ ပေါများရာအရပ်မှ လက်အချည်းနီး ပြန်လာသောသူနှင့်တူပေသည်။ ဤအချက်သည် ဝမ်းနည်း ကြေကွဲဖွယ်ရာကောင်းသော ဆုံးရှုံးမှုတစ်ခုဖြစ်ပေသည်" လို့ မှတ်ချက်ပြုထား ပါတယ်။

တကယ်တော့လည်း မိမိရဲ့ စိတ်တံခါးကို အမြဲတမ်း ဖွင့်လှစ်ထားပြီး သူတော်ကောင်း တရားကို ဝမ်းသာအယ်လည်း ကြိုဆို နေရာပေးနိုင်တဲ့ "သူတော်ကောင်း နလုံး သား" ဆိုတာ လူတိုင်းမှာ ရှိခဲ့ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်တဲ့ ဓမ္မပုံပြင်တစ်ပုဒ် ပြောပြချင်ပါတယ်။ ဒီဓမ္မပုံပြင်ကလေးကို ငယ်စဉ်စာသင်သားဘ၀တုန်းက စာချဆရာတော်ပြောပြလို့ မှတ်မိနေတာပါ။

ꩻꩻꩻꩻꩻ

## နားလည်းပူ ခါးလည်းပူတယ်

တစ်ခါတုန်းက အထက်အညာမှာ "မကျီးစု"လို့ ခေါ်တဲ့ ရွာကြီးတစ်ရွာ ရှိပါတယ်။ အဲဒီရွာက ရွာသူရွာသားတွေဟာ တစ်နှစ်မှာတော့ မိုးလေဝသ ကောင်းမွန်ပြီး လယ်ယာသီးနှံတွေလည်း အထွက်တိုးကြတာမို့ ရွာဦးမှာဘုန်းတော်ကြီး ကျောင်းတစ်ဆောင် စုပေါင်းဆောက်လုပ် လှူဒါန်းကြတယ်။

အင်မတန် ကျယ်ဝန်းပြီး နှစ်ထပ်ဖြစ်တဲ့အပြင် ဘုံနန်းပြာသာဒ် အဆောင်တွေကိုလည်း မှန်စီရွှေချထားတာမို့ အင်မတန်ကြီးကျယ်ခမ်းနားပါ သတဲ့။

ကျောင်းကြီး ဆောက်လုပ် ပြီးစီးသွားတဲ့အခါ ဒီရွှေကျောင်းတော်ကြီးနဲ့ လိုက်ဖက်ညီမယ့် ကျောင်းထိုင် ဘုန်းတော်ကြီးတစ်ပါး ပင့်ဆောင် ကိုးကွယ်ဖို့ ရွာလူကြီးတွေဟာ မန္တလေးနေပြည်တော်ကို သွားကြတယ်။ ကျောင်းထိုင်ဘုန်းကြီးပင့် သွားတဲ့အခါ "စာတက်ပေတက် တရားပြနိုင်တဲ့ ဆရာတော်ဖြစ်ရမယ်" လို့ ဒကာတွေက တောင်းဆိုသလို ဒကာမတွေကလည်း "ရုပ်ချော၊ တရားဟောကောင်းရမယ်" လို့ မှာ လိုက်ကြသတဲ့။

အဲဒါနဲ့ ရွာလူကြီးတွေဟာ နေပြည်တော်မှာရှိတဲ့ ဆရာတော်ကြီးတွေထံမှာ ချဉ်းကပ်ပြီး ကျောင်းထိုင်ဘုန်းကြီး တောင်းခံပါတယ်။ ရွာသူရွာသားတွေ လိုချင်တဲ့ ကျောင်းထိုင်ဘုန်းကြီး မျိုးကိုလည်း လျှောက်ထားကြပါတယ်။ အဲဒီအခါ ဆရာတော်ကြီးတွေက "အံမယ်၊ ဘုန်းကြီး တစ်ပါးဖြစ်ဖို့ လွယ်တယ်များ မှတ်နေကြ သလား။ ငါတို့



http://mmteashop.com   July 11, 2011

သင့်တော်မယ် ထင်လို့ပေးလိုက်တာ ကိုပဲ ပင့်သွားကြ” ဆိုပြီး စာတော်ပြီး အနေအထိုင် ကောင်းတဲ့ သံဃာတော် တစ်ပါးကို ရှာသားတွေနဲ့အတူ ထည့်ပေး လိုက်ပါတယ်။

ဆရာတော်ကြီးတွေက ကျောင်းထိုင်ကြီးအဖြစ် ထည့်ပေးလိုက်တဲ့ ဦးပဋ္ဌင်းဦး ကုသလဟာ စာချကောင်းတဲ့ ဆရာတော်တစ်ပါး ဖြစ်တာမို့ စာအလွန်တော်ပေမယ့် အဟောအပြော အလေ့အကျင့်မရှိလို့ ပရိသတ်ထဲမှာ တရားမဟောရဲဘူးတဲ့။ ရွာထဲမှာ သာရေးနာရေး ကိစ္စရှိတဲ့အခါ တခြားဆရာတော်တွေကပဲ တရားဟောတာ ဝန်ယူရတယ်။ ဆရာတော် ဦးကုသလကတော့ တရားလုံးဝမဟောပါဘူး။

ဒါနဲ့ ရွာက ဒကာ၊ဒကာမတွေက ဆရာတော် ဦးကုသလကို တရားဟောဖို့ လျှောက်ထားတဲ့အခါ ဆရာတော်ဦးကုသလက ဒီလို မေးတတ်ပါတယ်။ `ကဲဗျာ.... ဒကာတွေ၊ အခု ဘုန်းကြီးဟောမယ့် တရားသိသလား။ မသိပါဘုရား´ လို့ ဒကာတွေက ဖြေဆိုတဲ့အခါ `အင်း.....မသိတဲ့လူတွေ တရားဟောလို့ကတော့ အလကားပါပဲ´ လို့ ပြောလွှတ်လိုက်တယ်။

ဒါနဲ့ နောက်တစ်ခါကျတော့ ဆရာတော် ဦးကုသလက `ကဲဗျာ၊ဒကာတွေ အခု ဘုန်းကြီးဟောမယ့် တရားသိသလား´လို့ မေးရင် ဒကာတွေက `သိပါတယ်ဘုရား´ လို့ ပြန်လျှောက်ပါတယ်။ အဲဒီအခါ ဆရာတော် ဦးကုသလက `အင်း...သိပြီးသား လူတွေ တရားဟောနေရင် အပိုပါပဲဗျာ´လို့ ပြောလွှတ်လိုက်ပြန်ပါရော။

ဒီတော့ ရွာသားတွေက နောက်တစ်ခါ ဆရာတော်ဦးကုသလက `ကဲဗျာ၊ ဒကာတွေ အခုဘုန်းကြီး ဟောမယ် တရားကို သိသလား´လို့ မေးတဲ့အခါ ရွာသားတစ်ဝက်က `သိပါတယ်ဘုရား´လို့ဖြေပြီး ကျန် ရွာသားတစ်ဝက်ကတော့ `မသိပါ ဘုရား´လို့ ပြန်လျှောက်ကြတယ်။ အဲဒီအခါကျတော့လည်း ဆရာတော် ဦးကုသလက `အင်း...ဒါဆိုလည်း သိပြီးသားလူတွေက မသိသေးတဲ့ လူတွေကို ဟောပြလိုက်ကြ´ လို့ မိန့်တော် မူလိုက်ပြန်သတဲ့။



http://mmteashop.com July 11, 2011

ဒါနဲ့ ရွာသားတွေက `ငါတို့ ဘုန်းကြီးက ဒီလိုလျှောက်လို့တော့ရမှာ မဟုတ်ဘူး။ တခြားနည်းနဲ့ လျှောက်မှပဲ´ဆိုပြီး `ဆရာတော်ဘုရား၊ ဆရာတော်က စာတွေ တတ်ပြီးသားပါ၊ တရားဟောတာပဲ စာတွေရွက်ပြလိုက်လည်း ပြီးတာပဲဘုရား၊ အခုဆို တခြားရွာက ဒကာ၊ ဒကာမတွေက မကျီးစုရွာက ကျောင်းထိုင် ဘုန်းကြီးဟာ စာသာတတ်တာ တရား မဟောတတ်ပါဘူး´လို့ ပြောကြတာ တပည့်တော်တို့က မခံနိုင်ဘူး ဘုရား´စသဖြင့် လျှောက်ကြတယ်။ အဲဒီအခါကျမှ ဆရာတော် ဦးကုသလက `ဒကာကြီးတို့၊ တရားဟောတယ်ဆိုတာ အလေ့အကျင့်ရှိမှာဗျ၊ ဘုန်းကြီးက အလေ့အကျင့် မရှိလို့ပါ၊ ကဲ .. တစ်လလောက်ဘုန်းကြီးကို အချိန်ပေး၊ ပြီးရင် တရာဟောပါ့မယ်´လို့ မိန့်ကြားပါတယ်။

အဲဒီအချိန်ကစပြီး ဆရာတော်ဦးကုသလဟာ ကျောင်းအောက်ထပ်ကို ဆင်းပြီး ကျောင်းတိုင်တွေကို တရားနာပရိသတ် လူအမှတ်နဲ့ တရားဟောကျင့်ပါတယ်။ ရက်တစ်ပတ် လောက်ကြာလို့ အလေ့အကျင့် နည်းနည်းရလာတဲ့အခါ ဆရာတော် ဦးကုသလက `အင်း၊ တိုင်တွေကို တရားဟောလို့ကတော့ အဆင်ပြေပြီး ဒါပေမယ့် သူတို့က တကယ်လူတွေ မဟုတ်တော့ တကယ့်လူပရိသတ်ကို တရားဟောရင် ကြောက်ချင် ကြောက်နေဦးမှာ၊ မနက်ဖြန်ဆိုရင် တကယ့်လူကို တရားဟောကြည့်ဦးမှ၊ တရားနာမယ့်သူ ရှာဦးမှပဲ´လို့တွေးသတဲ့။

အဲဒါနဲ့ တရားနာမယ့်လူ လိုက်ရှာကြည့်တဲ့အခါ ကျောင်းနဲ့ မနီးမဝေးမှာ နွားစာမြက်ထမ်းရောင်းတဲ့ ကုလားဆာမိကို တွေ့ပါတယ်။ အဲဒီအခါ ဆရာတော် ဦးကုသလက မြက်ရိတ်နေတဲ့ ဆာမိထံသွားပြီး `ဟေ့.....ဆာမိ၊ မင်း မြက်ထမ်းရောင်းတာ တစ်နေ့ ဘယ်လောက်ရ သလဲကွ´လို့ မေးပါတယ်။ ကိုဆာမိ `အရှင်ဘုရားရေ၊ တစ်နေကုန်မြက်ရိတ်မှ တစ်မက်ပဲရပါတယ်´လို့ ပြန်လျှောက်ပါတယ်။ ဒါနဲ့ ဆရာတော် ဦးကုသလက `ဟေ့.......ဆာမိ၊ အရိပ်ထဲမှာ ငြိမ်ငြိမ်ကလေး ထိုင်နေရုံနဲ့ တစ်နေ့ကို

http://mmteashop.com July 11, 2011

ငါးမူးရမယ်ဆိုရင် မင်းမလိုချင်ဘူးလားကွ´ လို့ မေးတဲ့အခါ ဆာမိက `လိုချင်တာပေါ့ အရှင်ဘုရားရယ်´ လို့ ပြန်လျှောက်ပါတယ်။

အဲဒီအခါ ဆရာတော် ဦးကုသလက `အေး ....လိုချင်ရင် မနက်ဖြန်ကစပြီး ကျောင်းအောက်ကိုသာလာခဲ့´လို့ မိန့်ကြားတော်မူပါတယ်။ ဒီလိုနဲ့ နောက်တစ်နေ့ ကုလားဆာမိကျောင်းကို ရောက်လာတဲ့အခါ ဆရာတော် ဦးကုသလက မလ္လင်ပေါ်မှာထိုင်၊ ဆာမိကို ကြမ်းပြင်ပေါ်မှာ မဆစ်ဒူးတုပ်၊ ထိုင်စေပြီး တရားဟောကျင့်ပါတယ်။ တရားကလည်း တစ်ပုဒ်ပြီးတစ်ပုဒ်၊ အချိန် ကလည်း တစ်နာရီပြီးတစ်နာရီကြာလာတဲ့အခါ ပလ္လင်ပေါ်ကဆရာတော်ကတော့ ညောင်းမညောင်းမသိဘူး၊ ပလ္လင်အောက်က ကိုဆာမိက တော့ညောင်းလွန်းလို့ ဟိုဘက်ပြင်ထိုင်ရ၊ သည်ဘက်ပြင်ထိုင်ရနဲ့မသက်သာဘူးတဲ့။

ဒီလိုနဲ့ နေစောင်းလို့ ညနေ(၅)နာရီ လောက်ရှိတဲ့အခါ ဆရာတော် ဦးကုသလလည်း တရားဟော ကျင့်ရတာ မောလှပြီးမို့ ကုလာဆာမိကို ငါးမူးပေးပြီး ပြန်လွှတ်လိုက်ပါတယ်။ နောက်တစ်နေ့ ဆွမ်းစားပြီးတဲ့အခါ ဆရာတော် ဦးကုသလက ဆာမိကို မျှော်နေပေမယ့် ပေါ်မလာပါဘူး။ အဲဒါနဲ့ ဆရာတော် ဦးကုသလက မြက်ရိတ်နေတဲ့ ဆာမိထံသွားပြီး ``ဟေ့ ..ဆာမိ၊ ဒီနေ့ဘာလို့ ကျောင်းကို မလာတာလဲ´´လို့မေးပါတယ်။ အဲဒီအခါ ကုလား ဆာမိက အရှင်ဘုရားရေ၊ တရားမနာနိုင်တော့ဘူး၊ မြက်ရိတ်ရတာ နေပူပေမယ့် ခံနိုင်သေးတယ်။ အရှင်ဘုရားရဲ့ တရားနာရတာ နားလည်ပူ၊ ခါးလည်းပူတယ်၊ မခံနိုင်ဘူး ဘုရားရေ´´လို့ပြန်ပြီး လျှောက်ထားပါသတဲ့။

ပါဠိစာပေမှာ ပဟေဠိကဗျာ တစ်ပုဒ်ရှိပါတယ်။ `လူတိုင်းလူတိုင်း ပခုံပေါ်မှာ ခေါင်းပေါက်ကြပြီးတော့ ခေါင်းတိုင်း၊ ခေါင်းတိုင်းမှာဆံပင်ပေါက်ကြပါတယ်။ ဒါပေမယ့် ဦးခေါင်းတိုင်းမှာတော့ နာမပါဘူး´တဲ့။ ဒီပဟေဠိလေဟာ တရားနာယူမှုနဲ့ ပက်သက်ပြီး



http://mmteashop.com July 11, 2011

ဝှက်ထားတာပါ။ အဖြေကတော့ သူတော် ကောင်းတရား နာကြားဖို့ လူတိုင်းမှာ နာမပါဘူးလို့ ဆိုလိုတာပါပဲ။

သူတော်ကောင်း တရားဆိုတာကလည်း `ကံနား´ရှိရုံနဲ့ မကြားရပါ။ သစ္စာတရားကို မြတ်နိုးတက်တဲ့ `ဉာဏ်နား´ရှိမှသာ ကြားရတက်၊ ကြားရနိုင်တာမျိုးပါ။တချို့သူတွေဆီမှာ ကံကောင်းထောက်မစွာ ဉာဏ်နားပါပေမယ့် ကာမဂုဏ်အာရုံတွေနဲ့ ကိလေသာစိတ်ဆိုတဲ့ နားဖာချေးတွေထူပြော ပိတ်ဆို့နေတာမို့ နားလေး၊ နားပင်းနေတာမျိုးလည်း ဖြစ်တက်ပါတယ်။ တချို့သူတွေကတော့ လူ့ဘဝ ဖြစ်တည် ကတည်းက သူတော်ကောင်း နလုံးသား မပါခဲ့တာမို့ သူတော်ကောင်းတရား နားကြားရလျှင်ပင် (ပုံပြင်ထဲက ကုလား ဆာမိလို) နားလည်းပူ၊ ခါးလည်းပူ တတ်ကြပါတယ်။

သာသနာတော်မှာ `သဒ္ဓမ္မဿဝန´ လို့ခေါ်တဲ့ သူတော်ကောင်းတရားနာယူခြင်း ကိစ္စဟာ အင်မတန် အရေးကြီးပါတယ်။ အသိတရားနယ်ပယ်မှာ တရားနာယူမှုဟာ ဆက်သွယ်ရေးတာဝန်ခံပါ။ လောကမှာ တစ်နယ်နဲ့ တစ်နယ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ သယ်ယူပို့ဆောင်ရေးလည်း လွယ်ကူချောမွေ့ နိုင်သလို အန္ဓပုထုဇဉ်နယ်နဲ့ ကလျာဏ ပုထုဇဉ်နယ်၊ ကလျာဏ ပုထုဇဉ်နယ်နဲ့ အရိယာနယ်ကူးကြရာမှာလည်း တရားနာယူမှုဆိုတဲ့ ဆက်သွယ်ရေး ကောင်းမွန်မှ တရားထူး၊ တရားမြတ် ရရှိမှုလို့ခေါ်တဲ့ ပို့ဆောင်ရေးကလည်း လွယ်ကူချောမွေ့နိုင်မှာပါ။

တကယ်တော့ မြတ်နိုးတန်ဖိုးထားပြီး ခံစားတက်မယ်ဆိုရင် သူတော်ကောင်း တရား တွေဆိုတာ ကိုယ်အေး၊ စိတ်အေး၊ ဘဝသံသရာတစ်ခုလုံး အေးစေတဲ့ ငြိမ်းချမ်းရေး မင်္ဂလာတေးတွေပါ။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ မတ်လ

http://mmteashop.com July 11, 2011



လောကီ ရတနာတွေနဲ့ လွဲရတယ်ဆိုရင် တစ်ဘဝ၊ တစ်ခန္ဓာပဲ နစ်နာတတ်တာပါ။ လောကုတ္တရာ ရတနာတွေနဲ့ လွဲသွားလို့က တော့ သံသရာနဲ့ချီပြီး ဆုံးရှုံးနစ်နာကြမှ

## တန်းဖိုးသိမှ တန်ဖိုးရှိတယ်

လောကရဲ့ အမွန်အမြတ်ကို `ရတနာ´လို့ ခေါ်ဆိုပါတယ်။ ရတနာဆိုတာ ပါဠိစကားပါ။ သူ့ရဲ့ ပင်ရင်းမနက်က `တွေ့ရမြင်ရ ပိုင်ဆိုင်ခွင့်ရသူကို ကြည်လင်ရွှင်ပျ နစ်သက်အားရ ကျေနပ်မှုကိုဖြစ်စေ၊ ရစေတတ်သောအရာ´ လို့ အဓိပ္ပါယ်ရပါတယ်။ ရတနာဆိုတာ ထိုက်တန်မှ `ရ´၊ မြတ်နိုးစွာပိုက်ထွေးမှ `မြဲ´ တတ်တာမျိုးပါ။ သူနဲ့



http://mmteashop.com July 11, 2011

မထိုက်တန်ရင် `လွဲ´ တတ်သလို၊ သူ့ကို မြတ်နိုးစွာ မပိုက်ထွေးရင်လည်း `ခွဲ´ သွားတတ်ပါတယ်။

ဒါကြောင့် ရတနာနဲ့ ပတ်သက်ရင် သူ့ရဲ့သဘာဝကို သိပြီး သူ့ကို မြတ်နိုး တန်ဖိုးထား တတ်ဖို့ ဆိုတာ အလွန် အရေးကြီးပါတယ်။ ရတနာတွေရဲ့ သဘာဝကို-

(၁) အလေးအမြတ်ပြုအပ် မြတ်နိုးထိုက်တာကြောင့်ရယ်၊

(၂) အဖိုးအနဂ္ဃ ထိုက်တန်တာကြောင့်ရယ်၊

(၃) အတုမဲ့ဖြစ်တာကြောင့်ရယ်၊

(၄) တွေ့ရမြင်ရ ပိုင်ဆိုင်ခွင့်ရဖို့ ခဲယဉ်းတာကြောင့်ရယ်၊

(၅) အထက်တန်းကျ မြင့်မြတ်သူတွေရဲ့အသုံးအဆောင်ဖြစ်တာ ကြောင့်ရယ်၊

ဒီအကြောင်း ငါးမျိုးကြောင့်သာ အမွန်အမြတ်=ရတနာလို့ ခေါ်ဆိုသတ်မှတ် နိုင် ပါကြောင်းကို ပါဠိစာပေမှာ အနက်အဓိပ္ပါယ်အကျယ် ဖွင့်ဆို ရှင်းပြထားပါတယ်။

ဒီအချက်အလက်တွေကို အသေးစိတ် စဉ်းစားသုံးသပ်ကြည့်မယ် ဆိုရင် ရတနာတွေနဲ့ ထိုက်တန်တဲ့ အဖိုးတန် နှလုံးသားတစ်ခု ဖြစ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ မိမိတို့ သန္တာန်မှာ ရတနာနဲ့ ထိုက်တန်တဲ့ ကံ၊ ရတနာရဲ့ တန်ဖိုးမှန်ကို သိနိုင်တဲ့ ဉာဏ်၊ ရတနာရဲ့ တန်ခိုးအရှိန်အဝါကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ဝီရိယ၊ ဒီ ကံ၊ ဉာဏ်၊ ဝီရိယ၊ သုံးပါးစလုံး ပြည့်စုံနိုင်ပါမှ "ခြင်္သေ့ဆီဟာ သိဂီရွှေခွက်ထဲမှာသာ တည်နိုင်တယ်" ဆိုတဲ့ စကားဥပမာလို အမွန်အမြတ်ရတနာဟာလည်း ကိုယ့်နှလုံးသားမှာ အစဉ်အမြဲကိန်းဝပ် စံပယ်တင့်တယ်နိုင်မှာပါ။

http://mmteashop.com July 11, 2011

လောကမှာ အဖိုးတန် ရတနာ(၂)ပါးရှိပါတယ်။ လောကီ ရတနာနဲ့ လောကုတ္တရာ ရတနာပါ။ လူများစုက စိန်၊ ရွှေ၊ ငွေစတဲ့ လောကီရတနာတွေကိုသာ ရတနာအဖြစ်နဲ့ သုံးဆောင်တတ်ကြပြီး ဘုရား၊ တရား၊ သံဃာ လောကုတ္တရာရတနာတွေကိုတော့ အဖိုးတန် ရတနာအနေနဲ့ မသုံးဆောင်တတ်ကြပါဘူး။ ဒီအကြောင်းကို ဆရာသမားတွေက ပုံပမာလေးနဲ့ တင်စားပြီး ပြောပြတတ်ပါတယ်။

တစ်ခါတုန်းက ကြက်မကြီး တစ်ကောင်ဟာ အမှိုက်ပုံတစ်ခုမှာ အစာ ရှာနေပါတယ်။ အမှိုက်ပုံထဲမှာ စားစရာ ပိုးကောင်၊ မွှားကောင် ကလေးတွေ ထွက်ပေါ်လာအောင် ခြေထောက်နစ်ဖက်နှင့် ယက်ပြီးတော့ ရှာနေတာပါ။ အမှိုက်တွေကို ယက်ယင်း၊ ယက်ယင်းနဲ့ အမှိုက်ပုံထဲက နီနီရဲရဲ ပတ္တမြားခဲကြီး တစ်ခု ပေါ်လာပါတယ်။ အဲဒီအခါ ကြက်မကြီးက ရတနာကို ရတနာမှန်း မသိနိုင်တော့ စားစရာမဟုတ်တဲ့ ဒီပတ္တမြားခဲကြီးကို "တယ်ရှုပ်တဲ့ ကျောက်ခဲကြီးပဲ" ဆိုပြီး နှံဘေးကို ယက်ထုတ်ပစ်လိုက် ပါတယ်။ ဒီလို ဘေးထုတ်ခံရလို့ ပတ္တမြားခဲကြီးက တန်ဖိုးလျော့သွားမှာ မဟုတ်ပါဘူး။ တန်ဖိုးမှန် မသိတဲ့ကြက်မကြီးမှာသာ နစ်နာစရာ ရှိပါတယ်။ ဒီလိုနဲ့ တန်ဖိုးသိတဲ့ လူတစ်ယောက်က အမှိုက်ပုံနံဘေးရောက်လို့ မတ္တမြားခဲကြီးကို ကောက်ယူသွားပြီး အသုံးချလိုက်တဲ့ အခါ တကယ့်သူဌေးကြီးတစ်ဦး ဖြစ်သွားပါတယ်။

အဲဒီ ပုံပမာလိုပဲ၊ ယခုခေတ် လူသားတွေဟာလည်း စားနေဝတ်ကိစ္စအတွက် လောကလူ့ဘုံ အမှိုက်ပုံကြီးထဲမှာ လုယက်ပြီးတော့ စီးပွားရှာနေကြရတာပါ။ အဲဒီလို အလုအယက် စီးပွားရှာဖွေရင်းက (သာသနာတော် ထွန်းလင်းတဲ့ ခေတ်အတွင်းမှာ လူလာဖြစ်တော့ ကံကောင်းထောက်မစွာနဲ့)ဘုရား၊ တရား၊ သံဃာရတနာ(၃)ပါးတို့ကို တွေ့ကြုံကြရပါတယ်။ ဒီလို တွေ့ကြုံဆုံခွင့် ရကြပေမယ့် မိမိကိုယ်ကိုမိမိ မဟာကံထူးရှင် တွေအဖြစ် မမြင်နိုင်ကြတဲ့ သူတွေက ရတနာကို ရတနာကို ရတနာမှန်း မသိနိုင်တော့ "တယ်ရှုပ်တဲ့ ကျောက်ခဲတွေပဲ၊ ဒီမှာ မအားသေးဘူး" ဆိုပြီး ဘဝထဲကနေ ဘေး ကန်ချ ထားတတ်ကြပါတယ်။



http://mmteashop.com July 11, 2011

အဲဒီအတွက် ရတနာသုံးပါးမှာ ဘာမျှမဖြစ်သွားပေမယ့် အဖိုးတန် အခွင့်အရေးနဲ့ လွဲသွားခဲ့ရတဲ့လူတွေရဲ့ ဆုံးရှုံးနစ်နာမှု အတွက်ကိုတော့ အင်မတန်ကြေကွဲ ဝမ်းနည်းဖို့ ကောင်းပါတယ်။ ဒီအကြောင်းနဲ့ ဆက်စပ်တဲ့ ဓမ္မပုံပြင်ကလေးတစ်ပုဒ် ကို ပြောပြချင်တယ်။

ꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥ

## တန်းဖိုးသိမှ တန်ဖိုးရှိတယ်

ဟိုရှေးရှေးတုန်းက ရွာကြီးတစ်ရွာမှာ ဓမ္မာနန္ဒနဲ့ ဓနာနန္ဒလို့ အမည်ရတဲ့ သူငယ်ချင်းနှစ်ဦးရှိခဲ့ဖူးတယ်။ သူတို့နှစ်ဦးဟာ ငယ်သူငယ်ချင်းတွေပီပီ တစ်ဦးအပေါ်တစ်ဦး အင်မတန် ချစ်ခင်ကြင်နာကြတယ်။ သူငယ်ချင်းနှစ်ဦးဟာ ပုဂ္ဂိုလ်ရေး ခင်မင်မှုအရ နှစ်ဦးသား မကွဲမခြား တစ်သားတည်း ဖြစ်ကြပေမယ့် စိတ်ဓာတ်ရေးရာအရတော့ ကွဲပြားခြားနားကြတယ်။ ဓမ္မာနန္ဒက ရင့်ကျက်မှုအားကောင်းပြီး တရားဓမ္မကို ရှာဖွေ လိုတယ်။ ဓနာနန္ဒကတော့ အပျော်အပါး မက်မောပြီး ဥစ္စာဓနကို ရှာဖွေလိုတယ်တဲ့။

ဒီလိုနဲ့ သူတို့သူငယ်ချင်းနှစ်ဦးဟာ အရွယ်ရောက်လာတော့ ဓမ္မာနန္ဒက တရားရှာမယ်ဆိုပြီး သင်္ကန်းဝတ်နဲ့ တောထွက်သွားတယ်၊ ဓနာနန္ဒကလည်း စီပွားရှာမယ်ဆိုပြီး ကုန်သည်တစ်စုနဲ့ မြို့တက်သွားတယ်။ လောကရဲ့ သဘာဝကလည်း ရှာဖွေတာကိုပဲ ရတတ်စမြဲပါ။ ဒါကြောင့် တရားရှာတဲ့ ဓမ္မာနန္ဒဟာ တောထဲမှာ ရဟန္တာအရှင်မြတ်တစ်ပါးနဲ့ တွေ့ပြီး တရားတော်ကို သဘောပေါက်ကာ တစ်ပါးတည်း တောရဆောက်တည်နေတော့တယ်။ (၃-၄)နှစ်လောက်ကြာမှ မြို့ကို တစ်ခေါက်တစ်ခါပဲ ရောက်တတ်သတဲ့။ ရောက်တော့လည်း အချိန်အကြာကြီး နေလေ့မရှိဘဲ တစ်ရက်လောက် နေပြီးလို့ ကိစ္စပြီးတာနဲ့ တောကိုပဲ ပြန်ကြွလေ့ရှိပါတယ်။

http://mmteashop.com July 11, 2011

စီးပွားရှာသွားတဲ့ ဓနာနန္ဒကလည်း မြို့တော်က သူဌေးကြီးတစ်ဦးထံမှာ တပည့်ခံပြီး ကြိုးစား စီးပွားရှာလိုက်တာ (၃-၄)နှစ်နဲ့ သူလည်းပဲ သူဌေးကြီး တစ်ဦးဖြစ်လာသတဲ့။ ဒီလိုနဲ့ မြို့ပေါ်က သူငယ်ချင်းနဲ့ တောထဲက သူငယ်ချင်းနှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး ဆုံတွေ့ခွင့် မရဘဲ နေလာလိုက်ကြတာ နှစ်ပေါင်း (၂၀)လောက်ကြာမှ မထင်မှတ်ဘဲ သူတို့နှစ်ဦးဟာ ပြန်လည်ဆုံတွေ့ကြသတဲ့။ အဲဒီအချိန်မှာ နှစ်ဦးစလုံးဟာ အသက် (၅၀)ကျော်နေကြပြီးပေါ့။

အဲဒါနဲ့ သူဌေးကြီး ဓနာနန္ဒဟာ ငယ်သူငယ်ချင်း ဆရာတော်ဓမ္မာနန္ဒကို ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကန်တော့ပြီး နေအိမ်ကို ပင့်ဆောင်ခဲ့ပါတယ်။ သူဌေးကြီး နေအိမ်မှာ တစ်ညကျိန်းစက်စေပြီး နေအိမ်မှာ သီတင်းသုံး နေစဉ်အတွင်း ဆရာတော် ဓမ္မာနန္ဒကို ပစ္စည်းလေးပါးနဲ့ လိုလေသေးမရှိ ပြုစုလှူဒါန်းပါတယ်။ ဆရာတော် ဦးဓမ္မာနန္ဒကလည်း သူဌေးကြီး ဓနာနန္ဒကို အနုမောဒနာပြုတဲ့အနေနဲ့ တရားတော် တစ်ပုဒ် ဟောကြား ချီးမြှင့်ခဲ့ပါတယ်။

တရားဟောကြားလို့ ပြီးတဲ့အခါ နှုတ်ဆက်စကားပြောတဲ့အနေနဲ့ "ဒါယကာ သူဌေးကြီး၊ လောကမှာ တာဝန်သိသူဟာ တာဝန်ရှိတယ်၊ တန်ဖိုးသိသူဟာ တန်ဖိုးရှိတယ်။ တရားသိသူဟာ တရားရှိတယ်။ ဒီစကား (၃)ခွန်းကို မမေ့မလျော့ အမြဲတမ်းနှလုံးသွင်းပြီး ကျင့်ကြံအားထုတ်ပါလေ" လို့ မှာကြားပြီး တောထဲကို ပြန်ကြွသွားပါတယ်။

ဆရာတော် ဓမ္မာနန္ဒ ပြန်ကြွသွားတဲ့အခါ သူဌေးကြီး ဓနာနန္ဒဟာ စဉ်းစားခန်းဝင်ပြီး ကျန်ရစ်ပါတယ်။ ဆရာတော် မှာကြားထားခဲ့တဲ့ စကား (၃)ခွန်းမှာ ပထမစကား တစ်ခွန်းဖြစ်တဲ့ "တာဝန်သိသူဟာ တာဝန်ရှိတယ်" ဆိုတဲ့စကားကတော့ လောကီစကားမို့ သူနားလည်တယ်။ တာဝန်ဝတ္တရားကို သိနားလည်သူဟာ (တာဝန်မဲ့ မနေလိုသောကြောင့်) ရောက်လာတဲ့ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်တက်တာမို့ တာဝန်ရှိနေတတ်တယ်ဆိုတာ သူသဘောပေါက်ပါတယ်။

http://mmteashop.com July 11, 2011

ဒါပေမယ့် "တန်ဖိုးသိသူဟာ တန်ဖိုးရှိတယ်" ဆိုတဲ့ ဒုတိယ စကားကို သူဝေ့လည်လည် ဖြစ်နေတယ်။ ဒါနဲ့ ဒီစကားနားလည်အောင် သူလက်တွေ့စမ်းသပ်မှုတစ်ခု ပြုလုပ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။သူဌေးကြီး ခနာနန္ဒဟာ မီးခံသေတ္တာထဲက သူပိုင်တဲ့ အဖိုးတန် စိန် ရတနာတစ်ပွင့်ကို ထုတ်ယူလိုက်ပါတယ်။ နောက်ပြီး သူ့လူယုံ တပည့်ကိုလည်း ခေါ်လိုက်ပါတယ်။

လူယုံတပည့် ရောက်လာတဲ့အခါ သူဌေးကြီးက "ကဲ....မောင်ရင်၊ ဟောဒီ စိန်တစ်ပွင့်ကို ယူသွားပြီးရင် ဈေးထဲမှာ တွေ့တဲ့သူကို ရောင်းကြည့်စမ်း၊ ရောင်းတဲ့အခါ သူပေးနိုင်တဲ့ တန်ဖိုးထက် နည်းနည်းပိုပြီးတော့ တောင်းပါ။ ပြီးရင် ငါ့ထံလာပြီး အကြောင်းပြန်ပြောပါ" လို့ မှာကြားပြီး ဈေးထဲကို လွှတ်လိုက်ပါတယ်။

သူဌေးကြီးရဲ့ လူယုံတပည့်ဟာ ဈေးထဲရောက်သွားတဲ့အခါ အဦးဆုံး ဖရဲသီးရောင်းနေသူတစ်ဦးကို တွေ့ပါတယ်။ အဲဒါနဲ့ သူ့ထံသွားပြီး စိန်ပွင့်ကိုပြကာ ဝယ်ယူမယ်ဆိုရင် ရောင်းလိုကြောင်း ပြောပြပါတယ်။ ဒီအခါ ဖရဲသီးသည်က ယခု လောလောဆယ် ဝယ်ဖို့ သူ့မှာ ငွေမရှိသေးကြောင်း၊ တကယ်လို့ ဖရဲသီးနဲ့ လဲလှယ် ရမယ်ဆိုရင် ဖရဲသီး (၉)လုံးအထိ ပေးနိုင်ကြောင်း ပြောပါတယ်။ သူဌေးကြီးရဲ့ လူယုံကလည်း "ကဲ.... ဒါဆိုရင် နောက်ထပ် တစ်လုံးတိုးပြီး ဖရဲသီး (၁၀)လုံးပေးရင် ရောင်းမယ်လို့ ထပ်ပြောပါတယ်။ အဲဒီအခါ ဖရဲသီးသည်က "ဘာမဟုတ်တဲ့ ဒီကျောက် သေးသေးလေးကို ဖရဲသီး (၉)လုံးပဲပေးနိုင်တယ်။ ရောင်းချင်ရောင်း၊ ဖရဲသီး(၁၀)လုံးတော့ မပေးနိုင်ပါဘူးလို့ ပြောပြီး ငြင်းဆိုလိုက်ပါတယ်။

သူဌေးကြီးရဲ့ တပည့်လည်း သူ့အရှင်သခင် သူဌေးကြီးထံပြန် လာပြီး ဖရဲသီးသည်နဲ့ ပြောဆိုခဲ့သမျှဖြစ်ကြောင်းကုန်စင် အကုန်တင်ပြပါတယ်။ သူဌေးကြီးက ဘာမျှ ပြန်မပြောဘဲ ပြုံးပြုံးကြီးလုပ်ကာ နောက်တစ်ဦးထံသွားရောင်းဖို့ ဈေးထဲကို နောက်ထပ် စေလွှတ်ပြန်ပါတယ်။

http://mmteashop.com July 11, 2011

ဒီတစ်ခါတော့ သူဌေးကြီးရဲ့ လူယုံတပည့်ဟာ အဝတ်အထည်တွေ ရောင်းနေသူ တစ်ဦးထံ ချဉ်းကပ်ပြီး စိန်တစ်ပွင့်ရောင်းလိုကြောင်း ပြောပြပါတယ်။ အထည်သည် ကလည်း လောလောဆယ် သူ့မှာ ငွေမရှိ သေးကြောင်းနဲ့အထည်နဲ့ လဲလှယ်ရမယ်ဆိုရင် အကျီ(၉)ထည် ပေးနိုင်ကြောင်း ပြောပါတယ်။ သူဌေးကြီးရဲ့ တပည့်ကလည်း "ကဲ..ကဲ.. ဒါဆိုရင် နောက်ထပ် အကျီ တစ်ထည်တိုးပြီး အကျီ(၁၀)ထည် ပေးပါ။ ရောင်းပါမယ်"လို့ ထပ်ပြောပါတယ်။ အဲဒီအခါ အထည်သည်က " စိန်မဝတ်ရလို့ ဘာမျှမဖြစ်ဘူး၊ ဒီအကျီတွေက တန်ဖိုးကြီးအထည်တွေ၊ ရောင်းချင်ရင်ရောင်း၊ မရောင်းနိုင်ရင်နေ။ အကျီကိုတော့ (၁၀)ထည် မပေးနိုင်ပါဘူး" လို့ ပြောပြီး ငြင်းဆို လိုက်ပြန်ပါတယ်။

သူဌေးကြီးရဲ့ လူယုံတပည့်လည်း ပိုင်ရှင်ဖြစ်တဲ့ သူဌေးကြီးထံ ပြန်လာပြီး အထည်သည်နဲ့ ပြောဆိုခဲ့ရသမျှကို ပြန်လည် တင်ပြပါတယ်။ ဒီတစ်ခေါက်လည်း သူဌေးကြီးက ဘာမျှမပြောဆိုဘဲ ရယ်ကျဲကျဲ လုပ်ကာ နောက်တစ်ဦးထံ သွားရောင်းဖို့ ဈေးထဲကို ထပ်မံစေလွှတ်ပြန်ပါတယ်။

ဒီတစ်ခေါက်တော့ သူဌေးကြီးရဲ့ တပည့်ဟာ ရတနာကုန်သည်တစ်ဦး ထံ သွားပြီးရောင်းပါတယ်။ ရတနာကုန်သည်က စိန်ပွင့်ကို ယူပြီးကြည့်လိုက်တဲ့အ ခါ အဖိုးမဖြတ်နိုင်အောင် တန်းဖိုးကြီးတဲ့ စိန်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်သူက သူဌေးကြီးရဲ့ တပည့်ကို "မောင်ရင်၊ဒီ စိန်ဟာ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်တဲ့ ရတနာပါ။ ဒီစိန်ရဲ့ တန်ဖိုးနဲ့ ညီမျှတဲ့ ဥစ္စာဓန အကျွန်ုပ်ထံမှာ မရှိပါဘူး။ မောင်ရင်ရောင်းလိုတယ် ဆိုပါကအကျွန်ုပ်ပိုင်ဆိုင်သမျှ အားလုံးကို ပေးအပ်ပြီး ဝယ်ယူ လိုပါတယ်"လို့ ပြောပါတယ်။

အဲဒါနဲ့ လူယုံတပည့်ဟာ သူဌေးကြီးထံ ပြန်လာပြီး ရတနာကုန်သည်မှာ ကြားလိုက်တဲ့ အတိုင်း ပြောပြပါတယ်။ အဲဒီတော့မှ သူဌေးကြီးက သူ့တပည့်ကို "မောင်ရင်၊ ငါဟာ ဒီစိန်ကို တကယ်ရောင်းချင်လို့ ခိုင်းတာမဟုတ်ပါဘူးကွာ၊ ဒီစိန်ရဲ့ တန်ဖိုးကို

နဂိုကတည်းက ငါသိပြီးသားပါ။ ဒါပေမယ့် လူတွေဟာ တန်ဖိုးရှိတဲ့ အရာတွေ အပေါ်မှာ ဘယ်လိုသဘောထားသလဲ၊ ရတနာတွေရဲ့ တန်ဖိုးမှန်ကို သိမြင်နိုင်ရဲ့လားဆိုတာကို သိချင်စိတ်ရှိတာနဲ့ စမ်းသပ်ကြည့်တာပါ"လို့ပြန်လည် ပြောပြပါတယ်။

အဲဒီအခါမှာ လူယုံတပည့်ဟာ သူဌေးကြီးရဲ့ ရည်ရွယ်ချက်ကို သိနား လည်သွားသလို သူဌေးကြီးကလည်း ငယ်သူငယ်ချင်း ဆရာတော် ဓမ္မနန္ဒမှာကြားခဲ့တဲ့ စကား (၃)ခွန်းရဲ့ အဓိပ္ပါယ်ကို သဘော ပေါက်သွားပါတယ်။ "သြော်.. တန်ဖိုးရှိတယ် ဆိုတာ တယ်မှန်ပါကလား၊ တကယ်တော့ ငါလည်း စိန်၊ ရွှေ၊ ငွေစတဲ့ လောကီရတနာတွေရဲ့ တန်ဖိုးလောက်ကိုသာ သိမြင်နိုင်တာပါ။ လောကုတ္တရာ ရတနာတွေရဲ့ တန်ဖိုးကိုတော့ မသိမြင်နိုင်သေးပါဘူး။ ဒါကြောင့်သာ ဆရတော်ဓမ္မနန္ဒက "တရားသိသူဟာ တရားရှိတယ်" လို့ မိန့်တော်မူခဲ့တာပေါ့။ ဒီကနေ့ကစပြီး ငါဟာလောကုတ္တရာ ရတနာတွေရဲ့ တန်ဖိုးမှန်ကို သိမြင်နိုင်တဲ့ သူဖြစ်အောင် ကြိုးစား အားထုတ်တော့မယ်"လို့ သန္နိဋ္ဌာန်ချ မှတ်လိုက်ပါသတဲ့။

ဒီ ဓမ္မပုံပြင်ကလေးက "ရတနာကို ရတနာလို သဘောထားနိုင်မှ ရတနာရဲ့တန်ဖိုး အပြည့်အဝ ရတတ်ပုံကို" ဖော်ပြထားလိုတာပါ။ ရတနာတွေကို ထိုက်တန်အောင် မဆက်ဆံနိုင်ရင် ရတနာတွေနဲ့ လွဲရတတ်ပါတယ်။ ရတနာကုန်သည်တွေကတော့ " ရတနာတွေကို တန်ဖိုးမှန်အောင် မဖြတ်တတ်ရင် လာဘ်ကန်းတတ်တယ် "လို့ ဆိုပါတယ်။

ယခုအခါ အမြတ်ဆုံးရတနာ သုံးပါးနဲ့ တွေ့ကြုံဆုံနေကြပေမယ့် ပုံပြင်ထဲက ဖရဲသီးသည်လို ဖရဲသီး (၉)လုံးလောက်ပဲ တန်တယ်လို့ ထင်ကြသူတွေဟာ အပြင်မှာလည်း တကယ်ရှိပါတယ်။ လောကီရတနာတွေနဲ့လွဲရတယ်ဆိုရင် တစ်ဘဝ၊ တစ်ခန္ဓာပဲ နစ်နာတတ်တာပါ။ လောကုတ္တရာ ရတနာ တွေနဲ့ လွဲသွားလို့ကတော့ သံသာရာနဲ့ ချီပြီး ဆုံးရှုံးနစ်နာကြမှာပါ။ ပုထုဇဉ်ဘဝရဲ့ အမိုက်အမဲ၊ အလွဲအမှားတွေကြောင့် သံသရာမှာ နစ်နာခဲ့ရတဲ့ ရပိုင်ခွင့် အဆုံးအရှုံးတွေဟာ အသင်္ချေအနန္တပါ။

http://mmteashop.com  July 11, 2011

တကယ်တော့ လောကုတ္တရာ ရတနာတွေဆိုတာ ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းတွေ ရဲ့ ရင်တွင်းထွက် ကျောက်မျက်ရတနာ တွေပါ၊ ကမ္ဘာတွေ အသင်္ချေချီကာ ဖြစ်တည်လာခဲ့တဲ့ ပါရမီ ကောင်းမှု အစုစုတွေရဲ့ အဆီအနှစ်သြဇာတွေပါ။

ဒါကြောင့် လောကုတ္တရာရတနာ ဆိုတာ လောကီ ရတနာတွေနဲ့ မနှိုင်း ယှဉ်သာအောင် ကြီးကျယ်မြင့်မြတ်လှပါတယ်။ ဒီဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါးသည်သာ"လောကဓာတ် တစ်ခုလုံးမှာ အမြင့်မြတ်ဆုံးသော မင်္ဂလာ၊ အဖိုးအတန်းဆုံးဖြစ်သော ရတနာ၊ အစစ်အမှန်ဆုံးသော ကိုးကွယ်ရာ"လို့အသိဉာဏ်နဲ့ လက်ခံပြီး သဒ္ဓါတရားနဲ့ မြတ်နိုး ယုယစွာ နှလုံးသားမှာ ပိုက်ထွေးထားနိုင်ခြင်းဟာ ပုထုဇဉ် လူသားတစ်ဦး အဖို့တော့ တကယ်ကို ကြီးကျယ် ခမ်းနားတဲ့ ဖြစ်ရပ်တစ်ခုပဲဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဧပြီလ

ႀကႀကႀကႀကႀကႀက

http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

ဒီပုံပြင်ကလေးဟာ အများအယွင်း မကင်းတတ်သေးတဲ့ လူငယ် တစ်ယောက်ရဲ့ ဘဝကောက်ကြောင်းပုံ ရိုးရိုးကလေးကို ဖော်ပြရင်းအခက်အခဲ အကျပ်အတည်းတွေ အင်မတန်ပေါ်တဲ့ လူ့ဘဝကန္တာရ ခရီးထဲမှာ တရားဓမ္မ ဆိုတာ အတူတွဲလျှောက်ဖို့ အကောင်းဆုံး အဖော်မွန် တစ်ယောက်ဖြစ်တယ် ဆိုတာကို ဖော်ပြလိုတာပါ။

တရားတော် ဆိုတာ ကောက်နေတဲ့ စေတနာတွေကိုဖြောင့်စေပြီး၊ ဖြောင့်နေတဲ့ စေတနာတွေ ကိုတော့ လမ်းမှန် ရောက်စေပါတယ်။ ဆိုးနေတဲ့ စေတနာတွေကို ကောင်းစေပြီး ကောင်းနေတဲ့ စေတနာတွေ ကိုတော့ အဖိုးတန် မြင့်မြတ်စေပါတယ်။



မိမိတို့ရဲ့ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားတွေနဲ့ လောက သာသနာ စွမ်းနိုင် ရာမှာ တင့်တယ် ထည်ဝါအောင် လှပပြုပြင် တန်ဆာဆင် ပေးနိုင်ရပါမယ်။ လူ့ဘဝ ရောက်ခိုက် ကောင်းကျိုးပြု ဘဝ အမှတ်တိုင် ကလေးတွေ ကိုယ်စီ စိုက်ထူ နိုင်ကြရပါမယ်။

## နဂါးမင်းနဲ့ မဟောမာ

လူ့ဘဝ ခရီးလမ်းဆိုတာ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ လျှောက်လှမ်းရင်သာ ကြမ်းတမ်းပူလောင် တတ်တာပါ။ သဒ္ဓါ၊ မေတ္တာ၊ ပညာတွေနဲ့ လျှောက်လှမ်းနိုင်ရင်တော့ အထိုက်အလျောက် အေးချမ်းသာယာနိုင်ပါတယ်။

လောကီ မျက်စိနဲ့ ကြည့်ရင် လူ့ဘဝမှာ အရုပ်ဆိုး အကျည်းတန် ရွံ့မုန်းစရာ အဖြစ်တွေရော၊ သာယာလှပ သဘောကျ ကြည်နူးစရာ အဖြစ်တွေကိုပါ တွေ့မြင်ရမှာပါ။ ဒါကြောင့် အသိဉာဏ်ကြီးသူ တစ်ယောက်အနေနဲ့ ဘဝမှာ ဖြစ်တည်လာတဲ့ သံဝေဂနဲ့ ပီတိ တရားတွေကို အချိုးညီ ရောစပ်ပြီးဘဝကို စနစ်တကျ တည်ငြိမ်ရင့်ကျက် အေးချမ်း ပျော်ရွှင်စွာ နေတတ်ဖို့ ဆိုတာလွန်စွာမှ အရေးကြီးလှပါတယ်။

တစ်ခါတစ်ရံ ငယ်ရွယ်သူအချို့က စာရေးသူကို လိုက်နာဖွယ်ဆုံးမစကား ပြောကြားပေးဖို့ လျှောက်ထားတတ်ပါတယ်။ အဲဒီအခါမျိုးမှာ သူတို့ကို သတ္တိရယ်၊ အသိဉာဏ်ရယ်၊ စိတ်ငြိမ်းချမ်းမှုရယ် ဆိုတဲ့ "စိတ်ဓာတ်ခွန်အားတိုးဆေး" သုံးလုံးကိုသာ နေ့စဉ်မှန်မှန်သောက်သုံးမှီဝဲဖို့ ပြောကြားတတ်ပြီး၊ (၁)ကျန်းမာရေး၊ (၂) ကုသိုလ်ရေး၊ (၃) လောကအကျိုးပြုနိုင်ရေးဆိုတဲ့ 'ကိုယ့်အရေး'(၃)ပါးကို ဂရုစိုက်ဖို့ မှာကြားတတ်ပါတယ်။

အဲဒီအရေးကိစ္စ(၃)ခုထဲမှ ကျန်းမာရေးဟာ လူတိုင်းအတွက် နံပါတ်တစ် အရေးကြီးဆုံးပါ။ ကျန်းမာရေး မကောင်းရင် ကျန်းမာရေးအပေါ်မှာ အခြေခံထားတဲ့ လူ့ဘဝရဲ့ လုပ်ပိုင်ခွင့်နဲ့ ခံစားပိုင်ခွင့် အားလုံးကို လက်လွှတ်ဆုံးရှုံးရမှာပါ။ ကျန်းမာရေးဟာ စိတ်ကောက်တတ်တဲ့ ကလေးဆိုးတစ်ယောက် နဲ့တူပါတယ်။ သူ့ကို ကိုယ်က ဂရုမစိုက်ရင် သူကလည်းကိုယ့်ကို မခင်မင်တတ်ပါဘူး။ နောက်ပြီး ပထမအရွယ်မှာ ကျန်းမာရေးကို ဂရုမစိုက်တတ်သူဟာ ဒုတိယ အရွယ်မှာ ရောဂါရတတ်ပါတယ်။ ဒုတိယအရွယ်မှာ ကျန်းမာရေးကို ဂရုမစိုက်တော့ တတိယအရွယ်မှာ အိပ်ရာထဲလဲနေတဲ့ လူမမာကြီး ဖြစ်တတ်ပါတယ်။

ဒုတိယကိစ္စ၊ ကုသိုလ်ရေးဆိုတာ ဘာသာရေး၊ လူမျိုးရေး မဟုတ်ပါ။ ဘဝရဲ့ မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပြီး၊ ဘဝရဲ့ အခက်အခဲ၊ အကျပ်အတည်း၊ ဒုက္ခမျိုးစုံကို ခုန်ပျံကျော်လွှားကာ မိမိရဲ့ ရည်မှန်းချက် ပန်းတိုင်ဆီကိုအရောက် ပို့ဆောင်ပေးနိုင်တဲ့ စကြာယာဉ်ပျံ တစ်စီးပဲဖြစ်ပါတယ်။ နောက်ပြီး လူဆိုတာ ကုသိုလ်ကြောင့် လူဖြစ်

http://mmteashop.com July 11, 2011

လာရတာမို့ "လူနဲ့ကုသိုလ်"၊ "ကုသိုလ်နဲ့လူ"ဆိုတာ ခွဲခွာလို့ မရစကောင်းပါ။ လူဟာ ကုသိုလ်နဲ့ ကင်းကွာသွားပြီဆိုရင် လူ့လမ်းကြောင်းပေါ်က ဘေးဆင်းပေးရမှာပါ။

ဒီနေရာမှာ ကုသိုလ်ဆိုတဲ့ စကားက ယေဘုယျကျ လွန်းတော့ ကိုယ်နှစ်ခြိုက်တာကိုပဲ ညွှန်ပြလိုက်တာပါ။ လောကီဘဝအတွက် အကောင်းဆုံးကုသိုလ်ဟာ ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်ပြီး၊ လောကုတ္တရာဘဝအတွက် အကောင်းဆုံးကုသိုလ်ကတော့ ဝိပဿနာဘာဝနာပဲဖြစ်ပါတယ်။ ဗုဒ္ဓါနုဿတိဘာဝနာ (ဘုရားအာရုံ ပြုမှုကုသိုလ်)ဟာ လောကီဘဝကို အထက်တန်းကျ မျက်နှာပန်းလှအောင် မြှင့်တင်ပေးနိုင်ပြီး၊ လောကုတ္တရာဘဝအတွက်လည်း အခြေခံရစေပါတယ်။ ဝိပဿနာ ဘာဝနာကတော့ အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲ၊ ဘဝဆင်းရဲတွေက ကွင်းလုံးကျွတ်လွတ်စေပြီး မဟာသန္တိ သုခဆိုတဲ့ လောကုတ္တရာ ဘဝကို မုချပိုင်ပိုင်ရစေနိုင်ပါတယ်။

တတိယကိစ္စကို ပြောရရင် မှိုပွင့်တွေဟာ မြေကြီးထဲက ထိုးဖောက် ပေါ်ထွက်လာကတည်းက သူ့ရဲ့ထိပ်မှာ မြေမှုန့်တွေ ကပ်တင်ပါလာသလို၊ လောက ကောင်းကျိုးပြုရေးဆိုတာလည်း အမိဝမ်းကြာတိုက်က ဖွားမြင်လာကတည်းက လူသားတွေရဲ့ ဦးထိပ်မှာ ကပ်တင် ပါလာခဲ့တာပါ။ ဒါကြောင့် လောကတ္ထ စရိယဆိုတာ လူသားတွေရဲ့ ဖွားဖက်တော် ကိစ္စပါ။ မြေကမ္ဘာရဲ့ အဆီအနှစ်တွေကို စုပ်ယူကြီးထွားလာခဲ့တာ သစ်တစ်ပင်ဟာ ဒီမြေကမ္ဘာကိုပဲ သူရဲ့ အသီးအရွက် အပွင့်တွေ ပေးအပ် ကျေးဇူးဆပ်တတ်သလို ကမ္ဘာလောကကို အမှီပြုပြီး လူသား မြောက်ခဲ့ရတဲ့ လူသား တစ်ယောက်ဟာလည်း အပင်လောကရဲ့ ကောင်းမြတ်တဲ့ ထုံးကို နှလုံးမူပြီးတော့ ကမ္ဘာလောကကို အလုပ်အကျွေးပြုသင့်ပါတယ်။

မိမိတို့ရဲ့ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားတွေနဲ့ လောကသာသနာ စွမ်းနိုင်ရာမှ တင့်တယ် ထည်ဝါအောင် လှပပြုပြင်တန်ဆာဆင် ပေးနိုင်ရပါမယ်။ လူ့ဘဝရောက်ခိုက် ကောင်းကျိုးပြု ဘဝမှတ်တိုင် ကလေးတွေ ကိုယ်စီစိုက်ထူနိုင်ကြရပါမယ်။

http://mmteashop.com July 11, 2011

ယခုအခါ သာသနာတော်ကြီးကို လူ့အဖြစ်နဲ့ ကြုံကြိုက်ခွင့်ရ နေကြသူတွေဟာ မဟာကံထူးရှင် တွေပါ။ လူ့ဘဝဆိုတာ ပုခက်နဲ့ ပျဉ်ခေါင်းအတွင်းကြားက တိုတောင်းပြီး အစိုးမရတဲ့ဘဝဆိုပေမဲ့ သူတော်ကောင်းတရားတွေ ထွန်းပနေသေးသမျှ ဘာမျှ အားငယ် ဖွယ်ရာမရှိပါဘူး။ သူတော်ကောင်းတရားကို ပင့်ကူတစ်မျှင်မျှ လောက်ပဲ ဆွဲကိုင်မိပါစေ၊ ဘဝသံသရာမှာ လွန်စွာပဲ ခိုင်မြဲတဲ့ ထောက်တည်အားကိုးရာကို ဖြစ်စေရစေနိုင်ပါတယ်။

ဒီအကြောင်းနဲ့ စပ်တဲ့ ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင် ကလေးဟာ မခုရ ရသဝါဟိနီကျမ်းစာထဲမှာ ပါတာပါ။

ဆလလဆ ဆလလဆ ဆဆလ လဆဆ လလဆ

## နဂါးမင်းနဲ့ မဟောမာ

ရှေးရှေးတုန်းက တမ္ဗပါဏိလို့ အမည်ရတဲ့ သီဟိုဠ်ကျွန်း (သီရိလင်္ကာ )နိုင်ငံ၊ အနုရာဓမြို့မှာ နာမည်အားဖြင့် သိပ်မထင်ရှားတဲ့ အမျိုးကောင်းသား တစ်ဦးရှိခဲ့ဖူးတယ်။ သူ့မှာ အင်မတန် ချောမောလှပတဲ့ သမီးတစ်ယောက်လည်း ရှိတယ်။ အဖေဖြစ်သူကသာ မထင်မရှား အညတရ ဖြစ်ပေမယ့် သမီးဖြစ်သူကတော့ အင်မတန် ထင်ရှား ကျော်ကြားတယ်။ သူမရဲ့ အသားအရေဟာ ရွှေအဆင်းလို ဝင်းမွတ် နုချောပြီး မျက်နှာထားကလည်း သော်တာလမင်းလို အေးမြကြည်လင် ဖြူစင်တယ်။ မြို့ပေါ်မှာရှိတဲ့ ကဗျာပညာရှင်၊ ဂီတပညာရှင်တွေရဲ့ကြားမှာ ကဗျာမမီ၊ စာမပီတဲ့ သူမရဲ့ အလှဟာ အင်မတန် ရေပန်းစားသတဲ့။



http://mmteashop.com July 11, 2011

ရုပ်ရည် ရူပကာသာမက စိတ်ထားလည်း မွန်ရည်ပြီး မှတ်ဉာဏ်လည်းကောင်းတဲ့ သူမကို အဘိုးအဘွားတွေက `ဟေမာ´လို့ပဲ နာမည် ရိုးရိုးလေး ပေးထားတယ်။ ဗုဒ္ဓယဥ်ကျေးမှု အမွေအနှစ်တွေကို အပြည့်အဝရထားတဲ့ အဘိုးအဘွားတွေဟာ သူတို့ရဲ့မြေးချစ်ကလေး ဟေမာကို ဗုဒ္ဓယဥ်ကျေးမှု အငွေ့ဓာတ်၊ အလေ့ဓာတ်၊ အတွေ့ဓာတ်တွေ ကူးစက်လာအောင် ဘုရားသွား ကျောင်းတက် အမြဲ ခေါ်သွား လေ့ရှိပါတယ်။

တစ်နေ့တော့ ကျောင်းမှာ ဓမ္မကထိက ဆရာတော်တစ်ပါးဟာ `ဓမ္မစက္ကပဝတ္တန သုတ္တန်´ ခေါ် ဓမ္မစကြာတရားတော်ကို အဋ္ဌကထာနဲ့ တကွဟောကြားတော်မူပါတယ်။ အဲဒီတရားပွဲမှာ ဟေမာဟာ အာရုံတစ်ပါး စိတ်မသွားဘဲ အသေအချာနာယူခဲ့တာမို့ ဓမ္မစကြာတရားတော်ကို အဋ္ဌကထာ အဓိပ္ပါယ်အဖွင့်နဲ့တကွ အာဂုံအလွတ်ရအောင် ဆောင်ရွက်ခဲ့တယ်။ ဒါနဲ့ ဟေမာဟာ တစ်နေ့တစ်ကြိမ် ဘုရားရှိခိုးတိုင်း ဒီဓမ္မစကြာ တရားတော်ကို ရွတ်ဖတ်ပြီး ဘုရားရှင်ကို ပူဇော်ကန်တော့လေ့ရှိပါတယ်။

ဒီလိုနဲ့ အရွယ်ရောက်လာတဲ့ ဟေမာဟာ တစ်နေ့တော့ မဟာတိတ္ထလို့ခေါ်တဲ့ သမုဒ္ဒရာဆိပ်မှာနေတဲ့ သင်္ဘောသားတစ်ယောက်နဲ့ တွေ့ဆုံပြီး လူငယ်တို့ဘာဝ သမီးရည်းစားဖြစ်သတဲ့။ ချစ်သူဘာဝ အနေကြာလာတဲ့အခါ နှစ်ဖက်မိဘတွေကို အသိပေးပြီး လက်ထပ်ဖို့ စေ့စပ်လိုက်ကြတယ်။ တစ်နေ့တော့ သင်္ဘောသားလုလင်ဟာ အရောင်းအဝယ်ကိစ္စအတွက်နဲ့ မဟာတိတ္ထသို့ ပြန်သွားရမှာ အကြီးအကျယ်နာဖျားပြီး အနုရာဓမြို့ကို ပြန်မလာနိုင်ဘဲ ဖြစ်နေတယ်။

ဒီအခါ အချစ်နတ်ဖမ်းစားပြီး ခံထားရတဲ့ ဟေမာဟာ ချစ်သူနဲ့ကြာကြာ ခွဲခွာနေရတဲ့ ဒဏ်ကို မခံနိုင်တော့တဲ့အဆုံး ဆွေမျိုးမိဘကို အသိမပေးဘဲ ချစ်သူဆီအရောက် သွားမယ်ဆိုတဲ့ စိတ်ကူးနဲ့ သမုဒ္ဒရာဘက်ထွက်ခဲ့တယ်။ ကမ်းခြေ ရောက်တဲ့ အခါ တွေ့တဲ့ လှေငယ်တစ်စီးကို လှော်ခတ်ကာ တစ်ဦးတည်း အဖော်မပါ

http://mmteashop.com July 11, 2011

သမုဒ္ဒရာကို ဖြတ်ကူးပါတယ်။ `အချစ်အတွက်နဲ့ အသက်ပင်သေသေ ´ဆိုပြီး ရူးမိုက်တဲ့ စိတ်ကူးနဲ့ ထွက်လာတဲ့ ပေမာဟာ သမုဒ္ဒရာအလယ်မှာ လှေပျက်ပါတော့တယ်။

`လှေပျက်တော့ဘာအရေးလဲ ´ဆိုပြီး လှော်တက်ကို ဖတ်တွယ်ကာ သမုဒ္ဒရာကို ကူးခတ်ပြန်ပါတယ်။ သူ့စိတ်ထဲမှာ သူချစ်သူဆီ ရောက်ဖို့အရေး စိတ်စောနေတော့ ကမ်းမမြင် လမ်းမမြင် ကြောက်စရာ ပင်လယ်သမုဒ္ဒရာထဲမှာ မကြောက်မရွံ့ ရဲဝံ့စွာ လက်ပစ်ကူးနေတာဟာ အံ့သြစရာကြီးပါ။

အဲဒီအချိန်မှာ ကိစ္စတစ်ခုနဲ့ ခရီးထွက်လာတဲ့ သမုဒ္ဒရာစောင့်နဂါးမင်းဟာ သမုဒ္ဒရာအလယ်မှာ လက်ပစ်ကူးနေတဲ့ ပေမာကို တွေ့တာနဲ့ `အို…မိန်းကလေး၊ သင်ရဲ့ အဆင်းရုပ်ရည်ကား တင့်တယ်လှပပါပေစွ၊ ဘယ်လိုအကြောင်းများကြောင့် လှိုင်းလေ အင်မတန်ပြင်းထန်ပြီး၊ ငါးမန်းတွေ အလွန်ပေါတဲ့ သမုဒ္ဒရာရေပြင်ကျယ်ကြီးထဲမှာ အသက်စွန့်ပြီး လက်ပစ်ကူးနေရပါဘိသနည်း၊ ရူးသလော၊ ထူးသလော ငါမသိ´လို့ စူးစမ်းမေးမြန်းပါတယ်။

အဲဒီအခါ ပေမာက `အို……အရှင်နဂါးမင်း၊ အကျွန်ုပ်ရဲ့ နှလုံးသားကို အချစ်ဆိုတဲ့ ရာဂဘီလူးဟာ သူ့ရဲ့ထက်လှစွာသော သန်လျက်ဓါးနဲ့ ခုတ်ဖြတ်ထားအပ်ပါပြီး။ အကျွန်ုပ်ကား သူ့ရဲ့အလိုဆန္ဒကို မတွန်းလှန်နိုင်တော့တာမို့ စိတ်နောက်ကိုယ်ပါ မိုက်မိတာပါ။ အကျွန်ုပ်ဟာ သမုဒ္ဒရာအလယ်မှာ ရေနစ် သေရမှာထက် မဟာတိတ္ထမှာ နေတဲ့ ချစ်သူနဲ့ ခွဲရမှာကို ပိုပြီး ကြောက်လှပါတယ်။ ဒါကြောင့် သေလိုကသေ စေ၊ ရှင်လိုက ရှင်စေဆိုပြီး ရူးရူးမိုက်မိုက်နဲ့ အခုလို သမုဒ္ဒရာကို လက်ပစ် ကူးနေရခြင်းဖြစ်ပါတယ်။ အရှင်နဂါးမင်း´လို့ ပြန်လည်ပြောကြား ပါတယ်။

အဲဒီအခါ နဂါးမင်းက `အို…..ချစ်လှစွာသော နမငယ်၊ သင်သည်မပြုအပ်၊ မပြုထိုက်သော အမှုကို ပြုဝံ့လေစွ၊ ချစ်ခြင်းရာဂတရားဟာ သင့်ကိုအနိုင်အထက် နှိပ်စက်လေ ခြင်းကား အံ့သြဖွယ်ရှိပါပေစွ။ ချစ်နမ၊ သင်တို့ သီဟိုဠ်ကျွန်းသူတို့



http://mmteashop.com July 11, 2011

မည်သည်မှာ များသောအားဖြင့် ဘုရား၊ တရားကို သိတတ်ကြကုန်၏။ သင်နမကား ဘုရား၊ တရား မသိလေယောင်တကား ´လို့ ပြောဆိုရာ `အရှင်နဂါးမင်း၊ အကျွန်ုပ်ကား တစ်နေ့လျှင် နှစ်ကြိမ် ဘုရားရှိခိုးပြီး ဓမ္မစကြာတရားတော်ကို အဋ္ဌကထာနှင့်တကွ ရွတ်ဖတ်ကာ ဘုရားရှင်အား နေ့စဉ်ပူဇော်ပါတယ် ´လို့ ပေမာက ပြန်လည်ပြောပြတဲ့အခါ သမုဒ္ဒရာစောင့်နဂါးမင်းဟာ ဓမ္မစကြာတရားတော်ကို နာယူလိုတာမို့ သမုဒ္ဒရာအလယ်မှာပဲ သူ့ရဲ့ တန်ခိုးနဲ့ ရတနာမဏ္ဍပ်ကို ဖန်ဆင်းလိုက်ပါတယ်။

ပြီးတဲ့အခါ ပေမာကို သမုဒ္ဒရာရေပြင်က ထုတ်ဆယ်ပြီး လက်အုပ်ချီမိုးကာ "ချစ်နမ.. ငါ့အား မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဓမ္မစကြာ တရားတော်ကို ဟောတော်မူပါ" လို့ တောင်းပန်ပါတယ်။ ပေမာ လည်း ရတနာမဏ္ဍပ်အတွင်း ခင်းထားတဲ့နေ ရာမှာထိုင်ပြီး "ဒွေမေ ဘိက္ခဝေ အန္တာ၊ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" အစရှိတဲ့ ဓမ္မစကြာ တရား တော်ကို နဂါးမင်းအား ဟောကြားပေးတယ်။ အဲဒီအခါ နဂါးမင်းဟာ တရားတော်ကို ကြည်ညိုစွာနာကြားခွင့်ရတာမို့ ဝမ်းမြောက် ဝမ်းသာနဲ့ ပေမာကို နဂါးပြည်ဖြစ် နတ်ဝတ်တန် ဆာတွေကို ဝတ်ဆင်ပေးပြီး ရွှေငွေကို အလိုရှိ တိုင်း ပေးတတ်တဲ့ ပတ္တမြားရတနာ တစ်ခုကိုလည်း ဆုချလိုက်ပါတယ်။

နောက်ပြီး နဂါးမင်းဟာ သူ့ရဲ့ တန်ခိုးနဲ့ပဲ ပေမာကို မဟာတိတ္ထအရပ်ရှိ သင်္ဘောသား လုလင်ရဲ့အိမ်ကို အရောက် ပို့ပေးလိုက်ပါတယ်။ အဲဒီအခါ မဟာတိတ္ထ ရွာသားတွေဟာ အင်မတန် ချောမောလှတဲ့ ပေမာရယ်၊ အင်မတန် ထူးဆန်း လှတဲ့ ပတ္တမြားရတနာရယ်ကို တွေ့မြင်ကြရပြီး "ဒီရတနာကို ဘယ်လိုရသလဲ" ဆိုတာကို မေးမြန်း စုံစမ်းကြပါတယ်။ အဖြစ် မှန်ကို ပေမာက ရှင်းပြပေမယ့် ဘယ်သူမျှ မယုံကြည်ကြပါဘူး။

ဒီလိုနဲ့ နောက်ဆုံးမှာ ရွာသားတွေ ကုန်းချော လျှောက်ထားလို့ ရှင်ဘုရင်ထံ တော်မှောက်အထိ ပေမာတို့ ရောက်ရပါတယ်။ နန်းတော်တွင်း ရောက်တဲ့အခါ ဘုရင်မင်းမြတ်က ပေမာထံက ပတ္တမြား ရတနာကို သိမ်းယူစေပါတယ်။ အဲဒီအခါ

http://mmteashop.com July 11, 2011

ပေါမာလက်ထဲက လွှတ်လိုက်တာနဲ့ ပတ္တမြားရတနာဟာ ကျောက်ခဲ အသွင်ပြောင်း သွားပါတယ်။ ဘုရင်မင်းမြတ်လည်း အင်မတန်အံ့သြပြီး သုံးကြိမ်တိတိ ပေးလိုက်ယူလိုက် စမ်းသပ်ပါတယ်။ ပေါမာ လက်ထဲက ယူတိုင်းယူတိုင်း ပတ္တမြား ရတနာဟာ ရိုးရိုးကျောက်ခဲ အဖြစ် ပြောင်းပြောင်းသွားပါတယ်။

အဲဒါနဲ့ ဘုရင်မင်းမြတ်က "ဒီပတ္တမြား ရတနာကို ဘယ်လိုအကြောင်းကြောင့် ရခဲ့သလဲ" ဆိုတာကို မေးမြန်းတဲ့အခါ ပေါမာက နဂါးမင်းနဲ့ တွေ့ကြုံဆုံရပုံတို့ကို ဟုတ်တိုင်းမှန်စွာ အကုန်သံတော်ဦးတင် လျှောက်ထားပါတယ်။ အဲဒီအခါ ဘုရင် မင်းမြတ်ကပါ နှစ်သက် သဘာကျတော်မူတာမို့ ဆုတော်ငွေတစ်ထောင်နဲ့တကွ မဟာတိတ္ထ ရွာကိုလည်း အပိုင်စားပေးပြီး ဆုတော်လာဘ်တော် ချပြန်ပါတယ်။

အဲဒီအချိန်ကစပြီး ပေါမာဟာ ဗုဒ္ဓမြတ်စွာရဲ့တရားတော် အကျိုးကို ပိုမို သိမြင်လာကာ၊ ဘုရားရှိခိုးခြင်း၊ ဓမ္မစကြာ ရွတ်ဖတ် ပူဇော်ခြင်းဝတ်တို့ကို နေ့စဉ်မပျက် ပြုပါတယ်။ ကြွယ်ဝလာတဲ့ ပစ္စည်းဥစ္စာတွေနဲ့ သာသနာတော်ကို လည်း အစွမ်း နိုင်ဆုံး ချီးမြှောက်ပူဇော်ကာ လူအဖြစ်နဲ့ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေရပြီး၊ သေလွန်တဲ့အခါ တုသိတာ နတ်ပြည်ကို လားရောက် ရပါသတဲ့။

ဒီပုံပြင်ကလေးဟာ အများအယွင်း မကင်းတတ်သေးတဲ့ လူငယ် တစ်ယောက်ရဲ့ ဘဝကောက်ကြောင်းပုံ ရိုးရိုး ကလေးကို ဖော်ပြရင်း အခက်အခဲ အကျပ်အတည်းတွေ အင်မတန် ပေါ်တဲ့ လူ့ဘဝကန္တာရ ခရီးထဲမှာ တရားဓမ္မဆိုတာ အတူတွဲလျှောက်ဖို့ အကောင်း ဆုံးအဖော်မွန် တစ်ယောက် ဖြစ်တယ်ဆိုတာကို ဖော်ပြလိုတာပါ။ တရားတော် ဆိုတာ ကောက်နေတဲ့ စေတနာတွေကို ဖြောင့်စေပြီး၊ ဖြောင့်နေတဲ့ စေတနာတွေကိုတော့ လမ်းမှန် ရောက်စေပါတယ်။ ဆိုးနေတဲ့ စေတနာတွေကို ကောင်းစေပြီး ကောင်းနေတဲ့ စေတနာတွေကို တော့ အဖိုးတန်မြင့်မြတ်စေပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ မေလ

http://mmteashop.com July 11, 2011



တိရစ္ဆာန်ဖြစ်တဲ့ ကင်းမြီးကောက်ကလေး တောင်မှ သူ့အလုပ် သူ့ သဘာဝဖြစ်တဲ့ အဆိပ်စူးနဲ့ တုပ်တာကို မစွန့်လွှတ် သေးရင်၊ ငါလို ရသေ့က ငါ့အလုပ်၊ ငါ့ သဘာဝဖြစ်တဲ့ သူတစ်ပါးရဲ့ အသက် ကယ်တင်မှုကို ဘယ်လိုလုပ် စွန့်ပစ်လို့ ဖြစ်နိုင်ပါ့မလဲ။

## ရသေ့နဲ့ ကင်းမြီးကောက်

အရှုပ်အထွေး၊ အကွေ့အကောက်၊ အနိမ့်အမြင့်၊ ခလုတ်ကန်သင်း၊ ကျင်းချိုင့်တွေ အင်မတန်ပေါတဲ့ လူ့ဘဝခရီးခဲထဲမှာ မြင့်မြတ်တဲ့ အကျင့်လမ်းတစ်ခု ဖြောင့်တန်းစေဖို့ ဆိုတာ သိပ်မလွယ်ကူလှပါဘူး။ ကိုယ်ထူကိုယ်ထ ဘဝတစ်ခုဖြစ်ထွန်း အောင်မြင်မှုရဲ့

http://mmteashop.com July 11, 2011

အမာခံအုတ်မြစ်ဟာ ကိုယ့်သန္နိဋ္ဌာန်ကို ခိုင်မြဲမှု၊ ကိုယ့်ရည်မှန်းချက်ကို မစွန့်လွှတ်မှု၊ ကိုယ့်ပန်းတိုင်ကို သစ္စာရှိစွာဆုပ်ကိုင် ထားမှုပဲ ဖြစ်ပါတယ်။

မှန်ကန်တဲ့ ကိုယ်ယုံကြည်ချက် အပေါ်မှာ စွဲမြဲခိုင်မာစွာ ရပ်တည်မှုကို အဓိဋ္ဌာန်ပါရမီလို့ ခေါ်ဆိုနိုင်ပါတယ်။ ကိုယ့်ခံယူချက်အပေါ် မြဲမြံစွာရပ်တည်နိုင်မှုဟာ ကိုယ့်ကျင့်သိက္ခာနဲ့ စိတ်ကောင်း တို့ရဲ့ကူးလူးဆက်သွယ်ရာ "ပေါင်းကူးတံတားတစ်ခု" ဖြစ်သလို ယုံကြည်ချက်နဲ့ ဉာဏ်ပညာတို့ကို ဆက်သွယ် ပေါင်းဖက်ပေးရာ "အောင်သွယ်တမန်တော်" တစ်ပါးလည်း ဖြစ်ပါတယ်။

ဘဝမှာ ဆုံးဖြတ်ချက် မခိုင်မာရင် ဘယ်လုပ်ငန်းမဆို ဆန့်ကျင်ဘက် အရာတွေနဲ့ တွေ့ကြုံတဲ့ အခါ ပျက်ရင်ပျက်၊ မပျက်ရင်လည်း ပြေးရတတ်ပါတယ်။ အဓိဋ္ဌာန်ပါရမီဆိုတာ အဖျက်အင်အား ဆန့်ကျင်ဘက် တရားဆိုးများနဲ့ အင်အားချင်းပြိုင် အနိုင်ယူရာ "အောင်မြေ" တစ်ခုသာ ဖြစ်ပါတယ်။ ဒီပါရမီဟာ မာရ်နတ်က စစ်ဆေးတဲ့ အဖျက် စာမေးပွဲတွေကို ဂုဏ်ထူးနဲ့ အောင်မြင်ကျော်လွှန် နိုင်သူမှ မုချပိုင်ပိုင် ရနိုင်တာပါ။

ပါဠိစာပေမှာ အဓိဋ္ဌာန်ပါရမီနဲ့ ခိုင်ကြည်တဲ့ သူတော်ကောင်းတွေရဲ့ လုံးသားကို "ကျောက်တောင် ကျောက်ဆောင်ကြီးတွေနဲ့တူတယ်" လို့ဥပမာပြု တင်စား ဖော်ပြ တတ်ပါတယ်။ ကျောက်တောင် ကျောက်ဆောင်ကြီးတွေဟာ အရပ်လေးမျက်နှာက တိုက်ခတ်လာတဲ့ လေပြင်း မုန်တိုင်းတွေကြောင့် တုန်လှုပ်မှု မရှိသလို အရိယာ သူတော်ကောင်း တွေဟာလည်း အရပ် လေးမျက်နှာက တိုက်ခတ်လာတဲ့ လောကဓံ လေပြင်း မုန်တိုင်းတွေကြောင့် တစ်စုံတစ်ရာ တုန်လှုပ်မှုဆိုတာ မရှိပါဘူး။

အရိယာ သူတော်ကောင်းတွေဟာ ဘဝမှာ ဘယ်လောက် ခါးသီးဆိုးဝါးတဲ့ အတွေ့အကြုံတွေနဲ့ပဲ ဆုံရဆုံရ၊ အေးမြကြည်လင်ဖြူစင် မြင့်မြတ်တဲ့ သူတော်ကောင်း အရိပ်၊ သူတော်ကောင်းဘဝ၊ သူတော်ကောင်း တန်ဖိုးကိုတော့ ဘယ်သောအခါမှ စွန့်ချပစ်ပယ်လေ့မရှိပါ။ ဒီလို သူတော်ကောင်းကြီးတွေကို အရိပ်ရ သစ်ပင်ကြီးပမာ၊ စန္ဒကူး

နံ့သာပင် အလား၊ တန်ဖိုးကြီးပတ္တမြားအသွင် နှိုင်းယှဉ်ပြီး မြတ်နိုးကော်ရော် ပူဇော်လေ့ရှိကြပါတယ်။

အရိပ်ရ သစ်ပင်ကြီးတွေဟာ အရိပ်နေနေ၊ အခက်ချိုးချိုး မသူတော်မျိုးကိုသာမက အမြစ်ကို ဖြုတ်၊ ပင်စည်ကိုပါ ခုတ်လှဲတတ်တဲ့ သူယုတ်မာတွေကိုတောင်မှ မလဲ မပြို သေးသမျှ မိမိအရိပ်နဲ့ အေးမြ ချမ်းသာ စေတတ်ပါတယ်။

စန္ဒကူး နံ့သာပင်တွေဟာလည်း မိမိကို မီးတိုက် မီးရှို့ လာသူတွေကို တောင်မှ လုံးဝဥဿုံ အကုန် မလောင်မကျွမ်း သေးသမျှ မိမိရနံ့နဲ့ မွှေးပျံ့ကြိုင်သင်း နှစ်သက်ရွှင်ပျခြင်းကို ပေးဆောင်တတ် ပါတယ်။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်တဲ့ ပတ္တမြား ကျောက်မျက်ဟာလည်း ကျောက်စက်ပေါ်မှာ တင်သွေးချင်တိုင်းသွေးတဲ့ ကျောက်သွေး ပညာရှင်ကို ကြေမွပျောက်ပျက် ပဲ့၍မထွက်သေးသမျှ မိမိရဲ့ ပြည့်ဝတဲ့ အရည်တောက်ပတဲ့ အရောင်အဆင်းနဲ့ ထွန်းလင်း တင့်တယ်စေတတ်ပါတယ်။

အဲဒီ ဥပမာတွေလိုပါပဲ၊ အရိယာ သူတော်ကောင်းကြီးတွေဟာလည်းမိမိတို့ အရိပ်ကိုခို၊ မိမိတို့ ဘဝကို တူးဖြို ဖျက်ဆီးပစ်တတ်တဲ့ မသူတော်လူရမ်းကားတွေနဲ့ တွေ့ရကြုံရ ဆုံရရင်တောင်မှ အေးမြကြည်လင် ဖြူစင်မြင့်မြတ်တဲ့ သူတော်ကောင်းအရိပ်၊ သူတော်ကောင်း သဘာဝ၊ သူတော်ကောင်းရဲ့ တန်ဖိုးကို စွန့်ပစ် ပယ်ချလေ့မရှိဘဲ ရွှင်ပြုံး ချိုသာစွာ စေတနာသဒ္ဓါမပျက် မေတ္တာ၊ ကရုဏာဖက်ပြီး အေးမြချမ်းသာအောင် ကူညီ စောင့်ရှောက် လေ့ရှိပါတယ်။

ဒီအကြောင်းနဲ့ စပ်ယှဉ်ပြီး သူတော်ကောင်းသဘာဝကို ပေါ်လွင်စေတတ်တဲ့ ဓမ္မပုံပြင် တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ တကယ်တော့ ဒီပုံပြင်ကလေးဟာ ဆရာမောင်ခေတ်ထွန်း ဘာသာပြန်ဆိုတဲ့ အိန္ဒိယပုံပြင်ကလေးတစ်ပုဒ်ပါ။

h t t p : / / m m t e a s h o p . c o m J u l y 1 1 , 2 0 1 1

## ရသေ့နဲ့ကင်းမြီးကောက်

တစ်ခါတုန်းက ဟိမဝန္တာတောထဲမှာ တရားကျင့်နေတဲ့ ရသေ့တစ်ပါးဟာ ဗာရာဏသီမြို့တော်ကို ရောက်လာသတဲ့။ မြို့တော် ရောက်ခိုက်မှာ "ဂင်္ဂါမြစ်ရေ ချိုးဦးမယ်" ဆိုတဲ့ စိတ်ကူးနဲ့ ရသေ့ဟာ ရေချိုးဆိပ်ကို မနက်စောစော ထွက်ခဲ့တာပေါ့။

နေသိပ်မမြင့်သေးတာမို့ နံနက်ခင်းနေခြည်ဟာ ဂင်္ဂါမြစ်ရေပြင်ပေါ်မှာ ဖြာကျနေတာဟာ အင်မတန် ကြည့်လို့ကောင်းသတဲ့၊ ဂင်္ဂါမြစ်ကမ်း ရေချိုးဆိပ်ဟာလည်း ရေချိုးသူတွေနဲ့ စည်ကားနေတာပါပဲ။ ရသေ့လည်း သီးခြားနေရာယူပြီး ရေဆင်းချိုးပါတယ်။

အဲဒီအချိန် ဂင်္ဂါမြစ်ထဲမှာ ကင်းမြီးကောက် တစ်ကောင်ဟာ မြစ်ကမ်းပါးဘက်ကို ယက်ကန် ယက်ကန်နဲ့ တရွေ့ရွေ့ကူးလာသတဲ့၊ ဒါပေမယ့် ကင်းမြီးကောက်ကလေးဟာ မြစ်ရေစီး အရှိန်ကြောင့် ခဏခဏ ရေနစ်နေတာပေါ့။ ရေထဲကို နစ်သွားလိုက်၊ ပြန်ပေါ်လာပြီး ကူးလိုက် နဲ့၊ ကင်းမြီးကောက်ကလေးဟာ ကမ်းစပ်ကိုရောက်ဖို့ အားကုန်ကြိုးစားနေပါတယ်။

အဲဒီလို ဖြစ်နေတုန်း ကမ်းစပ်မှာ ရေချိုးနေတဲ့ ရသေ့ဟာ အသက်လုကာ ကြိုးစားကူးခတ်နေတဲ့ ကင်းမြီးကောက်ကလေးကို မြင်တွေ့သွားပြီး၊ ကင်းမြီးကောက်ကလေးဆီကို အမြန်ချဉ်းကပ်သွားပါတယ်။ ပြီးတော့ မြစ်ရေထဲမှာ မြုပ်လုမြုပ်ခင် ဖြစ်နေတဲ့ ကင်းမြီးကောက်ကလေးကို လက်နဲ့ ရေထဲက ဆယ်ယူလိုက်တယ်။

အဲဒီအခါ ကင်းမြီးကောက်ကလေးက သူ့အသက်ကို ကယ်တင်တဲ့ ရသေ့ရဲ့ လက်ကို ချက်ချင်းပဲ အဆိပ်တွေပါတဲ့ သူ့အမြီး ချွန်ကလေးနဲ့ ထိုးတုပ်လိုက်တယ်။ ရသေ့ခမျာ အင်မတန် နာကျင်လွန်းလို့ သူ့လက်ကို ဆတ်ခနဲ ခါမိလျက်သား ဖြစ်သွားတယ်။ အဲဒီတော့ ကင်းမြီးကောက်ကလေးဟာ ရေထဲကိုပြုတ်ကျသွားပြန်တယ်။

http://mmteashop.com July 11, 2011

ရသေ့ကတော့ စိတ်ပျက် မသွားပါဘူး။ သူ့ဆုံးဖြတ်ချက်ကိုလည်း မပြင်ပါဘူး။ သူခံစားနေရတဲ့ နာကျင်မှုကိုလည်း ဂရုမစိုက်အားဘူးတဲ့။ သူ့မှာ အသက်ဘေးအန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့ ကင်းမြီးကောက်ကလေးကို မရရအောင် ကယ်တင်မယ်ဆိုတဲ့ စိတ်ဆန္ဒ တစ်ခုတည်းပဲ ရှိတာပေါ့။ အဲဒါနဲ့ ရသေ့ဟာ ရေပေါ်မှာ ယက်ကန်ယက်ကန်နဲ့ ကြိုးစား ကူးခတ်နေတဲ့ ကင်းမြီးကောက် ကလေးကို ဒုတိယမ္ပိ လက်နဲ့ ဆယ်ယူ လိုက်ပြန်ပါတယ်။

ဒီအခါမှာလည်း ကင်းမြီးကောက်ကလေးက သူ့ရဲ့အဆိပ်စူးနဲ့ ရသေ့ရဲ့လက်ကို ထိုးတုပ်ပြန်ပါတယ်။ ရသေ့ကလည်း နာကျင်လွန်း အားကြီးလို့ လက်ကို ဆတ်ခနဲ ရုပ်မိ လိုက်ပြန်ပါတယ်။ အဲဒီအခါ ကင်းမြီးကောက်ကလေးလည်း ရသေ့လက်ထဲက တစ်ဖန် ပြန်ပြီး ရေထဲကျ သွားပါလေရော။

အဲဒီအချိန် မြစ်ကမ်းစပ် ရေချိုးဆိပ်မှာ ရေချိုးနေကြတဲ့ လူတွေဟာ ကင်းမြီးကောက်ကလေးရဲ့ အသက်ကို မရမက ကယ်တင်နေတဲ့ ရသေ့ကို တအံ့တသြ ကြည့်နေကြတာပေါ့။ သူတို့ဟာ `ရသေ့က ကင်းမြီးကောက်ကို ဆယ်ယူလိုက်၊ ကင်းမြီးကောင်က ရသေ့လက်ကို တုပ်ပြီး ရေထဲပြန်ကျသွားလိုက်´ ဖြစ်နေတဲ့ မြင်ကွင်းကို ကြည့်ပြီး ရသေ့အပေါ် နားမလည်နိုင်အောင် ဖြစ်နေကြတယ်။ သူတို့မျက်စိကို သူတို့မယုံနိုင်အောင် ဖြစ်နေကြတယ်။ အခုဆိုရင် ရသေ့ဟာ ကင်း မြီးကောက်ရဲ့ အဆိပ်စူးချွန်နဲ့နှစ်ကြိမ်မြောက်အတုပ်ခံရပြီး၊ ဘယ်လောက်နာကျင်လိုက်မလဲ။

"မိုက်မဲလှတဲ့ရှင်ရသေ့ " လို့လူအုပ်ထဲက လူတစ်ယောက်က ကဲ့ရဲ့ ပြောဆိုတယ်။ မဖြစ်နိုင်တာကို လုပ်တဲ့ ပုဂ္ဂိုလ်ပဲ " လို့ နောက်တစ်ယောက်က ဆိုပြန်တယ်။

ရသေ့ဟာ လူတွေ ဘာပြောပြော သူဂရုမစိုက်အားဘူး၊ နားထောင်မနေနိုင်ဘူး၊ သူ့အနေနဲ့ဘယ်နည်းနဲ့ဖြစ်ဖြစ် ကင်းမြီးကောက် ကလေးရဲ့ အသက်ကို ကယ်တင်ဖို့သာ စိတ်စောနေတယ်။ ဒါကြောင့် သူ့လက်ကိုအဆိပ်ပြင်းတဲ့ဆူးချွန်နဲ့ ဆက်ပြီး အတုပ်ခံရမှာကို သိနေပေမယ့်၊ ရေထဲကို ကုန်းလိုက်ပြီး ကင်းမြီးကောက်ကလေးကို လက်နဲ့ ဆယ်ယူ



http://mmteashop.com July 11, 2011

လိုက်ပြန်ပါတယ်။ ဒီတစ်ကြိမ်ဟာ ရသေ့ရဲ့ ကင်းမြီးကောက်ကို (၃) ကြိမ်မြောက် အသက်ကယ်တင်မှု ဖြစ်ပါတယ်။

ဒီတစ်ကြိမ်မှာလည်း ကင်းမြီးကောက်ကလေးဟာ သူ့ကို လာထိတဲ့ ရသေ့ရဲ့ လက်ကိုသူ့အဆိပ်စူးနဲ့ ပြင်းထန်စွာ တုပ်လွှတ်လိုက်ပါတယ်။ ဒါပေမယ့် ဒီအကြိမ် မှာတော့၊ ရသေ့ဟာ သူ့လက်မှာ နာကျင်မှုကို ကြိတ်မှိတ်အောင့်ခံကာ ကင်းမြီးကောက် ကလေးကို ခါမချဘဲ မြစ်ကမ်းစပ်သို့ ကြိုးစားယူဆောင်သွားပြီး သဲပြင် ပေါ်ကို အသာအယာ ချပေးလိုက်ပါတယ်။

မိမိလက်ကို အဆိပ်ထိ အနာခံကာ ဖွဲကောင်းကောင်းနဲ့ သူ့အသက်ကို ကယ်တင် လိုက်တဲ့ ရသေ့ကြီးရဲ့ မေတ္တာ၊ စေတနာ၊ ဂရုဏာကို ကင်းမြီးကောက်ကလေးက ဘယ်မှာ သိနိုင်ပါလိမ့်မလဲ။ အဟိတ် တိရစ္ဆာန်မို့ ရသေ့ကြီးကို ကျေးဇူး တင်ရ ကောင်းမှန်း ဘယ်လို သိနိုင် ပါမလဲ။ အဲဒီတော့ ကင်းမြီးကောက်ကလေးဟာ မြစ်ကမ်းသဲပြင်ပေါ် ရောက်တာနဲ့ သူ့အမြီးလေးကို ယမ်းကာယမ်းကာ ဘေးကင်းစွာနဲ့ ထွက်ခွာသွားတော့တာပေါ့။

ရသေ့ကြီးကတော့ သူ့လက်ကို ကင်းမြီးကောက်က အဆိပ်စူးနဲ့ အကြိမ်ကြိမ် တုပ်ထိုး ခံတာမို့ နာကျင်မှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရတယ်။ အဲဒီချိန်မှာပဲ ရသေ့ကို ဝိုင်းကြည့်နေတဲ့ လူအုပ်ထဲက လူတစ်ယောက်ဟာ ရသေ့ကြီးဆီကို ရောက်လာပြီး သူ့စိတ်ကို မအောင့်အည်း နိုင်တော့ဘဲ "ရှင်ရသေ့၊ ဒီလို ကျေးဇူးတရားကို မသိတတ်ဘဲ အန္တရာယ် ပြုတတ်တဲ့ သတ္တဝါကိုဘာလို့ ကြိုးစားပြီး ကယ်တင်ရ ပါသလဲ၊ အခု နာကျင်မှု ဒုက္ခကို ရှင်ရသေ့က ခံစားရပါသလား၊ ကင်းမြီးကောက်က ခံစားရပါသလား၊" လို့ ရသေ့ကြီးကို မေးခွန်း ထုတ်ကာ ပြောဆိုလိုက်ပါတယ်။

အဲဒီလူရဲ့ အမေးစကားကို ကြားလိုက်ရတဲ့အခါ ရသေကြီးက အသာအယာ ပြုံးကာ "ဒီမှာ= ကိုယ်လူ၊ ကင်းမြီးကောက်ဆိုတာ သူ့ကိုထိရင် သူ့မှာပါတဲ့ အဆိပ်စူးနဲ့ တုပ်လွှတ်မှာပဲ၊ ဒါ=သူ့အလုပ်၊ သူ့သဘာဝပဲ။ ရသေ့ဆိုတာလည်း သူတစ်ပါးမှာ ဘေးရန်

အန္တရာယ်နဲ့ ကြုံတွေ့ရင်သူ့အသက်၊ သူ့ဒုက္ခကို ကယ်တင်ရတာဟာ ရသေ့အလုပ်၊ ရသေ့သဘာဝပဲ။ ကိုယ့်အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူ လုပ်ကြတာပဲ။

တိရစ္ဆာန်ဖြစ်တဲ့ ကင်းမြီးကောက်ကလေးတောင်မှ သူ့အလုပ် သူ့သဘာဝဖြစ်တဲ့ ဆိပ်စူးနဲ့တုပ်တာကို မစွန့်လွှတ်ရင်၊ ငါလိုရသေ့က ငါ့အလုပ်၊ ငါ့သဘာဝဖြစ်တဲ့ သူတစ်ပါးရဲ့ အသက် ကယ်တင်မှုကို ဘယ်လိုလုပ် စွန့်ပစ်လို့ ဖြစ်နိုင်ပါမလဲ။ အသေအချာ စဉ်းစားကြည့်ပါဦး ကိုယ်လူ " လို့ အေးအေးဆေးဆေးပြောပြလိုက်တာပါ့။

အဲဒီလို ရသေ့ကြီးက ပြန်ပြောလိုက်တဲ့ စကားကို ကြားရတဲ့အခါလူအုပ်ကြီးဟာ ကိုယ့်ကိုယ်ကို ပြန်ရှက်မိသွားကြပြီး ခေါင်းကလေးတွေကို ကိုယ့်စီငုံ့လိုက်ကြသတဲ့။

ဒီဓမ္မ ပုံပြင်ကလေးက ပေးလိုတဲ့အဓိကသတင်းစကားဟာ လူတိုင်းလူတိုင်း " ကိုယ်အလုပ်၊ ကိုယ့်သဘာဝကို မစွန့်ကြဖို့"ပဲ ဖြစ်ပါတယ်။ ကိုယ်အလုပ်၊ကိုယ့်သဘာဝကို မစွန့်ကြဖို့ဆိုတာ လူ့ဘဝ ဇာတ်ခုံမှာ ကံပစ်ချရာ ကိုယ့်အခန်းကဏ္ဍ၊ ကိုယ့်တာဝန်ကို ပျော်ရွှင်ကျေပွန်စွာ ကပြအသုံးတော်ခံထမ်း ဆောင်ကြဖို့ပါ။

သာသနာတော်မှာဆိုရင် ရဟန်း၊ ရှင်၊ လူ အသီးသီးတို့ဟာ ရဟန်းလည်း ရဟန်း အလုပ်၊ ရဟန်း သဘာဝ၊ ရှင်လည်း ရှင့်အလုပ်နဲ့ ရှင့်သဘာဝကို၊ လူသားတွေလည်း ဒါယကာအလုပ်၊ ဒါယကာ သဘာဝကို မစွန့်ပစ်ကြပဲ ကိုယ့်အလုပ် ကိုယ့်တာဝန် ကျေပွန်စွာ ထမ်းဆောင်ကြရင် သာသနာတော်ကြီး ဟာ `နေလို လလို ´ အမြဲထွန်းပနေမှာပါ။

လောက လူမှုရေးနယ်ပယ်မှာလည်း ဖခင်က ဖခင်အလုပ်၊ ဖခင်သဘာဝ၊ မိခင်က မိခင်အလုပ်၊ မိခင်သဘာဝ၊ သားသမီးက သားသမီးအလုပ်၊ သားသမီး သဘာဝကို မစွန့်ပစ်ကြဘဲ၊ ကိုယ့်အလုပ် ကိုယ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြမယ်ဆိုရင် မိသားစုတိုင်းဟာ "လပြည့်ညရဲ့ သန်းခေါင်ယံ ကာလလို" သာယာလှပ အေးမြချမ်းသာ ကြရမှာပါ

အဲဒီလိုပါပဲ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ နယ်ပယ်အသီးသီးမှာ လူတိုင်း လူတိုင်းဟာ ကိုယ့်ဆိုင်ရာဆိုင်ရာ လုပ်ငန်းသဘာဝတွေကို မစွန့်ပစ်ကြဘဲ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမယ်ဆိုရင် တကယ်ပဲ အေးချမ်းသာယာတဲ့ ကမ္ဘာလောကကြီး ဖြစ်ထွန်း ပေါ်ပေါက်လာမှာ ကေန်မုချဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဇွန်လ

ꩮꩶꩶꩮꩮꩶꩶꩮꩮꩶꩶꩮꩮꩶꩶꩮ

http://mmteashop.com July 11, 2011



အသိအလိမ္မာ ဆင်းရဲမွဲတေမှုက ဘေးဒုက္ခ အပေါင်းကို ဖြစ်ပေါ်စေတတ်ပြီး ဉာဏ်ပညာ ခေါင်းပါးမှုက ဒုစရိုက် မကောင်းမှုကို ဖြစ်ပေါ်စေကာ လူကို မှားယွင်း ယုတ်ညံ့မှု ဝဲဂယက် ထဲက ရုန်းမထွက်နိုင်ဘဲ ပျက်စီးစေ တတ်ပါတယ်။

## ပညာအယူမှားလို့ သူ့မယားဖြစ်ရတယ်

လူ့ဘဝ လူ့လောကထဲမှာ အထွန်းလင်း အတောက်ပဆုံး အလင်းရောင်ဟာ "ပညာ အရောင်ပါ"၊ နေရောင်၊ လရောင်၊ လျှပ်စစ် မီးရောင်တွေဟာ ကန့်သတ်ချက်တွေနဲ့ အတူ လူသားတွေရဲ့ နှလုံးသား အမှောင်ထုအတွင်းကို ဝင်ရောက် ချင်းနင်း ထွန်းလင်း နိုင်ခြင်းမရှိပါဘူး၊ နောက်ပြီး အသုံးဝင်တာချင်း အတူတူ ပညာအရောင်လို အပူငြိမ်း၊



http://mmteashop.com July 11, 2011

အကြောက်ပြေ၊ အငိုတိတ်အောင် မစွမ်းနိုင်ပါဘူး။ ဒါကြောင့် "ပညာ သမာ အာဘာနတ္ထိ-ပညာနှင့်တူသော အရောင်မရှိ"လို့ ဘုရားရှင်က မှတ်တမ်းတင်တော်မူခဲ့တာပါ။

တကယ်တော့ "ပညာ"ဆိုတာ ပါဠိစကားပါ။ ပါဠိစာပေမှာ သူ့ရဲ့ပင်ရင်းအနက်ကို (ပ-အများ အမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ကွဲကွဲပြားပြား၊ ညာ=ခွဲခြားဝေဖန် သိတတ်သောဉာဏ် ) လို့ အဓိပ္ပါယ် ဖွင့်ဆို ဖော်ပြ ထားပါတယ်။ ကျမ်းပြု အကျော်လယ်တီ ဆရာတော်ကြီးကတော့ (အသိ၊ အလိမ္မာ၊ဉာဏ် ပညာ၊ ဝိဇ္ဇ အဓမောဟ)လို့ခေါ်ဆိုသုံးနှုန်းတော်မူပါတယ်။

ဘဝမှာ အသိအလိမ္မာ ဉာဏ်ပညာရှိဖို့ဆိုတာ မရေးအကြီးဆုံးပါ။ ဉာဏ်ပညာရှိမှ ကံတရားက ပေးထားတဲ့ လူ့ဘဝလက်ဆောင်မွန်ကို အကောင်းဆုံးနဲ့ အလှပဆုံးဖြစ်အောင် ပြုပြင်စီရင်နိုင်ပါတယ်။ ဒါကြောင့် "ပညာ နာရာနံ ရတနံ အသိအလိမ္မာ ဉာဏ်ပညာဟာ လူသားတို့အတွက် အမွန်မြတ်ဆုံး အ ဖိုးတန်ရတနာ"လို့ ဗုဒ္ဓမြတ်စွာက မိန့်မှာတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဉာဏ်ပညာ အရာမှာ (၁)တစ်ဆင့်ခံသိ၊ (၂)စဉ်းစားသိ၊ (၃)ထိုးထွင်းသိလို့ အသိသုံးမျိုး ရှိပါတယ်။ ဘယ်လို အသိဉာဏ်မျိုးပဲဖြစ်ဖြစ် ဘဝမှာ လက်တွေ့ အသုံးချဖို့က ပညာရဲ့အဓိက ရည်ရွယ်ချက် ဖြစ်ပါတယ်။ "ပညာဟာ ရတနာ"လို့ တင်စား ခေါ်ဆိုထားပေမယ့် ပညာကို အဖိုးတန် လက်ဝတ်ရတနာ တစ်ခုလို လူပုံအလယ်မှာ ထုတ်ဖော်ဝါကြွား စရာမဟုတ်ပါ။ ပညာရဲ့ လိုရင်းအနှစ်သာရဟာ ကိုယ်နဲ့ပတ်ဝန်းကျင်ကို အကျိုးများ ကောင်းစားစေဖို့ပါ။

လောကီ+လောကုတ္တရာ နှစ်ဖြာသော အများအကျိုးကို သယ်ပိုး ထမ်းဆောင်တဲ့ နေရာမှာ ပညာဆိုတဲ့ "ဣစ္ဆာသယ ရွှေအိုး"လောက်အသုံးဝင် အဖိုးတန်တဲ့ အရာ မရှိပါ။ ဒါကြောင့်ပဲ "ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ=ရှင်သန်မှုတွေထဲမှာ ပညာနဲ့ရှင်သန်ရတာဟာ လောကမှာ အမြတ်ဆုံး"လို့မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါတယ်။



http://mmteashop.com July 11, 2011

လောကမှာ ငွေကြေး အမြောက်အမြားကို တကယ်လက်တွေ့ အသုံးပြုပြီး ရောင်းရေးဝယ်တာ ဆောင်ရွက်နေသူများကို "အသပြား ပိုင်ဆိုင်သူ၊ ငွေကြေး လက်ဝယ်ရှိသူ၊ ဥစ္စာရှိ"လို့ ပြောဆိုကြသလို အသိဉာဏ် ပညာကိုလည်း တကယ့် လက်တွေ့ ဘဝမှာ အသုံးပြုတတ်၊ အသုံးချနိုင်မှ"အသိဉာဏ်ကို ပိုင်ဆိုင်သူ၊ အလိမ္မာ လက်ဝယ်ရှိသူ၊ ပညာရှိ"လို့ ခေါ်ဆိုသတ်မှတ် ပညတ်နိုင်ပါတယ်။

လောက ဆင်းရဲမွဲတေမှုတွေထဲမှာ အသိအလိမ္မာ ဆင်းရဲ မွဲတေမှုဟာ အယုတ်ညံ့ဆုံး။ ငတ်မွတ် ခေါင်းပါးမှု အစုစုမှာလည်း ဉာဏ်ပညာ ခေါင်းပါးမှု အဆိုးဝါးဆုံးပဲ ဖြစ်ပါတယ်။ အသိအလိမ္မာ ဆင်းရဲမွဲတေမှုက ဘေးဒုက္ခအပေါင်းကို ဖြစ်ပေါ်စေတတ်ပြီး ဉာဏ်ပညာ ခေါင်းပါးမှုက ဒုစရိုက်မကောင်းမှုများကို ဖြစ်ပေါ်စေကာ လူကို မှားယွင်း ယုတ်ညံ့မှု ဝဲဂယက်ထဲက ရုန်းမထွက်နိုင်ဘဲ၊ ပျက်စီးစေတတ်ပါတယ်။

ဒီအကြောင်းတွေနဲ့ ဆက်စပ်ပြီး ရယ်စရာပုံပြင်တစ်ပုဒ်ကို သတိရမိပါတယ်။ ဒီပုံပြင် ကလေးကို ရတနာပုံ နေပြည်တော်ခေတ်က ဗန်းမော်ဆရာတော်ကြီးက ပြောပြခဲ့တာပါ။

## ပညာအယူမှားလို့ သူ့မယားဖြစ်ရတယ်

တစ်ခါတုန်းက မန္တလေးနေပြည်တော်ရဲ့ မြောက်ဘက် ရွာတစ်ရွာမှာ ကိုထူးနဲ့ မဦးလို့ အမည်ရတဲ့ ဇနီးမောင်နှံ နှစ်ဦးရှိခဲ့ဖူးတယ်။ သူတို့နှစ်ဦးဟာ အသက်ကြီးမှ လူကြီးမိဘတွေက ပေးစားလို့ အကြင်လင်မယား ဖြစ်ခဲ့ကြတာပါ။ မဦးက ရုပ်ရည် ချောမော လှပပေမယ့် ဉာဏ်က အင်မတန်လေးတယ်။ ကိုထူးကတော့ ရွာဦးဘုန်းတော်ကြီး



http://mmteashop.com July 11, 2011

ကျောင်းမှာ ကိုရင်ကြီးဘဝနဲ့ အတော်ကြာအောင် နေခဲ့ရတာမို့ သဒ္ဒါ- သဂြိုဟ်တွေ တတ်သလို လူကလည်းလည်လည်ပတ်ပတ်ရှိသ တဲ့။

မဦးက ဉာဏ်လေးပြီး ထုံထိုင်းတာမို့ ရွာထဲက အိမ်နီးချင်းတွေဟာ မဦးရဲ့ ရိုးအမှုကို အခွင့်ကောင်းယူပြီး အနိုင်အထက် ဆက်ဆံတတ်ကြတယ်၊ မဟုတ်တာကို အဟုတ်လုပ်၊ မတရားတာကိုလည်း တရားလုပ်ပြီးပြောတတ်ကြတယ်၊ မဦးကလည်း ဘာမျှမသိတော့ အကုန်ယုံတာပဲတဲ့။ "မရှိတာထက် မသိတာခက်" ဆိုသလိုဘဲ မဦးက အကောင်းအဆိုး၊ အကြောင်းအကျိုး မသိတတ်တော့ အိမ်မှာရှိတဲ့ ပစ္စည်းတွေကို လိမ်ညာယူတတ်ကြတယ်။

အဲဒါတွေကို လုပ်ငန်းခွင်ထဲ သွားနေရတဲ့ ကိုထူးကတော့ မသိရှာဘူးတဲ့။ ဒါပေမယ့် သူ့မိန်းမ ရိုးအတာကို သိနေတော့ တစ်ခါတလေ အလုပ် သွားရတာတောင် စိတ်မဖြောင့်ဘူး။ တစ်ခါတော့ ရွာထဲက လူလည်တစ်ယောင်ဟာ မဦးထံလာပြီး "အရေးတကြီး ငွေလိုနေလို့ပါ၊ ငွေတစ်ရာခဏချေးပါ။ နှစ်လရှိရင်ပြန်ပေးပါမယ်" ဆိုကာ ငွေချေးသတဲ့။ မဦးကလည်း "တစ်ရွာတည်းသားချင်း ကူညီဖို့ ဝန်မလေးပါဘူး၊ ဒါပေမယ့် ကိုယ့်ကတိနဲ့ကိုယ် ပြန်ဆက်ဖို့က အရေးကြီးပါတယ်"လို့ပြောပြီး ငွေတစ်ရာ ချေးပေးလိုက်ပါတယ်။

ဒါပေမယ့် (၂)လမက(၃-၄)လ ကြာတာတောင် ငွေချေးသွားသူက အကြွေး လာမဆပ်ပါဘူး။ ဒါနဲ့ မဦးက ရွာသားလူလည်အိမ်ကို လိုက်သွားပြီး အကြွေးတောင်း ပါတယ်။ အဲဒီအခါ ရွာသားလူလည်က ကောင်းကင်ကို လက်ညှိုးထိုးပြပြီး "မဦးခင်ဗျား၊ မိုးပေါ်ကိုလည်း မော့ကြည့်ပါဦး၊ နှစ်လရှိမှပေးမယ် ဆိုတာ အခုတစ်လပဲ ရှိပါသေးတယ်"လို့ ပြောလွှတ်လိုက်တာ မဦးလည်း ဘာမျှ မပြောတတ်တော့ ဒီအတိုင်းပဲ ပြန်လာခဲ့ရတယ်။

ဒါနဲ့ မဦးဟာ သူ့ယောကျ်ား ကိုထူး တောကပြန်လာတဲ့အခါ အကြောင်းစုံကို ပြောပြတယ်။ ဒီအခါ ကိုထူးက "ဒါလေးများ၊ အလွယ်ကလေးပါ မဦးရာ၊ သူက



http://mmteashop.com July 11, 2011

ညစ်ပတ်တော့ ကိုယ်ကလည်း လည်ပတ်ရမှာ ပေါ့၊ သူကဉာဏ်သုံးရင် ကိုယ်ကလည်း ဉာဏ်သုံးရမှာပေါ့၊ မပူပါနဲ့မဦး၊ နောက်တခါ အကြွေ သွားတောင်းရင် မုန့်တစ်ချပ်ကိုသာ အိတ်ထဲထည့်သွား၊ သူက ကောင်းကင်ကို လက်ညှိုးထိုးပြပြီး တစ်လပဲရှိသေးတယ်လို့ပြောရင် မဦးက အိတ်ထဲက မုန့်ကိုထုတ်ပြပြီး ဟောဒီမှာကြည့်ဦး ဒီထဲမှာလည်း တစ်လရှိသေးတယ်၊ ပေါင်း(၂)လရှိပြီ။ ကဲ.....ချေးထားတဲ့ အကြွေးငွေ တစ်ရာပေးတော့”လို့ အပိုင်ပြောပြီး တောင်းခဲ့ပါလို့ သင်ပေးလိုက်ပါတယ်။

အဲဒီအခါကျမှ ရွာသားလူလည်လည်း သူ့စကားနဲ့သူ မငြင်းနိုင်ဖြစ်ပြီး ချေးထားတဲ့ အကြွေးတစ်ရာကို မဦးထံ ပြန်ပေးလိုက်ရတာပေါ့။ အကြွေးငွေတစ်ရာ ပြန်ရလာတဲ့အခါ မဦးဟာ သူ့ယောက်ျား ကိုထူးကိုအင်မတန် တော်ပေတာပဲ ”ဆိုပြီး သဘောကျနေသတဲ့ ။

အဲဒီလိုနဲ့ တစ်နေ့ကျတော့ ကိုထူးဟာ ခရီးဝေးသွားဖို့ ကိစ္စပေါ်လာသတဲ့ ၊ ရက်ကလည်းတစ်လလောက် ကြာမှာမို့ အိမ်သူသက်ထား မဦးကိုလည်း စိတ်မချ၊ ခေါ်သွားဖို့ကလည်း မဖြစ်နိုင်တော့၊ ခရီး သွားခါနီး ကိုထူးဟာ မဦးကို မှာကြားလို့မပြီး၊ သတိပေးလို့ မကုန်နိုင်ဖြစ်နေတယ်။ “ဒီမယ်မဦးနော်၊ ကိုထူး မရှိခင် ကြပ်ကြပ်သတိထား၊ အိမ်ကို ပစ်ပြီးအဝေးကိုလည်းမသွားနဲ့၊ ဘာပဲလုပ်လုပ် ပညာနဲ့ လုပ်၊ ပညာနဲ့ သွား၊ ပညာနဲ့ စား၊ ပညာနဲ့ နေ၊ ပညာနဲ့ အိမ်၊ နောက်ဆုံး တိုတိုပြောရရင်ကွာ ပညာရှိဖို့ အရေးကြီးတယ်။ ပညာနဲ့ အတူနေသမျှ မဦး ဒုက္ခ မရောက်ဘူးမှတ်”လို့ လိုရင်းတိုရှင်းမှာကြားပြီး ကိုထူးဟာ ခရီးထွက် သွားတယ်။

ကိုထူး ခရီးထွက်သွားလို့ တစ်ပတ်လောက်ကြာတဲ့အခါ မဦးက စဉ်းစားနေသတဲ့။ “ဒီတစ်ခါ ကိုထူး ပြောတဲ့စကားကလည်း တစ်မျိုးကြီးပဲ၊ ဘယ်နှယ့် ပညာနဲ့ အတူနေရမယ်လို့ ရှက်စရာကောင်းတယ်တဲ့။ ဒီနေရာမှာ သူ့ယောက်ျား ကိုထူး ပြောခဲ့တဲ့ “ပညာ” အကြောင်း စဉ်းစားရင် မဦးရဲ့ စိတ်ထဲမှာ ရွာထဲက လူပျိုကြီး ကိုပညာဆိုသူကိုပဲ ပေါ်လာသတဲ့။ ဒါနဲ့ မဦးက “ကိုထူးပြန်လာရင် သူ့ စကားနားမထောင်ရ ကောင်းလား ဆိုပြီး

http://mmteashop.com July 11, 2011

အဆူမခံ၊ အရိုက်မခံရအောင် သူမှာခဲ့တဲ့အတိုင်း ပညာနဲ့ အတူ နေတာပဲ ကောင်းပါတယ်" လို့ ဆုံးဖြတ်ကာ ကိုပညာကို အိမ်ပေါ် ခေါ်တင်ထားပြီး အတူသွား၊ အတူလာ၊ အတူအိပ်သတဲ့။

ဒီလိုနဲ့ တစ်လပြည့်တဲ့ အခါ ကိုထူးလည်း ခရီးထွက်ရာက ပြန်လာတယ်။ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ အိမ်ပေါ်မှာ တစိမ်းယောကျာ်းကို တွေ့ရတော့ မဦးကိုခေါ်ပြီး မေးတာပေါ့။ "ဘယ်လိုဖြစ်တာလဲ"လို့ ကိုထူးက ကိုပညာကို မေးငေါ့ပြီးယင်း မေးတော့ မဦးက "ဘယ်လိုဖြစ်ရမှာလဲ၊ ကိုထူးပဲ ပညာနဲ့အတူနေဆိုလို့၊ ရွာထဲက ကိုပညာကို အိမ်ပေါ် ခေါ်ထားပြီး အတူနေရတာပေါ့"လို့ ပြန်ဖြေလိုက်တယ်ဆိုရင်ပဲ ကိုထူးဟာ နဖူးကို လက်ဝါးနဲ့ ရိုက်ထည့်ပြီး "အမလေး.....၊ အ"လိုက်၊ မိုက်လိုက်တဲ့ မဦးရယ်၊ အခုတော့ မောင်ထူးပဲ ရှုံးရတော့မယ်၊ ငါပြောတဲ့ ပညာဆိုတာ အဲဒီ မောင်အတ မဟုတ်ဘူးဟဲ့"လို့ဆိုကာ ငိုချင်းရှည်ပဲ ချရတော့သတဲ့။

ဒီပုံပြင်ကလေးဟာ ဘဝမှာ တကယ်ဖြစ်နိုင်ခြေ အလွန်နည်းပေမယ့် "ပညာတရား" အပေါ် လူတွေ နားလည်မှုလွဲ၊ သဘောပေါက်မှုနည်းတာကိုတော့ အထင်သား ပေါ်လွင်စေပါတယ်။ ပညာဆိုတာ ဘဝရဲ့ တန်ဖိုးကို မြှင့်တင်၊ ဘဝရဲ့ အလုတန်ဆာ ဆင်ပေးနိုင်တဲ့ တော်ဝင်ရတနာတစ်ပါးပါ။ ဘယ်လို အကြောင်းမျိုးကြောင့်မှ သူ့အပေါ်မှာ ထားတဲ့ တန်ဖိုးနဲ့ ယုံကြည်ချက်ကို မစွန့်ပစ်သင့်ပါဘူး။

(ဂျွန်စီ၊ လာဗာတာ) ရဲ့ စကားနဲ့ ပြောရမယ်ဆိုရင် ပညာဆိုတာ လူဆင်းရဲတွေ အတွက် ခနဥစ္စာ ဖြစ်ပြီး၊ လူချမ်းသာတွေအတွက် ကျက်သရေမင်္ဂလာဖြစ်ပါတယ်။ ဒ့ါအပြင် ငယ်ရွယ်သူတွေ အတွက် လိုအပ်ချက်ကြီး တစ်ခုဖြစ်ပြီး ကြီးရင့် အိုမင်းသူတွေ အတွက်လည်း စိတ်နှလုံးချမ်းမြေ့စရာအထောက်အပံ့ တစ်ခုဖြစ်ပါတယ်။



http://mmteashop.com July 11, 2011

တကယ်တော့ အသိအလိမ္မာဉာဏ်ပညာပေါ်မှာ အခြေခံပြီးတည်ဆောက်ထားတဲ့ လူသားတွေရဲ့ ကျက်သရေအောင်မြင်ကြွယ်ဝမှု အစုစုကသာ ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာလောကရဲ့ ကျက်သရေမင်္ဂလာ အရှိဆုံး အဆင်တန်ဆာတွေဖြစ်လာနိုင်တာပါ။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ

❖ ဒီပုံပြင်ကလေးဟာ ရတနာ (၃)ပါးရဲ့ဂုဏ်တော် ကျေးဇူးတော်ကို ဖော်ကျူးပြသတဲ့ ဓမ္မပုံပြင် တစ်ပုဒ်ပါ။
❖ လူဆိုတာ မိမိကိုယ်ကို မိမိကောင်းအောင်၊ လိမ္မာအောင်၊ပျော်ရွှင်အောင် လုပ်နိုင်တယ် ဆိုတာ ယုံကြည်လက်ခံနိုင်ပေမယ့် စစ်မှန်တဲ့ ပျော်ရွှင် ငြိမ်အေးမှု ကိုတော့ ရတနာ(၃)ပါးရဲ့ အရိပ်အောက်မှာပဲတကယ်ရနိုင်တာပါ။
❖ ဥစ္စာဓန ပြည့်စုံကြွယ်ဝမှုနဲ့ အာရုံ ခံစားမှု တို့ထက်သာလွန်တဲ့ ဘဝရဲ့ အနှစ်သာရကို ရှာဖွေ တွေ့ရှိနိုင်အောင် လမ်းညွှန် ကူညီစောင့်ရှောက် နိုင်တာဟာ ရတနာ(၃)ပါးပဲ ရှိပါတယ်။

http://mmteashop.com July 11, 2011



သူယုတ်မာတို့ ဓမ္မတာ၊ မေတ္တာ ကင်းကွာ၊ သူမြတ်တို့ ဓမ္မတာ၊ `မေတ္တာထက်ကြပ်ပါ" ဆိုတဲ့ ဆိုရိုး စကား အတိုင်း သူတော် ကောင်း တို့ရဲ့ နှလုံးသားနဲ့ သူယုတ်မာ တွေရဲ့ နှလုံးသားဟာ နတ်သူဓာနဲ့ မစင်ပမာ လွန်စွာ ကွာခြား လှတာကို တွေ့ရပါတယ်။

## ကုန်သည်မိုက်နဲ့ နွားလိမ္မာ

ဂရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေဟာ ဂုဏ်ရည်(၆)တန်နဲ့ ပြည့်လျှံနေရုံ သာမက အစ၊ အလယ်၊ အဆုံး ကောင်းခြင်း (၃)ပါးနဲ့လည်း ပြည့်စုံပါတယ်။ အနက်အဓိပ္ပါယ်၊ အကျိုးစီးပွားနှင့်တကွဖြစ်ပြီး



http://mmteashop.com July 11, 2011

စင်ကြယ်သန့်ရှင်း ဖြူစင်မြင့်မြတ် ခြင်းဆိုတဲ့ အဓိပ္ပါယ်လည်းရှိပါတယ်။ 'လိုနေတယ်' ဆိုပြီး ထည့်စွက်စရာ မရှိသလို 'ပိုနေတယ်' ဆိုပြီး ပယ်ဖျက်စရာလည်း မရှိပါဘူး။ ထက်ဝန်းကျင် ကုံလုံပြည့်စုံပြီးသားပါ။

"တရား=ဓမ္မ"ရဲ့ ပင်ရင်းအဓိပ္ပါယ်ကို ပါဠိစာပေမှာ "ဓရ"လို့ဖွင့်ဆို ဖော်ပြပါတယ်။ "ဓရ" ဆိုတာ မြန်မာလိုတော့ "ဆောင်"ခြင်းပါပဲ။ "ဆောင်"ဆိုရာမှာ

(၁) အောက်ကျနောက်ကျ မဖြစ်ရအောင် 'ဆွဲဆောင်ချီမ'ထားနိုင်ခြင်း၊

(၂) အလိုရှိရာ မြတ်ချမ်းသာကို ကောင်းစွာရောက်အောင် ရရှိအောင်'ပို့ဆောင်' ပေးခြင်း၊

(၃) ဆင်းရဲ မလို ချမ်းသာလိုလျှင် စိတ်အစဉ်ထဲ အမြဲမကွာ 'ဆောင်ပိုက်' ထားထိုက်ခြင်း-

ဆိုတဲ့ အနက်အဓိပ္ပါယ် (၃)မျိုး ပါဝင်ပါတယ်။ တကယ်တော့ တရားဓမ္မဆိုတာ လူ့ဘဝရဲ့ 'ဂုဏ်သိက္ခာ၊ လူ့ဘဝရဲ့ အရှိန်အဝါ၊ လူ့ဘဝရဲ့ စွမ်းအင်၊ လူ့ဘဝရဲ့ အတောင်အလက်' ပဲ ဖြစ်ပါတယ်။

'အတောင်ပံပါရင် မင်းဆီကို' ဆိုတဲ့ သီချင်းစာသား ကလေးလို တရားဓမ္မတည်း ဟူသော အတောင်ပံ တစ်စုံသာပါရှိခဲ့ရင် လူသားတွေဟာ (၃၁)ဘုံ ဘဝသံသရာမှာပဲဖြစ်စေ၊ ဘဝသံသရာ အလွန်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာဆီကိုပဲဖြစ်စေ လွယ်ကူချမ်းမြေ့စွာ ပျံသန်း သွားလာနိုင်ကြမှာပါ။ ဒါကြောင့် လူကြီးသူမတွေဟာ တရားမဲ့လို့ ဆင်းရဲဒုက္ခရောက် ရသူတွေကို 'တရားလက်လွတ်၊ ငှက်တောင်ကျွတ်'လို့ ဥပမာခိုင်းနှိုင်းပြီး ဆုံးမတတ်ပါတယ်။

ငှက်တစ်ကောင်ဟာ အတောင်ပံကျွတ်နေ ကျိုးနေပြီ ဆိုရင် သူ့ရဲ့ စွမ်းရည် သတ္တိတွေ ဆုံးရှုံးပြီး လုံးလုံးကြီး ဒုက္ခ ရောက်ရ တော့တာပါပဲ။ လူတစ်ယောက်ဟာလည်း

http://mmteashop.com July 11, 2011

တရားလက်လွတ်၊ တရားမဲ့သွားပြီးဆိုရင် လူ့စွမ်းရည်၊ လူ့အညွန့် တုံးပြီးတော့ လုံးလုံးကြီး ဒုက္ခရောက်ဖို့ပဲ ရှိပါတော့တယ်။ တရားဓမ္မဆိုတာ လူ့ဘဝရဲ့ အညွန့်၊ အတက်၊ အခက်တွေပါ၊ အပူအလွန်ပေါလှတဲ့ လူ့လောကကြီးမှာ လူ့ဘဝ၊ လူ့ခန္ဓာဆိုတဲ့ ပင်စည်ကြီး ပူပြင်းခြောက်သွေ့ ကျက်သရေမဲ့ဖြစ်မနေစေရဘဲ အခက်အလက်၊ အရွက်၊ အပွင့်၊ အသီးတွေနဲ့ သာယာလှပ စိုပြည် အေးမြ အရိပ်ရအောင် စွမ်းဆောင်ပေး နိုင်တာဟာ တရားဓမ္မ တစ်ခုတည်းပဲ ရှိပါတယ်။

တကယ်တော့ တရားဓမ္မဆိုတာ အလွန် တန်းခိုးကြီး ပါတယ်။ သူနဲ့ တစ်ကြိမ် တစ်ခါလောက် တွေ့ကြုံ ဆုံဆည်းဖူးပြီး သူတော်ကောင်း တရားကိုနှလုံးသားနဲ့ ငုံမိပြီ ဆိုတာနဲ့ အမှောင်ထဲအတွင်းက ဘဝတွေကို အလင်းရောင် ရစေပြီးတော့ အလင်းထဲက ဘဝတွေကိုလည်း (မျက်စိလည် လမ်းမမှားရအောင်) လမ်းမှန်ကို ညွှန်ပြပေးပါတယ်။ မျက်နှာငယ် အရှိန်အဝါ မဲ့နေသူတွေကိုလည်း မျက်နှာကြီး အရှိန်အဝါကြွယ် အင်မတန် ခံ့ထည် စေပါတယ်။ ယုတ်ညံ့နိမ့်ကျနေတဲ့ ဘဝတွေကို အထက်တန်းကျ မြင့်မြတ် လာစေပြီးတော့ အထက်တန်းကျ မြင့်မြတ်ပြီးသား ဘဝတွေကိုလည်း အရည်အသွေး ပိုမို တောက်ပြောင် လာစေပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်တဲ့ ဓမ္မပုံပြင်တစ်ပုဒ်ကို အခုပြောပြချင်ပါတယ်။

http://mmteashop.com July 11, 2011

## ကုန်သည်မိုက်နဲ့ နွားလိမ္မာ

ဟိုး....... ရှေးရှေးတုန်းက မဟာဂါမလို့ခေါ်တဲ့ ရွာကြီးတစ်ရွာမှာ ကုန်သည် ပုဏ္ဏားကြီး တစ်ဦးရှိခဲ့ ဖူးတယ်၊ လောဘအလွန်ကြီးတဲ့ အဲဒီကုန်သည်ကြီးထံမှာ မဟာဒတ္တလို့အမည်ရတဲ့ နွားလိမ္မာကြီးတစ်ကောင်လည်းရှိသတဲ့။ အဲဒီကုန်သည်ကြီးဟာ မဟာဒတ္တ နွားလားကြီးကို လှည်းမှာ တပ်ဆွဲစေပြီးတော့ အမြို့မြို့ အရွာရွာကို ကုန်ရောင်းကုန်ဝယ် ထွက်လေ့ရှိတယ်။ အဲဒီအခါမျိုးမှာ လောဘကြီးတဲ့ ပုဏ္ဏားကြီးဟာ လှည်းပေါ်မှာ ဝန်နဲ့အားမမျှအောင် ကုန်တွေ တင်ဆောင်တတ်တာမို့ မဟာဒတ္တနွားကြီးဟာ အင်မတန် ပင်ပန်းဆင်းရဲတယ်။

ဒီလိုနဲ့ တစ်နေ့တော့ ရွာတစ်ရွာကို ကုန်ရောင်းသွားရာမှာ မိုးတွင်းကာလဖြစ်တာမို့ လမ်းတွေကလည်းဆိုး၊ ရွှံ့ဗွက်တွေကလည်း ပေါတော့ ကုန်သည်ကြီးရဲ့ နွားလှည်း ကြီးဟာ ချိုင့်ကြီးတစ်ခု အတွင်းမှာ နွံနစ်ပါရောတဲ့။ မဟာဒတ္တနွားလားကြီးဟာ အားအင်ထုတ်ပြီး ရုန်းကန်ပေမယ့် လှည်းကြီးဟာ ရွှံ့ညွန်အတွင်း ရုန်းမထွက်နိုင်ဘဲ ဖြစ်နေသတဲ့။ အဲဒီအခါ ကုန်သည် ပုဏ္ဏားကြီးက "ချစ်သား၊နွားလိမ္မာကြီး အင်အား အကုန်ထုတ်ပြီး ရုန်းထွက်လိုက်စမ်းပါ၊ နွံ့ဗွက် အတွင်းက လွတ်လို့ ဒီတစ်ခေါက် ကုန်ရောင်းပြန်ပြီးရင် သင်ချစ်သားကြီးကို လှည်းမဆွဲခိုင်းတော့ဘဲ တစ်သက်လုံး ဘေးမဲ့ ပေးကာ

ချမ်းချမ်းသာသာ ထားပါ့မယ်" လို့ မဟာဒတ္တ နွားလားကြီး ရုန်းအားရှိအောင် ဘေးက နေပြီး အားပေး စကားပြောကြားပါတယ်။

ဒီအခါ မဟာဒတ္တနွားလားကြီးကလည်း တအားတက်လာပြီး အင်အားကုန် ရုန်းထွက် လိုက်တဲ့ အခါ ရွှံ့ညွန်အိုင်အတွင်းက လှည်းကြီးနှင့် တကွ ရုန်းထွက်နိုင်သတဲ့။ ဒါပေမယ့် ကတိသစ္စာ မတည်ကြည်တဲ့ ပုဏ္ဏားကြီးဟာ မဟာဒတ္တ နွားလားကြီးကို ဘေးမဲ့ မပေးဘဲ ရှေးယခင်လိုပဲ ပင်ပင်ပန်းပန်း လှည်းဆွဲ ခိုင်းမြဲခိုင်းတာပါပဲ။ ဒီလို ရွှံ့ဗွက် နစ်တိုင်း လိမ်ညာပြောပြီး ရုန်းကန် ခိုင်းတာဟာ (၇)ကြိမ် တောင်ရှိပြီတဲ့။



http://mmteashop.com　　July 11, 2011

တစ်နေ့တော့ ပုဏ္ဏားကြီးရဲ့ ကုန်အပြည့်တင်ထားတဲ့ လှည်းကြီးဟာ ရွှံ့အိုင်ကြီး တစ်ခုရဲ့အလယ်မှာ ညွှန်နစ်နေတာ ဘယ်လိုမှ ရုန်းထွက်လို့ မရဘူးတဲ့။ မနက်ခင်း ကတည်းက ရုန်းကန်နေလိုက်တာ နေ့လယ် (၂)နာရီ လောက်လည်း ရောက်ရော မဟာဒတ္တနွားလိမ္မာကြီးဟာ ရုန်းရ၊ ကန်ရ မောလွန်းတာကြောင့် အင်အားကုန်ခန်းပြီး ရွှံ့ညွှန်ထဲမှာပဲ လဲကျသွားသတဲ့။ အဲဒီအခါမှာ အသနားအညာတာ ကင်းမဲ့တဲ့ ပုဏ္ဏားကြီးဟာ မဟာဒတ္တ နွားလိမ္မာကြီးကို တပ်ဆွဲပြီး သွားပါလေရောတဲ့။

မဟာဒတ္တနွားလိမ္မာကြီးကတော့ ရွှံ့ညွှန်ထဲမှာ အင်အားကုန်ခန်းမောပန်းပြီး လဲကျကျန်ရစ်ခဲ့တာပေါ့။ ရွှံ့ညွှန်ထဲက သူ့ကိုယ်တိုင်လည်း မထနိုင်တော့ဘူးတဲ့။ ဒီလိုနဲ့ ညနေစောင်းတဲ့ အခါမှာ အနီး အနားရွာထဲက ပုဏ္ဏားမ တွေဟာ အိုးဖုတ်ရန်အတွက် ရွှံ့လာတူးကြတယ်။ အဲဒီအခါ ရွှံ့ဗွက်ထဲမှာ လဲကျနေတဲ့ နွားကြီးကို တွေ့ကြတယ်။ အရှင်သခင်က စွန့်ပစ်ထားခဲ့တဲ့ နွားကြီးမှန်းသိတဲ့အခါ (သနားကရုဏာနဲ့ ရေကလေး တစ်ပေါက်မျှ မတိုက်ကျွေးကြတဲ့ အပြင်) ရွှံ့နယ်ဖို့ရန်ဆိုပြီး မဟာဒတ္တနွားကြီးရဲ့ အရေခွံတွေကို အရှင်လတ်လတ် ရက်ရက်စက်စက် ခွာယူသွားကြတယ်။

ပုဏ္ဏားမတို့ ပြန်သွားတဲ့အခါ ရွာထဲက စောင်းသမား တစ်ယောက်ကလည်း စောင်းကြိုး ပြုလုပ်ရန်အတွက်ဆိုပြီး အရေခွံခွာယူခံထားရတဲ့ မဟာဒတ္တနွားလားကြီးရဲ့ အကြောမျှင်၊ အကြောသေးလေး တွေကို ခြစ်ထုတ် ဖြတ်ယူသွားပြန်တယ်။ ဒီလိုနဲ့ ညပိုင်း ရောက်တဲ့အခါ သွေးညှီနံ့ရတဲ့ ပုရွက်ဆိတ်တွေဟာ မဟာဒတ္တနွားလားကြီးရဲ့ နီရဲနေတဲ့ အသားတွေကို ဝိုင်းအုံ ကိုက်ခဲ စားသောက် ကြပြန်တယ်။ မသေမရှင် ဖြစ်နေတဲ့ မဟာဒတ္တ နွားလားကြီးဟာ ဒီဒုက္ခဆင်းရဲတွေကို တစ်ညလုံး အကြီးအကျယ်ခံစား ရရှာတယ်။

ဒီလိုနဲ့ နံနက်မိုးသောက်လို့ အလင်းရောက်တဲ့အခါ ဆွမ်းခံကြွလာတော်မူတဲ့ အရှင်တိဿမထေရ်ဟာ မဟာဒတ္တနွားလားကြီးရဲ့ ဖြစ်အင်တွေကို မျက်ဝါထင်ထင် တွေ့မြင်ရတာမို့အင်မတန် ကရုဏာ သက်မိတယ်။ အရှင်တိဿမထေရ်ဟာ သပိတ်တော်နဲ့



http://mmteashop.com　July 11, 2011

ရေခပ်ယူလာပြီး မဟာဒတ္တန္တနွားလားကြီးကို ရေတိုက်တော်မူတယ်။ အမောပြေ လောက်တဲ့အခါ မဟာဒတ္တနွားကြီးအတွက် ရည်စူးပြီး သရဏဂုံ (၃)ပါးနှင့်တကွ ငါးပါးသီလ ပေးပါတယ်။ ပြီးတဲ့အခါ မိမိအမြဲတမ်း ရွတ်ဆိုပူဇော်နေကျ မဟာသတိပ ဋ္ဌာနသုတ် ပါဠိတော်ကြီးကို ရွတ်ဖတ်ပြီး မဟာဒတ္တနွားလားကြီးကို တရားနာယူစေပါတယ်။

ဒီနေရာမှာ `သူယုတ်မာတို့ ဓမ္မတာ၊ မေတ္တာကင်းကွာ၊ သူမြတ်တို့ ဓမ္မတာ၊ မေတ္တာထက်ကြပ်ပါ´ ဆိုတဲ့ ဆိုရိုးစကားအတိုင်း သူတော်ကောင်းတို့ရဲ့ နှလုံးသားနဲ့ သူယုတ်မာတွေရဲ့ နှလုံးသားဟာ နတ်သုဓာနဲ့ မစင်ပမာ လွန်စွာကွာခြားလှတာကို တွေ့ရပါတယ်။ ဒီလိုနဲ့ မဟာဒတ္တနွားလိမ္မာကြီးဟာ အနက်အဓိပ္ပါယ်ကို မသိသော်လည်း မထေရ်မြတ်ရဲ့ ကရုဏာတော်နဲ့ သာယာနာပျော်ဖွယ် တရားတော် ရွတ်ဖတ်သံကို အာရုံပြုရင်း စုတိစိတ်ကျ သေဆုံး သွားပါတယ်။

မဟာဒတ္တနွားလိမ္မာကြီးဟာ တရားတော်ကို အာရုံပြုရင်း စုတိစိတ်ကျ သွားတဲ့ အတွက် တာဝတိံသာ နတ်ပြည်မှာ မဟာဒတ္တအမည်နဲ့ပဲ နတ်သားကြီး ဖြစ်သွားပါတယ်။ သူ့ရဲ့ အခြံအရံ ပရိသတ်အပေါင်းဟာ တစ်ထောင်ရှိပြီး သူ့ရဲ့ ဘုံဗိမာန် ဟာလည်း အင်မတန်လှပသတဲ့။ မဟာဒတ္တ နတ်သားကြီးဟာ သူ့ရဲ့အတိတ် ဘဝဖြစ်အင်တွေကို ပြန်လည်ဆင်ခြင် ကြည့်တဲ့အခါ အရှင်တိဿမထေရ်မြတ်ရဲ့ ကျေးဇူးတော်နဲ့ မဟာသတိ ပဋ္ဌာန်တရားတော်ရဲ့ ကြီးကျယ်မြင့်မြတ်လှတဲ့ အကျိုးပေးတွေကို တပ်အပ်ထင်ထင် သိမြင်လိုက်ပါတယ်။

အဲဒီအခါ အရှင်တိဿ မထေရ်မြတ်ရဲ့ ခြေတော်ရင်းကို ဝပ်စင်းခိုလှုံရန် မဟာဒတ္တ နတ်သား ကြီးဟာ လူ့ဘုံကို ပြန်ဆင်းလာခဲ့ပါတယ်။ အရှင်တိဿမထေရ်မြတ်ရဲ့ ရှေ့တော်မှောက် ရောက်တဲ့အခါ မဟာဒတ္တနတ်သားကြီးက `အရှင်မြတ်ရဲ့ ကြီးမား လှစွာသော ဂုဏ်တော်၊ ကျေးဇူးတော်တွေကြောင့် တပည့်တော်ဟာ နွားဘဝမှ နတ်သား ဘဝကို ရောက်ခဲ့ရပါပြီဘုရား၊ တပည့်တော်ကို ယုတ်နိမ့်တဲ့ နွားဘဝမှာ မြင့်မြတ်တဲ့

July 11, 2011 http://mmteashop.com

နတ်သားဘဝကို မြှင့်တင်ပေးနိုင်စွမ်းရှိတဲ့ ဒီသတိပဋ္ဌာန် တရားတော်ကိုလည်း တပည့်တော် အပြည့်အဝ ပြန်လည်နာယူပူပါတယ် ဘုရား၊ တပည့်တော်ဟာ ဒီသတိပဋ္ဌာန်တရားကို နတ်သားဘဝနဲ့ တစ်ဖန်နာယူခွင့်ရမယ်ဆိုရင် ဒီထက်မြင့်တဲ့ အကျိုးတရားခံစားခွင့် ရလိမ့်မယ်လို့လည်း မုချယုံကြည်ပါတယ် အရှင်ဘုရား´ လို့ ရှိသေစွာ လျှောက်ထားကန်တော့ ပါတယ်။

ဒီအခါ အရှင်တိဿမထေရ်မြတ်လည်း မဟာသတိပဋ္ဌာန သုတ်တော်ကို အကျယ်တဝင့်ဟောကြား ပေးတော်မူပါတယ်။ တရားတော်ရဲ့ အဆုံးမှာ မဟာဒတ္တနတ်သားကြီးဟာ အခြံအရံနတ်သား (၅၀၀) နှင့်တကွ သောတပန် အဖြစ်သို့ ရောက်ရှိ သွားပါတော့တယ်။

ဒီပုံပြင်ကလေးဟာ ရတနာ (၃)ပါးရဲ့ ဂုဏ်တော် ကျေးဇူးတော်ကိုဖော်ကျူးပြသတဲ့ ဓမ္မပုံပြင် တစ်ပုဒ်ပါ။ လူဆိုတာ မိမိကိုယ်ကို မိမိကောင်းအောင်၊ လိမ္မာအောင်၊ ပျော်ရွှင်အောင် လုပ်နိုင်တယ်ဆိုတာ ယုံကြည်လက်ခံနိုင်ပေမယ့် စစ်မှန်တဲ့ ပျော်ရွှင်ငြိမ်အေး မှုကိုတော့ ရတနာ(၃)ပါးရဲ့ အရိပ်အောက် ရောက်မှပဲ တကယ်ရနိုင်တာပါ။ ဥစ္စာဓန ပြည့်စုံ ကြွယ်ဝမှုနဲ့ အာရုံ ခံစားမှုတို့ထက် သာလွန်တဲ့ ဘဝရဲ့ အနှစ်သာရကို ရှာဖွေတွေ့ရှိ နိုင်အောင်လမ်းညွှန် ကူညီ စောင့်ရှောက် နိုင်တာဟာ ရတနာ (၃)ပါးပဲ ရှိပါတယ်။

လောက လူသားတွေဟာ မြတ်စွာဘုရားရှင်ရဲ့ မဟာဂရုဏာတော်ကြောင့်သာ လူ့ဘဝတန်ဖိုးနဲ့ လူ့စွမ်းရည်ကို နားလည် သဘောပေါက်ခွင့်ရကာ ဘဝရဲ့စစ်မှန်တဲ့ ဂုဏ်သိက္ခာနဲ့ ရောင့်ရဲပျော်ရွှင်စွာ နေတတ်လာတာပါ။ တရားတော်ရဲ့ အမြိုက်အရသာကြောင့်သာ မွတ်သိပ်မှု အစုစုမှကင်းလွတ်ငြိမ်း အေးခွင့်ရကာ ဘဝရဲ့ စစ်မှန်တဲ့ ချမ်းသာသုခနဲ့ ပြည့်ဝ ပျော်ရွှင်စွာ နေတတ်လာတာပါ။ သံဃာတော် အရှင်မြတ်တွေရဲ့ မေတ္တာတော်ကြောင့်သာ ဒုစရိုက်အမှောင်ကွယ်ပျောက်ပြီး သစ္စာရောင်ခြည်လွှမ်းတဲ့ မဂ္ဂင်လမ်းမပေါ်မှာ ချမ်းမြေ့လွယ်ကူစွာ လျှောက်လှမ်းခွင့်ရကြတာပါ။


http://mmteashop.com July 11, 2011

အချုပ်ပြောရရင် လူသားတွေရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ပန်းတိုင်ဟာ ရတနာ(၃)ပါးရဲ့ အရှိန်အဝါ ကြောင့် နည်းမှန်လမ်းမှန်ဖြစ်လာရသလို လူသားတွေရဲ့ အသိဉာဏ်နဲ့ စိတ်နှလုံးဟာလည်း ရတနာ(၃) ပါးရဲ့ ကြီးမြတ်တဲ့ဂုဏ်ကြောင့် စစ်မှန်တဲ့ အနှစ်သာရနဲ့ ပြည့်စုံခွင့် ရနေကြတာပါ။ တကယ်တော့ လူ့ဘဝရဲ့ စင်ကြယ် မွန်မြတ်တဲ့ အသီးအပွင့် အားလုံးဟာ ရတနာ(၃)ပါး တည်ဟူသော ရေသောက်မြစ်ကြောင့် ဖြစ်ပေါ်ပွင့်ဖူး လာခဲ့ကြရတာပါ။ ဒါကြောင့် အထက်တန်းကျ မြင့်မြတ်လှတဲ့ ဘဝတစ်ခုကို တည် ဆောက်ဖို့ အကောင်းဆုံးနဲ့ အလှပဆုံး နည်းလမ်းဆိုတာ ဘုရား၊ တရား၊သံဃာ သုံးဖြာသော ရတနာ လယ်မြေပေါ်မှာ မိမိတို့ရဲ့ "စိတ်ကောင်း၊ စေတနာမှန်" ဆိုတဲ့ မျိုးစေ့တွေ ကြဲချ စိုက်ပျိုးမှုပဲ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ

ꧻꧻꧻꧻꧻꧻꧻꧻꧻꧻꧻꧻꧻꧻꧻꧻ

http://mmteashop.com July 11, 2011



ဟော့ ဒီနေ့ကစပြီး ပိုက်ဆံရှိ လူချမ်းသာပဲ ဖြစ်ရစေမယ်၊ ပိုက်ဆံရှိ လူဆင်းရဲ အဖြစ်မခံတော့ဘူး၊ ငွေပိုင်ရှင်ပဲဖြစ်ရမယ်၊ ငွေပိုင်ကျွန် မဖြစ်စေရဘူးကွ"လို့ ကြုံးဝါး လိုက်ပါတဲ့။

## ရောင့်ရဲရင် ပျော်ရွှင်တယ်

ဘဝမှာ ရဖို့ရန်ခဲယဉ်းပေမယ့် "လူတိုင်း လိုချင်တဲ့ အရာ(၄)မျိုး ရှိတယ်"လို့ ဗုဒ္ဓမြတ်စွာက ပတ္တကမ္မသုတ်မှာ မိန့်မှာတော်မူခဲ့ပါတယ်။ အဲဒီအရာတွေက -

http://mmteashop.com July 11, 2011

(၁)တရားသဖြင့် ချမ်းသာ ကြွယ်ဝခြင်း၊

(၂)ကျေနပ်ဖွယ် အခြေအရံ ပေါများခြင်း၊

(၃)ဘဝကူးကောင်းခြင်း (တစ်နည်း) ကွယ်လွန်ပြီးနောက် သုဂတိဘဝသို့ ရောက်ခြင်း-

တို့ပဲဖြစ်ပါတယ်။

လူ့ဘဝ၊ လူ့ခန္ဓာဆိုတာ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ သုံးသပ်နေသမျှတော့ မှန်ကန်တဲ့ အကျိုးအမြတ်ကို ရဖို့ရာ မလွယ်ပါဘူး။ သဒ္ဓါ၊ မေတ္တာ၊ ပညာစတဲ့ သူတော်ကောင်း တရားတွေနဲ့ သုံးသပ်နိုင်မှသာ စစ်မှန်တဲ့အကျိုးအမြတ်ကို တကယ်ရနိုင်မှာပါ။

"မနုဿတ္တဘာဝေ ဝါ ဒုလ္လဘော=လူ့ဘဝရခဲ့တယ်"ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာ တော်ဟာ အိပ်မက်ပမာ လူ့ချမ်းသာကို အမွန်းတင်ဟောကြားတော်မူခဲ့တာ မဟုတ်ဘဲ သူတော်ကောင်းတရား ကြိုးစားအားထုတ်နိုင်မှု အခွင့်သာခြင်းကိုသာ ရွယ်စူးပြီး ဟောကြား တော်မူခဲ့ခြင်းဖြစ်ပါတယ်။

လူ့ဘဝ၊ လူ့ချမ်းသာ ဆိုတာကလည်း ပကတိ ပင်ကိုယ် သဘောအရ တကယ်တမ်းချမ်းလို့ "လူ့ချမ်းသာ"ခေါ်တာ မဟုတ်ပါ။ အမြဲတမ်း ညှဉ်းပန်း နှိပ်စက်ခြင်း ဒဏ်ကို ခံနေရလို့ တကယ်တမ်းဆင်းရဲ နေရတဲ့ အပါယ်ဒုက္ခနဲ့စာရင် သက်သာခွင့်ရတာမို့ လူ့ဘဝ၊ လူ့ချမ်းသာလို့ ခေါ်ဆိုနေကြတာ ပါ။ အဲဒီ မဖြစ်စလောက် လူ့ချမ်းသာကိုတောင်မှ (ကျောက်တူးသမားတွေဟာမြေကြီးထဲမှာ ပင်ပင်ပန်းပန်း ခက် ခက်ခက်ခဲခဲ နက်နက်နဲနဲ တူးဖော် ရှာဖွေနိုင်မှ တန်ဖိုးကြီး ကျောက်မျက် ရတနာတစ်ပွင့်တလေကိုသာ ရနိုင်သလို) နဖူးကချွေး ခြေမ ကျအောင် ကြိုးစားအားထုတ်နိုင်ပါမှ အသင့်အတင့် ရရှိနိုင်တာပါ။

http://mmteashop.com July 11, 2011

လူ့ချမ်းသာဆိုရာမှာ "ရှိချမ်းသာ"နဲ့ "သိချမ်းသာ"ဆိုပြီး ဒီ ချမ်းသာ(၂)မျိုး ရှိပါတယ်။ ရှိချမ်းသာဆိုတာ အာရုံခံစားမှု ဝေဒယိတသုခ ဖြစ်ပြီး၊ သိချမ်းသာ ဆိုတာ ကတော့ အာရုံခံစားမှုမဖက် လွတ်မြောက် ငြိမ်းအေးမှု သက်သက် ဝိမုတ္တိသုခ၊ သန္တိသုခ ဖြစ်ပါတယ်။ လူသာမန်တွေကတော့ သိချမ်းသာထက် ရှိချမ်းသာကိုသာ မက်မော ကြတာကြောင့် လောကမှာ သိချင်တဲ့သူတွေထက် ရှိချင်တဲ့သာတွေက ပိုလို များပါတယ်။

တကယ်တော့ ရှိတိုင်းမချမ်းသာပါဘူး။ ချမ်းသာသုခဆိုတာ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ကြွယ်ဝမှု အဖြာဖြာတွေရဲ့ စစ်မှန်တဲ့ အမည်နာမ မဟုတ်ပါ။ ဒါကြောင့် ဘာတွေဘဲရှိရှိ၊ ဘယ်လောက်ရှိရှိ၊ အရှိ နောက်က အသိမလိုက်နိုင်ရင် အရှိနောက်က အပူလှိုင်း ကပ်ပါတတ်တာမို့ ရှိတဲ့အတွက်ကြောင့်ပဲ၊ ပူရ၊ ငိုရ၊ ဆင်းရဲတတ်ကြပါတယ်။

မြတ်စွာဘုရားရှင်က "သန္တုဋ္ဌိ ပရမံ ဓနံ=တင်းတိမ်ရောင့်ရဲမှုဟာ အမြင့်မြတ်ဆုံး ဓနဥစ္စာ" လို့ ဟောမိန့်တော်မူခဲ့ပါတယ်။ ဒီ ဓနဥစ္စာ တစ်ခုရှိရင်ဖြင့် လူ့ဘဝမှာ အရာရာ ပြည့်စုံကြွယ်ဝ ချမ်းသာတော့ တာပါပဲ။ ဒီဓနဥစ္စာချို့ငဲ့ခဲ့ရင်တော့လည်း တခြားဘာတွေပဲရှိရှိ၊ ဘယ်လောက်ပဲ ရှိရှိ အမြဲလိုလို ဆင်းရဲ နေရတော့တာပါပဲ။

တင်းတိမ်ရောင့်မှု သန္တုဋ္ဌိ ဆိုတာ တချို့ထင်သလို၊ လုပျင်း၊ လူပျော့တွေရဲ့ ဆင်ခြေအရာမဟုတ်ပါ။ လိုချင်တာနဲ့ လိုအပ်တာကို ခွဲခြားသိမြင်နိုင်ပြီး လိုချင်တာကို ချုပ်တည်း၊ လိုအပ်တာကိုသာ ဖြည့်ဆည်းပေးလေ့ရှိတဲ့ လူပျော်၊ လူတော်တွေရဲ့ အကျင့်စရဏတစ်ခုပါ။ နောက်ပြီးတင်းတိမ် ရောင့်ရဲရာမှာလည်း အကြောင်းအားထုတ်မှု အပေါ်မှာ မဟုတ်ဘဲ အကျိုးရလဒ်အပေါ်မှာသာ တင်းတိမ်ရောင့်ရဲမှု ပြုတတ်တာမို့ သန္တုဋ္ဌိနဲ့ ဝီရိယဟာ အမြဲတမ်း ဖြစ်ဖော် ဖြစ်ဖက်ပါ။

တကယ်တော့ လူတွေမှာ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ အလိုပြည့်မှု၊ မပြည့်မှုကြောင့်ပါ။ "အလို" ကလည်း လိုချင်တဲ့အလိုနဲ့ လိုအပ်တဲ့အလိုဆိုပြီး (၂)မျိုး ရှိပါတယ်။ လိုချင်တဲ့အလိုက စည်းမရှိ ကမ်းမရှိဘောင့်မဲ့၊ အကန့်အသတ်မဲ့ဖြစ်ပြီး သူ့မှာ



http://mmteashop.com July 11, 2011

ပြည့်ဝနိုင်ပါတယ်။ သန္တုဋ္ဌိအရ တင်းတိမ်ရောင့်ရဲခြင်းက လိုချင်တဲ့ အလိုကို ပိတ်ပင်ပြီး၊ လိုအပ်တဲ့ အလိုကိုသာ လိုအပ်ချက်အတိုင်း ပြည့်ဝအောင် ဖြည့်ဆည်းပေးတတ်တာမို့ အလိုပြည့်ဝချမ်းသာမှုကို ရစေတတ်တာပါ။

အခု ဒီအကြောင်းနဲ့ စပ်ယှဉ်ပြီး ဓမ္မပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ မူလတန်းကျောင်းတုန်း က ဆရာမကြီး ပြောပြခဲ့တာပါ။

## ရောင့်ရဲရင် ပျော်ရွှင်တယ်

ရှေးရှေးတုန်းက မြို့တစ်မြို့မှာ ရေထမ်းပြီးရောင်းတဲ့ ဆင်းရဲသား တစ်ဦး ရှိခဲ့ဖူးတယ်။ သူ့နာမည် က မောင်စန္ဒတဲ့။ အဲဒီ မောင်စန္ဒဟာ ပစ္စည်းဉစ္စာ အင်မတန်ကြွယ်ဝတဲ့ သူဌေးကြီး ဦးဘောဂရဲ့ အိမ်နံ ဘေးမှာ တဲကလေး ထိုးပြီးနေတယ်။

မနက်ခင်း အရုဏ်တက်ချိန်မှာ အိပ်ရာက ထပြီး ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေတတ် ပါတယ်။ နေရောင်ခြည် ပေါ်ထွက်လာရင် ရေတွင်းထဲက ရေတွေကို ဆွဲငင်ခပ်ယူပြီး သံပုံး(၂)လုံးကို ထမ်းပိုးမှာ ချိတ်ကာ ရေမှာထားတဲ့ အိမ်တွေဆီ အရောက် ထမ်းပို့ပေးပါတယ်။ အဲဒီလို ရေငင်ရင်း၊ ရေခပ်ရင်းက မောင်စန္ဒဟာ ပျော်ပျော်ရွှင်ရွှင် လေကလေး ချွန်ချွန်နဲ့ အမြဲလိုလို သီချင်းဆိုနေတတ်ပါတယ်။

အဲဒါကို နံဘေးတိုက်အိမ်ပေါ်က သူဌေးကြီးဦးဘောဂ ကြားတဲ့အခါ အင်မတန် နစ်သက်ပါတယ်။ သူစိတ်ထဲမှာလည်း "အင်း.. ဆင်းရဲသားတွေ ကမှ လူဖြစ်ကျိုးနပ်သေးတယ်။ အပူအပင် အကြောင့်အကြ ဘာမျှမရှိဘဲ မရှိအေးအေး၊ ရှိအေးအေး၊ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြတယ်။ ငါတို့မှာတော့ မရှိတောင့်တ၊ ရှိကြောင့်ကြပြီးတော့ မရှိတော့ စိတ်ပူ၊ ရှိတော့ စိတ်မအေးဆိုတာလို အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် နေရတယ်လို့ မရှိဘူး" လို့လည်း တွေးနေမိသတဲ့။



http://mmteashop.com July 11, 2011

ရေသည် မောင်စန္ဒဟာ နေမွန်းတည့်ချိန်မှာ အိမ်ပြန်လာပြီးမနက်စာ ထမင်းချက်စားပြီး အမော အပန်းဖြေတတ်ပါတယ်။ အဲဒီလို နားနေချိန်မှာလည်း ပျော်ပျော်ရွှင်ရွှင် သီချင်း ဟစ်ဆို တတ်ပါသေးတယ်။ အဲဒီအချိန်မှာ သူဌေးကြီး ဦးဘောဂကလည်း ပစ္စည်းဥစ္စာ ကြွယ်ဝသလောက် စိုးရိမ် ကြောင့်ကြမှုများကာ ညစဉ် အိပ်မပျော် တတ်တာမို့ နေ့လယ်မှာ အိပ်စက်အနားယူတတ်ပါတယ်။

အဲဒီလို အခါမျိုးမှာ အပူအပင်ကင်းတဲ့မောင်စန္ဒရဲ့ သီချင်းသံဟာ ညက အိပ်ရေးပျက်လာတဲ့ သူဌေးကြီး ဦးဘောဂကို ချော့သိပ်သလို ဖြစ်တာမို့ သူဌေးကြီး ဦးဘောဂဟာ မောင်စန္ဒကို အင်မတန် သဘောကျပါတယ်။ ဒီလိုနဲ့ တစ်ရက်တော့ သူဌေးကြီး ဦးဘောဂဟာ မောင်စန္ဒကို ခေါ်ပြီးတော့ "မောင်ရင်ရေ၊ မောင်ရင်ရဲ့ အပူအပင်မဲ့ သီချင်းသံတွေဟာ ညတိုင်း အိပ်ရေးပျက်လာတဲ့ ငါ့ကို နေ့လယ်နေ့ခင်း ခေတ္တခဏ အိပ်တဲ့အခါမှာ အားဆေး၊ အိပ်ဆေး လိုပါပဲကွာ။ မောင်ရင့် သီချင်းသံကို နားထောင်ရင်း အိပ်ရတာအိပ်ရေး ဝလှသကွာ၊ အဲဒါကြောင့် မောင်ရင့်ကို ဦးက ဆုချတဲ့အနေနဲ့ အသပြာ(၁၀၀)ချီးမြှင့် လိုက်မယ်၊ ကဲ.. လိုရာ သုံးရအောင် ယူသွားပေတော့"လို့ ပြောပြီး ငွေတစ်ရာ ပေးလိုက်ပါတယ်။

တစ်နေ့ ရေရောင်းခ တစ်မတ်ပဲရတဲ့ ဆင်းရဲသား မောင်စန္ဒဟာ သူဌေးကြီး ဦးဘောဂပေးလိုက်တဲ့ ငွေတစ်ရာကို ဝမ်းမြောက်ဝမ်းသာ ယူသွားပြီးတော့ အိပ်ကို ရောက်တဲ့ အခါ ရောက်ရောက်ချင်း အဲဒီငွေထုပ်ကို မြေကြီးထဲမှာ မြှုပ်ထားလိုက်ပါတယ်။ ရှေးတုန်းကတော့ အခုခေတ်လို ဘဏ်တိုက်တွေ ဆိုတာ မရှိသေးတော့ ငွေများများရှိရင် မြေကြီးထဲ မြှုပ်ကြရတာပါပဲ။

အဲဒီလို ငွေရတဲ့နေ့ကစပြီတော့ ဆင်းရဲသား မောင်စန္ဒလည်း မြေမြှုပ်ထားတဲ့ ငွေတစ်ရာထုပ်အတွက် စိုးရိမ်ကြောင့်ကြတတ်လာပြီး အရင်လို အလုပ်လုပ်တဲ့အခါ ပျော်ရွှင်မှုမရှိ၊ သီချင်းလည်းမဆို၊ ညဘက်ဆိုရင်လည်းကောင်းကောင်း အိပ်မပျော်

http://mmteashop.com July 11, 2011

ဖြစ်လာသတဲ့။ မကြာခဏ ငွေထုပ်ကို သတိရပြီးတူးဖော်ကြည့်မိနေတယ်တဲ့။ အဲဒီလို နေ့စဉ်နေ့တိုင်း ငွေတစ်ရာနဲ့ ပတ်သက်ပြီး စိတ်သောကရောက်နေတာကို မောင်စန္ဒဟာ သည်းမခံနိုင်ဖြစ်လာတယ်။ "ငွေပို မရှိလည်း ဘာမျှမဖြစ်ပါဘူး၊ ရှိပူရသေး၊ မရှိမှ နားအေးမယ်"ဆိုကာ မြေမြှုပ်ထားတဲ့ ငွေထုပ်ကို တူးဖော်ပြီး သူဌေးကြီး ဦးဘောဂထံ သွားသတဲ့။

အဲဒီအခါ သူဌေးကြီး ဦးဘောဂကလည်း မောင်စန္ဒရဲ့ သီချင်းသံကို အရင်ကလို မကြားရတော့တာမို့ "စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေတုန်း မောင်စန္ဒဝင်လာတာကို တွေ့ရတာမို့ "ဘယ်လိုလဲ မောင်ရင်၊ နေမကောင်းဘူးလား၊ အရင်ကလို ပျော်ပျော်ရွှင်ရွှင် လေချွန်သံကလေး၊ သီချင်းဆိုသံ ကလေးများတောင်မှ မကြားရတာကြာပါပြီ"လို့ ဆီးကြို ပြောဆို ပါတယ်။

အဲဒီအခါ မောင်စန္ဒက "သူဌေးမင်း၊ ကျွန်ုပ်ပျော်ရွှင်စွာ သီချင်းမဆိုနိုင်တာဟာ နေမကောင်းလို့ မဟုတ်ပါ။ သူဌေးမင်းပေးလိုက်တဲ့ ငွေထုပ်ကြောင့်ပါ။ ဒီငွေထုပ်အတွက် အချိန်ရှိသမျှ ပူပန်ကြောင့်ကြ နေရလို့ သီချင်းဆိုချင်စိတ်က် မရှိတော့ပါ။ တစ်ဝမ်းတစ်ခါး လုံလောက်တာထက် အပိုငွေကြေးကို မလိုချင်တော့ပါ။ သူဌေးမင်းပြန်ပြီး လက်ခံတော် မူပါခင်ဗျာ။ အဲဒါမှ ကျွန်ုပ်ရဲ့ သီချင်းသံကို သူဌေးမင်း ကြားရပါလိမ့်မယ်"လို့ ပြောပြောဆိုဆို ငွေထုပ်ကို သူဌေးကြီးဦးဘောဂရှေ့မှာချထားခဲ့ပြီး မောင်စန္ဒဟာ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး၊ သူဌေးကြီးရဲ့ခြံထဲက ထွက်ခွာသွားပါတော့တယ်။

အဲဒီတော့မှ သူဌေးကြီး ဦးဘောဂလည်း သူကိုယ်တိုင် စားမဝင်၊ အိပ်မပျော်ဖြစ်နေတဲ့ ဒုက္ခ တရားခံကို ရိပ်မိသိရှိသွားပြီး မောင်စန္ဒချထားခဲ့တဲ့ ငွေထုပ်ကို စေ့စေ့ကြည့်ကာ "ဟော့၊ ဒီနေ့ကစပြီး ပိုက်ဆံရှိ လူချမ်းသာပဲဖြစ်စေရမယ်၊ ပိုက်ဆံရှိ လူဆင်းရဲ အဖြစ်မခံတော့ဘူး၊ ငွေပိုင်ရှင်ပဲဖြစ်ရမယ်၊ငွေပိုင် ကျွန် မဖြစ်စေရဘူးကွာ" လို့ ကြုံးဝါး လိုက်ပါသတဲ့။

http://mmteashop.com July 11, 2011

ဒီပုံပြင်ကလေးဟာ တင်းတိမ်ရောင့်ရဲမှုရဲ့ ဂုဏ်ကျေးဇူးကို အလွန်အကြူးဖော်ပြရာ ရောက်နေပါတယ်။ ဒီပုံပြင်ထဲမှာပါတဲ့ အတွေးအခေါ်တွေဟာ ခုခေတ် ခုအခါနဲ့ မလျော်ညီနိုင်တော့ပေမယ့် "ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ဝအောင်စား၊ ပိုလျှံရင် အလှူပေးမယ်"ဆိုတဲ့ ရှေးခေတ် မြန်မာ့ စိတ်ထားကိုတော့ လွမ်းစ ဖော်ပေး ထားပါ သေးတယ်။

တကယ့်လက်တွေ့ဘဝမှာ ဆိုရင်တော့ လူနေမှု အဆင့်အတန်း နိမ့်ကျပြီး အလွန်အကျွံ ဆင်းရဲ နွမ်းပါးတာ မကောင်းသလို တရားလက်လွတ် အရမ်း ချမ်းသာ တာလည်း မကောင်းပါဘူး။ ဒီနှစ်ခုစလုံးဟာအစွန်းရောက်တာချည်းပါပဲ။ လူ့လောကမှာ လူ့အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် မပူမပင်ရဘဲ ကိုယ့်ဘဝကို ကိုယ်လိုချင်တဲ့ ပုံစံနဲ့ လွတ်လပ် အေးချမ်းပျော်ရွှင်စွာ နေနိုင်ရင် လူ့ဘဝ ဆိုတာ "ချမ်းသာတယ်"လို့ ခေါ်ဆိုနိုင်တော့တာပါပဲ။

တကယ်တော့ လူ့ဘဝ၊ လူ့ခန္ဓာဆိုတာ ဒုက္ခသစ္စာအဆောက်အအုံကြီးဖြစ်တာမို့ အဆိုးအပြစ်တွေကို အကျိုးအချစ်အနေနဲ့ အကောင်းဘက်ကို ဆွဲယူပြီး ချမ်းသာအောင် နေတတ်မှ ချမ်းသာနိုင်မှာပါ။ အကောင်းအလှတွေနဲ့ တွေ့တော့မှပဲ ချမ်းသာအောင် နေမယ်လို့ စိတ်ကူးထားရင်တော့ ခန္ဓာဒုက္ခ၊ ကံကြမ္မာ ဒုက္ခ၊ ဝန်းကျင်ဒုက္ခတွေနဲ့ အမြဲတစေ ဆက်ဆံ ကြုံတွေ့နေရတဲ့ လူ့ဘဝမှာ ချမ်းသာပျော်ရွှင်ဖို့ အခွင့်အလမ်း ဆိုတာ ရှာလို့တောင် ရမှာမဟုတ်ပါဘူး။

နောက်ပြီး ဘဝမှာ ဆင်းရဲ ချမ်းသာဆိုတာ အဘိဓမ္မာသဘောအရ ပြောရရင် ဝေဒနာစေတသိက် ကလေးကို ကြည့်ပြီး ပြောကြတာပါ။ အဲဒီ ဝေဒနာဆိုတာကလည်း ကိုယ်ချမ်းသာမှ - သုခ၊ စိတ်ချမ်းသာ - သောမနဿ၊ ကိုယ်ဆင်းရဲမှု - ဒုက္ခ၊ စိတ်ဆင်းရဲမှု - ဒေါမနဿ၊ အလယ် အလတ် - ဥပေက္ခာ ဆိုပြီး (၅)မျိုး အထိရှိပါတယ်။ ဒီဝေဒနာ


http://mmteashop.com July 11, 2011

(၅)မျိုးဟာ လူတိုင်းမှာ အညီအမျှ ဖြစ်ခွင့်ရှိပြီး ဖြစ်နေတာပါ။ ရှင်ဘုရင်ကြီးဆိုပြီး ဝေဒနာ (၆)မျိုး ဖြစ်ခွင့်မရသလို ဆင်းရဲသားဆိုပြီး ဝေဒနာ လျော့ချ ဖြတ်တောက်ထားတာ မရှိပါ။

လူတိုင်း၊ လူတိုင်း ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်နိုင်ကြပါတယ်။ တချို့ကတော့ ကိုယ်ချမ်းသာပြီး စိတ်ဆင်းရဲ၊ တချို့ကတော့ ကိုယ်ဆင်းရဲပြီး စိတ်ချမ်းသာ။ ဒီလို ဖြစ်ကြတာကတော့ ဘဝပေးအခြေအနေနဲ့ မသက်ဆိုင်ဘဲ ဘဝအပေါ်မှာထားတဲ့သဘောထားနဲ့ အဓိကသက်ဆိုင် နိုင်ပါတယ်။ တကယ်တော့ ဘဝမှာ အောင်မြင်မှု ဆိုတာ ကိုယ်ရတာကို ကျေနပ်သဘောကျတာပဲ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ

http://mmteashop.com July 11, 2011



ကမ္ဘာ့ဦးလူသားတွေဟာ ပြဟ္မစိုရ်တရား လက်ကိုင် ထားပြီးလောဘ၊ ဒေါသ၊ အင်မတန် နည်းပါးကြတာမို့၊သူတို့မှာ (၁)လိုနာ၊ (၂) အိုနာနဲ့ (၃) ဆာနာလို့ အနာ ရောဂါ သုံးမျိုးသာ ရှိကြောင်းနဲ့......

ပြောင်းဖူးခိုးတဲ့ ဖိုးသူတော်



http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

လူတစ်ဦးရဲ့ မြင့်မြတ်မှုနဲ့ တည်ငြိမ် ရင့်ကျက် အေးချမ်းမှုကို မြို့ရွာတိုက်တာ အဆောက်အအုံ တွေထက် တောတောင်သစ်ပင် သဘာဝဝန်းကျင်က ပိုမိုပြီး အထောက်အကူ ပြုပါတယ်။

ဗုဒ္ဓဝင် ဖြစ်စဉ်တွေကို လေ့လာကြည့်တဲ့အခါ သဘာဝရင်ခွင်ဟာ ဗုဒ္ဓမြတ်စွာကို လောကရဲ့ အမွန်အမြတ်အဖြစ် မြတ်နိုးခုံမင်စွာ ထွေးပွေ့တော်မူခဲ့တာကို ဖူးတွေ့ရပါတယ်။ ဗုဒ္ဓမြတ်စွာဟာ လုမ္ဗိနီ အင်ကြင်းတောမှာ ဖွားတော်မူ၊ ဥရုဝေလတောကိုထွက်၊ ဗောဓိပင်ရင်းမှာ ဘုရားအဖြစ်၊ ကုသိနာရုံအင်ကြင်းရဂုံမှာ၊ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့တာပါ။ ဘုရားအဖြစ်နဲ့ သီတင်း သုံးတော်မူခဲ့တဲ့ (၄၅)နှစ်တာ ကာလ အတွင်းမှာလည်း အခွင့်သာသလို တောတောင် အရိပ်ကို ခိုဝင်၊ သဘာဝရဲ့ရင်ခွင်မှာပဲ၊ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက် တော်မူခဲ့ပါတယ်။

တကယ်တော့ သူတော်ကောင်းတွေ သဘာဝရဲ့ရင်ခွင်ကို ခိုလှုံဝင်ရောက် ကြတာဟာ လောကီ အာရုံ ကာမဂုဏ်တွေကို ငြီးငွေ့ရုံ သက်သက်ကြောင့် မဟုတ်ပါဘူး။ လောကုတ္တရာဘဝ တည်ဆောက်ကြတဲ့အခါ တောတောင်သစ်ပင် သဘာဝဝန်းကျင်ရဲ့ အရေးပါအရာရောက်မှုကို တမင်ပြသ လိုတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ဟာ လူသားတွေအဖို့ လောကုတ္တရာဘဝအတွက်သာမက လောကီဘဝ အတွက်လည်း အင်မတန် အရေးကြီး ပါတယ်။ ရှေးတုန်းကတော့ အနုပညာရှင် တွေဟာ သဘာဝဝန်းကျင်ကို သာယာရှုမောဖွယ် အလှဗေဒအဖြစ် ရှုမြင်ကြပြီး ရတု၊ ရကန်၊ တောလား၊ ပျို့၊ ကဗျာလင်္ကာတွေ ရေးသားခဲ့ကြပါတယ်။ နောင်ပြီး ဝါဏိဇ္ဇပညာရှင်တွေက သယံဇာတ၊ ဓနဗေဒအဖြစ် သုံးသပ်ကြပြီး စီးပွားရေး အကျိုး အမြတ်တွေ ထုတ်လုပ် ကြပါတယ်။ အခုတော့ အသိပညာ၊ အတတ်ပညာ ရှင်တွေက "အတူနေ တစ်အိမ်တည်းသား" ဂေဟဗေဒအဖြစ် ရှုမြင်လာကြပြီး ပြုပြင်ထိန်းသိမ်း

စောင့်ရှောက်မှုတွေ ပြုလုပ်လာကြပါတယ်။ နောင်တချိန်းမှာ သဘာဝရဲ့ ကံကြမ္မာနဲ့ လူသားတွေရဲ့ ကံကြမ္မာဟာ ခွဲခြားလို့ မရတော့အောင် ဆက်စပ်နေမှာဖြစ်ပါတယ်။

စင်စစ်တော့ သဘာဝဝန်းကျင်ဆိုတာ လူသားတွေရဲ့အရှင်သခင် မဟုတ်သလို လူသားတွေရဲ့ ကျေးကျွန်လည်း မဟုတ်ပါဘူး။ လူသားတွေနဲ့ အတူနေဖော် နေဖက်၊ ကောင်းတူဆိုဖက်တွေပါ။ ပဋ္ဌာန်းဒေသနာတော်နည်းနဲ့ ပြောမယ်ဆိုရင် လူသားနဲ့ သဘာဝဝန်းကျင်ဆိုတာ သဟဇာတ၊ အညမည ဖြစ်သလို နိဿယ၊ ဥပနိဿယလည်း ဖြစ်ပါတယ်။ ဒီအတွက် လူသားတွေကြောင့် သဘာဝဝန်းကျင် ပျက်စီးတာမျိုး မဖြစ်သင့်သလို သဘာဝဝန်းကျင်ကြောင့် လူသားတွေ ပျက်စီးတာမျိုးလည်း မဖြစ်သင့် ပါဘူး။

ကမ္ဘာဦးကာလက ဒီကမ္ဘာမြေကြီးဟာ သူ့ဝင်ရိုးပေါ်မှာ ဖြောင့်မတ်တည့်မှန်စွာ ရပ်တည်ပြီး လည်ပတ်နေပါတယ်။ နောက်မှသာ ကမ္ဘာသူ၊ ကမ္ဘာသားတွေရဲ့ ဖောက်ပြန်လွဲမှား၊ မုသားစကား၊ လေပြင်းမုန်တိုင်းတွေကြောင့် ၂၃ ½ ဒီဂရီ တိမ်းစောင်း သွားရခြင်း ဖြစ်တယ်လို့ ကမ္ဘာဦးနီတိကျမ်းမှာ ဖတ်ရဖူးပါတယ်။ ပါဠိစာပေမှာလည်း ကမ္ဘာဦး လူသားတွေဟာ ဗြဟ္မာစိုရ်တရား လက်ကိုင်ထားပြီး လောဘ၊ ဒေါသ၊ အင်မတန် နည်းပါးကြတာမို့၊ သူတို့မှာ (၁)လိုနာ၊ (၂)အိုနာနဲ့ (၃)ဆာနာလို့ အနာရောဂါ သုံးမျိုးသာ ရှိကြောင်းနဲ့ နောင်အခါမှသာ လူသားတွေရဲ့ သူ့အသက်သတ်မှု ဒုစရိုက်ကိလေသာ ဆိုးတွေကြောင့် (၉၆)ပါးသော အနာရောဂါတွေ တိုးပွားလာကြောင်းကို ဖော်ပြထားပါတယ်။

ဒီနေစကြဝဠာရဲ့ ဖွဲ့စည်းပုံဟာ စကြာဝဠာအတွင်း တည်ရှိသမျှ သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးကို တစ်ခုတည်း၊ တစ်စပ်တည်း မိသားစုစနစ်နဲ့ ဖွဲ့စည်းထားတာမို့ စကြဝဠာအတွင်း တစ်နေရာရာမှာ တစ်ခုခုဖြစ်ပျက်ခဲ့ရင် အဲဒီဖြစ်ပျက်မှုရဲ့ အရှိန်အဟုန်ဟာ အတိုင်းအတာ တစ်ခုအထိ တခြားအရာတွေအပေါ် မှာလည်း သက်ရောက်မှု ရှိစမြဲဖြစ်ပါတယ်။ ရေကန်ထဲမှာ ရေနဲ့ကြာဟာ တစ်စပ်တည်းရှိ နေတာမို့ ရေလှုပ်ရင် ကြာလှုပ်သလို ကြာလှုပ်ရင်လည်း ရေလှုပ်တတ်တဲ့ ဥပမာသဘောမျိုးပါ။

http://mmteashop.com　July 11, 2011

ဒီလို သဘာဝဝန်းကျင်နဲ့ သက်ရှိသတ္တဝါတွေ ဆက်စပ်နေတာမို့ လူသားတွေရဲ့ ပြုမူပြောဆိုတွေးခေါ်မှုတွေဟာ သဘာဝဝန်းကျင်ရဲ့ ကောင်းကျိုးဆိုးပြစ်တွေအပေါ်မှာ အစဉ်အမြဲ အရိပ် မိုးနေပါတယ်။ သဘာဝ ဝန်းကျင်အပေါ်မှာ လူတွေရဲ့ ကာယကံ၊ ဝစီကံတွေ သာမက မနောကံတွေကပါ သက်ရောက်ထိခိုက်မှု ရှိနေတာဟာ အသစ်အဆန်း တွေ့ရှိချက် မဟုတ်ပေမယ့် အင်မတန် ဆန်းကြယ် အံ့ဩဖို့ ကောင်းပါတယ်။

အခု လူတွေရဲ့ ကိုယ်ကျင့်တရားနဲ့ သဘာဝဝန်းကျင်တို့ တစ်သွေးတည်း၊ တစ်သားတည်း ဆက် စပ်နေပုံကို ဖော်ပြတဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးကို ရတနာပုံနေပြည်တော်ခေတ်က သစ်ဆိမ့်ဆရာတော်ကြီး ပြောပြခဲ့တာပါ။

ꩩꩪꩪꩩꩩꩪꩪꩩꩩꩪꩩꩪꩪꩩꩩꩪꩪꩩ

## ပြောင်းဖူးခိုတဲ့ ဖိုးသူတော်

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးကို လုပ်ကျွေးပြုစု နေတဲ့ ဖိုးသူတော်တစ်ပါး ရှိခဲ့ဖူးပါတယ်။ ဖိုးသူတော်ဆိုတာ ရဟန်း၊ သာမဏေ ဘဝနဲ့ ရှင်ရဟန်း ကျင့်ဝတ်တွေကို မကျင့်ကြံ နိုင်တာကြောင့် (၈)ပါးသီလ စောင့်ပြီး ဝတ်ဖြူစင်ကြယ် နေတဲ့သူကို ခေါ်တာပါ။

ရှေးတုန်းကတော့ ဘုန်းကြီးကျောင်းတိုင်းမှာ ဖိုးသူတော်ဆိုတာ ရှိတတ်တယ်။ အခုအချိန်မှာတော့ ကျောင်းသား၊ ကပ္ပိယပဲ ရှိတော့တယ်။

တစ်ချိန်တော့ ဖိုးသူတော်ဟာ တောရကျောင်းသို့ အပြန်လမ်းမှာ ပြောင်းဖူးခင်း တစ်ခုကိုဝင်ကာ ပိုင်ရှင်မရှိဘူးအထင်နဲ့ ပြောင်းဖူး ခိုးပြီးချိုးယူပါတယ်။ ပြောင်းဖူးမချိုးခင် အတွင်းက အစေ့အဆန် အောင်မအောင်သိရအောင် အပေါ်ယံ အကာဖက်ရွက်ကို



http://mmteashop.com　July 11, 2011

နွာလှန်ကြည့်တဲ့အခါ အဆန်မပါ၊ အစေမအောင်တဲ့ ပြောင်းဖူးတွေကိုသာ တွေ့ရတာမို့ စိတ်ညစ်ညစ်နဲ့ ဖိုးသူတော်က "ဒီ ပြောင်းဖူးအခင်း ပိုင်ရှင်ဟာ ညံ့လှချေလား၊ အလကားလူဖျင်းပဲ၊ တောသူတောင်သားပီပီ ကိုယ့်လုပ်ငန်းခွင့်ကိုမှ မကျွမ်းကျင်၊ ပြောင်းဖူးတစ်ခင်းကိုတောင် ပီပီပြင်ပြင် မလုပ်တတ်၊ အစေ့အဆန် မအောင်တဲ့ ပြောင်းဖူးခင်းနဲ့ ဘာလုပ် စားလို့ရမှာလဲ။ သူတော်တို့ လုပ်ပြစမ်းချင်တယ်"လို့ ကဲ့ရဲ့ ပြောဆိုပါတယ်။

အဲဒါကို ပြောင်းဖူးခင်းထဲဝင်နေတဲ့ ပြောင်းဖူးခင်းပိုင်ရှင်က ကြားတော့ မခံချင်တာနဲ့ "အလို-ဦးသူတော်ရယ်၊ သူတစ်ပါးကို အရမ်း အပြစ်တင်မစောလိုက်ပါနဲ့၊ တပည့်တော် အလုပ်အကိုင်ညံ့ဖျင်းလို့ ပြောင်းဖူးမကောင်းတာ မဟုတ်ပါဘူး၊ အခင်းထဲက မြေကိုလည်း နည်းနည်းလောက် ငုံ့ကြည့်စမ်းပါဦး၊ ဒီလောက်ပပ်ကြားအက်တွေ ကွဲထနေတဲ့ မြေပေါ်မှာ ဘယ်လိုပြောင်းဖူးက ကောင်းနိုင်ပါဦးမလဲ"လို့ ပြန်လည် လျှောက်ထားပါတယ်။

အဲဒီအခါ ဖိုးသူတော်က အောက်ကို ငုံ့ကြည့်လိုက်ပြီး "ဟုတ်ပါ့ကွာ၊ ဒကာပြောမယ် ဆိုလည်း ပြောစရာပဲ၊ ပပ်ကြားတွေ အက်ကွဲနေလိုက်တာကလည်း ဧရာဝတီမြစ်ရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း လောက်ကျယ်တယ်။ မြေကလည်း ဒီလောက်ပဲ ညံ့ရသလား"လို့ မြေကြီးကို အပြစ်ဆိုတဲ့အခါ မဟာပထဝီမြေကြီးက ထပြီး အားကျမခံ "ဒီမှာ ဖိုးသူတော်၊ မတရား မပြောပါနဲ့ဗျ၊ မြေကွဲတာကိုပဲ အပြစ်တင်နေတယ်၊ မိုးမရွာတာကိုတော့ မပြောဘူး၊ ဒီနှစ်မိုးက သကြၤန်မိုးလောက်တောင်မှ ဟုတ်တိပတ်တိ ရွာတာမဟုတ်ဘူး"လို့ ပြန်ပြောပါတယ်။

အဲဒါနဲ့ ဖိုးသူတော်လည်း မိုးကိုမော့ကြည့်ကာ "အင်.....၊ မြေကြီးပြောမယ် ဆိုလည်း ပြောစရာပဲ။ မိုးကိုက ဟန်မကျ၊ အလုပ်ဖြစ်အောင် ရွာဖို့ နေနေသာသာ ကောင်းကင်မှာ မိုးတိမ်ဆိုတာတောင် တစ်တောင်တစ်ထွာလောက်မျှ မမြင်ရ၊ ဒီလောက် မိုးခေါင်နေမှတော့ မြေကြီးလည်း ပပ်ကြားကွဲမှာပဲ။ မိုးကိုက မဟုတ်တာပါ" လို့ အပြစ်



http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

တင်လိုက်တဲ့ အခါ ကိုရွှေမိုးက "အလို.. ဦးသူတော်က မိုးမရွာတာကိုသာ မြင်တယ်၊ တိုင်းပြည်ရှင် တရား မစောင့်တာကိုတော့ ဘာကြောင့် ထည့်မပြောသလဲ။ မိုးလေဝသ ဆိုတာ ပြည့်ရှင် မင်းနဲ့တကွ လူအများ တရားစောင့်မှ မှန်နိုင်တော့မပေါ့" လို့ စိတ်ဆိုး မာန်ဆိုး ပြန်ပြောသတဲ့။

ဖိုးသူတော်လည်း "အင်း၊ ဟုတ်ရှာမှာပဲ" လို့ ဆိုပြီးနန်းတော်သို့ဝင်ကာ ဘုရင်မင်းမြတ်ကို "အို.. အရှင်မင်းကြီး၊ တိုင်းပြည်ရဲ့ ဦးစီးနာယက ဘူမိပါလ၊ ရေမြေ့ရှင်ဆိုတာ လောကပါလတရား (၂)ပါး၊ သတ္တိ (၃)ပါး၊ သင်္ဂဟတရား (၄)ပါး၊ ဗလ (၅)တန်၊ နာယကဂုဏ် (၆)ခု၊ အပရိဟာနိယတရား (၇) ပါး၊ ရာဇဂုဏ် (၈)စုံ၊ နဝရတ် (၉)သွယ်၊ ရာဇဓမ္မ (၁၀)ပါးဆိုတဲ့ မင်းကျင့်တရားတွေနဲ့ ပြည့်စုံရပါတယ်။ ယခု အခါ ဒကာတော်မင်းကြီး တရားမစောင့်တာမို့ နေပြည်တော်မှာ မိုးမရွာတာ ကြာမြင့်လှပါပြီ။ ဒါကြောင့် ဒကာတော်မင်းကြီး အနေနဲ့ ဥပုသ်ဆောင်ဝင်ပြီး တရားကျင့်သုံး သင့်လှပါတယ်" လို့ သံတော်ဦးတင် လျှောက်ထားပါတယ်။

အဲဒီအခါ ဘုရင်ကြီးက "ဦးသူတော်၊ နေပြည်တော်မှာ မိုးမရွာတာကြောင့် ကျွန်ုပ်ကိုချည်းပဲ အဆိုးမပြောပါနဲ့၊ အခု ဦးသူတော်ရဲ့ ကံ=(လုပ်ရပ်)ကိုပဲ ပြန်တွေး ကြည့်စမ်း ပါဦး၊ သူတော်ဆိုတာ သူတော် အလုပ်လုပ်ရမှာပေါ့။ မိုးမရွာတာကိုပဲ အပြစ်ပြောတယ်၊ ကိုယ်မသာမာတာကိုတော့ ထည့်မပြောပါလား" လို့ ပြန်လည် လျှောက်ထားတဲ့ အခါ ဖိုးသူတော်လည်း ရှက်သွားကာ "ဩ.. ဒကာတော် ရေမြေ့ရှင် ပြောတာလည်း မှန်တာပဲ၊ ငါ့ကိုယ်က မသာမာတော့ ဘယ်မှာလာပြီး မိုးရွာတော့မလဲ။ နောက်ဆုံးတော့ ငါ့ကံ=(လုပ်ရပ်) မကောင်းလို့ ပြောင်းဖူးဆိုးနဲ့ တွေ့ရတာပဲ။ ဒီနေ့ကစပြီး သူတော်ပီပီ နေတော့မယ်၊ ဘယ်တော့မှ သူများဥစ္စာ မခိုးတော့ဘူး"လို့ပြန်ပြောပါသတဲ့။

ဒီဓမ္မပုံပြင်ကလေးဟာ ရိုးရိုးကျဉ်းကျဉ်းလေး ဖြစ်ပေမယ့် ကိုယ့်ဘာသာကိုယ် ဆန်းဆန်း ကြယ်ကြယ် အတွေးနယ်ချဲ့ နိုင်ပါတယ်။ ဒီနေရာမှာ ဒီပုံပြင်ကလေးက အဓိက ပေးလိုတဲ့ သတင်းစကားတွေ ကတော့-

(၁) သတ္တလောကနဲ့ ဩကာသ လောက (တစ်နည်း)လူနဲ့ သဘာဝဝန်းကျင်ဟာ အချင်းချင်း အညမည၊ အပြန်အလှန် မှီခိုနေကြရတယ် ဆိုတာရယ်။

(၂) မိမိ မှီခိုနေထိုင်ရာ လောကဝန်းကျင်ကြီး တစ်ခုလုံး သာယာလှပ ကောင်းမွန်ဖို့ရာ လူတိုင်းမှာ ကိုယ်စီကိုယ်ငှ တာဝန်ရှိကြတယ် ဆိုတာရယ်။

(၃)နောက်ဆုံးမှာတော့ ကိုယ့်ဘဝ၊ ကိုယ့်လောက ဆိုတာ ကိုယ့်စိတ်ထားနဲ့ ထိုက်တန် သလိုသာ ရတတ်ကြတယ် ဆိုတာတွေပါပဲ။

စာဖတ်သူတွေအားလုံး အိပ်မက်လှလှလေးတွေကို တကယ် အကောင်အထည် ဖော်နိုင်တဲ့ ဘဝ ရနိုင်ကြပါစေ။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ

http://mmteashop.com July 11, 2011

- တကယ်တော့ မေတ္တာတရားရဲ့ စွမ်းရည်ဟာ အင်မတန် ယုံကြည်အားထားထိုက်တဲ့ အရာပါ။
- မေတ္တာတရားက ဘီလူးကို လူ၊ လူကို ပြဟ္မာ ဖြစ်အောင် စွမ်းဆောင်နိုင်ပါတယ်။
- နောက်ပြီး မေတ္တာတရားဆိုတဲ့ သစ်ပင်ကြီးဟာ အလွန်အေးမြတဲ့ အရိပ် အာဝါသကို သာမက ကရုဏာဆိုတဲ့ အရင်းအမြစ်၊ မုဒိတာဆိုတဲ့အသီးအပွင့်နဲ့ ရင့်မှည့်ပြီးဖြစ်တဲ့ ဥပေက္ခာဆိုတဲ့သစ်သီးတွေကိုလည်း ပေးစွမ်းနိုင်ပါတယ်။
- မေတ္တာတရားဆိုတဲ့ ဒီအမြဲစိမ်း သစ်ပင်ကြီးတွေနဲ့လူ့နှလုံးသား မြေပြင်တိုင်း အစဉ် စိမ်းလန်း စိုပြည် နေစေလိုတာဟာ ဒီပုံပြင်ကလေးကို ပြောပြရတဲ့စာရေးသူရဲ့ အဓိက ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011



မြင့်မြတ်တဲ့ လူသားအဖြစ်နဲ့ ငြိမ်းချမ်း ရေးနဲ့ ပျော်ရွှင် ချမ်းမြေ့ရေး ပန်းတိုင်ကို ရောက်နိုင်ရေး ခရီးစဉ်မှာ မှန်မှန်ကန်ကန် လမ်းညွှန် ဦးဆောင်မှု ပေးနိုင်တဲ့ အရာ ဟာလည်း မေတ္တာတရားပဲ ရှိပါတယ်။

## မေတ္တာရှိရင် အားလုံးရှိတယ်

ကမ္ဘာပေါ်မှာ နှစ်သက်မြတ်နိုးဖွယ်ရာ အကောင်းဆုံးဟာ မေတ္တာပါပဲ။ မေတ္တာတရားဟာ ယဉ်ကျေးမှုရဲ့ အသည်းနှလုံး၊ ငြိမ်းချမ်းခြင်းရဲ့ ဇဟိုချက်မ၊ မြင့်မြတ်မှုရဲ့



http://mmteashop.com July 11, 2011

အခြေခံ အုတ်မြစ် ဖြစ်ပါတယ်။ မေတ္တာတရားမှာ ရွှင်းလန်း ချမ်းမြေ့တဲ့ မျက်နှာ၊ ချိုသာ ကြည်မြတဲ့ အသံ၊ နူးညံ့သိမ်မွေ့တဲ့ အမူအရာနဲ့ ယဉ်ကျေးပျူငှာတဲ့ နှလုံးသားရှိပါတယ်။

မေတ္တာနဲ့ အိပ်စက်ရခြင်း၊ မေတ္တာနဲ့ နိုးထရခြင်း၊ မေတ္တာနဲ့ ရှင်သန် နေထိုင် ရခြင်းတွေဟာ ဘဝရဲ့ သုခ၊ ဘဝရဲ့ မင်္ဂလာပါ။ မေတ္တာ တရားဟာ လူ့ဘဝရဲ့ အလှအပနဲ့ နှလုံးမွေ့လျော်ပျော်ဖွယ်ရာတို့ရဲ့ မြစ်ဖျားခံရာဖြစ်သလို လူ့ဘဝရဲ့ ခွန်အား၊ လူ့စိတ်ရဲ့ အလင်းရောင်၊ လူ့လောကရဲ့ မီးရှူးတန်ဆောင်လည်း ဖြစ်ပါတယ်။

လောကမှာ အလှတရားဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အရာဖြစ်ပါတယ်။ ဒါပေမယ့် မေတ္တာတရားရဲ့ အလှနဲ့ ယှဉ်လိုက်ရင် ကြွင်းကျန်သမျှဟာ "ဖွဲနဲ့ဆန်ကွဲ" ဖြစ်ကုန်ပါတယ်။ မေတ္တာပန်းတွေ ပွင့်လန်းဝေဆာနေတဲ့ နှလုံးသား ဉယျာဉ်ခြံကျယ်ကြီးတွေမှာဆိုရင် ဘဝရဲ့ ခါးသီး ခက်ထန်မှုတွေက မြေဆီ မြေသြဇာတွေ ဖြစ်သွားပြီး၊ ဘေးရန် အန္တရာယ် အသွယ်သွယ် ကတော့ သာယာငြိမ့်ညောင်းတဲ့ စမ်းချောင်း ကလေးတွေ အဖြစ် ပြောင်းသွား ပါတယ်။ အခက်အခဲ အကျပ်အတည်း ပြဿနာပေါင်းစုံက တောင်ကုန်း မို့မို့လေးတွေလို ကြည့်ရှုမဝဖြစ်နေပြီး အနှောင့်အယှက် အတားအဆီး အချုပ်အချယ် မျိုးစုံကတော့ လမ်းကွေ့ လမ်းကောက်ကလေးတွေလို သာယာလှပနေပါတယ်။ စိတ်ညစ် စိတ်ရှုပ် စရာတွေက ပျားပိတုန်း ကောင်လေးတွေ ဖြစ်သွားပြီး၊ စိတ်ပျက် အားငယ် မှုတွေကတော့ ရောင်စုံလိပ်ပြာ ငယ်တွေအဖြစ် ပြောင်းလဲကုန်ပါတယ်။

မေတ္တာတရားရဲ့ စွမ်းအားဟာ အင်မတန် အံ့သြဖို့ကောင်းပါတယ်။ ပူလောင် ညှိုးနွမ်းနေတဲ့ နှလုံးသားတွေကို အေးချမ်းလန်းဆန်းစေပြီး၊ အေးစက်မာကျောနေတဲ့ နှလုံးသားတွေကိုတော့ နူးညံ့စေပါတယ်။ အတ္တ၊ မာန၊ မစ္ဆရိယ စတာတွေကြောင့် ကျဉ်းကျပ်သေးသိမ်နေတဲ့ နှလုံးသားတွေကို ကြီးကျယ် မြင့်မြတ်လာအောင် ချဲ့ထွင် မြှင့်တင်ပေးပြီး၊ လောဘ၊ ဒေါသ၊ မောဟ စတာတွေကြောင့် အမိုက်အမှောင် ကျနေတဲ့ လကွယ်ည နှလုံးသားတွေကိုတော့ လပြည့်ဝန်းလို ထွန်းလင်းသာယာစေပါတယ်။

မေတ္တာတရားရဲ့ ကျေးဇူးကြောင့် လူသားတွေဟာ ဘဝနဲ့ လောကကို ပျော်ရွှင်ရဲဝံ့စွာ ရင်ဆိုင်နိုင်ရုံမျှမက၊ လောကကောင်းကျိုးကို သယ်ပိုးဖို့ဝန်းမလေတဲ့သူတွေ၊ လောကကို အလှပြုပြင် တန်ဆာဆင်ပေးတဲ့သူတွေ ဖြစ်လာပါတယ်။ မေတ္တာတရားဟာ လူသားတွေကို မဆင်မခြင် မိုက်လုံး ကြီးမှု၊ အောက်တန်းကျ ယုတ်ညံ့မှု၊ မယဉ်းကျေးမှု ပွက်နွံအတွင်းက ထုတ်ဆယ်ပြီး အသိအလိမ္မာနဲ့ အဆင့်အတန်းရှိ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်အဖြစ် မြှင့်တင်ပေးပါတယ်။ အေးအတူပူအမျှ သက်ရှိအချင်းချင်း ကူညီ ယိုင်းပင်းပြီး ချစ်ခင်စွာဖွဲ့စည်း နေထိုင်တတ်တဲ့ မိသားစုကမ္ဘာကို ဖန်တီးပေးပါတယ်။

ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာလောကရဲ့ ကြည်နူးဖွယ်ရာ အခြေအနေ အားလုံးအတွက် ကျေးဇူးစကားဆိုရမယ့် ဆိုသင့်တဲ့ အရာဟာ မေတ္တာတရားပါ။ အကြမ်းဖက်မှုတွေ ပပျောက်ပြီး ငြိမ်ချမ်းစွာ အတူယှဉ်တွဲ နေနိုင်ရေး ဟစ်ကြွေးလျက်ရှိတဲ့ ခေတ်သစ်ကမ္ဘာလောကအတွက် မေတ္တာတရားသည်သာ အရိုးသာဆုံး ကျင့်ဝတ်တစ်ခု ဖြစ်ပါတယ်။မြင့်မြတ်တဲ့ လူသားအဖြစ်နဲ့ ငြိမ်ချမ်းရေးနဲ့ ပျော်ရွှင် ချမ်းမြေ့ရေး ပန်းတိုင်ကို ရောက်နိုင်ရေးခရီးစဉ်မှာ မှန်မှန်ကန်ကန် လမ်းညွှန်ဦးဆောင်မှု ပေးနိုင်တဲ့ အရာဟာလည်း မေတ္တာတရားပဲ ရှိပါတယ်။

မေတ္တာတရား ဆိုတာ လူမျိုး မရွေး၊ ဘာသာ မရွေး၊ ပုဂ္ဂိုလ်မရွေး၊ ဒေသမရွေး ကျင့်သုံးထိုက်တဲ့ အဖြူထည် အရိုးခံ သဘောတရားတစ်ခု ဖြစ်တဲ့အပြင်၊ လူတစ်ဦးချင်းစီရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး စတဲ့ အရေးကိစ္စ ပေါင်းစုံတွေမှာ အမြဲ ဆက်နွယ် ပါဝင်နေတဲ့ အဆောင်သဘောတရား တစ်ခုလည်း ဖြစ်ပါတယ်။ မေတ္တာတရား ရဲ့ အရေးပါ အရာရောက်မှုနဲ့ စိမ့်ဝင်ပတ်သက်နေတဲ့ နယ်ပယ်ဧရိယာဟာ အင်မတန် ကြီးမား ကျယ်ပြန့်ပါတယ်။

လောကအရေးပဲဖြစ်ဖြစ်၊ ဓမ္မအရေးပဲဖြစ်ဖြစ် (တစ်နည်းပြောရရင်) လောကီ ဘဝမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာ ဘဝမှာပဲဖြစ်ဖြစ် မေတ္တာတရား မလိုအပ်တဲ့ နေရာ၊

http://mmteashop.com July 11, 2011

မပါဝင်သင့်တဲ့ အမှုကိစ္စဆိုတာ လုံးဝ မရှိပါဘူး။ ဒါကြောင့်မေတ္တာတရားကို ပါဠိစာပေမှာ "သဗ္ဗတ္ထက=အရာခပ်သိမ်း အမှုကိစ္စအားလုံးတို့၌ အလို ရှိအပ်သောတရား " လို့ ရေးသား ဖော်ပြ ထားပါတယ်။ နောက်ပြီးမေတ္တာဆိုတာ "စတုရာရက္ခ"လို့ ခေါ်တဲ့ ကိုယ်စောင့် တရားလေးပါးမှာ ပါဝင်သလို ပြဟ္မဝိဟာရ"လို့ခေါ်တဲ့ ပြဟ္မစိုရ် တရားလေးပါးမှာလည်း အကျုံးဝင်ပါတယ်။ ပါရမီ (၁၀)ပါးထဲမှာ ပါဝင်သလို ကမ္မဋ္ဌာန်း (၄၀)ထဲမှာလည်း ထည့်သွင်း ထားပါတယ်။

လောကုတ္တရာ ဘဝအောင်မြင်ရေးမှာ သမ္မာဒိဋ္ဌိ=(ပညာ)က အရေးကြီး ပြဋ္ဌာန်းသလို၊ လောကီ ဘဝ အောင်မြင်ရေးမှာလည်း မေတ္တာတရားက အရေးကြီးပြဋ္ဌာန်းပါတယ်။ မေတ္တာတရားဟာ လောကီဘဝအောင်မြင်မှုရဲ့ အရှက်ဦးပါ။ အရှက် မတက်ဘဲ နေ့သစ် တစ်ခုကို မရောက်နိုင်သလို၊ မေတ္တာမပါဘဲ လောကီဘဝအောင်မြင်မှုကို လုံးဝမရနိုင်ပါ။ မေတ္တာမပါဘဲ လောကီဘဝအောင်မြင်မှု ရရှိထားပါတယ်ဆိုရင် အဲဒီအောင်မြင်မှုဟာ ရွှေရည်စိမ်အောင်မြင်မှု (တစ်နည်း ပြောရရင်) သဲ ရဲတိုက်၊ ရေခဲစံအိမ်တွေပဲ ဖြစ်မှာပါ။

တကယ်တော့ မေတ္တာတရားဆိုတာ နှလုံးသားရဲ ရတနာ၊ လူ့ဘဝရဲ့ ဦးဆောက်ပန်း၊ တစ်လောကလုံးရဲ့ ဘာသာရေး ဖြစ်ပါတယ်။ စာရေးသူကတော့ မေတ္တာရှိရာမှာ အရာခပ်သိမ်း ရှိတယ်လို့ကို ပြောချင်ပါတယ်။ အရာခပ်သိမ်းဆိုရာမှာ အလိုရှိအပ်၊ နှစ်သက်အပ်၊ ကောင်းမြတ်တာတွေကိုဆိုလိုတာပါ။

ဒီအကြောင်းနဲ့ စပ်ယှဉ်ပြီး ဓမ္မပုံပြင်ကလေးတစ်ပုဒ် ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးက အလင်းတန်းဂျာနယ်ထဲမှာ ဆရာအတ္တကျော်ရေးသားခဲ့တဲ့ မောဟပြေ ပုံတိုပတ်စထဲကပါ။

http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

## မေတ္တာရှိရင် အားလုံးရှိတယ်

တစ်ခါတုန်းက အမျိုးသမီးတစ်ယောက်ဟာ အဝတ်လှန်းဖို့ အိမ်ရှေ့ကို အထွက် သူ့ခြံထဲမှာ မုတ်ဆိတ်ဖားဖားကြီးနဲ့ အဘိုးကြီး(၃)ယောက် ထိုင်နေကြတာကို တွေ့လိုက်ရသတဲ့။ အမျိုးသမီးက အဲဒီသုံးယောက်ကို ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် သက်ကြီးရွယ်အိုတွေ ဖြစ်နေတာမို့ ဂါရဝလေးနဲ့ "အဘတို့ကို ကျွန်မ မြင်တော့ မြင်ဖူးသလိုပဲ၊ အမောပြေ ဝင်နား နေကြတာ ထင်ပါရဲ့၊ အိမ်ထဲဝင်ပြီး အကြမ်းလေးသောက်၊ လက်ဖက်လေး မြှုပါဦးလား"လို့ ဖိတ်မန္တက ပြုလိုက်ပါတယ်။

အဘိုးကြီးတွေက ချက်ချင်းပဲ သူ့ကို ပြန်မေးတယ်၊ "ကလေးမရဲ့အိမ်သား မရှိဘူးလားကွယ့်"၊ "သူ အပြင် သွားနေပါတယ် ရှင့်"၊ "ဒါဆိုရင်တော့ တို့များဝင်လို့ ဘယ်တင့်တယ် ပါ့မလဲ သူငယ်မရဲ့"။ အဘိုကြီးတွေ ပြောတာကလည်း သဘာဝ ကျနေတာမို့ အမျိုးသမီးလည်း အတွန့်မတက်တော့ဘဲ သူ့အလုပ် သူလုပ်နေလိုက်ပါသတဲ့။

အဲဒီလိုနဲ့ နေလေးစောင်းလို့ သူ့ခင်ပွန်းသည် အလုပ်က ပြန်ရောက်လာတဲ့အခါ အမျိုးသမီးက ခင်ပွန်းသည်ကို အကျိုးအကြောင်း ပြောပြလိုက်ပါတယ်။ အဲဒီအခါ ခင်ပွန်းသည်က "သွားပြောချေပါကွာ၊ အဘိုးအိုကြီးတွေ သနားပါတယ်၊ အိမ်ထဲကို ခေါ်လိုက်ပါလား"လို့ပြောပါတယ်။ ဒါနဲ့ အမျိုးသမီးလည်း ခင်ပွန်းသည်ပြောတဲ့အတိုင်း အပြင်မှာ အခုထက်ထိရှိသေးတဲ့ အဘိုးကြီးတွေကို အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်တာပေါ့။

အဲဒီအခါ "တို့သုံးယောက်စလုံး ဝင်လို့တော့ မဖြစ်သေးဘူး ကလေးမရဲ့"လို့ အဘိုးကြီးတွေက ပြောပြသတဲ့။ ဘာဖြစ်လို့ပါလဲလို့ အမျိုးသမီးက အကျိုး အကြောင်း မေးတဲ့အခါ၊ အဘိုးကြီးတစ်ယောက်က သူ့အဖော် နှစ်ယောက်ကို လက်ညှိုးထိုးပြပြီး၊"သူ့နာမည်က ဘဏ္ဍာ၊ ဟိုဘက်တစ်ယောက်က ဘ အောင်လံတဲ့၊ အဘနာမည်ကတော့ ဘမေတ္တာပါတဲ့ကွယ်။ ကဲ-ကဲ...၊ ကလေးမရဲ့ အိမ်သားကို အဘတို့ရဲ့ နာမည်လေးတွေ ပြောပြပြီး၊ ဘယ်သူကို ကလေးမတို့ရဲ့ အိမ်ထဲ အဖိတ်ချင်ဆုံးလဲဆိုတာ သွားမေး

ချေပါဦးလား၊ အဘတို့ သုံးယောက်စလုံးတော့ ဝင်လို့ကိုမဖြစ်လို့ အခုလို ပြောရတာပါ”လို့ ဆိုပြန်သတဲ့။

ဒါနဲ့ အမျိုးသမီးလည်း အဘိုးကြီးပြောတဲ့အတိုင်း အိမ်ထဲကိုပြန်ဝင်ပြီး၊ သူ့ ခင်ပွန်းသည်ကို အဘိုးကြီးတွေ ပြောတဲ့အတိုင်း တစ်လုံးမကျန် အစီရင်ခံတာပေါ့၊ ဇနီးသည် ပြောတဲ့ စကားကိုလည်း ကြားလိုက်ရရော၊ခင်ပွန်းလုပ်သူ အမျိုးသားလည်း ထခုန်မိမတတ် ပျော်သွားသတဲ့။ “နိုပ်လိုက်တာ မိန်းမရာ၊ တစ်ယောက်တည်းသာ ခေါ်ကြရစတမ်း ဆို 'ဘဓန'ကိုသာ အိမ်ထဲကို ခေါ်လိုက်ပါကွာ၊ ဓနဆိုတာ ကြွယ်ဝ ချမ်းသာမှု နိမိတ်ပဲ၊ တို့အိမ်ထဲကို ဓနတွေနဲ့ ဖြည့်လိုက် ရအောင်လေ”။

လင်သားက အဲဒီလိုပြောတော့ ဇနီးလုပ်သူက သဘောမတူဘူး၊ “အကိုရယ် ကျွန်မ သဘောကဖြင့် ဘအောင်လံ”ကိုပဲ အိမ်ထဲ သွင်းချင်တယ်၊ ဒါမှ တစ်အိမ်လုံးမှာ အောင်မြင်မှုတွေရမှာပေါ့”။ အမျိုးသမီးက အဲဒီလို ပြောလိုက်တဲ့ အခါမှာတော့ အခန်းထောင့်မှာ ကုပ်ကုပ်ကလေး ထိုင်ရင်း သူတို့စကား နားစွင့်နေတဲ့ သူတို့ရဲ့ ချွေးမက” အဖေတို့ အမေတို့ကလည်း ဖိတ်ချင်းဖိတ် 'ဘမေတ္တာ'ကိုသာ ဖိတ်သင့်တယ်လို့ သမီးကတော့ ထင်ပါတယ်။ ဒါမှလည်း ဒီအိမ်တစ်အိမ်လုံး မေတ္တာတွေနဲ့ မွှမ်းထုံပြီး အေးချမ်း စိုပြည် နေတော့မှာပေါ့ အဖေတို့ရဲ့”လို့ တစ်စခန်း ထလာပြန်ပါတယ်။

ချွေးမလုပ်သူက အဲဒီလိုလည်းပြောလိုက်ရော ယောက္ခထီး ဖြစ်သူခင်ပွန်းသည်က “မိန်းမရေ၊ ငါ့သမီးပြောတာသိပ်မှန်တာပဲ၊ ဘမေတ္တာကို ဖိတ်လိုက်တာသာ အကောင်းဆုံး ဖြစ်မှာပဲ၊ လုပ်ကွာ၊ ဘမေတ္တာကိုသာသွား ဖိတ်လိုက်ချေတော့”လို့ မယားဖြစ်သူကို စေခိုင်း လိုက်ပါသတဲ့။

ဒါနဲ့ အမျိုးသမီးလည်း အိမ်အပြင်ကို တစ်ခေါက်ပြန်ထွက်ပြီးအပြင်ရောက်တာနဲ့ အဘိုးကြီးသုံးယောက်ကို “အဘိုးတို့ထဲက ဘယ်သူဟာ ဘမေတ္တာပါလဲရှင်၊ ကျွန်မတို့ မိသားစုက ဘမေတ္တာကို အိမ်ထဲဝင်ဖို့ ဖိတ်ချင်လို့ပါနော်”လို့ ပြောလိုက်တာပေါ့။

http://mmteashop.com    July 11, 2011

အဲဒီအခါ ဘမေတ္တာဆိုတဲ့ အဘိုးကြီးလည်း ထိုင်ရာကထတဲ့ပြီး အိမ်အဝင်ဆီကို သွားဖို့ ခြေလှမ်း ပြင်တယ်၊ တစ်ချိန်တည်းမှာပဲ ကျန်တဲ့ အဘိုးကြီး နှစ်ယောက်ကလည်း နေရာကထပြီး၊ ဘမေတ္တာ နောက်ကို လိုက်ဖို့ ခြေလှမ်းပြင် လိုက်ကြသတဲ့။ အမျိုးသမီးလည်း အတော်ကို အံ့အားသင့်သွားတယ်။ ဒါနဲ့ ဘဓနနဲ့ ဘအောင်လံတို့ကို ချက်ချင်း လှမ်းပြောလိုက်မိတယ်။

"ကျွန်မက ဘမေတ္တာ တစ်ဦးတည်းကိုသာ ဖိတ်လိုက်တာပါ၊ စောစောက ပြောတော့ သုံးယောက်စလုံး ဝင်လို့မဖြစ်ဘူးဆို၊ အခုတော့ အဘတို့ သုံးယောက်စလုံးဟာ ဘယ်လိုလဲ၊ ဝင်လို့ဖြစ်သွားပြီးလား"။

အဲဒီလိုလည်း မေးလိုက်ရော အဘိုးကြီးသုံးယောက်စလုံးက တစ်ပြိုင်နက်တည်း ပြန်ဖြေလိုက်ကြပါတယ်။ "အေး-ကလေးမတို့က ဘဓနကိုဖြစ်ဖြစ်၊ ဘအောင်လံကိုဖြစ်ဖြစ် ဖိတ်မယ်ဆိုရင်တော့ ကျန် တဲ့ နှစ်ယောက်က အိမ်အပြင်မှာနေခဲ့ တော့မလို့ပဲကွယ်၊ အခုတော့ သမီးတို့က ဘမေတ္တာကို ဖိတ် လိုက်ပေတာကိုး။ ကလေးမ သေချာမှတ်ထား။ ဘယ်တော့မဆို မေတ္တာသာ ရှိနေမယ်ဆိုရင် ဓနရော၊ အောင်လံပါ ရှိနေမယ်ဆိုတာ ညည်းတို့ဘဝတစ်သက်စာ မှတ်သားထားကြပေတော့ကွယ် "တဲ့။

ဒီပုံပြင်ကလေးက ဝေငှလိုက်တဲ့ ဘဝဒဿနဟာ အင်မတန် ထိမိလှပလှပါတယ်။ မေတ္တာတရားဟာ မိမိတို့ရဲ့ဘဝထဲကို ထဲထဲဝင်ဝင်ရောက်ရှိလာအောင် တလေးတစား တရိုတသေ ဖိတ်ကြားအပ်တဲ့ ဧည့်ကောင်း စောင်ကောင်း တစ်ဦးပါ။ ဒီဧည့်သည် ကောင်းကိုသာ မိမိရဲ့နှလုံးသားကို အစထားပြီး မိမိတို့ရဲ့ ရပ်ရွာ၊ မြို့ပြ၊ နိုင်ငံတော်ထဲ အထိဝင်ရောက် အခြေချနေထိုင်ခွင့် ပြုထားနိုင်ခဲ့မယ်ဆိုရင် မိမိတို့ နိုင်ငံတော်ဟာ ကမ္ဘာပေါ်မှာ အေးချမ်း သာယာပြီး အကြွယ်ဝဆုံး တိုင်းပြည်တစ်ခု ဖြစ်လာမှာကတော့ အသေအချာပါပဲ။



http://mmteashop.com July 11, 2011

ဒီပုံပြင်ကလေးကို တစ်ဆင့်ခံ ထပ်မံပြောပြဖြစ်အောင် ဖိအားပေးနှိုးဆော်နေတဲ့ အချက်အလက် တော်တော်များများ စာရေးသူရဲ့ ရင်ထဲမှာ တည်ရှိ နေပါတယ်။ မေတ္တာတရားဟာ သူတော်ကောင်း ဂုဏ်ရည်ကို တိုင်းတာသတ်မှတ် ဆုံးဖြတ်ပေးနိုင်တဲ့ စံတစ်ခု၊ ပေတံ တစ်ချောင်းပါ။ မေတ္တာတရားနဲ့ ပြည့်ဝလာတဲ့အခါ သူတော်ကောင်းအစစ် ဖြစ်လာပြီး၊ သူတော်ကောင်း အစစ် ဖြစ်လာတဲ့အခါမှာလည်း မေတ္တာတရားနဲ့ ပြည့်ဝလာတော့တာပါပဲ။

မေတ္တာတရားဆိုတဲ့ ဒီစံ၊ ဒီပေတံနဲ့ တိုင်းထွာကြည့်တဲ့အခါ ကိုယ့်ဝန်းကျင်မှာရှိတဲ့ ဘုရားဒကာ၊ ကျောင်းဒကာ အမည်ခံပြီး (ငါးပါးသီလ မလုံခြုံကြတဲ့) သူတော်ယောင်တွေ၊ ပါးစပ်ကဘုရားဘုရား၊ လက်က ကားရားကားရား လုပ်နေကြတဲ့ သူယုတ်မာတွေရဲ့ နှလုံးသားတွေဟာ အထင်းသား အရှင်သား ပေါ်လာကြ ပါတော့တယ်။ တချို့ အတုအယောင် ဖြစ်ပြီး၊ ဆူညံနေကြတဲ့ မဂ်သံ၊ ဖိုလ်သံ၊ ဝိပဿနာသံတွေ ကြားထဲမှာ တိမ်မြုပ် ပျောက်ကွယ် လုနီးပါး ဖြစ်နေတဲ့ အခြေခံလူ့နှလုံးသား ဒီမေတ္တာတရားကို သူတော်ကောင်း စိတ်ရှိသူတိုင်းက ရိုးသားနိုးကြား ကြိုးစားပြီးထုတ်ဖော်ဖြန့်ဝေကြရမှာပါ။

မေတ္တာတရားကို ကုသိုလ်ရတဲ့အလုပ်၊ ဘာသာရေးရဲ့ အဆင်တန်ဆာအဖြစ် သာမန်ကာလျှံကာ ကျင့်သုံးခြင်းဟာ အပေါ်ယံဆန်လွန်းရုံမျှမက တန်ဖိုးထားမြတ်နိုးမှု နည်းပါး လွန်းရာလည်းရောက်ပါတယ်၊ တကယ်တော့ မေတ္တာတရားက ဘီလူးကို လူ၊ လူကို ပြဟ္မာ ဖြစ်အောင် စွမ်းဆောင်နိုင်ပါတယ်။ နောက်ပြီး မေတ္တာတရားဆိုတဲ့ သစ်ပင်ကြီးဟာ အလွန်အေးမြတဲ့ အရိပ်အာဝါသကိုသာမက ကရုဏာဆိုတဲ့အရင်းအမြစ်၊ မုဒိတာဆိုတဲ့ အသီးအပွင့်နဲ့ ရင့်မှည့်ပြီးဖြစ်တဲ့ ဥပေက္ခာဆိုတဲ့ သစ်သီးတွေ ကိုလည်း ပေးစွမ်းနိုင်ပါတယ်။

မေတ္တာတရားဆိုတဲ့ ဒီအမြဲစိမ်း သစ်ပင်ကြီးတွေနဲ့ လူ့နှလုံးသားမြေပြင်တိုင်း အစဉ်စိမ်းလန်း စို ပြည်နေစေလိုတာဟာ ဒီပုံပြင်ကလေးကိုပြောပြရတဲ့ စာရေးသူရဲ့ အဓိက ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ

ꩤꩤꩤꩤꩤꩤꩤꩤꩤꩤꩤꩤꩤꩤꩤꩤ

"ဟဲ့....မထူး၊ နင်တို့ လူလား ဘီလူးတွေလား"၊"တပည့်တော်မတို့ လူတွေပါဘုရား"။

"အေးလူဆို လူလိုနေကြ၊ အခုတော့ နင်တို့ကဘီလူးတွေထက် ဆိုးနေကြတယ်။

မထူး၊ လူဆိုတာ ဆရာ၊ မိဘ ကိုယ့်ထက်ကြီးသူတွေကမေတ္တာက ရုဏာနဲ့ ပြောဆိုဆုံးမရင် နာယူတတ် ရတယ်နော်၊ အကြောင်းအကျိုး၊အကောင်းအဆိုးကိုသိနားလည် မှ လူခေါ်တာနော်၊ ပြီးတော့ ကိုယ့်ကိုယ်ကို အပု၊ အရုပ်၊ အယုတ်တွေကင်းပြီး ပျော်ရွှင်အေးချမ်း မြင့်မြတ်အောင် နေတတ်မှလူအစစ်လို့ ခေါ်နိုင်တာနော်။

ဒါပေမယ့် "အရှိ" တရားတွေ နောက်လိုက်ရင် "အသိ" တရားတွေ မပျောက်ပျက်ဖို့၊ လောက နောက်ကို လိုက်ရင်း ဓမ္မတွေ မဆုံးရှုံးဖို့ကိုတော့ သတိကြီးစွာ ထားရမှာ ဖြစ်ပါတယ်။

http://mmteashop.com　July 11, 2011



## မတူး နဲ့ မထူး

လူ့ဘဝ၊လူ့ခန္ဓာ၊ လူ့ချမ်းသာဆိုတာ အိပ်မက်ပမာ၊ တံလျှပ်တစ်ခုမျှသာ ဖြစ်ပါတယ်။ ဒီဘဝ၊ ဒီခန္ဓာကို တဏှာ-မာန-ဒိဋ္ဌိတွေနဲ့ သုံးသပ်နေသမျှတော့ စစ်မှန်တဲ့ အကျိုးအမြတ်ဆိုတာ ထွက်ပေါ်လာစရာ အကြောင်းမရှိပါဘူး။ လူ့ဘဝ၊ လူ့ခန္ဓာဟာ သဒ္ဓါ၊မေတ္တာ၊ ပညာတွေနဲ့ သုံးသပ်နိုင်မှ အကျိုးအမြတ် ဆိုတာ ရလာနိုင်တာပါ။

ဘဝမှာ "လောကလူသား " နဲ့ " ဓမ္မလူသား "ရယ်လို့ လူ့အဖြစ်ကနှစ်မျိုးရှိပါတယ်။ လောက နောက်ကို လိုက်ပြီး "အရှိ" ကို အားကိုးကြသူတွေဟာ လောကလူသားတွေပါ။



http://mmteashop.com July 11, 2011

ဓမ္မနောက်လိုက်ပြီး "အသိ" ကို အားကိုးမှ ဓမ္မလူသားလို့ ခေါ်ဆိုနိုင်တာပါ။ အသိမပါဘဲ အရိုတစ်ခုတည်းနဲ့ လူ့ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို မရနိုင်ပါဘူး။ အသိကင်းရင် ကင်းသလောက် အရိုတရားတွေဟာလူကို ခြိမ်းခြောက် အပူမီးတောက်စေ ကြပါတယ်။ တကယ်တော့ အရိုဆိုတာတွေဟာ အသိနဲ့ထိန်းညှိပေးနိုင်မှ အပူငြိမ်း၊ အကြောက်ပြေ အငိုတိတ်ကာ လိုရာကိစ္စပြီးနိုင်ကြတာပါ။

လူ့ဘဝ၊လူ့ခန္ဓာကို လောက လူသားတွေက တဏှာ-မာန-ဒိဋ္ဌိတွေနဲ့ မှားယွင်းစွာ သိမ်းပိုက်ထားတတ်ကြပြီး၊ ဓမ္မလူသားတွေကတော့ သဒ္ဓါ၊ မေတ္တာ၊ ပညာတွေနဲ့ မှန်ကန်စွာ အသုံးချတတ်ကြပါတယ်။ "မနုဿတ္တ ဒုလ္လဘ"အဖြစ် ကံတရားက ပေးအပ်ထားတဲ့ လူ့ဘဝလက်ဆောင်ကောင်းဟာ အသိအလိမ္မာ၊ ဉာဏ်ပညာနဲ့ မွမ်းမံနိုင်မှ တန်းဖိုးရှိ မြတ်နိုးဖွယ်ဖြစ်ကာ အကျိုးအမြတ်လည်း ထွက်ပေါ်လာနိုင်တာပါ။ ဒါကြောင့် လောကလူသားတွေက မိမိကိုယ်မိမိ ဒုက္ခသစ္စာ အကျဉ်းထောင်ကြီးထဲမှာ သမုဒယ သစ္စာကြိုးတွေနဲ့ တင်းကျပ်စွာ တုပ်နှောင်ပြီး အကျဉ်းချထားချိန်မှာ ဓမ္မလူသားတွေကတော့ နိရောဓ သစ္စာရိပ်မြုံမှာ မဂ္ဂသစ္စာ ရိက္ခာတွေနဲ့ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက် ခိုလှုံနေတတ်ကြပါတယ်။

လောကလူသားနဲ့ ဓမ္မလူသားဟာ အပေါ်ယံအသွင်သဏ္ဌာန် အနေနဲ့ကြည့်ရင် သိပ်ပြီးမကွဲပြားပေမယ့် အတွင်းအနှစ်သာရကတော့ အင်မတန် ခြားနားလှပါတယ်။ လောက လူသားတွေဟာ ကျီးကန်းနဲ့ တူပါတယ်။ သူတို့ရဲ့အသံဟာ ဘယ်နေရာ၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အမြဲတမ်း ဆူညံပူလောင်နေ ပါတယ်။ ဓမ္မလူသားတွေကတော့ ဥဩနဲ့တူပါတယ်။ သူတို့ရဲ့အသံကဘယ်နေရာ၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အမြဲတမ်း အေးချမ်းသာယာလှပါတယ်။

နောက်တစ်နည်းပြောရရင် လောကလူသားတွေဟာ ယင်ကောင်နဲ့တူပြီး ဓမ္မလူသားတွေက ပျားကောင်နဲ့တူပါတယ်။ ယင်ကောင်ဟာ "ဘေး"ကို ပေးတတ်သလို



http://mmteashop.com July 11, 2011

လောကလူသားတွေဟာလည်း မိမိနဲ့ ပတ်ဝန်းကျင်ကို အပူ-ဆင်းရဲ-ပြဿနာ ဘေးဒုက္ခ ပေါင်းစုံကို ပေးတတ်ပါတယ်။ ပျားကောင်တွေက "ဆေး" (ပျားရည်)ကို ပေးတတ်သလို ဓမ္မလူသားတွေကလည်း မိမိနဲ့ ဝန်းကျင်ကို အေးချမ်း-ပျော်ရွှင်-ပြဿနာရောဂါပေါင်းစုံကို ကင်းစင်စေပါတယ်။

ဗုဒ္ဓသာသနာတော်မြတ်ကြီးဟာ သံသရာတစ်ကြောမှာ လောကလူသားအဖြစ်နဲ့ မျောချင်တိုင်း မျောခဲ့ကြရတဲ့ မိမိတို့ကို ဓမ္မလူသားအဖြစ်နဲ့ ဆယ်ယူကယ်တင်ဖို့ ပွင့်ထွန်း ပေါ်ပေါက် လာခဲ့တာပါ။ ဗုဒ္ဓ မြတ်စွာသာသနာတော်နဲ့ ကြုံတုန်းဆုံခိုက်မှာတောင် မိမိတို့ရဲ့ တဏှာ-မာန-ဒိဋ္ဌိတွေကို မစွန့်ပစ်၊ မလျှော့ချနိုင်ရင်၊ သဒ္ဓါ၊ မေတ္တာ၊ ပညာတွေကို တိုးပွားအောင် မကြိုးစားနိုင်ကြရင် ဓမ္မလူသားအဖြစ်ကို ဘယ်သောအခါမှမျှော်မှန်းနိုင်ကြမှာ မဟုတ်ပါဘူး။

ဘဝသံသရာမှာဘဝ၊ အသက်၊ ခန္ဓာကို ပြန်ရဖို့ဆိုတာ ခဲယဉ်းတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် ဘုရားပွင့်တော်မူရာအချိန်အခါ သူတော်ကောင်းတရားနဲ့ အရိယသစ္စာကို သိမြင်နိုင်ခွင့်ဆိုတာတွေဟာ ဘဝသံသရာမှာ အင်မတန် တွေ့ကြုံရဖို့ ခဲယဉ်းတဲ့ အရာတွေပါ။ အမြဲတမ်း ဖြစ်ပေါ်တွေ့ကြုံနေကျ သာမန်ကိစ္စနဲ့ တစ်ခါတစ်ရံမှသာ ကြုံရတတ်တဲ့ အခွင့်ကောင်း၊ အခွင့်ထူး ဒီနှစ်ခုကို အသိဉာဏ်ချိန်ခွင်ပေါ်မှာ တင်ပြီး ယှဉ်ကြည့်မိတဲ့ သူတော်ကောင်းတွေဟာ ရခဲတဲ့အရာတွေအတွက်၊ ရလွယ်တဲ့ အရာတွေကို မငဲ့မကွက် ရက်ရက်စက်စက် စွန့်ပစ်တတ်ကြပါတယ်။

ဓမ္မ လူသားတွေဆိုတာ ဘုရား၊ တရား၊ သံဃာ ရတနာတော်မြတ် သုံးပါးကို ကံမျက်စိနဲ့ပါ ဖူးတွေ့ ကြရသူတွေပါ။ သူတို့ဟာ ဒီရတနာသုံးပါးကိုသာ လောကမှာ အမြင့်မြတ် ဆုံးသောမင်္ဂလာ၊ အဖိုး အတန်းဆုံးသော ရတနာ၊ အစစ်မှန်ဆုံးသော ကိုးကွယ်ရာအဖြစ် မြတ်နိုးတန်ဖိုးထားကြသူတွေပါ။ ဒီရတနာသုံးပါးရဲ့ ကျေးဇူးနဲ့ပဲ

http://mmteashop.com July 11, 2011

အပူအလွန် ပေါလှတဲ့ လူလောကကြီးထဲမှာ တစ်ဘဝလုံး တည်ငြိမ်ရင့်ကျင့် အေးချမ်း ပျော်ရွှင်စွာ နေထိုင် သွားနိုင်ကြတာပါ။

အပူ-အရှုပ်၊ အယုတ်ဆိုတာတွေဟာ လောက လူသားတွေရဲ့ ပြယုဂ်ပါ။ လောက လူသားတွေရဲ့ နှလုံးသားဟာ မီးဖိုခန်းကျဉ်းကျဉ်းကလေးထဲမှာ နေရတာလိုပဲ အမြဲတမ်း၊ ကျဉ်းကျပ် ပူလောင် မည်းမှောင် ညစ်ထေး၊ ရှုပ်ထွေး နံစော်နေတာပါ။ အပျော်- အအေး- အမြတ် ဆိုတာတွေကတော့ ဓမ္မလူသား တွေရဲ့ အမှတ်လက္ခဏာတွေပါ။ ဓမ္မ လူသားတွေရဲ့နှလုံးသားဟာ တိုက်ခန်းကျယ်ကြီးထဲမှာ နေရတာလိုပဲ အမြဲတမ်း လွတ်လပ် သန့်စင် အေးချမ်း ပျော်ရွှင်နေတာပါ။

သူတော်ကောင်းတရား ထွန်းလင်းရာခေတ်ကို လူအဖြစ်နဲ့ ကြုံကြိုက်ခွင့် ရသူတိုင်းဟာ လောကီ စီးပွားကြီးပွားရေးတွေထက် ဓမ္မလူသားဖြစ်ခွင့်ရရေးကို ပိုမို အလေးထား ကြိုးစားအားထုတ် သင့်ကြပါတယ်။ ဘဝသံသရာမှာ တစ်ကြိမ် တစ်ခါလောက်သာ တွေ့ကြုံရတတ်တဲ့ ဓမ္မစီးပွားရေးကို ကြိမ်ဖန်များစွာ တွေ့ကြုံနေရတဲ့ လောက စီးပွားရေးလောက် အလေးဂရု မပြုတတ်သူတွေဟာ အဖိုးတန် ကျောက်မျက် ရတနာတွေ ပေါများရာ ဝေဘူလတောင်ပေါ်ကို ရောက်ရှိပါလျက် ခဲသွေးကျောက်မျှကိုသာ ကောက်ယူလာခဲ့ သူနဲ့ ဥပမာတူပါတယ်။

ဘဝမှာ "အရှိ"တရားတွေထက် "အသိ"တရားကသာ ပိုမိုပြီးတည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်မှုကို ပေးစွမ်းနိုင်တာပါ။ အသိတရားကင်းတဲ့အခါ လူ့ခန္ဓာ၊ လူ့ချမ်းသာ ဆိုတာ မရှိတော့ စိတ်ပူ၊ ရှိလာတော့စိတ်မအေး ဖြစ်ရသလို လူ့ဆန္ဒ၊ လူ့လိုအင်တွေ ကလည်း မရတော့ စိတ်ဆင်းရဲ၊ ရလာတော့ စိတ်မချမ်းသာ ဖြစ်တတ်ပါတယ်။ တကယ်တော့ "အရှိ"တရားဆိုတာတွေဟာ မာရ်နတ်ရဲ့ တပ်မကြီးတစ်ခု ဖြစ်ပြီး "အသိ"တရား ဆိုတာကတော့ ဘုရားရှင်ရဲ့ မြင့်မြတ်တဲ့ အမွေအနှစ်တစ်ခု ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

ဒီအကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး ဓမ္မပုံပြင်ကလေးတစ်ခု ပြောပြချင်ပါတယ်။ ဒီဓမ္မပုံပြင်ကို တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ (ယော )ဆရာတော်ကြီး ပြောပြခဲ့တာပါ။

ꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥꕥ

## မတူး နဲ့ မထူး

တစ်ခါတုန်းက ရွာတစ်ရွာမှာ မတူးနဲ့ မထူးဆိုတဲ့ အပျိုကြီးညီအစ်မ နှစ်ယောက်ရှိတယ်။ သူတို့ မိဘတွေက ပစ္စည်းဥစ္စာ အလွန်ပေါတဲ့ လူချမ်းသာတွေပါ၊ တစ်ရွာလုံးရဲ့ မျက်နှာဖုံး ဘုရားဒကာ၊ ဘုရားအမ၊ ကျောင်းဒကာ၊ ကျောင်းအမတွေပေါ့။

ညီအစ်မ နှစ်ယောက်ဟာ မိဘနှစ်ပါးရှိစဉ်က အလွန်ချစ်ခင် ညီညွတ်ကြပေမယ့် မိဘနှစ်ပါး ကွယ်လွန်သွားတဲ့အခါ အမွေကိစ္စနဲ့ စကားမပြောနိုင်ကြတော့ဘူး။ ပြုံးရာကနေ မဲ့ကုန်ကြသတဲ့၊ အေးရာကနေ ပူလောင်ကုန်ကြပြီး။ ပျော်စရာကနေ ရန်ဖြစ်စရာတွေ ဖန်တီးကုန်ကြသတဲ့။

အခုလည်း အလွန်ချစ်တဲ့ ညီအစ်မနှစ်ယောက်ကို သွေးကွဲအောင်ခွဲပစ်တာက ပစ္စည်းပဲ။ ဖြောင့်အောင်ပြောရင်တော့ ပစ္စည်းအရင်းခံတဲ့ ဒေါသပါ။ ဒေါသဆိုတာ လောကရဲ့ အကြီးမားဆုံး "ခွဲအား" ပဲ။ နှစ်ယောက်တည်းရှိတဲ့ အပျိုကြီး ညီအစ်မကို အချင်းချင်း မျက်နှာချင်းဆိုင် စကားမပြောနိုင်အောင် ခွဲပစ်တာဟာ ဒီဒေါသပါပဲ။ ပစ္စည်းက ရန်တိုက်ပေးတော့ ဒေါသက ကွဲအောင် ခွဲပစ်လိုက်တာပေါ့။

http://mmteashop.com July 11, 2011

ပုခုဇဉ်တွေရဲ့ စိတ်ဆိုတာ တရားလွတ်ရင် မောဟအမှောင်ထဲမှာ အကျဉ်းချခံရပြီး လောဘနဲ့ ဒေါသက နှစ်ဖက်ညှပ်ပြီး ထောင်းတတ်တယ်။ မတူးနဲ့ မထူး ညီအစ်မ နှစ်ယောက်လည်း ပစ္စည်းလောဘအလို မကျတော့ ဒေါသမီးတွေတောက်နေကြတယ်။ တစ်အိမ်တည်းမှာ နှစ်ယောက် မျက်နှာချင်းဆိုင်လို့ မရတော့ဘူး။ တစ်ယောက်မျက်နှာ တစ်ယောက်လုံး ဝ ကြည့်လို့ မရတော့ဘူးတဲ့။

နှစ်ထပ်အိမ်မှာ လှေကားက တစ်ခုတည်း၊ အပေါ်ထပ်တက်ချင်ရင် အတွင်းလှေကားက တက်ရတယ်။ နှစ်ယောက်မတည့်တော့ တစ်ယောက်တစ်ထပ်စီ နေကြတယ်။ အတွင်းလှေကားကိုလည်း ဖြုတ်ပြီး အပြင်ဘက်မှာ ပြောင်းတပ်ကြတယ်။ အပေါ်ထပ်က အစ်မမတူး၊ အောက်ထပ်က ညီမဖြစ်သူ မထူး တစ်အိမ်တည်း အထပ်ခွဲပြီး နေကြတယ်။

ခြံဝင်းကိုလည်း အလယ်ကနေ ခွဲပြီး၊ နှစ်ဝင်းဖြစ်အောင် အုတ်တံတိုင်းခတ်ပြီး ခြားထားကြတယ်။ မတူးက အိမ်ရှေ့ခြံဝင်းကနေ အပေါ်ထပ်ကိုတက်ပြီးနေတယ်။ မထူးက အိမ်နောက် ခြံဝင်းကနေ အောက်ထပ်ကို ဝင်ပြီးနေရတယ်။ နှစ်ယောက်တည်း နေကြပေမယ့် တိတ်ဆိတ် အေးချမ်းမှု မရှိကြဘူး။

အပေါ်ထပ်က မတူးက လမ်းသွားရင် ကြမ်းခင်းကို တဒုန်းဒုန်းမြည်အောင် နင်းတယ်။ မတော်တဆလိုလိုနဲ့ တမင်တကာ ရေတွေ သွန်ချ၊ အမှိုက်တွေသွန်ချ လုပ်တတ်တယ်။ အောက်ထပ်က မထူးကလည်း ခဲနဲ့ပစ်၊ တုတ်ချောင်းနဲ့ထိုးပြီး အပေါ်ထပ်က အစ်မကို လှမ်းဆဲလိုက်၊ အောင်ထပ်က ညီမကို ပြန်ပြီး အော်ဆဲလိုက်နဲ့ ညီအစ်မ နှစ်ယောက်ရဲ့ ဒေါသငွေ့တွေကြောင့် တိုက်အိမ်ကြီးဟာ အခိုးအလျှံ တပြောင်ပြောင်ထွက်ပြီး ပူလောင်နေတယ်။ အိမ်ရဲ့ ကျက်သရေမင်္ဂလာဆိုတာ လုံးဝကင်းမဲ့ပြီး ခြောက်ကပ်ကပ်ကြီး ဖြစ်နေတာပေါ့။

http://mmteashop.com July 11, 2011

အဲဒီအကြောင်းတွေကို သူတို့မိဘရှိစဉ်က ကိုးကွယ်ခဲ့တဲ့ ဘုန်းတော်ကြီးက ကြားတော့ အကြီးမ မတူးက ကျွတ်ဆတ်ဆတ်နဲ့ ပြောလို့မရမှန်း သိတာမို့ အငယ်မ မထူးကို ခေါ်ပြောတယ်။ "ဟဲ့....မထူး၊ နင်တို့ လူလား ဘီလူးတွေလား"၊ "တပည့်တော်မတို့ လူတွေပါဘုရား"။ "အေး.....လူဆို လူလိုနေကြ၊ အခုတော့ နင်တို့က ဘီလူးတွေထက် ဆိုးနေကြတယ်။ မထူး၊ လူဆိုတာ ဆရာ၊ မိဘ ကိုယ့်ထက်ကြီးသူတွေက မေတ္တာ ကရုဏာနဲ့ ပြောဆို ဆုံးမရင် နာယူတတ်ရတယ်နော်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို သိနားလည်မှ လူခေါ်တာနော်၊ ပြီးတော့ ကိုယ့်ကိုယ်ကို အပူ၊ အရှုပ်၊ အယုတ်တွေ ကင်းပြီး ပျော်ရွှင်အေးချမ်း မြင့်မြတ်အောင် နေတတ်မှ လူအစစ်လို့ ခေါ်နိုင်တာနော်။

"ဟဲ့.......မထူး၊ နင်နဲ့မတူးက ဘာတော်လဲ"။ "ညီအစ်မ တော်ပါတယ်ဘုရား"။ "ဟာ....... ညီအစ်မ မှန်ရင် ရန်ဖြစ်စရာ မလိုပါဘူးကွာ။ မထူး၊ ရန်ဆိုတာ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ်၊ ဖြစ်လို့ရတာပဲ။ ညီအစ်မဆိုတာ ဆွေမျိုးပဲ၊ ဆွေစိတ်မျိုးစိတ် ထားရမှာပေါ့။ ရန်သူစိတ်မထားရဘူး၊ ဆွေမျိုးဆိုတာ ရင်းနှီးရမယ်၊ ခင်မင်ရမယ်၊ ချစ်ကျွမ်းဝင်ရမယ်၊ အကျိုးလိုလာပြီး သစ္စာ ရှိရမယ်။ မိဘနှစ်ပါးကြောင့် မောဟ တွေကြောင့်ပါ။ အဲဒီ လောဘ၊ ဒေါသ၊ မောဟ တံတိုင်းတွေခြားနေရင် ဆွေစိတ် မျိုးစိတ် ပျောက်ပြီး သိပ်ကြောက်စရာ ကောင်းတဲ့ ရန်သူဖြစ်သွားတတ်တယ်"။

"ကဲ......မထူး၊ မင်းက အငယ်ဆိုတော့ အကြီးကို သည်းခံ ခွင့်လွှတ်လိုက်၊ ပြီးတော့ အစ်မ မတူးကို မေတ္တာပို့၊ ဖြစ်တဲ့နည်းနဲ့ မေတ္တာပို့၊ မေတ္တာလွယ်လွယ်နဲ့ ပို့လို့မရရင် ဘုရားရှေ့သွား၊ ဘုရား အာရုံပြုပြီး စိတ်ကို ဆေးကြောသန့်စင်လိုက်၊ စိတ်ကောင်းတွေ ထုတ်လုပ်လိုက်၊ ပြီးရင် နင့်အပေါ်မှာ နင်အစ်မ ကျေးဇူးပြုခဲ့တာတွေ အများကြီးပဲ၊ အဲဒီကောင်းကွက်ကလေးတွေကို သေသေချာချာဖော်ပြီး မေတ္တာစူးစူးစိုက်စိုက်ပို့ပါ။ ဒါဆိုရင် နင်တို့ ညီအစ်မရဲ့ အိမ်တွင်းရေး ပြဿနာဟာ ပြေလည်သွားမှာပဲ။

http://mmteashop.com July 11, 2011

အဲဒီလို ဘုန်းတော်ကြီးက ဆုံးမသွန်သင်လိုက်တဲ့အခါ မထူးဟာ အိမ်ပြန်၊ ဘုရားရှေ့သွား၊ ဘုရားအာရုံပြု မေတ္တာဘာဝနာ ပွားများလိုက်တဲ့အခါ ဒေါသအပူအခိုးတွေ ကွယ်ပျောက်ပြီး၊ သူရဲ့ပင်ကိုယ်စိတ် ကောင်းလေးတွေ ပေါ်လာသတဲ့။ သူ့အစ်မ မတူးရဲ့ ကောင်းကွက် ကျေးဇူးတွေ မြင်လာတဲ့အခါ "ကျေးဇူးရှင် အစ်မ မတူး ဘေးရန်ကင်းကွာ၊ ကျန်းမာချမ်းသာပါစေ" လို့ မထူးဟာ လှိုက်လှိုက်လှဲလှဲမေတ္တာပို့ပါတယ်။

တစ်ရက်လည်း၊ မဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ နေ့စဉ် ဘုရားရှင်ရဲ့ စွမ်းအားအကူအညီနဲ့ မေတ္တာပို့နေတဲ့အခါ နည်းလမ်းမှန်တော့ အစ်မဆီ မေတ္တာဓာတ်တွေ ရောက်တာပေါ့။ အိမ်အပေါ်ထပ်က မတူး၊ မနေနိုင်ဘူး။ အောက်ထပ်ဆင်းပြီးတော့ ပြောလာတယ်။

"ညီမရယ်၊ အစ်မမှားတာပါ။ အစ်မကိုလည်း သည်းခံပါ၊ ခွင့်လွှတ်ပါ။"

"မဟုတ်ပါဘူး အစ်မရယ်၊ ညီမက မိုက်တာပါ"

တစ်ယောက်နဲ့တစ်ယောက် ဖြောင့်ချက်ပေးလာကြတယ်။

စောစောကတော့ "နင်မှားတာ၊ နင်မှားတာ"နဲ့ တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုးကြတယ်။ ဒေါသရဲ့ ဆွဲအားကြောင့် ကိုယ့်ကိုယ်ကို တရားခံမလုပ်နိုင်ကြဘူး။ အခုတော့ ဆွေစိတ်မျိုးစိတ်တွေ ပေါ်လာတာကြောင့် ခန္တီရဲ့ မေတ္တာပြန်ဝင်လာတယ်။ ကိုယ့်ကိုယ်ကို တရားခံလုပ်နိုင်ကြတယ်။ အဲဒါနဲ့ တစ်ယောက်နဲ့ တစ်ယောက် တည့်သွားကြတယ်။ မလုပ်ချင်လို့၊ မလုပ်နိုင်လို့၊ မလုပ်ဖြစ်လို့သာ မဖြစ်ကြတာပါ။ တကယ် လုပ်ရင်တော့ အဟုတ် ဖြစ်ကြတာချည်းပါပဲ။

အိမ်းဘေးက ထောင်ထားတဲ့ လှေးကားကြီးဖြုတ်ချ၊ အရင် အတိုင်းအထဲက ပြန်တပ်၊ နှစ်ဝင်းခြားပြီး ကားထားတဲ့ အုတ်တံတိုင်းကိုလည်း ဖြိုချ၊ တစ်အိမ်တည်း

http://mmteashop.com July 11, 2011

တစ်ထပ်တည်းမှာပဲ၊ အတူပြန်ပြီး ချစ်ချစ်ခင်ခင် နေထိုင်ကြသတဲ့၊ လောကမှာ မေတ္တာတရားဟာ အကြီးမားဆုံး "ဆွဲအား"ပဲ။

အဲဒါနဲ့ မတူးနဲ့ မထူးတို့ဟာ အသိတရားတွေ ဝင်လာကြပြီးတော့ မိဘနှစ်ပါးရဲ့ ပစ္စည်းအမွေ "အရှိ" တရားတွေကို မှန်မှန်ကန်ကန် ခွဲဝေအသုံးချတတ်တာကြောင့်၊ လောက သာသနာနဲ့ နှစ်ဖြာစလုံးမှာ အကျိုးများလှတဲ့ ဘုရားအမ၊ ကျောင်းအမတွေ ဖြစ်ကုန်ကြတယ်။ အချင်းချင်းလည်း ချစ်ခင်မြတ်နိုးကြပြီး ပတ်ဝန်းကျင်ရဲ့ သာသနာကို တရားနဲ့ အလှဆင်နိုင်ကြတဲ့ အဖိုးတန် အမျိုးကောင်းသမီးတွေ ဖြစ်သွားကြပါတယ်။

ဆရာဘုန်းကြီးထံလည်း မကြာမကြာသွားပြီး အဆုံးအမကို နာယူကြတယ်။ တရားနဲ့ နားတွေဖန်များတော့ အထူးသိမ်မွေ့လာကြပါတယ်။ တရားနဲ့ စားဝတ်နေရေး အတူတွဲပြီး တရားနဲ့ မွေ့လျော်တတ်လာတယ်။ သတိနဲ့ မေတ္တာကို စွဲစွဲ မြဲမြဲထုံထားတော့ ဘဝအနေရှင်းပြီး စီးပွားရေးလည်း ပိုကောင်းလာတယ်။ သဒ္ဓါ၊ မေတ္တာအားကောင်းတော့ နေရာတကာ လူရာဝင်ပြီး ပွဲလယ်တင့်ကြတယ်။ နေ့စဉ်နေ့စဉ် (၁)ဒါန၊ (၂) သရဏဂုံ၊ (၃) ငါးပါးသီလ၊ (၄) မေတ္တာ၊ (၅) ဝိပဿနာ၊ ဒီကုသိုလ် (၅)ခုကို အထူးရအောင် ကြိုးစား အားထုတ်ကြတယ်။

တစ်နေ့တော့ အိမ်ဝင်းတံခါး မပိတ်မိလို့ ညဥ့်နက်ချိန်မှာ မတူး+မထူးတို့အိမ်ကို ခါးပြသုံးယောက် ရောက်လာပြီး၊ အိမ်တံခါးကို အတင်း အဖွင့်ခိုင်းတယ်။ မတူးနဲ့ မထူးတို့ဟာ ရတနာသုံးပါးဂုဏ်ကို အာရုံပြုရင်း မေတ္တာကိုလည်း စူးစူးစိုက်စိုက်ပွားကာ တည်တည်ငြိမ်ငြိမ် ကြန်ရြေရ တံခါး သွားဖွင့် ပေးကြပါတယ်။

`ဩော်....ဦးလေးတို့၊ အစ်ကိုတို့၊ တယ်လည်း မိုးချုပ်ကြပါလား။ လာပါ။ လာကြပါ။ တံခါးဖွင့်ပေးရမှာပေါ့´

http://mmteashop.com July 11, 2011

`ဟော့.....နင်တို့ ဦးလေး၊ အစ်ကိုတွေ မဟုတ်ဘူး၊ ငါ တို့ဟာ ဓါးပြတွေ သိရဲ့လား၊ ငွေ (၁၀) သိန်း ပေးရင်းပေး။ မပေးရင် အသေပဲ ´

`မဟုတ်ပါဘူးရှင်၊ ကျွန်မ တို့ရဲ့ ဦးလေးတို့၊ အစ်ကိုတို့ဆိုတာ ကျွန်မတို့ နေ့စဉ် လုပ်နေကျ ဒါန၊ သီလ၊ သရဏဂုံ၊ မေတ္တာ၊ ဝိပဿနာ ကောင်းမှုဆွေမျိုးတွေကို ဖိတ်ခေါ် တာပါရှင်။ သဒ္ဓါတရား တံခါးဖွင့်ပေး ပါမယ်။ ကောင်းမှုဆွေမျိုးတွေ စိတ်ထဲ ဝင်လာ ကြပါလို့ ပြောတာပါရှင့် ´

အဲဒီလိုဆိုတော့ ဓါးပြသုံးယောက်လည်း ကြောက်လန့်ပြီး ဆင်းပြေးကုန်ကြသတဲ့။ တကယ်တော့ မေတ္တာလွှမ်းခြုံလို့ ဘေးရန်မျိုးစုံ လုံကြတာပါ။ မတူးနဲ့ မထူးဟာ သတိနဲ့ မေတ္တာ အစွမ်းထက်မှန်း လက်တွေ့သိကြရတော့ ပိုမိုပြီး ကြိုးစားကြပါတယ်။ တစ်ဘဝလုံး တရားစွမ်းအားနဲ့ တည်ငြိမ်အေးချမ်းပျော်ရွှင်စွာ နေထိုင်သွားကြပါသတဲ့။

ဒီဓမ္မပုံပြင်ကလေးဟာ မိမိတို့ ဝန်းကျင်မှာ နေ့စဉ်နဲ့အမျှ တွေ့မြင်နိုင်ကြတဲ့ ပုထုဇဉ်ဘဝရဲ့ ကောက်ကြောင်းပုံ ရိုးရိုးကလေးပါ။ ဒီပုံပြင်ကလေးထဲမှာ လောကလူသားနဲ့ ဓမ္မလူသားတို့ရဲ့ အဖြစ်သနစ်ချင်း ကွာခြားပုံကို၊ မတူးနဲ့ မထူးတို့ရဲ့ ဘဝ အလင်းအမှောင် အဖြစ် ခြယ်မှုန်းထားပုံကို တွေ့မြင်ရမှာဖြစ်သလို အရှိတရားနဲ့ အသိတရားတို့ရဲ့ တန်ဖိုးချင်း မတူညီပုံကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။

လူ့ဘဝ၊ လူ့ချမ်းသာဆိုတာ `အရှိ´ တရား တစ်ခုတည်းနဲ့ မပြည့်စုံနိုင်ပါဘူး။ လူ့ဘဝနဲ့ အဖိုးအတန်ဆုံး ရတနာဟာ `အသိ´ တရားပဲ ဖြစ်ပါတယ်။ အရှိတရားတွေ မဟုတ်ပါ။ ပုံပြင်ကလေးရဲ့ ဖြစ်စဉ်ကို သုံးသပ်ကြည့်ရင် လူကို ကိလေသာက နိုင်ပုံ၊ ကိလေသာကို တရားက နိုင်ပုံ၊ တရားကို အသိ သတိကနိုင်ပုံကို တွေ့ရမှာပါ။ လူသားဟာ အသိ သတိလေး တစ်ချက် ဝင်လိုက်တာနဲ့ လောကလူသားအဖြစ်ကနေ ဓမ္မလူသား အဖြစ်ကို တက်လှမ်း နိုင်ပါတယ်။

http://mmteashop.com July 11, 2011

ဒါပေမယ့် `အရှိ´ တရားတွေ နောက်လိုက်ရင်း `အသိ´ တရားတွေ မပျောက်ပျက်ဖို့၊ လောကနောက်ကို လိုက်ရင်း ဓမ္မတွေ မဆုံး ရှုံးဖို့ကိုတော့ သတိကြီးစွာထားရမှာ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ

http://mmteashop.com July 11, 2011



`ကောင်းဆိုး နှစ်တန်၊ ကံစီမံ၊ခံစံကြရတယ်။ ရှေးကကောင်းလို့၊ အခုကောင်းကြွယ်၊ အခုကောင်း နောင်ကောင်း ပါလိမ့်မယ်။ ရှေးက ဆိုးလို့၊ အခုဆိုးတယ်၊ အခုဆိုး နောင်ဆိုးပါလိမ့်မယ် ´

## စကားကတ်တဲ့ ချီပါသားနဲ့ ဒေါသကြီးတဲ့ ဘုန်းတော်ကြီး

ဗုဒ္ဓမြတ်စွာရဲ့ ကံအယူအဆဟာ ကံကို ပုံချတဲ့ဝါဒ၊ ကံကို ယိုးမယ်ဖွဲ့တဲ့ဝါဒ၊ ကံကို အားကိုးတဲ့ဝါဒ၊ ဘာမဆို ကံကိုပဲ လကညှိုးထိုးပြချင်တဲ့ ဝါဒဆိုတဲ့ တရားသေ လှေနံဓါးထစ်ဝါဒ သဘောမျိုး မဟုတ်ပါ။ ဘဝတစ်ခုရဲ့ ဖြစ်စဉ်မှာ ကမ္မနိယာမနဲ့အတူ ဗီဇနိယာမ၊ ဥတုနိယာမ၊ စိတ္တနိယာမ၊ ဓမ္မနိယာမတွေလည်း ပါဝင်ဆက်စပ်နေပါတယ်။



http://mmteashop.com July 11, 2011

အဲဒီ နိယာမငါးပါးဟာ တစ်ခုချင်းစီပဲဖြစ်စေ၊ တစ်ပေါင်းတည်း ဖြစ်စေ၊ လူသားကို ချုပ်ကိုင်ထားနိုင်ခြင်း မရှိပါဘူး။ လူမှာ ကိုယ်ပိုင် စိတ်ဆန္ဒ၊ ကိုယ်ပိုင်လုံ့လဉဿာဟ ရှိပါတယ်။ အဲဒါကို အသုံးပြုပြီး လူဟာ ကိုယ့်ဘဝ၊ ကိုယ့်ဝန်းကျင်နဲ့ လောကတစ်ခွင်ကို ပြုပြင်ပြောင်းလဲနိုင်ပါတယ်။ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါတယ်။ အဓိပ္ပါယ်က လူဟာ ကံကြမ္မာရဲ့ ဆရာ၊ ဘဝရဲ့ ဗိသုကာ၊ လောကရဲ့ အရှင်သခင်လို့ ဆိုလိုတာပါ။

ဒါကြောင့် ယခုမျက်မှောက် အပြုအမူဟူသမျှနဲ့ တွေ့ကြုံ ခံစားရမှုဟူသမျှတွေကို အတိတ်ဘဝကံကပဲ အတိအကျ သတ်မှတ်ခြယ်လှယ်နေတယ်လို့ ယူဆရင် လုံးဝမှားယွင်းမှာ ဖြစ်ပါတယ်။ လူတစ်ဦး တစ်ယောက်ရဲ့ ဆင်းရဲချမ်းသာဖြစ်ရမှုကို သတ်မှတ်ဆုံးဖြတ်ရမှာ အခြေခံအကြောင်းအရာ မြောက်မြားစွာ ရှိတဲ့အနက်က ကံတရားဟာ အခြေခံ အကြောင်းတရား တစ်ခု မျှသာ ဖြစ်ပါတယ်။ တကယ်တော့ ကမ္မနိယာမဆိုတာ ဇာနဲမှုချ မချွတ်ဖြစ်ရမယ်ဆိုတာထက် အကြောင်းအကျိုး ကွင်းဆက် သဘောကို ပိုမိုပြီး ညွှန်ပြပါတယ်။

ဒါပေမယ့် ကံတရားကို အရေးမကြီးတဲ့ အရာတစ်ခုလိုလို လျှော့တွက်လို့တော့ မရပါဘူး။ လူတစ်ဦး တစ်ယောက်ရဲ့ ကံဆိုတာမှာ အခုဘဝမှာရော၊ ရှေးရှေးဘဝ တွေကရော အဲဒီလူ ပြုလုပ်ပြောဆိုကြံစည်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှု အပြုအမူအားလုံး ပါဝင်နေပါတယ်။ ဘဝဆိုတာ အပြုအမူတွေရဲ့ အစုအဝေး တစ်ခုဖြစ်ပါတယ်။ အဲဒီ အပြုအမူတွေဟာ ပြီးစီးသွားပေမယ့် ပျောက်ကွယ်မသွားပါဘူး။ အသက်ရှင်နေတဲ့ ကျောက်တုံးတွေလိုပါပဲ။ အဲဒီ ကျောက်တုံးတွေနဲ့ပဲ ကိုယ့်ဘဝ၊ ကိုယ့်အနေအထားကို တည်ဆောက် ဖန်းတီးထားကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတဲ့ ဒေသနာတော်အရ လူသားတွေဟာ အတိတ်ရဲ့ သားသမီးတွေဖြစ်ပြီး အနာဂတ်ရဲ့ မိဘတွေ ဖြစ်ကြပါတယ်။ သတ္တဝါတွေဟာ အတိတ်က လာကြတာပါ။ လက်စ မသက်နိုင်သေးတဲ့ အလုပ် (ကံ)တွေကြောင့် အတိတ်က

အကောင်းအဆိုး အမှုအကျင့်တွေကို ယူဆောင်လာပြီး ပစ္စုပ္ပန်ကို ရောက်လာကြတာပါ။ အတိတ်ဟာ ပစ္စုပ္ပန်ကို မွေးဖွားပေးပြီး၊ ပစ္စုပ္ပန်ကတော့ အနာဂတ်ကို ပေါက်ဖွားလာစေပါတယ်။ ကိုယ်ကျိုး ရှာလိုချင်မှုကလေးကို လက်စမသတ် မဖျက်ဆီးနိုင်သေးသမျှ သတ္တဝါတွေဟာ ကြောင်းကျိုးဆက် ဖြစ်စဉ်ကြီးထဲမှာ မျောပါနေကြရမှာပါ။ အလုပ်(ကံ) မပြတ်သေးတဲ့သူ မှန်သမျှ ဘဝစက်ဝိုင်းကြီး လည်ပတ်နေတာကို မရပ်တန့် နိုင်ကြပါဘူး။

သံသရာခရီးကို ဘဝရထားကြီး စီးပြီး ခရီးသွားနေကြရတဲ့ သတ္တဝါတွေအဖို့ `ဆိုးတာပြုက၊ ဆိုးတာရ၊ ကောင်းမှ ကောင်းစားမယ်´ ဆိုတဲ့ ကမ္မနိယာမ၊ ဓမ္မဥပဒေသ ကလေးဟာ တရားမျှတမှုရှိလို့ ကျေနပ်ဖွယ် ဖြစ်ရုံမျှမက အကြောင်းရှိသလောက် အကျိုး ခံစားခွင့်ကို ရရှိစေတာကြောင့် ဘဝရဲ့အားမာန်ကို ဖြစ်ပေါ်စေပါတယ်။ ကံတရားရဲ့ အရှိန်အဟုန်ဟာ တစ်ခါတစ်ရံ နှေးကွေးကောင်း နှေးကွေးနိုင်ပေမယ့် ပြုလုပ် ထားသူရဲ့ ထံကိုတော့ အမှန်မုချ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာမှာပါ။ တစ်ချိန်က မိမိတို့ စိုက်ပျိုးခဲ့တဲ့ မျိုးစေ့တွေဟာ တဖြည်းဖြည်း အသီးအနှံတွေအဖြစ် မှည့်ဝင်းလာပြီး ရိတ်ချိန်တန်ရင်တော့ မုချ ရိတ်သိမ်းကြရမှာ ဖြစ်ပါတယ်။

ကံတရားကို မှန်မှန်ကန်ကန် ယုံကြည်မှုဟာ သံသရာခရီး အတွက် မျှော်လင့်ချက်ကို ဖြစ်ပေါ်စေပြီး လက်ရှိဘဝမှာလည်း အပြုအမူအားလုံးကို ကောင်းမွန်စွာ ထိန်းကျောင်း နိုင်ပါတယ်။ ဒီအကြောင်းနဲ့ ဆက်နွယ်ပြီး ပုံပြင် ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

ꩥꩤꩤꩥꩥꩤꩤꩥꩥꩤꩤꩥꩥꩤꩤꩥ

http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

## စကားကတ်တဲ့ ချီပါသားနဲ့ ဒေါသကြီးတဲ့ ဘုန်းတော်ကြီး

တစ်ခါတုန်းက ဦးဖြူသီးလို့ အမည်ရတဲ့ အမျိုးသားတစ်ဦးဟာ လူ့ဘောင်မှာလည်း မနေချင်၊ ရဟန်း ဘောင်သို့လည်း မဝင်ရောက်နိုင်သေးတာကြောင့် ဖိုးသူတော်ဘ ဝနဲ့ တောရွာတစ်ရွာက ဘုန်းတော်ကြီး တစ်ပါးထံမှာ ကပ္ပိယအဖြစ် ဝေယျာဝစ္စ ပြုလုပ်နေပါသတဲ့။ ဘုန်းတော်ကြီး ဦးဖြူသီးက ရိုးရိုးအေးအေး စိတ်လက်ရှည်သလောက် ဆရာဘုန်းကြီးကတော့ စိတ်မြန်လက်မြန် ဒေါသထန်သတဲ့။ ဆရာတပည့်နှစ်ယောက်ဟာ တစ်ခါတစ်ရံ ပြောင်းပြန်ဖြစ်ပြီး ဦးသူတော်က ဘုန်းတော်ကြီးကို တရားနဲ့ဖျောင်းဖျ စိတ်ကို လျှော့ဖို့ လျှောက်ထားရပါတယ်။

တစ်ချိန်မှာ ဆရာဘုန်းကြီးနဲ့ ကပ္ပိယကြီး ဦးဖြူသီးတို့ဟာ မြစ်ရိုးက အလှူပွဲတစ်ခုကနေ အလှူခံပြီးလို့ လှေတစ်စင်းကိုလှော်ကာ ကျောင်းကို ပြန်လာခဲ့ကြပါတယ်။ လမ်းခရီးမှာ အဝတ်ခပ်နွမ်းနွမ်းနဲ့ ဒကာတစ်ယောက်ဟာ “ဆရာတော်ဘုရား၊ တပည့်တော်ကို ကယ်တော်မူပါဘုရား” လို့ မြစ်ကမ်းပါးကနေ အော်ဟစ်လျှောက်ထားတာမို့ လှေကို ကမ်းကပ်ပေးပါတယ်။ ဆရာတော်က “ဘယ်ကလဲ၊ ဘယ်သွားမလို့လဲ” စသည် မေးမြန်းတဲ့အခါ ပခန်းနယ်က ချီပါရွာသားဖြစ်ကြောင်း၊ နေပြည်တော်ကို ကုန်ရောင်းဖို့ ထွက်လာရမှာ လှေနစ်သွားလို့ ဒုက္ခရောက်နေကြောင်း လျှောက်ထားပါတယ်။

အဲဒီအခါ ဆရာတော်က “လူသားတစ်ယောက် ဒုက္ခရောက်နေတာကို ကူညီချင်ပါကြောင်း၊ ဒါပေမယ့် ချီပါရွာသားတွေဟာ စကားကတ်ဖွဲ့ ပြောတတ်လို့ သူ့စိတ်နဲ့ ဆိုရင် ပေါင်းသင်းလို့ဖြစ်မှာ မဟုတ်တဲ့အတွက် လှေပေါ်မခေါ်ကြောင်း” ဦးဖြူသီးကို ပြောပြပါတယ်။ ဒါပေမယ့် ဦးဖြူသီးက “ဒုက္ခရောက်နေတဲ့ သူကို ကူညီရတာဟာ ပါရမီဖြည့်ခွင့်ရတာမို့ ဆရာတော်အနေနဲ့ ကူညီသင့်ကြောင်း၊ နောက်ပြီး စကားကတ်တဲ့

ချီပါသားကို စကားပြောခွင့် ပိတ်ပင်ထားရင် ဘာမျှ ပြဿနာမရှိကြောင်း" ပြန်လည် လျှောက်ထားပြီး လှေပေါ်ခေါ်တင်လာခဲ့ပါတယ်။

ဒီလိုနဲ့ လမ်းခရီးတစ်နေရာမှာ မြစ်ရေတိုက်စားလို့ ကမ်းပါတွေ အကြီးအကျယ် ပြိုကျနေတာကို တွေ့ရတဲ့အခါ ဆရာတော်က ကပ္ပိယကြီး ဦးဖြူသီးကို "ကပ္ပိယကြီး ကြည့်စမ်း၊ သံစောင်းထက် ရေစောင်းထက်တယ် ဆိုတာ အဲဒါပြောတာပဲ" လို့ လက်ညှိုး ညွှန်ပြီး ပြောပြသတဲ့။ ကပ္ပိယကြီး ဦးဖြူသီးကတော့ ဘာမျှ အတွန့် မတက်ဘဲ "မှန်လှပါဘုရား" လို့ပဲ လျှောက်ထားတာပေါ့။ ဒါနဲ့ ကျောင်းပြန်ရောက်တဲ့အခါ ဆွမ်းချက်ဖို့ ထင်းမရှိတာနဲ့ ကပ္ပိကြီးက ချီပါသားကို ထင်းတစ်တုံးလောက် ခွဲပေးဖို့ အကူအညီ တောင်းသတဲ့။

ချီပါသားကလည်း ခွဲပေးပါမယ်ဆိုပြီး ထင်းတုံးကို ရေကန် နားယူသွားပါတယ်။ ပြီးတော့ ရေကန်ထဲက ရေတွေကို တစ်ခွက်ပြီးတစ်ခွက်ခပ်ပြီး ထင်းတုံးပေါ်ကို လောင်းချပါတယ်။ အဲဒါကိုမြင်ရတဲ့ ဦးဖြူသီးဟာ ရေကန်နားသွားပြီး "အဲဒါ ဘာလုပ်တာလဲ" လို့ ချီပါသားကို မေးပါတယ်။ အဲဒီအခါ ချီပါသားက "မသိပါဘူးဗျာ၊ လမ်းမှာတုန်းက ဆရာတော်က သံစောင်းထက် ရေစောင်းက ပိုပြီး ထက်တယ်ပြောလို့ ပုဆိန်နဲ့ ခွဲမယ်အစား ရေစောင်းနဲ့ ခွဲတာက မြန်မြန်ပြီးမယ်ထင်လို့ ရေနဲ့ လောင်းချတာပါ ခင်ဗျာ" လို့ ပြန်ဖြေပါတယ်။

အဲဒီအခါ ဦးဖြူသီးက "အင်း..ခင်ဗျားတို့ ချီပါသားတွေကလည်း ဆရာတော် ပြောမယ်ဆို ပြောစရာပဲဗျ။ စကားတယ်ပြီး ကတ်ဖွဲ့ ပြောတတ်တာပဲ။ ဒါပေမယ့် ဆရာတော် ရှေ့မှာတော့ သွားမလုပ်နဲ့၊ ရေးစောင်းထက် လက်ဝါးစောင်းက ပိုပြီး ထက်တယ်ဗျို့" လို့ ဆုံးမသတဲ့။ ဒီလိုနဲ့ ဆွမ်းစားချိန်ရောက်လို့ ဆရာတော်ကို ဆွမ်းကပ်တဲ့အခါ ဦးဖြူသီးက ဆွမ်းစားပွဲဘေးကနေ ယပ်ခပ် ပေးသလို ချီပါသားကလည်း ဦးဖြူသီးဘေးမှာ ခပ်ကုပ်ကုပ်လေး ထိုင်နေပါတယ်။ ဆရာတော်က ဆွမ်းစားရင်နဲ့ သရက်သီးမှည့်



http://mmteashop.com　July 11, 2011

တစ်စိတ်ကို ယူပြီး ဘုဥ်းပေး လိုက်ရင်း "အင်း.. အသီးများဟာ မှည့်လာရင် တယ်ပြီးတော့ ချိုတာပဲ" လို့ အမိန့်ရှိပါတယ်။ အဲဒီအခါ အငြိမ်မနေနိုင်တဲ့ ချီပါသားက ဆွမ်းဝိုင်းထဲက ငရုတ်သီးမှည့်တစ်ထောင့်ကို လက်နဲ့ယူပြီး ထောင်ပြပါတယ်။ အဓိပ္ပါယ်ကတော့ မှည့်တဲ့ အသီးတိုင်းဟာ ချိုရင် ငရုတ်သီးကျတော့မှည့်ပြီး ဘာကြောင့် မချိုရတာလဲလို့ စောဒက တက်တဲ့သဘောပါ။

ဆရာတော်ကလည်း အဓိပ္ပါယ်ကို ချက်ချင်းသိပါတယ်။ သိသိချင်းပဲ စိတ်ဆိုးတာမို့ တံမြက်စည်းနဲ့ ရိုက်မယ်စိတ်ကူးပြီး၊ တံမြက်စည်းချောင်းကို ထဆွဲပါတယ်။ နှုတ်တော်ကလည်း "စကား ကတ်တဲ့ ဒီချီပါသားတော့ အကြောင်းသိရသေးတာပေါ့ကွာ" လို့ ကြိမ်းမောင်းပြောဆိုပါတယ်။ အဲဒီအခါ ဦးဖြူသီးလည်း ငြိမ်မနေနိုင်တော့ဘဲ လက်အုပ်ချီကာ ဆရာတော် ရှေ့တင်ပြီး "ဆရာတော် ဘုရား၊ ချီပါသားကို မရိုက်ခင် တပည့်တော် လျှောက်တင်တာကို နားဆင်တော် မူပါဦးဘုရား၊ ပြီးမှ ရိုက်သင့်တယ်ထင်ရင် ဆရာတော် ကြိုက်သလောက် ရိုက်တော်မူပါဘုရား"လို့ လျှောက်ထားပါတယ်။ ပြီးမှ-

"ကောင်းဆိုး နှစ်တန်၊ ကံစီမံ၊ ခံစံကြရတယ်။ ရှေးကကောင်းလို့၊ အခုကောင်းကြွယ်၊ အခုကောင်း နောင်ကောင်း ပါလိမ့်မယ်" ဆိုတဲ့ ကဗျာလေးကို သံနေသံထားနဲ့ ရွတ်ဆိုပြပါတယ်။ ကဗျာသံအဆုံးမှာတော့ ငယ်ထိတ်ထိအောင်တက်နေတဲ့ ဆရာတော်ရဲ့ ဒေါသတွေဟာ ခြေမအထိ ပြန်ကျသွားပါပြီ။ ဒါတောက်မှ "အင်း..ကပ္ပိယ သတိ ပေးလို့ပေါ့ကွာ၊ ဒါမှမဟုတ်ရင် ဒီချီပါသားတော့ ကျောအကွဲပဲ"လို့ ကြိမ်းဝါး လိုက်ပါ သေးတယ်။

ပုံပြင်ကလေးက ဒါလောက်ပါပဲ။ ဒီပုံပြင်ကလေးနဲ့ကပ်ပြီး အဓိက မီးမောင်း ထိုးပြ ချင်တာကတော့ မိမိတို့ရဲ့ ဘဝမှာ ပါဝင်ပတ်သက်နေတဲ့ ကံတရားရဲ့ အခန်းကဏ္ဍကို သတိရ စဉ်းစားမိရင် ဘဝကို အကျည်းတန်အရုပ်ဆိုးစေတတ်တဲ့ အမျက်ဒေါသ၊ မာန်မာနတွေကို အထိုက်အလျောက်လျော့ကျ၊ လျှော့ချပစ်နိုင်တယ်ဆိုတာ ပါပဲ။



http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

အရပ်ထဲမှာ ပြောဆိုနေကြတဲ့ "ဘဝမေ့တယ်၊ အောက်ခြေ လွတ်တယ်"ဆိုတဲ့ စကားတွေဟာ တကယ်တော့ "ကံတရား"ကိုရည်ရွယ်ပြီး ပြောဆိုနေကြတာပါ။ ကံဆိုတဲ့ အပြုအမူတွေဟာ ဘဝပါ။ ကံကောင်းရင် ဘဝကောင်းပါတယ်။ ဘဝကောင်းကို ရနေပြီး ကံကောင်းကို မေ့နေရင် ဒါဟာ "ဘဝမေ့တာပါ။ အောက်ခြေလွတ်တာပါ "။ ဘဝမေ့တဲ့သူ၊ အောက်ခြေလွတ်တဲ့သူတွေ များလာရင် လောကပါလ တရားတွေ ဆုတ်ယုတ်လာပြီး လောကကြီး ပျက်စီးတတ်ပါတယ်။

ကံတရားကို သတိရ စဉ်းစားမိတာနဲ့ တစ်ပြိုင်နက် အကောင်းအဆိုးဆိုတာ အကြောင်းအကျိုး ရှိသလောက်သာ ဖြစ်နိုင်တယ်ဆိုတာရယ်၊ ဘဝဟာ ထာဝရမဟုတ်ဘူး ဆိုတာရယ်၊ ဒီဘဝမှာတွေ့ကြုံဆုံဆည်းနေကြရတဲ့ ဆွေမျိုးမိဘအ ဝဝနဲ့ ဥစ္စာဓန၊ ရာထူးဂုဏ်သိန်၊ အရှိန်အဝါ စတာတွေဟာ သံသရာတစ်ကွေ့မှာ ခဏတွေ့ကြတာဖြစ်လို့ ဆိုင်ရုံသာဆိုင်ပြီး အပိုင်မဟုတ်တဲ့ အငှားတွေသာ ဖြစ်တယ် ဆိုတာရယ်၊ နောက်ပြီး ကန့်သတ်ချက်ကလေး စေ့သွားကြရင် သူလည်းပဲ သူ့အထုပ်ကလေး သူထမ်းပြီး သူ့လမ်းသူသွားရမယ်။ ကိုယ်လည်းပဲ ကိုယ့်အထုပ်ကလေး ကိုယ်ထမ်းပြီး ကိုယ့်လမ်း ကိုယ်သွား ရမယ် ဆိုတာရယ်တွေကိုပါ ရိပ်မိသိရှိလာနိုင်ပါတယ်။

ဒီလို ရိပ်မိသိရှိသွားတာဟာ မြင့်မြတ်တဲ့ ဘုံဘဝကို သွားဖို့ သူတော်ကောင်း တရား လမ်းမကြီးကို ဖွင့်လှစ်ပေးလိုက်တာ ဖြစ်ပါတယ်။ တကယ့်တော့ ကံတရားဆိုတာ လူကို ချုပ်နှောင်မယ့် "အကျဉ်းထောင်" တစ်ခု မဟုတ်ပါဘူး။ ဘဝကို တစ်ဆင့်ထက် တစ်ဆင့် မြင့်သည်ထက် မြင့်အောင် တည်ဆောက်ရာမှာ ပါဝင်အကူအညီပေးမယ့် အမာခံ "ငြမ်း" ကြီးတွေပဲ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ


ပါဠိစာပေမှာ မတင့်တယ်တာကို တင့်တယ်တာ အနေနဲ့ မတည်မြဲတာကို တည်မြဲတာ အနေနဲ့၊ မကောင်းတာကို ကောင်းတာအနေနဲ့၊ အစိုးမရတာကို အစိုးရတာအနေနဲ့၊ ပေါ်ပြီးပျောက်၊ ဖြစ်ပြီး ပျက်သွားမယ့် အရာတွေကိုငါ၊ ငါ့ဉစ္စာအနေနဲ့ နှလုံးသွင်း မှားယွင်းမှုက "အ ယောနိ သော မနသိကာရ-နှလုံးသွင်းဆိုးမှု"လို့ အဓိပ္ပါယ် ဖွင့်ဆိုပြပါတယ်။

အ ယော နိသော မနသိကာရဟာ နတ်ရွာနိဗ္ဗာန် ရောက်ရာ ရောက်ကြောင်း ကုသိုလ် လမ်းကောင်းကို ပိတ်ဆို့တားမြစ်ပြီး၊ ငရဲပြည်(၈)ထပ်သို့ ချဉ်းကပ်ရာ ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ လမ်းမကြီးကို ဖြစ်ပေါ်စေတာမို့ အင်မတန် ကြောက်စရာ ကောင်းပါတယ်။

http://mmteashop.com　July 11, 2011

http://mmteashop.com July 11, 2011

သဒ္ဓါ၊ မေတ္တာ၊ ပညာတရားတွေနဲ့ ပြည့်ဝနေတဲ့ နှလုံးသားမှာ ဆိုးဝါးမှုတွေအတွက် ပေးစရာ နေရာဆိုတာ လုံးဝ (လုံးဝ) မရှိပါ။ တကယ်တော့ နှလုံးသွင်း ဆိုးမှုဆိုတာ လောဘ၊ ဒေါသ၊ မောဟ တရားတွေရဲ့ သန္ဓေစရာ သားကောင် တစ်ခုသာ ဖြစ်ပါတယ်။



ဟင်းကောင်းတစ်ခွက်နဲ့ ဆရာတပည့်နှစ်ဦး

လောကကို စိတ်က ဖန်းဆင်းပါတယ်။ ကိုယ့်ဘဝ၊ ကိုယ့်လောကကိုလည်း ကိုယ့်စိတ်ကပဲ ဖန်းဆင်းတာပါ။ ဘဝဆိုတာ စိတ်ရဲ့ ရောင်ပြန်ဖြစ်တာမို့ စိတ်ထားနဲ့ တန်သလို ဖြစ်ကြရပါတယ်။ ဘဝမှာ အဆင့်အတန်း မြင့်မြင့်နေလိုရင် အရင်းဆုံး ကိုယ့်စိတ်မှာ အဆင့်အတန်းရှိဖို့ လိုပါတယ်။ ဘဝမှာ အောင်မြင်လိုရင်လည်း အရင်ဆုံး ကိုယ့်စိတ်ကို အောင်နိုင်ဖို့ လိုအပ်လှပါတယ်။

စိတ်ဆိုတာ အင်အားကြီးမား သလောက် ပြုပြင်ပြောင်းလဲဖို့ အင်မတန် လွယ်ကူ ပါတယ်။ ပြုပြင် နိုင်ရင် ပြုပြင်နိုင်သလောက် ကောင်းကျိုးရပြီး မထိန်းသိမ်းနိုင်ရင်လည်း မထိန်းသိမ်းနိုင်သလောက် ဒုက္ခရောက်တတ်ပါတယ်။ လင်းချင်ရင် နေတစ်စင်းထက် ထွန်းလင်းတောက်ပနိုင်ပြီး၊ မိုက်လိုရင်လည်း လကွယ်ညထက် ပိုပြီး အမှောင်ကျ နိုင်ပါတယ်။ ကောင်းမွန် ယဉ်ကျေးတဲ့ စိတ်လောက် လောက ကောင်းကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်တာ မရှိသလို၊ ဆိုးသွမ်းရိုင်းစိုင်းတဲ့ စိတ်လောက် လောကကို ဖျက်ဆီး နိုင်တာလည်း မရှိပါဘူး။ စိတ်ဆိုတာ အကောင်းဆုံး မိတ်ဆွေတစ်ဦးဖြစ်သလို အဆိုးဝါးဆုံး ရန်သူတစ်ယောက်လည်း ဖြစ်ပါတယ်။

လောကကို စိတ်က ဦးဆောင်သလို စိတ်ကိုလည်း စေတနာက ဦးဆောင်ပါတယ်။ စေတနာကိုတော့ နှလုံးသွင်း(မနသိကာရ)က ပဲ့ကိုင်ပါတယ်။ နှလုံးသွင်းကောင်း (ယောနိသောမနသိကာရ)ဟာ စေတနာကို မြင့်မြတ်တဲ့ဘက် ဦးလှည့်စေနိုင်သလို နှလုံးသွင်းဆိုး (အယောနိသောမနသိကာရ)ကလည်း စေတနာကို ယုတ်ညံ့တဲ့ဘက် ချိုးကွေ့ စေပါတယ်။ ယောနိသော မနသိကာရဟာ မြင့်မြတ်မှုရဲ့ အစနိဒါန်းဖြစ်သလို ယုတ်ညံ့မှုရဲ့အဆုံး နိဂုံးလည်းဖြစ်စေပါတယ်။ အယောနိသောမနသိကာရကတော့ ယုတ်ညံ့မှုတွေရဲ့ အရက်ဦးဖြစ်သလို မြင့်မြတ်မှုတွေရဲ့ နေဝင်ချိန်လည်း ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

အယောနိသောမနသိကာရလို့ခေါ်တဲ့ နှလုံးသွင်းဆိုးမှုဟာ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေရဲ့ ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်းဖြစ်သလို၊ ဖြစ်ပေါ်ပြီး ကုသိုလ်တရားတွေရဲ့ ဆုတ်ယုတ်ရာ၊ ဆုတ်ယုတ်ကြောင်းလည်း ဖြစ်ပါတယ်။ နှလုံးသွင်းဆိုးမှုဟာ အပြစ်တွေ၊ ဆိုးကျိုးတွေရဲ့ စတင်စီးဆင်းရာဖြစ်သလို မီးတည်ရာ နှလုံးသားကိုလည်း လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မီး (၃)ပါးနဲ့ လောင်ကျွမ်းပျက်စီးစေပါတယ်။

ယောနိသောမနသိကာရ (နှလုံးသွင်းကောင်းမှု)က စိတ်ကို အကောင်းအဆိုး အာရုံအမျိုးမျိုးနဲ့ အဆင်ပြေ သင့်မြတ်စေပြီး၊ ရသင့် ရထိုက်တဲ့ အကျိုးအမြတ်ကို လိမ္မာပါးနပ်စွာ ထုတ်ယူစေပါတယ်။ အယောနိသော မနသိကာရ (နှလုံးသွင်းဆိုးမှု) ကတော့ စိတ်ကို အကောင်းအဆိုး အာရုံအမျိုးမျိုးနဲ့ ကြုံတိုင်း (လိုရင်တစ်မျိုး၊ မလိုရင် တစ်မျိုး၊ လိုလို မလိုလိုတစ်မျိုး) အမျိုးမျိုး၊ အဖုံဖုံ ပြဿနာရှာ ဒုက္ခပေး တတ်တာမို့ ကိုယ်ကျိုးနည်းပြီး၊ ငရဲကြီးစေတတ်ပါတယ်။

နှလုံးသွင်းဆိုးမှုဟာ "ချဉ်ဖတ်အိုး"နဲ့တူပါတယ်။ ချဉ်ဖတ်အိုးဟာ အတွင်းဓာတ်ခံက အမြဲချဉ်သိုး နေတာမို့ အိုးထဲကို ထည့်သွင်းသမျှ အရာအားလုံးကို နောက်ဆုံးမှာ ချဉ်သိုး သွားစေပါတယ်။ နှလုံးသွင်း ဆိုးမှုကလည်း ဒီအတိုင်းပါပဲ၊ (ဘယ်လောက် ကောင်းမြတ်တဲ့ အာရုံပဲဖြစ်ဖြစ်) နှလုံးသားထဲ ရောက်လာသမျှ အရာအားလုံးကို နောက်ဆုံးမှာ ချဉ်သိုးသွားစေပါတယ်။ နှလုံးသွင်းကောင်းမှု၊ ဆိုးမှု ကြောင့်ပဲ ဘုရားရှင်ရဲ့ ထံတော်ပါး ရဟန်းဖြစ်ရတာချင်းအတူတူ အရှင်အာနန္ဒာက အမြတ်ဆုံး အလုပ် အကျွေး ဖြစ်လာပြီး အရှင်ဒေဝဒတ္တကတော့ အဆိုးဆုံး ရန်ရှာသူ ဖြစ်လာပါတယ်။ ဘုရားရှင်ရဲ့ ထံတော်ပါးက တရားနာရတာချင်းအတူတူ မိဘနှစ်ပါးက တရားရသွားပြီး သမီး မာဂဏ္ဍီကတော့ ငရဲပဲ ရသွားပါတယ်။

http://mmteashop.com July 11, 2011

နလုံးသွင်းမှုနဲ့ သက်ဆိုင်တဲ့ ပုံပြင်ကလေး တစ်ပုဒ်ရှိပါတယ်။ အဲဒီပုံပြင်ကို ရတနာပုံနေပြည် တော်ခေတ်က မောင်းထောင်းဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့တာပါ။

ဢဢဢဢဢဢဢဢဢဢဢဢဢဢဢ

## ဟင်းကောင်းတစ်ခွက်နဲ့ ဆရာတပည့်နှစ်ဦး

တစ်ခါတုန်းက တောရွာတစ်ရွာမှာ ဘုန်းကြီးတစ်ပါးဟာ ကျောင်းသား သူငယ်တစ်ယောက်ကို နောက်တော်ပါးကနေ ဖျပ်အထမ်းခိုင်းပြီး ဆွမ်းခံဝင်သတဲ့။ ဖျပ်ဆိုတာ ရှေးတုန်းက ဘုန်းကြီးကျောင်းသားတွေ ပခုံးနဲ့ ထမ်းရတဲ့ ထမ်းဆိုင်းတစ်ခုပါ။ ထမ်းပိုးရဲ့ တစ်ဖက်မှာ သပိတ်ကို ဆွဲချိတ်ထားပြီး နောက်တစ်ဖက်မှာတော့ ဆွမ်းဟင်းခွက်တွေ ထည့်ထားတဲ့ လင်ပန်းငယ်ကို နီးအုပ်ဆောင်းလေးနဲ့ ဖုံးအုပ်ထားတာပါ။ ဆွမ်းခံအိမ်တွေက လောင်းလှူလိုက်တဲ့ ဆွမ်းတွေကို သပိတ်ထဲထည့်ပြီး ဆွမ်းဟင်းတွေကိုတော့ နောက်က အုပ်ဆောင်း ထဲမှာ ထည့်ရပါတယ်။

ဘုန်းကြီးနဲ့ ကျောင်းသားတို့ဟာ တစ်မနက်ခင်း အိမ်တိုင်းစေ့ နီးပါး ဆွမ်းခံကြွပြီးတဲ့နောက်မှာ ဆွမ်းတစ်သပိတ် အပြည့်နဲ့ ဆွမ်းဟင်း (၁၅)ခွက် လောက်ရသတဲ့။ ဆွမ်းခံပြီးလို့ ဆရာတပည့်နှစ်ယောက် ရွာဦးက အထွက်၊ ကျောင်းအပြန်လမ်းခရီးမှာ ဆရာဘုန်းကြီးက ကျောင်းသားကို "ဟေ့..မောင်ကျောင်းသား၊ အုပ်ဆောင်းကို လှပ်စမ်း၊ ဆွမ်းဟင်း ဘယ်နခွက်လောက်ရသလဲ "လို့ မေးပြီး အုပ်ဆောင်းကို ဖွင့်ကြည့်ပါတယ်။ ဆွမ်းဟင်းခွက်တွေ များပေမယ့် ဟင်းကောင်းဆိုလို့ ဝက်သားဟင်း တစ်ခွက်ကိုပဲ တွေ့ရသတဲ့။

အဲဒီအခါ ဘုန်းတော်ကြီးက "ဒီဝက်သားဟင်းနဲ့သာဆိုရင် ခပ်မြိန်မြိန် ဘုဥ်းပေးရမှာမို့ ဒီနေ့တော့ ဆွမ်းစားလို့ ကောင်းမယ်ပုံပဲ" လို့တွေးပြီး၊ အုပ်ဆောင်းကို ပြန်ပြီး အုပ်ထား လိုက်သတဲ့။ အဲဒီအချိန်မှာ ဗျတ်ထမ်းရတဲ့ ကျောင်းသားကလည်း "အင်း.. ဟင်းကောင်း ကလည်း တစ်ခွက်တည်းပါတယ်။ တကယ်လို့ ငါဟာ ဒီဝက်သားဟင်းကို ဘုန်းကြီး ဆွမ်းပွဲထဲမှာ ထည့်ကပ်လိုက်ရင် ဘုန်းကြီးအကုန်စားတာနဲ့ "ကျေန်မှချ ငါစားရတော့မှာ မဟုတ်ဘူး၊ ဒီတော့ ကျောင်းရောက်ရင် ဘုရား ဆွမ်းတော်တင်ဖို့ ဒီဝက်သားဟင်းကိုတစ်ခွက်လုံးကောက်ပြီးဘုရားပွဲမှာ တင်လှူမယ်။ ဘုန်းကြီး ဆွမ်း စားပြီးမှ ဘုရား ဆွမ်းတော်တင်ပွဲကို စွန့်ချပြီး ငါစားမယ်"လို့ စိတ်ကူးထားသတဲ့။

ဒီလို ဆရာတပည့်နှစ်ယောက် အကြံပေါက်နေကြပေမယ့် တစ်ယောက်ရဲ့ သဘောထားကို တစ်ယောက်က မသိကြရဘူးပေါ့။ ကျောင်းရောက်လို့ ဆွမ်းပြင်တဲ့အခါ ကျောင်းသားဟာ မူလက ကြံစည်ထားတဲ့အတိုင်း ဝက်သားဟင်းကို ဘုရား ဆွမ်းတော်တင်ပြီး ကျန်တဲ့ဟင်းလျာတွေနဲ့သာ ဘုန်းတော်ကြီးကို ဆွမ်းဆက်ကပ်သတဲ့။ ဆွမ်းခံရွာအထွက်တုန်းက ဝက်သားဟင်းကို မြင်ထားလို့ နှုတ်ခမ်းတပြင်ပြင်ဖြစ်နေတဲ့ ဘုန်းတော်ကြီးဟာ ဆွမ်းစားကျောင်းပေါ်ရောက်လို့ ဆွမ်းပွဲရှေ့ထိုင်မိတယ် ဆိုရင်ပဲ ဝက်သားဟင်းကို မျက်စိနဲ့ အပြေးအလွှားရှာမိပါတယ်။ ရှာသာ ရှာရတယ်၊ ပါပုံမရတာမို့ ကျောင်းသားကို "ဟဲ..မောင်းကျောင်းသား၊ မနက်ခင်းက ဆွမ်းခံဝင်ရာမှာ ဝက်သားဟင်း တစ်ခွက် ပါတယ်မဟုတ်လား "လို့ နှုတ်မြွက်ပြီး မေးတော်မူပါတယ်။

အဲဒီအခါ မောင်ကျောင်းသားက "အရှင်ဘုရား၊ မှန်လှပါ၊ ဆွမ်းခံရာက ဝက်းသားဟင်း ပါပင်ပါသော်လည်း အသားဟင်းဆိုလို့ တစ်ခွက်တည်း၊ နည်းကလည်း နည်းတာမို့ ဘုရားကိုပဲ ဦးစားပေးပြီး၊ ဘုရားဆွမ်းတော်တင်လိုက်ရကြောင်းပါ "လို့ ရိုသေစွာလျှောက်ထားသတဲ့။ မှန်းချက်နဲ့ နမ်းထွက် မကိုက်လို့ စိတ်ပျက်သွားတဲ့ ဘုန်းတော်ကြီးဟာ စိတ်ကူးတစ်ချက်ရပြီး၊ "ဟေ့..မောင်းကျောင်းသား၊ ဘယ်အချိန်က



http://mmteashop.com July 11, 2011

ဆွမ်းတော်တင်သလဲ၊ မနက်ကတည်းက ဆွမ်းတော်တင်ထားရင် ဒီအချိန်ဆို ကုသိုလ်ရပြီးပြီ၊ အခု စွန့်ချခဲ့" လို့ ထပ်ဆင့်ပြီး မိန့်တော်မူလိုက်ပါတယ်။

သူ့ အကြံအစည် မအောင်မြင်မှာကို စိုးရိမ်တဲ့ ကျောင်းသားကလည်း "မှန်လှပါ အရှင်ဘုရား၊ အရှင်ဘုရား ယခုလေးပဲ ဆွမ်းတော်တင် လိုက်တာမို့ မွန်းတိမ်းမှပဲ စွန့်ချ ရပါတော့မယ်၊ အရှင်ဘုရား နည်းတူ မြတ်စွာဘုရားမှာလည်း ဆွမ်းဘုဉ်းပေးတော်မူဦးမှာပါ" လို့ ကာကွယ်လျှောက်ထားတဲ့အခါ ဘုန်းတော်ကြီးက စိတ်ထဲမှာ ဒေါသ အမျက် ထွက်ပင် ထွက်သော်လည်း ရိုက်နှက်လို့လည်းမတော်၊ အော်ငေါက်ဖို့ရာလည်း မသင့်မြတ်၊ အပြစ်ဒဏ် ပေးဖို့ရာလည်း ကျပ်တာမို့ လျော့ပတ်အောင် ကျောင်းသားကို "ဟေ့.. မောင်းကျောင်းသား၊ မင်းအသက်ငယ်ငယ်နဲ့ဒီလို ဘုရားတရား ကြည်ညိုတာများငါဖြင့် အံ့-အံ့သြမိပါရဲ့ "လို့ အောင့်သက်သက် စိတ်ထားနဲ့ မိန့်ကြားလိုက်ပါသတဲ့။

ဒီပုံပြင်ကလေးဟာ ဟင်းတစ်ခွက်အပေါ်မှာ နလုံးသွင်း မတတ်ကြတာနဲ့ ဆရာတပည့် နှစ်ဦးသားတို့ အကုသိုလ်ပွား၊ အကျိုးအကျပ်တွေ့သွားပုံကလေးကို အထူး အလေးပေး ဖော်ပြထားတာပါ။ တကယ်တော့ စာရေးသူတို့ဘဝမှာ နလုံးသွင်းမှား အကုသိုလ် ပွားစရာတွေက တစ်စုတစ်ဝေး ဒုနဲ့ဒေးပါ။

ပါဠိစာပေမှာ မတင့်တယ်တာကို တင့်တယ်တာ အနေနဲ့၊ မတည်မြဲတာကို တည်မြဲတာအနေနဲ့၊ မကောင်းတာကို ကောင်းတာအနေနဲ့၊ အစိုးမရတာကို အစိုးရတာအနေနဲ့၊ ပေါ်ပြီးပျောက်၊ ဖြစ်ပြီးပျက်သွားမယ့် အရာတွေကို ငါ၊ ငါ့ဥစ္စာအနေနဲ့ နလုံးသွင်း မှားယွင်းမှုကို 'အယောနိ သော မနသိကာရ=နလုံး သွင်းဆိုးမှု' လို့ အဓိပ္ပါယ်ဖွင့်ဆိုပြပါတယ်။ အ ယောနိ သော မနသိကာရဟာ နတ်ရွာ နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း ကုသိုလ် လမ်းကောင်းကို ပိတ်ဆို့ တားမြစ်ပြီး၊ ငရဲပြည်(၈)ထပ်သို့ ချဉ်းကပ်ရာ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိလမ်းမကြီးကို ဖြစ်ပေါ်စေတာမို့ အင်မတန် ကြောက်စရာ ကောင်းပါတယ်။

http://mmteashop.com July 11, 2011

နှလုံးသွင်း မှားယွင်း ဆိုးဝါးမှုဟာ ကံတရားနဲ့ ပတ်သက်တဲ့ အမှန်အတိုင်း သိမြင်နိုင်မှုကို ချို့ယွင်းစေပြီး၊ မေတ္တာ၊ ကရုဏာစတဲ့ ပြဟ္မစိုရ် အစိုးအစေး ဓါတ်ကို ခန်းခြောက်စေကာ သစ္စာတရား အလင်းရောင်ကိုပါ ပျောက်ကွယ်ပျက်စီးစေပါတယ်။

နှလုံးသွင်း ဆိုးမှု ရောဂါကို ပျောက်ကင်းစေနိုင်တဲ့ တစ်ခုတည်းသော ဆေးနည်းကတော့ နှလုံးသွင်းကောင်းမွန်မှုနဲ့ အစားထိုး ကုသခြင်းပါပဲ။ နှလုံးသွင်း ကောင်းမွန်မှု ဆိုတာ သူတော်ကောင်းတွေရဲ့ အဖိုးမဖြတ်နိုင်တဲ့ ကိုယ်တွင်းအင်္ဂါတစ်ခု ဖြစ်ပါတယ်။ အဲဒီကိုတွင်းအင်္ဂါဟာ သဒ္ဓါ၊ မေတ္တာ၊ ပညာစတဲ့ သူတော်ကောင်း တရားတွေပေါ်မှာ အခြေတည် ဖြစ်ပေါ်လာတာပါ။

သဒ္ဓါတရားဆို အမြင်ကြည်လင်မှုပါ။ ယုံကြည်မှု ခွန်းအား ကြီးမားခြင်းဟာ နှလုံးသားရဲ့အလှတရား တစ်ခုဖြစ်ပါတယ်။ ကိုးကွယ်ရာအစစ်အမှန်နဲ့ ကံအရှိ၊ သံသရာ အရှိတွေကို မှန်မှန်ကန်ကန် ယုံကြည် လက်ခံတတ်တဲ့ သဒ္ဓါတရားဟာနှလုံးသားကို အမြဲတမ်း စိုပြည်လန်းဆန်း စေပါတယ်။

မေတ္တာတရားဆိုတာ သူတစ်ပါးအကျိုးစီးပွား လိုလားမှုပါ။ ချစ်ခင်ကြင်နာမှု အင်အားကြီးမားခြင်းဟာ နှလုံးသားရဲ့ ကောင်းမွန်မှုတစ်ခု ဖြစ်ပါတယ်။ လောကကို ချစ်ဖွယ်သော မျက်စိနဲ့ ကြည့်မြင်တတ်တဲ့ မေတ္တာတရားဟာ လောက ပါလတရားကို ထွန်းကားစေပြီး၊ နှလုံးစိတ်ဝမ်းကို အေးချမ်းပျော် ရွှင်စေပါတယ်။

ပညာဆိုတာကတော့ အမှန်တရားကို ဆုပ်ကိုင်ထားမှုပါ။ အရာရာကို ခွဲခြမ်း စိတ်ဖြာ လေ့လာ သုံးသပ်နိုင်မှု စွမ်းရည်ဟာ နှလုံးသားရဲ့ ရတနာ တစ်ပါးဖြစ်ပါတယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်ကို ခြေခြေမြစ်မြစ် စိစစ်နားလည်တတ်တဲ့ ပညာတရားဟာ နှလုံးအိမ်ကို သစ္စာရောင် ခြည်တွေနဲ့ လင်းထိန်နေစေပါတယ်။

http://mmteashop.com    July 11, 2011

သဒ္ဓါ၊ မေတ္တာ၊ ပညာတရားတွေနဲ့ ပြည့်ဝနေတဲ့ နှလုံးသားမှာ ဆိုးဝါးမှုတွေအတွက် ပေးစရာနေရာဆိုတာ လုံးဝ(လုံးဝ)မရှိပါ။ တကယ်တော့ နှလုံးသွင်းဆိုးမှုဆိုတာ လောဘ၊ ဒေါသ၊ မောဟတရား တွေရဲ့ သနားစရာသားကောင်တစ်ခုသာ ဖြစ်ပါတယ်။


အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ မတ်လ

ထထထထထထထထထထထထထထထထထ

❖ အဲဒီအခါ ဦးပဋ္ဌင်းက "ဘုရားရှင်ကို ပူဇော်ရာမှာအာမိသပူဇာလို့ခေါ်တဲ့ ပစ္စည်းဝတ္ထုနဲ့ ပူဇော်တာထက် ဓမ္မပူဇာလို့ခေါ်တဲ့ တရားနဲ့ ပူဇော်တာက ပိုမို ကောင်းမြတ်ပြီး ဘုရားရှင်လည်း နှစ်သက်တော်မူတာမို့ ဓမ္မစကြာ၊ ပဋ္ဌာန်းစတဲ့ တရားများနဲ့ ရွတ်ဖတ် ပူဇော်ခြင်း၊ နိုင်ငံကျော် ဓမ္မကထိကများကို ပင့်ဖိတ်ပြီး ညတရားပွဲများ ကျင်းပ ပူဇော်ခြင်းတွေကို ဆောင်ရွက်သင့်ကြောင်း" အကြံ ပေးတော် မူပါတယ်။
❖ ဒါပေမယ့် ဆရာတော်နဲ့ ရွာလူကြီးတွေက "တရားပွဲ ဆိုရင်လူစည်းကားမှာ မဟုတ်" လို့ အကြောင်းပြပြီး ဦးပဋ္ဌင်းရဲ့ အကြံပေးချက်ကို ငြင်းပယ်ကြပါတယ်။

"ဘုရားကလေး ငယ်ငယ်၊ ကိုးတောင် ပြည့်တယ်၊ ငယ်သာငယ် တယ်တွယ်တဲ့ ဘုရား။ လူသုံးဆယ် ခေါင်းတွေ ကွဲတယ်။ ရဲဌာနသွား။"

http://mmteashop.com　July 11, 2011



"ငယ်သာငယ် တယ်တွယ်တဲ့ ဘုရား ဗုဒ္ဓသာသနာတော်ဟာ ကမ္ဘာ့သူ ကမ္ဘာသားတွေ အတွက် မွန်မြတ်ပြီး၊ ရခဲတဲ့ ပဏ္ဏာတစ်ခု ဖြစ်ပါတယ်။ ကရုဏာနဲ့ ပညာကို အခြေခံထားပြီး လောကအကျိုး စီးပွားအတွက် တည်ဆောက်ထားတာမို့ လူသားတွေနဲ့ အံဝင်ခွင်ကျအဖြစ်ဆုံး ဘာသာတရား တစ်ခုလည်း ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ရဲ့ အနှစ်သာရ အထည်ကိုယ်ဟာ သစ္စာလေးပါးဖြစ်ပြီး ရည်မှန်းချက် ပန်းတိုင်က နိဗ္ဗာန်ဖြစ်ပါတယ်။ အကျင့်လမ်းစဉ်က မဂ္ဂင်ရှစ်ပါးဖြစ်ပြီး လက်စွဲတရားကတော့ ဖြုပ္ပမာဒ ... ဖြစ်ပါတယ်။ သိက္ခာသုံးဖြာ၊ သာသနာတော်သုံးရပ်၊ ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ရှိတဲ့ ဗုဒ္ဓ

သာသနာတော်ရဲ့ ကြီးမြတ်တဲ့ ဂုဏ်သိက္ခာဟာ အံ့ဖွယ်ရစ်ဖြာနဲ့ ပြည့်စုံတဲ့ မဟာသမုဒ္ဒရာကြီးတစ်ခုလိုပါ။

စ-လယ်-ဆုံး ကောင်းခြင်းသုံးပါးနဲ့ ပြည်စုံတဲ့ သာသနာတော်ဟာ ဖွဲ့စည်းပုံမှာလည်း စည်းကမ်း၊ နည်းလမ်း၊ သဘောတရား သုံးပိုင်းလုံး ပြည့်စုံကြွယ်ဝစွာ ပါရှိပါတယ်။ စည်းကမ်းပိုင်းဖြစ်တဲ့ ဝိနယပိဋကဟာ သာသနာတော်ရဲ့ အသက်ဖြစ်ပါတယ်၊ နည်းလမ်းပိုင်း ဖြစ်တဲ့ သုတ္တန္တပိဋကဟာ သာသနာတော်ရဲ့အလှ ဖြစ်ပါတယ်၊ သဘောတရားပိုင်း ဖြစ်တဲ့ အဘိဓမ္မာပိဋကဟာ သာသနာတော်ရဲ့ အနှစ်သာရဖြစ်ပါတယ်။ အသက်- အလှ- အနှစ်သာရတွေနဲ့ ပြည့်စုံကြွယ်ဝတဲ့ သာသနာတော်ဟာ ယဉ်ကျေးသိမ်မွေ့ပြီး လွန်စွာမှ အထက်တန်းကျ မြင့်မြတ်လှပါတယ်။

ဗုဒ္ဓသာသနာတော်ရဲ့ အထက်တန်းကျ မြင့်မြတ်လှမှုကို ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူအားလုံးက ရိုသေလေးမြတ် ပြုအပ်လှပါတယ်။ ဗုဒ္ဓသာသနာတော်ဟာ အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါ နှစ်ဖက်လှတဲ့ ဘာသာတရားတစ်ခုဖြစ်ပါတယ်။ စည်းကမ်းရှိမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ကိုယ်ချင်းစာနာ မေတ္တာထားမှု၊ သတိဉာဏ်ယှဉ်တတ်မှု စတာတွေဟာ ဗုဒ္ဓသာသနာတော်ရဲ့ လှပတဲ့ အသွင်သဏ္ဍာန်တွေဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဟာ "သန့်ရှင်း သပ်ရပ်မှုနဲ့ တိတ်ဆိတ် ငြိမ်သက်မှု"ကို လွန်စွာလိုလား မြတ်နိုးတော်မူပါတယ်။ လိုးလားမြတ်နိုးတော် မူတဲ့အတိုင်း "ဘုရားရှင်တို့ မည်သည် တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာမှာသာ မွေ့လျော်မြဲဖြစ်တယ် "လို့ မကြာခဏ မိန့်တော်မူပါတယ်။

တစ်ကြိမ်မှာ လက်ယာရံ အဂ္ဂသာဝကဖြစ်တဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် သန့်ရှင်းမှုနဲ့ ပတ်သက်လို့ ဘုရားရှင်ရဲ့ သတိပေး ဆုံးမမှုကို ခံရပါတယ်၊ နောက်ပြီး "ဝိနည်းအစ၊တံမြက်လှည်းမှုက "လို့ ဆိုးရိုးရှိတဲ့အတိုင်း ကုဋေကိုးထောင်ကျော် စည်းမျဉ်း ဥပဒေ တွေပါရှိတဲ့ ဝိနည်းပိဋကရဲ့နိဒါန်းကိုလည်း တံမြက်လှည်းမှုကျင့်ဝတ်နဲ့ စတင်ထားရှိတော် မူခဲ့ပါတယ်။ ကျောင်းတော်တွင်းမှာ ဆူညံသံပြုကြတဲ့ ရဟန်းငယ်၊ ရှင်ငယ်

http://mmteashop.com July 11, 2011

တွေကိုလည်း "ငါးစိမ်းသည်တွေ ရန်ဖြစ်သလိုပဲ"လို့ ရှုတ်ချတော်မူကာ နှင်ထုတ်စေခဲ့ပါတယ်။ ရဟန်းတော်အများ စုဝေးရာမှာလည်း ပြောကြားလိုရင် တရားစကားကိုသာ တိုးတိတ်ညင်သာစွာ ပြောဆိုနိုင်ပြီး၊ မပြောကြားလိုရင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေရမယ်လို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် "သန့်ရှင်းသပ်ရပ်မှုနဲ့ တိတ်ဆိတ်ငြိမ်သက်မှု" တွေဟာ အထက်တန်းကျမြင့်မြတ်လှတဲ့ ဗုဒ္ဓသာသနာတော်ကြီးရဲ့ ကောင်းမြတ်တဲ့ ဂုဏ်အင်္ဂါတွေဖြစ်တယ်ဆိုတာ သတိပြု ထိန်းသိမ်းကြရမှာပါ။ ယခုအခါမှာတော့ သာသနာတော်ရဲ့ မြင့်မြတ်တဲ့ ဒီဂုဏ်ကျက်သရေတွေဟာ တစ်စတစ်စဆုတ်ယုတ်လျော့ပါးလာ ရုံမက မယဉ်ကျေးကြတဲ့ အောက်တန်းစား ဘာသာဝင် တချို့ကြောင့် လုံးဝပျက်စီး နေကြပါပြီ၊ မွန်မြတ်တဲ့ အနှစ်သာရတွေကြောင့် ဗုဒ္ဓသာသနာတော်ကို မြတ်နိုးတန်ဖိုးထား၊ စိတ်ဝင်စားကြတဲ့ နိုင်ငံခြားသားတွေဟာ ဗရုတ်သုတ်ခ၊ ပရမ်းပတာ၊ ဝရုန်းသုန်းကား ဖြစ်နေကြတဲ့ ဘာသာရေး အခမ်းအနားတချို့ကို ကြည့်ပြီးစိတ်ပျက် အထင်သေး သွားတတ်ကြပါတယ်။

စည်းကမ်းကြီးတဲ့ ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ယုံကြည်သူတွေဟာ စည်းကမ်းရှိသင့်ကြပါတယ်။ ယဉ်းကျေးသိမ်မွေ့တဲ့ ဗုဒ္ဓသာသနာတော်ကို မှီခိုနေကြသူတွေဟာ ယဉ်းကျေးသိမ်မွေ့သင့်ကြပါတယ်။ အထက်တန်းကျ မြင့်မြတ်လှတဲ့ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သက်ဝင် ကြသူတွေဟာ အထက်တန်းကျ မြင့်မြတ်သင့်လှပါတယ်။ ဒီအကြောင်းနဲ့ ဆက်နွယ်ပြီး ပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြ ချင်ပါတယ်။

http://mmteashop.com July 11, 2011

## ယယ်သာငယ် တယ်တွယ်တဲ့ဘုရား

တစ်ခါတုန်းက အထက်အညာမှာ "သာစည်"ဆိုတဲ့ ကျေးရွာတစ်ရွာ ရှိခဲ့ဖူးတယ်။ အိမ်ခြေ(၃၀၀)လောက်ရှိတဲ့ အဲဒီရွာမှာ ကိုးကွယ်စရာ စေတီပုထိုး မရှိသေးဘူးတဲ့။ တစ်နေ့တော့ ရွာဦးကျောင်းဆရာတော်ဟာ အိမ်မက်အရဆိုပြီး ကျောင်းဝင်းထဲမှာ ရွာသူ ရွာသားတွေ ကိုးကွယ်ဖို့ရာ စေတီငယ်တစ်ဆူ တည်တော်မူပါတယ်။ ဆရာတော်ဟာ ဘယ်ဒကာ၊ ဒကာမထံမှ အလှူမခံဘဲ ကိုယ်ပိုင်နဝကမ္မနဲ့ တည်တော်မူတာမို့ ကိုးတောင် ပြည့်ရုံပဲရှိသတဲ့။

စေတီတော်တည်ပြီး သွားတဲ့အခါ ထီးတော်တင်ပွဲ ကျင်းပဖို့ရန် ရွာလူကြီး တွေကိုခေါ်ပြီး ဆွေးနွေး တိုင်ပင်ပါတယ်။ ရွာလူကြီးတွေကလည်း ရွာမှာကိုးကွယ်ဖို့ရာ စေတီတော် တစ်ဆူအခုလို ဖြစ်တော် မူလာတာကို ဝမ်းသာအားရ ဖြစ်တာမို့ ထီးတင်ပွဲကို စည်းကား သိုက်မြိုက်စွာ ကျင်းပဖို့ အလှူငွေများ ကောက်ခံပေးမှာဖြစ်ကြောင်း လျှောက်ထားကြပါတယ်။ အဲဒီအချိန် မန္တလေးမှာစာလိုက် နေတဲ့ အာဂန္တု ဦးပဥ္ဇင်း တစ်ပါးလည်း ရွာဦးကျောင်းမှာ ရောက်ရှိနေတာမို့ ဆရာတော်က "ထီးတော်တင်ပွဲ စည်ကားအောင် ဘယ်လိုကျင်းပရရင် ကောင်းမလဲ"လို့ အကြံဉာဏ် တောင်းခံပါတယ်။

အဲဒီအခါ ဦးပဥ္ဇင်းက"ဘုရားရှင်ကို ပူဇော်ရာမှာ အာမိသပူဇာလို့ခေါ်တဲ့ ပစ္စည်းဝတ္ထုနဲ့ ပူဇော်တာထက် ဓမ္မပူဇာလို့ခေါ်တဲ့ တရားနဲ့ပူဇော်တာက ပိုမိုကောင်းမြတ်ပြီး ဘုရားရှင်လည်း နှစ်သက်တော် မူတာမို့ ဓမ္မစကြာ၊ ပဋ္ဌာန်းစတဲ့တရားများနဲ့ ရွတ်ဖတ် ပူဇော်ခြင်း၊ နိုင်ငံကျော်ဓမ္မကထိက များကို ပင့်ဖိတ်ပြီး ညတရားပွဲများ ကျင်းပ ပူဇော်ခြင်း တွေကိုဆောင်ရွက် သင့်ကြောင်း" အကြံပေးတော် မူပါတယ်။ ဒါပေမယ့် ဆရာတော်နဲ့

http://mmteashop.com July 11, 2011

ရွာလူကြီးတွေက "တရားပွဲဆိုရင် လူစည်းကားမှာမဟုတ်"လို့ အကြောင်းပြပြီး ဦးပဥ္စင်းရဲ့ အကြံပေးချက်ကို ငြင်းပယ်ကြပါတယ်။

နောက်ဆုံး အများဆန္ဒအရဆိုပြီး ဇာတ်ပွဲထည့်ရန် ဆုံးဖြတ်ကြပါတယ်၊ နာမည်ကြီး ဇာတ်ပွဲကို မန္တလေးမြို့အထိတက်ပြီး ငှားရမ်းကြတာမို့ ငွေတွေသိန်းနဲ့ချီပြီး ကုန်ပါတယ်။ ထီးတင်ပွဲမကျင်းပမီ ရက်တစ်ပတ်လောက်ကတည်းက စေတီတော်နဲ့ မလှမ်းမကမ်း ကွင်းပြင်ကျယ်ထဲမှာ ဇာတ်စင်ကြီးကို ဟည်းနေအောင် ဆောက်ထား ကြတာမို့ ဘုရားကယ်ငယ် ဇာတ်စင်ကကြီးကြီး ဖြစ်နေတာပေါ့။ ထီးတင်ပွဲနေ့ ရောက်တဲ့ အခါ မနက်စောစောမှာပဲ ရွှေထီးတော်ကို တင်လှူကြပါတယ်။ ပင့်သံဃာတော် (၁၀)ပါးနဲ့ ရွာလူကြီးတွေသာ ပါဝင်ကြတာမို့ သိပ်စည်စည်ကားကားကြီး မဖြစ်သေးပါဘူး။

ဒါပေမယ့် ညနေခင်းမှာတော့ ရွာနီးချုပ်စပ်က ဧည့်သည်တွေရော ရွာထဲရှိလူပျို၊ အပျို ကာလသား အဘိုးကြီးအမယ်အိုပါမကျန် ထွက်လာကြတာမို့ ဇာတ်စင်ရှေ့မှာ စည်ကားနေတဲ့ လူအုပ်ကြီးဟာ မနည်းဘူးတဲ့။ ညဇာတ်ပွဲ ကပြချိန်မှာတော့ တိုးမပေါက်အောင် စည်ကားသတဲ့။ အဲဒီအချိန် ကျောင်းဝန်းထဲမှာ တည်ထားတဲ့ ကိုးတောင်ပြည့် စေတီတော်ကလေး နံဘေးမှာတော့ လုပ်လီလုပ်လဲ့ လင်းနေတဲ့ ဖယောင်းတိုင် ကလေးတစ်တိုင် နှစ်တိုင်က လွဲလို့ လူတစ်ယောက်မျှ မရှိပါဘူး။

အဲဒီလိုနဲ့ နာမည်ကြီးဇာတ်ပွဲကြီး ကပြအသုံးတော်ခံတာ တစ်နာရီလောက်သာ ရှိသေးတဲ့ အချိန်မှာ ရွာခံလူတွေနဲ့ တခြားရွာကလူတွေဟာ ပွဲခင်းထဲမှာ နေရာလုရာက ရန်ဖြစ်ကြလို့ ရိုက်ပွဲဖြစ်ကြသတဲ့။ တစ်ဦးနဲ့တစ်ဦးတွေကရော သစ်သားချောင်း၊ အုတ်ခဲတွေနဲ့ ပစ်ပေါက်ရိုက်နက်ကြတာမို့ ခေါင်းကွဲသူကွဲ၊ အလဲလဲအပြိုပြိုနဲ့ လူသုံးဆယ်လောက် ဒဏ်ရာရကြတယ်။ အဲဒီလူတွေကို ရွာလူကြီးက ဖမ်းခေါ်သွားပြီးရဲဌာနမှာ အမှု တိုင်ချက် ဖွင့်ရတယ်။ ရဟန်းငယ်တွေနဲ့ လုံခြုံရေး တာဝန်ရှိသူတွေဟာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတဲ့ ပွဲခင်းရှိ လူအုပ်ကို ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြစ်အောင် မနည်းထိန်း ကြရတယ်။

http://mmteashop.com July 11, 2011

အဲဒီ အခြင်းအရာကို ပွဲခင်းထဲ လမ်းလျှောက်လာတဲ့ မန္တလေးက ဦးပဥ္စင်းက တွေ့မြင်သွားတဲ့ အခါ "အင်း.. ငါ အကြံပေးသလိုသာ တရားနဲ့ ပူဇော်ကြရင် အခုလိုဖြစ်ကြမှာ မဟုတ်ဘူး၊ အခုတော့ ဘုရားကို မတရားနဲ့ ပူဇော်ကြလို့ မဟုတ်မဟတ်တွေ ဖြစ်ကုန်ကြပြီ။ တကယ်တော့လူတွေဟာ ကိုယ့်ရဲ့ အပျော်အပါး လိုက်စားလိုမှုကို ဘုရားအကာအကွယ်ယူပြီး ဘုရားပွဲ၊ ထီးတင်ပွဲ၊ ဘာပွဲ၊ ညာပွဲတွေ လုပ်နေကြတာပါ။ ဘုရားကို ပူဇော်ရာ မရောက်ဘဲ "စော်ကားရာတောင် ရောက် သေးတယ်" လို့ တွေးမိပြီး မချင့်မရဲဖြစ်လာရာက "ဒွေးချိုး" တစ်ပုဒ်စပ်ဆိုလိုက်ပါတယ် -

"ဘုရားကလေး ငယ်ငယ်၊

ကိုးတောင်ပြည့်တယ်၊

ငယ်သာငယ် တယ်တွယ်တဲ့ဘုရား။

လူသုံးဆယ် ခေါင်းတွေ ကွဲတယ်။

ရဲဌာနသွား။"

ပုံပြင်ထဲက အဖြစ်အပျက်တွေဟာ အပြင်မှာလည်း တကယ်ဖြစ်နေတာပါ။ ဒီထက်သာ ဆိုးရင် ဆိုးမယ်၊ ဒီထက်တော့ မလျော့နည်းနိုင်ပါဘူး။ ဒီလို အဖြစ်ဆိုးတွေကို ပညာရှိ သူတော်ကောင်းတွေက မနှစ်သက်ပါဘူး။ ပြုပြင်လိုကြပေမယ့် အများစုနဲ့ တစ်ယောက်တည်းမို့ "သံဃာအား ဘုရားမလွန်ဆန်သာ" ဆိုသလို လက်လျှော့ နေကြရမှာပါ။ ဒါတောင် တတ်နိုင်သလောက် ပြုပြင်ပေးကြပါသေးတယ်။ လယ်တီ ဆရာတော်ကြီးက "တစ်နှစ်တစ်ခါ၊ ငရဲရွာ၊ လူ့ရွာဘုရားပွဲ" လို့သံပေါက် ရေးခဲ့သလို၊ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသကလည်း "ပွက်လောဆူညံ၊ လူသံပွဲတို့၊ ကျောင်းဘုရားထဲ လုပ်ကြသည်။ ဗုဒ္ဓအယူ၊ အတွင်းလူဖျက်လို့၊ ဘာသာပျက်၍ ခက်လိမ့်မည်" ဟု ကဗျာရေးစပ်ခဲ့ ပါတယ်။



http://mmteashop.com July 11, 2011


အချင်းချင်း မသင့်မတော် မလျော်တာတွေတွေ့ရင် ဆုံးမသွန်သင် ပြုပြင်ပေးခြင်းဟာ မွန်မြတ်တဲ့ သာသနာ့ယဉ်ကျေးမှု တစ်ခုဖြစ်ပါတယ်။ မေတ္တာ၊ ကရုဏာ ရှေ့ထားပြီး အချင်းချင်း အမှားပြင်ပေးခြင်းဟာ ကြီးပွားတိုးတက်ကြောင်း၊ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးလည်း ဖြစ်ပါတယ်။ ဒီသာသနာတော်ဟာ အလေးအမြတ်ပြုအပ် ရင်နဲ့ကပ်ထားရမယ့် သာသနာတော်၊ ရိုသေမြတ်နိုး၊ ဦးနှိမ်ချိုးရမယ့် သာသနာတော် ဖြစ်ပါတယ်။ ဒီသာသနာတော်အတွက် ချွေးနဲ့ရင်း၊ သွေးနဲ့ရင်း၊ အသက်နဲ့ ရင်းခဲ့ရတဲ့ ဗုဒ္ဓမြတ်စွာရဲ့ စွန့်ခြင်းကြီးတွေ ပြန်လည်တွေးဆ သတိရမိရင် မြတ်စွာဘုရားရဲ့ ကရုဏာတော်ကို စော်ကားဖို့ဆို ဝေးစွ၊ မျက်ရည်ပေါက်ပေါက်တောင် ကျလာနိုင်တယ်။

ဘုရားရှင်ကို ရိုသေတာ၊ တရားတော်ကို မြတ်နိုးတာ၊ သံဃာတော်ကို ရိုကျိုးတာ၊သာသနာကို လေးစားတာ၊ မိမိကိုယ်ကို တန်ဖိုးထားတာတွေဟာ လောက၊ သာသနာ ကြီးပွားကြောင်းတွေပါ။ ဆရာ၊ မိဘစသူတွေကို ကိုယ်ကမှ မလေးစားရင် တခြားသူတွေက အရိုအသေ တန်တတ်ပါတယ်။ အဲဒီလိုပါပဲ။ ဗုဒ္ဓသာသနာတော်ကို မိမိတို့ကမှ မမြတ်နိုးရင် တခြားဘာသာဝင်တွေက တန်ဖိုးထားကြမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ ဗုဒ္ဓသာသနာတော်နဲ့စပ်တဲ့ အခမ်းအနားကြီးငယ်အသွယ်သွယ်မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို ဦးထိပ်တင် ပန်ဆင်ပြီး ရိုသေလေးမြတ် ပြုလုပ်အပ်ကြပါတယ်။ တကယ့်တော့ "ရေမြင့်ရင်ကြာတင့်" သလို ဗုဒ္ဓသာသနာတော်ရဲ့ ဂုဏ်ကျက်သရေဟာ မိမိတို့ရဲ့ ဂုဏ်ကျက်သရေပဲ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ ဧပြီလ

http://mmteashop.com July 11, 2011



အစွဲအလမ်းတွေကြောင့် အမျှော်အကြောက်တွေ ဖြစ်ပေါ် လာရသလို အမျှော်အကြောက်ကြီးလို့ အစွဲအလမ်းတွေ ခိုင်မြဲနေတာပါ။

## သာချစ်နဲ့ သူ၏ရုပ်တုများ

သတ္တဝါတွေကို ပြဿနာပေါင်းစုံနဲ့ နာခေါင်း ကျည်ပွေ့ တွေ့စေသူ အဓိက တရားခံဟာ ဥပါဒါန်လို့ခေါ်တဲ့ “အစွဲအလမ်း” တွေပဲ ဖြစ်ပါတယ်။

အထင်အမြင်လွဲမှားမှု၊ သာယာမှု အကြောင်းတရား နှစ်ခုဟာ အစွဲအလမ်းတွေရဲ့ ရေသောက်မြစ် ဖြစ်ပါတယ်။ ငှက်ဆိုးထိုးသံဟာ မင်္ဂလာမရှိဘူး ဆိုတာကစပြီး သင်္ချိုင်းရတရား



http://mmteashop.com July 11, 2011

အစုကို ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ထင်မြင်မှုအဆုံး မှားယွင်းတဲ့စွဲလမ်းမှုတွေဟာ အထင်အမြင်လွဲမှု အပေါ်မှာ အခြေခံပြီး သားစွဲ၊ မယားစွဲ စတဲ့ ကာမဂုဏ် အာရုံစွဲတွေ ကတော့ သာယာမှုအပေါ်မှာ အခြေခံပါတယ်။ ဒိဋ္ဌိနဲ့တဏှာဆိုတဲ့ ရေသောက်မြစ် နှစ်မြွာ ရှိတဲ့ ဒီဥပါဒါန်တရားတွေဟာ အမျှော်နဲ့ အကြောက်ဆိုတဲ့ ဘေးထွက်ဆိုးကျိုး နှစ်မျိုးကိုလည်း ဖြစ်ပေါ်စေပါတယ်၊ အစွဲအလမ်းကြီးရင် ကြီးသလောက် အမျှော်၊ အကြောက် ကလည်း ကြီးတတ်ပါတယ်။

အမျှော်၊ အကြောက်တွေဟာ တည်ငြိမ်မှုကို ပျက်ပြားစေပြီး ဘဝခရီးကိုလည်း ကသိကအောက် ဖြစ်စေပါတယ်၊ "ဥပါဒါန်ကြောင့် ဥပဒ်ရောက်တယ်"ဆိုတဲ့ စကားအတိုင်း ဘဝရဲ့ တစ်ရာရာခိုင်းနှုန်းသော ဒုက္ခတွေဟာ ဥပါဒါန်ကြောင့် ဖြစ်ရတာပါ။ ဥပါဒါန် တရားတွေဟာ ဘဝမှာ မလိုအပ်မကောင်းမြတ်တဲ့ အရာတွေကို လိုအပ် ကောင်းမြတ်တဲ့ အရာတွေအဖြစ်ဖက်တွယ်ဆုပ်ကိုင် ထားစေခြင်းဖြင့် ဘဝဝန်ထုပ်ကို ပိုမို လေးလံစေရုံ သာမက၊ ပညာရှိတို့ရဲ့ အလယ်မှာလည်း ရယ်ဖွယ်၊ ရှက်ဖွယ်ကို ဖြစ်စေပါတယ်။

အစွဲအလမ်းနဲ့ အမျှော် အကြောက်တရားတွေဟာ အကျိုးအကြောင်း နိယာမအနေနဲ့ လည်ပတ်နေတဲ့ စက်ဝန်းဖြစ်ရပ်တစ်ခုပါ။ အစွဲအလမ်းတွေကြောင့် အမျှော် အကြောက်တွေ ဖြစ်ပေါ် လာရသလို အမျှော်အကြောက်ကြီးလို့ အစွဲအလမ်းတွေ ခိုင်မြဲနေတာပါ။ တကယ်လို့ အမျှော်အကြောက်တွေ ကင်းသွားရင် အစွဲအလမ်းတွေ ရှင်းသွားမှာဖြစ်သလို အစွဲအလမ်းတွေ ရှင်းသွားရင်လည်း အမျှော်အကြောက်တွေ ကင်းသွားမှာပါ။

ကရုဏာနဲ့ ပညာတရားတို့ လင်းလက်တောက်ပရာ ဘုရားရှင်ရဲ့ အဆုံးအမ ဗုဒ္ဓသာသနာတော်မှာ အစွဲအလမ်းကြီးခြင်းနဲ့ အညှာလွယ်ခြင်းတွေဟာ မလိုလားအပ်တဲ့ အစွန်းရောက်မှုတွေ ဖြစ်ပါတယ်။ အစွဲအလမ်းကြီးခြင်းဟာ အသိဉာဏ်ခေါင်းပါးမှုရဲ့ ရလဒ်ဖြစ်သလို အညှာလွယ်ခြင်းဟာလည်း ယုံကြည်ချက် သဒ္ဓါကင်းမဲ့မှုရဲ့ ပြယုဂ်



http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

တစ်ခုဖြစ်ပါတယ်။ ဝိဘဇ္ဇဝါဒလို့ခေါ်တဲ့ အရာဌာနအား လျော်စွာ ခွဲခြမ်းစိတ်ဖြာ ဝေဖန် သုံးသပ် နိုင်စွမ်း ရှိမှုကသာ အဲဒီအစွန်း နှစ်ဖက်က ကင်းလွတ်စေပြီး ဗုဒ္ဓ မြတ်စွာ အလိုတော်ကျ မှန်ကန်တဲ့ ဘဝအမြင်ရှိသူ ဖြစ်စေနိုင်ပါတယ်။

တစ်ခါတစ်ရံ အစွဲအလမ်းက အမျှော်အကြောက်ကို ဖြစ်ပေါ်စေပြီး အမျှော် အကြောက်က ကိုးကွယ်ရာကိုပါ ထပ်ဆင့် ဖြစ်ပေါ်စေပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ပုံပြင် တစ်ပုဒ်ပြောပြချင်ပါ တယ်။

ꩤꩡꩡꩤꩤꩡꩡꩤꩤꩡꩡꩤꩤꩤꩡꩡꩤ

## သာချစ်နဲ့ သူ၏ရုပ်တုများ

တစ်ခါတုန်းက ချင်းတွင်း မြစ်ရိုးက စခန်းသာဆိုတဲ့ ရွာတစ်ရွာမှာ သာချစ်လို့ ခေါ်တဲ့ လူငယ် တစ်ဦးရှိခဲ့ဖူးတယ်။ သာချစ်ဟာ ငယ်စဉ်ကတည်းက မိဘတွေ ကွယ်လွန် တာမို့ ဦးရိုးတော်သူ သူကြီးက မွေးစားခဲ့ရသတဲ့။

ဦးရိုးတော်သူ သူကြီးက စိတ်ကောင်း ရှိသူဖြစ်ပေမယ့် ရပ်ရေးရွာရေးကြောင့် သာချစ်ကို ဂရုမစိုက်နိုင်ဘူး၊ သူကြီးကတော်တော့ သဘောထား ဆိုးသူပီပီ သာချစ်ကို မချစ်ခင်တဲ့ အပြင် အလုပ်နဲ့လက် မပြတ်အောင် ခိုင်းတတ်တယ်။ မကြာခဏ တောထဲကိုသွားပြီး ထင်းခုတ် ခိုင်းတတ်သတဲ့။ အိမ်မှာ မပျော်တဲ့ သာချစ်ဟာ တောထဲကို

သွားပြီး ထင်းခုတ်သွားရတာ အင်မတန်ပျော်တာပေါ့။ တောသွားရရင် တစ်နေကုန် တောထဲမှာ အချိန်ကုန်အောင်နေပြီး ညနေစောင်းမှ အိမ်ကို ပြန်လာလေ့ရှိတယ်။

ကျောင်းတွေဘာတွေ မနေရလို့ စာမတတ်တဲ့ သာချစ်ဟာ တောထဲ တောင်ထဲ ရောက်တဲ့အခါ ကြားဖူးနားဝနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို ရှိခိုးပြီး ပါလာတဲ့ ထမင်းထုပ်ကိုလည်း သစ်ပင်ပေါ်တင်ကာ ပူဇော်လေ့ရှိပါတယ်။ တစ်နေ့တော့ သာချစ်ဟာ ထင်းခုတ်ရင်း အလေးအပေါ့စွန့်ချင်တာကို မထိန်းနိုင်တာမို့ တစ်နေရာဝင်ပြီး အလေးအပေါ့ စွန့်သတဲ့။ အလေးအပေါ့ စွန့်နေတုန်း ဖြုန်းခနဲ သူ့ရှေ့မှာ ပါးပျဉ်းထောင်နေတဲ့ တောကြီး မြွေဟောက်တစ်ကောင် ပေါ်လာတယ်။ လက်နက်မဲ့ဖြစ်နေလို့ သေမှာကြောက်နေတဲ့ သာချစ်ဟာ "တောစောင့်နတ် တောင်စောင့်နတ်မင်းကြီးများ ကယ်မတော် မူပါ"လို့ စိတ်ထဲက တမိလိုက်သတဲ့။

အဒီအချိန်မှာပဲ သာချစ် နောက်ကျောဘက် သစ်ပင်ကြီးပေါ်က သိန်းငှက်ကြီး တစ်ကောင်ဟာ ရုတ်တရက် ဆင်းလာပြီး မြွေဟောက်ကြီးကို သုတ်ချီသွားတယ်။ အဲဒီတော့မှ သာချစ်ဟာ ဝမ်းသာအားရ ထပြီး အိမ်ကို အပြေးပြန်လာခဲ့တယ်။ အမောတကော တောထဲကပြန်လာတဲ့ သာချစ်ဟာ သူကြီး အိမ်မှာ ကိစ္စတစ်ခုနဲ့ စုဝေး နေကြတဲ့ ရွာသားတွေကို သူ့ရဲ့ သည်းထိတ်ရင်ဖို ဖြစ်ရပ်ကြီးအကြောင်း စီကာပတ်ကုံး ပြောပြပါတယ်။ အဲဒီလိုပြောပြတဲ့အခါ သူ သစ်ပင်အောက်ဝင်ပြီး အလေးအပေါ့ စွန့်တာကို သစ်ပင်စောင့်နတ်က မကြိုက်လို့ နတ်မြွေနဲ့ ကိုက်ခိုင်းတာ ဖြစ်ကြောင်း၊ သူက တောစောင့်နတ် မင်းကြီးကို ပူဇော်ပသသူဖြစ်လို့ တောစောင့်နတ်မင်းကြီးက သူ့ကို သိန်းငှက် ယောင်ဆောင်ပြီး ကယ်မတာ ဖြစ်ကြောင်းတွေကိုလည်း အသားပေးပြီး ပြောပြတာပါ။

ရိုးသားတဲ့ စခန်းသာ ရွာသားတွေဟာ သာချစ် ပြောပြတာကို ယုံကြည် လက်ခံ ကြပါတယ်။ နောက်ပြီး သိန်းငှက်ဟာ တောစောင့်နတ် မင်းကြီးရဲ့ ကိုယ်ပွားဖြစ်တာမို့

http://mmteashop.com July 11, 2011

အဲဒီငှက်ကြီးကို တောထဲမှာ တွေ့ရင် အန္တရာယ်မပေးကြဖို့ လမ်းညွှန်တာကိုလည်း လိုက်နာကြပါတယ်။ ဒီလောက်နဲ့မှ အားမရသေးတဲ့ သာချစ်ဟာ သူ့ကျေးဇူးရှင် သိန်းငှက်ကြီးရဲ့ ရုပ်တုတစ်ခုကိုလည်း သူကိုယ်တိုင် ထုလုပ်ပြီး တောစပ်မှာ တောစောင့် နတ်ကွန်း အဖြစ် ဆောက်လုပ် ပူဇော်ထားပါတယ်။ သာချစ်ရဲ့ ကောင်းမှုကြောင့် စခန်းသာ ရွာသားတွေဟာ တောထဲကိုသွားကြတိုင်း တောစပ်က တောစောင့်နတ် သိန်းငှက်ရုပ်ကို ပူဇော်ကန်တော့ပြီးမှသာ တောထဲကို ဝင်ကြပါတော့တယ်။

ဒီလိုနဲ့ အရွယ်ရောက်လာတဲ့ သာချစ်ဟာ သူကြီးကတော်ရဲ့ ဒဏ်ကိုမခံနိုင်တာမို့ သူကြီးအိမ်မှာ မပျော်တော့သလို စခန်းသာရွာမှာလည်း မနေချင်တော့ဘူးတဲ့။ ဒါနဲ့ မြစ်ရိုးက လှေတစ်စင်းပေါ်မှာ လှေထိုးသားအဖြစ် လိုက်သွားတယ်။ သာချစ်ဟာ ချင်းတွင်းမြစ်ရိုးမှာ စုန်ချီ ဆန်ချီ လှေထိုးသားအဖြစ် ပျော်နေရင်း တစ်နေ့တော့ မြစ်ထဲက လူတစ်ရပ်စာ (၈)ပေ လောက်ရှိတဲ့ ကျွန်းတုံးတစ်ခုကို ဆယ်ယူရတာနဲ့ အပျင်းပြေ လှေပေါ်မှာပဲ ပန်းပုရုပ်တစ်ခု ထုသတဲ့။

ပထမတော့ သာချစ်ဟာ "နတ်သမီးရုပ်"ထုမလို့ စိတ်ကူးသတဲ့။ ဒီလိုနဲ့ ရုပ်တုရဲ့ ကိုယ်ထည် ပိုင်းထုပြီးသွားတဲ့အခါ နတ်သမီးရဲ့ မျက်နှာပိုင်းကို အနုစိတ်ပုံဖော်ရတာပေါ့။ ပုံဖော်ရင်း၊ ပုံဖော်ရင်းနဲ့ သူကြီးကတော်ရဲ့ မျက်နှာပေါက်ဆိုးဆိုးက စိတ်ထဲမှာ ခဏခဏ ပေါ်လာတာမို့ သာချစ်ရဲ့ရုပ်ထုဟာ ခန္ဓာကိုယ်က နတ်သမီးလိုလှပေမယ့် မျက်နှာက ဘီးလူးမလို အရုပ်ဆိုးသတဲ့။ ဒါနဲ့ သူ့ရုပ်တုကို သာချစ်က "မြစ်စောင့်နတ် ဘီလူး"လို့ နာမည် ထိုးပေးလိုက်တယ်။

ရုပ်တုထုပြီးလို့ မကြာခင်မှာပဲ သာချစ်တို့လှေဟာ မြစ်လယ်မှာ မုန်းတိုင်းနဲ့ တိုးပြီး နစ်မြုပ်သွားတယ်၊ သာချစ်တို့လှေထိုးသားတွေသာ အသက်လုပြီး ရေကူးနိုင်ကြလို့ သေဘေးက လွတ်ကြရတာ၊ သာချစ်လည်း နောက်လှေတစ်စီးမှာ အလုပ်ရဖို့ အဆင်မပြေ သေးတာနဲ့ ကုန်းပေါ်မှာပဲ တစ်နှစ်၊ နှစ်နှစ်လောက် ကြာသွားသတဲ့။ နောက်တော့ လှေ

http://mmteashop.com July 11, 2011

အသစ် တစ်စီးမှာ လှေထိုးသား အဖြစ် အလုပ်ရတာနဲ့ သာချစ်လည်း မြစ်ရိုးကို စုန်ဆင်း လာပါတယ်။

ဒီလိုနဲ့ ချင်းတွင်းမြစ်ကွေ့ တစ်ခုမှာလှေတွေဟာ ကမ်းကိုကပ်ပြီး မြစ်စောင့်နတ်ကို ပူဇော်ပသရတယ်ဆိုပြီး သာချစ်တို့လှေလည်း ကမ်းကိုကပ်ရတာပေါ့။ ကမ်းပေါ် ရောက်တဲ့အခါ နတ်ကွန်းတစ်ခုမှာ မြစ်စောင့်နတ် ဘီလူးမဆိုတာကို လှေသူကြီးနဲ့တကွ လှေထိုးသားတွေ အားလုံးက ကန်တော့ကြရပြီး၊ လှေသူကြီးကတော့ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ထွန်းညှိပြီး ငွေကြေး အနည်းငယ်ကိုပါ ဆက်သရပါတယ်။ အဲဒီလို ပူဇော် ပသမှ ရေလမ်းခရီးဟာ အဆင်ပြေ ချောမောပြီး အန္တရာယ် ကင်းတယ်လို့ ယူဆကြသတဲ့။ တကယ်လို့ မပူဇော်မပသဘဲ ဒီနေရာကို ကျော်ဖြတ်သွားရင် အနှောင့်အယှက် တွေ့ပြီး ခရီးဖင့်တတ် တယ်လို့ ယုံကြည်နေကြတယ်။

ဒါပေမယ့် သာချစ်ကတော့ အင်မတန် အံ့သြနေတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမြစ်စောင့်နတ် ဘီလူးမ ရုပ်တုဟာ သူ့အပျင်းပြေ ထုလုပ်ခဲ့တဲ့ အရုပ်ဖြစ်နေ လို့ပဲ။ တကယ်တော့ သာချစ်တို့ ယခင် လှေဟာ မြစ်လယ်မှာ မှန်တိုင်းမိပြီး မြုပ်သွားစဉ် ဒီရုပ်တုဟာ လှေထဲကနေ ထွက်ပြီး မြစ်ရိုးအတိုင်း မျောပါလာရာ၊ ဒီအနီးအနားက တံငါလှေတွေက တွေ့ရှိဆယ်ယူပြီးကမ်းပေါ်မှာ နတ်ကွန်းဆောက်ပေးထားတာပါ။ အဲဒါ တဖြည်းဖြည်းနဲ့ ပူဇော် ပသတဲ့ လှေတွေများလာပြီး အခုလို တန်ခိုးထွားတဲ့ မြစ်စောင့် နတ်ဘီလူးမ အဆင့်ရောက်လာတာပါ။

ဒါနဲ့ သာချစ်က လှေပေါ် ပြန်ရောက်တဲ့အခါ ကမ်းပေါ်က မြစ်စောင့်ဘီလူးမဆိုတာ တကယ့် နတ်မဟုတ်တဲ့ အကြောင်း၊ သူ့အပျင်းပြေ ထုထားတဲ့ ရုပ်တုကို မြစ်ထဲက ဆယ်ယူပြီး နတ်ကွန်းလုပ်ထားတာ ဖြစ်ကြောင်း ပြောပြပါတယ်။ ဒါပေမယ့် လှေထိုး သားတွေက လက်မခံဘဲ ဒီလို မရိုမသေ မပြောဖို့၊ လမ်းခရီးမှာ အနှောင့်အယှက် ဖြစ်တတ်ကြောင်း သာချစ်ကို ဆုံးမကြပါတယ်။



http://mmteashop.com July 11, 2011

တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို ရေကြောင်း မကျွမ်းကျင်သေးတဲ့ လှေသူကြီး အသစ်ကြောင့် သာချစ်တို့ လှေဟာ မကြာခဏ မြစ်လယ်မှာ သောင်တင်ပါတယ်။ လှေထိုး သားတွေက ဒီလိုဖြစ်ရတာဟာ မြစ်စောင့်နတ်ဘီလူးမကို သာချစ်က မရှိမသေပြောလို့ ဖြစ်ရတာဆိုပြီး သာချစ်ကို အပြစ်တင်ကြပါတယ်။ သာချစ်ဟာ အင်မတန် စိတ်ဆိုး ဒေါသ ထွက်ပေမယ့် ဘာမျှ ပြန်မပြောဘဲ ခပ်မဆိတ်ပဲ နေပါ တယ်။

ဒီလိုနဲ့ အောက်အကြေမှာ အရောင်းအဝယ်ကိစ္စတွေ ပြီးတဲ့အခါ သာချစ်တို့လှေဟာ အညာကို ပြန်ဆန်တက်ပါတယ်။ မြစ်စောင့်နတ် ဘီလူးမနတ်ကွန်းရှိတဲ့ မြစ်ကွေ့ကို ရောက်တဲ့အခါ သာချစ်တို့ လှေလည်း ကမ်းကပ်ပြီး အလာတုန်းကလိုပဲ ပူဇော်ပသရပါတယ်။ လှေသူကြီးနဲ့တကွ လှေထိုးသားတွေ ကုန်းပြီး ဦးချ နေတုန်း၊ သာချစ်ဟာ ဘာမပြော ညာမပြောနဲ့ အဲဒီ နတ်ဘီလူးမကြီးရဲ့ ဦးခေါင်းကို ပါလာတဲ့ ရဲတင်းနဲ့ ထက်ခြမ်း ခွဲပစ် လိုက်ပါတယ်။ ပြီးတော့ နှစ်ခြမ်းကွဲသွားတဲ့ ရုပ်တုကြီးကို မ, ယူလာပြီး ကမ်းပါးကနေ မြစ်ထဲကို ပစ်ချလိုက်ပါတယ်။

မှင်သက်နေတဲ့ လှေသူကြီးနဲ့ လှေထိုး သားတွေကိုလည်း "အေး - ဘာဖြစ်ဖြစ် သာချစ်တို့ ကတော့ ကိုယ်လုပ်ထားတဲ့ အရုပ်ကို ကိုယ်က ပြန်ပြီး ဒူးထောက် ကြောက်မနေ နိုင်ဘူး" လို့ တစ်ခွန်းထဲ ပြောပြီး ခြေဦး တည့်ရာကို ထွက်သွားသတဲ့။

ဒီပုံပြင်ကလေးကို ပြောပြရတဲ့ အဓိကရည်ရွယ်ချက်က လူတိုင်းလူတိုင်းရဲ့ စိတ်နှလုံး ထဲမှာလည်း ကိုယ့်ဥပါဒါန် တရားတွေက ထုလုပ်ထားတဲ့ အရုပ်တွေ အမြောက်အများ ရှိနေကြောင်းကို ပြန်ပြီး ဆင်ခြင်သုံးသပ်ကြည့်နိုင်ဖို့ပါ။

အရင်ဆုံး မိမိတို့ရဲ့ အိမ်ဦးခန်းကို ကြည့်လိုက်တယ်ဆိုရင်ပဲ မြတ်စွာ ဘုရားရှင်ရဲ့ကိုယ်စား ရုပ်ပွား၊ ဆင်းတုတော်တွေမှတစ်ပါး ကျန်တဲ့ ရုပ်တုအများစုဟာ ကိုယ့်ဥပါဒါန် တရားက ထုလုပ်ထားတဲ့ အရုပ်တွေသာဖြစ်ပြီး အမျော် အကြောက် တရားတွေရဲ့ ခြေရာ၊ လက်ရာတွေလည်း ဖြစ်ကြပါတယ်။ နောက်ပြီး ဝန်းကျင်မှာရှိတဲ့

ငှါ့သား၊ ငှါ့သမီး၊ ငါခင်ပွန်း၊ ငှါ့အိုး၊ ငှါ့အိမ်စတဲ့ ငါ၊ ငှါ့ဥစ္စာတွေဟာလည်း ဥပါဒါန် ပန်းပုဆရာက ထုလုပ်ထားတဲ့ "ငါပွား ရုပ်တု" တွေပါပဲ။

ကိုယ်ကိုယ်တိုင် ထုလုပ်ထားတဲ့ ဒီရုပ်တုတွေကို ဒူးထောက်ပြီးပူဇော်ပသနေသမျှ ကာမဆင်းရဲ၊ ဘဝဆင်းရဲ၊ ဝဋ်ဆင်းရဲတွေက လုံးဝမလွတ်မြောက်နိုင်ပါဘူး။ ဥပါဒါန်တရားတွေဟာ လောကကို လက်တံရှည်ရှည်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွဲစုထားတာမို့ ဥပါဒါန်တရားတွေရဲ့ ရှေ့မှောက်မှာ ဒူးထောက်ပြီး ကြောက်နေရတဲ့ သတ္တဝါတွေက အများစု ဖြစ်ပါတယ်။ ဒါပေမယ့် ဒီရုပ်တုတွေဟာ ကိုယ်ကိုယ်တိုင် ထုလုပ်ထားတဲ့ အရုပ်တွေဖြစ်ကြောင်း အမှန်အတိုင်း သိမြင်လာတဲ့တစ်နေ့မှာတော့ ပုံပြင်ထဲက သာချစ်လို ဥပါဒါန်နတ်ဘီလူး ရုပ်တွေကို မင်္ဂညာဏ်လို့ခေါ်တဲ့ ပုဆိန်ရဲတင်းနဲ့ ခုတ်ခွဲပြီးလွတ်မြောက်ရာ လမ်းကိုလှမ်းနိုင်ကြမှာပါ။

တကယ့်တော့ "အစွဲ"ဆိုတာ"အာ"တဲ့သူတွေသာ "စွဲ"ကြတာ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊မေလ



http://mmteashop.com July 11, 2011



ရဟန်းတော်တွေ ဆိုတာ ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးကို လောကနည်းနဲ့ မတုံ့ပြန်ရဘူး၊ ဝိနည်းတော်နဲ့ အညီ ဓမ္မနည်းနဲ့သာ ပေးဆပ် ရတယ်။

## တောင်ကျောင်းဘုန်းကြီးနဲ့ မြောက်ကျောင်းဘုန်းကြီး

"ရဟန်းမည်သည့်ကား သူလှူသော အဝတ်၊ အစား၊ အိပ်ရာနေရာကို သုံးဆောင်စားသောက်၍ ချမ်းသာစွာ နေထိုင်ရပေသည်။ စာပေကျမ်းဂန်ကို သင်ကြားလိုသော်လည်း သင်ရ၏ မသင်လိုလျှင်လည်း သင်္ကန်းကြီးကို ခြုံကန်၍ အိပ်လိုသမျှ အိပ်နေနိုင်၏ "ဒါဟာ အများ အမြင်မှာရှိတဲ့ ရဟန်းတော်တွေရဲ့ ဘဝပုံကြမ်းပါ။ ဒီပုံကြမ်းကို ကြည့်ပြီးရဟန်းဘဝဆိုတာ'ဒါလောက်ပဲ' လို့ ထင်ရင်တော့ မှားပါ လိမ့်မယ်။

ရဟန်ဆိုတာ 'အရဟန္တ'ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ဝေါဟာရတစ်ခုပါ။ ကိုယ်၊ နှုတ်၊ နှလုံး ကံ(၃)ပါး စလုံး ဖြူစင်ဖြောင့်မတ်ပြီး ရဟန်ရှင်လူ၊ အများပြည်သူတို့က အရိုအသေ ရှိခိုးပူဇော် ဖူးမြော်ထိုက်တဲ့ အခြေအနေတစ်ရပ်ရဲ့ အမည်နာမဖြစ်ပါတယ်။ စည်းကမ်း သီလဟာ ရဟန်းတော် တွေရဲ့ 'အလှ' ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့မှုဟာ ရဟန်းတွေရဲ့ "ဣန္ဒြေ"ဖြစ်ပါတယ်။ မေတ္တာတရားဟာ ရဟန်းတော်တွေ ရဲ့"အရိပ်အာဝါသ" ဖြစ်ပြီး၊ သိက္ခာသုံးပါးကတော့ ရဟန်းတော်ဘဝရဲ့ "အနှစ်သာရ" ဖြစ်ပါတယ်။

ရဟန်းတော်တွေဆိုတာ ကိုယ်တိုင် ယဉ်ကျေးပြီး၊ သူတစ်ပါးတွေကို ယဉ်ကျေး စေသူပါ၊ ကိုယ်တိုင်ငြိမ်းအေးပြီး၊ သူတစ်ပါးတွေကို ငြိမ်းအေးစေသူပါ။ ကိုယ်တိုင် လွတ်မြောက်ပြီး၊ သူတစ်ပါးတွေကို လွတ်မြောက်စေသူပါ၊ ကိုယ်တိုင်ဆင်းရဲ ကင်းပြီး၊ သူတစ်ပါးတွေကို ဆင်းရဲ ကင်းစေသူပါ၊ ကိုယ်တိုင် အမှန်မြင်ပြီး၊ သူတစ်ပါးတွေကို ကောင်းမွန် စေသူပါ။ ကိုယ်တိုင်မြင့်မြတ်ပြီး၊သူတစ်ပါးတွေကို မြင့်မြတ် စေသူပါ။

ရဟန်းတော်တွေဟာ သူတော်ကောင်းတရားရဲ့ ဘက်တော်သားတွေပီပီ လောကနောက်ကို မလိုက်ဘဲ ဓမ္မနောက်ကိုသာ အစဉ်တစိုက်လိုက်ရပါတယ်။ သူများ တကာ ကတာ၊ ခုန်တာကို အားကျပြီး၊ လူ့ဘဝဇာတ်စင်မှာ ကိုယ်တိုင်ဝင်ကဖို့ ကြိုးစားတာဟာ ရဟန်းကောင်းတွေရဲ့ အလုပ်မဟုတ်ပါဘူး။ ရဟန်းဘဝဆိုတာ မဂ်ဖိုလ် တရားတွေ မရနိုင်သေးတောင်မှ လူ့ဘဝရဲ့ ဇာတ်ရှုပ်၊ ဇာတ်ထုပ်တွေကို ကြည့်ပြီး သံဝေဂ ယူဖို့၊ ဘဝသံသရာကို ငြီးငွေ့စက်ဆုပ်ဖို့သာ ဖြစ်ပါတယ်။ ယခုဘဝမှာ နိဗ္ဗာန်ကို မလိုချင် သေးရင်တောင် နောင်နိဗ္ဗာန်အတွက် အကောင်းဆုံး အထောက်အပံ့ ဖြစ်စေနိုင်တဲ့ အတောက်ပြောင်ဆုံး ပါရမီမျိုးစေ့ကို ရဖို့ဆိုတာ ရဟန်းဘဝရဲ့ အနိမ့်ဆုံးရည်မှန်းချက် ဖြစ်ပါတယ်။

ရဟန်းတော်တစ်ပါးရဲ့ မြင့်မြတ်မှုကို လူသားတွေ မဆိုထားနဲ့ နတ်ဗြဟ္မာ တွေကတောင် မယှဉ်ပြိုင်နိုင်ပါဘူး။ အများအကျိုး၊ လောကအကျိုး၊ သာသနာတော်

http://mmteashop.com July 11, 2011

အကျိုးကို အမြင့်မားဆုံး သယ်ပိုး ထမ်းဆောင်နိုင်မှု မှာလည်း ရဟန်းတော်ဘဝကို လူမင်း၊ နတ်မင်း၊ ပြဟ္မာမင်းတွေ လိုက်မမီပါဘူး။ ဒါကြောင့် ရဟန်းကောင်းတွေဟာ မိမိအတွက် မြင့်မြတ်မှု၊ အများအတွက် ပရဟိတ ဖြစ်မှုတွေကို ငဲ့ကွက် မြော်မြင်ကာ မင်္ဂဖိုလ် နိဗ္ဗာန်ကို ရည်မှန်းနိုင်တဲ့ သာသာနာ့ဝန်ထမ်း ဘဝမှာ ပျော်ပိုက် မွေ့လျော်ကြပါတယ်။

ဒါပေမယ့် သူတော်ကောင်း နလုံးသားနဲ့ အမြဲတမ်းတံခါးဖွင့်ထားတဲ့ ဗုဒ္ဓ သာသာနာတော်မှာ ရည်ရွယ်ချက် အမျိုးမျိုးနဲ့ ဝင်ရောက်လာတဲ့ လူတန်းစား အသီးသီးကြောင့် ရဟန်းတော်တွေဟာ ပုံစံအမျိုးမျိုး ထွက်ပေါ်လာကာ ဂိုဏ်းအသီးသီး ကွဲပြား ခဲ့ကြပါတယ်။ ဒီလိုဖြစ်ရတာဟာ သာသနာတော်ရဲ့ အပြစ်အနာ၊ ချို့ယွင်းချက် မဟုတ်ပါ။ အစုရှိလို့ အမှုပေါ်တာ ဓမ္မတာတစ်ခု ဖြစ်ပါတယ်။

ဘယ်ဥယျာဉ်မှူးမှ ပိုးကင်းတဲ့ ပန်းဥယျာဉ်မျိုးကို မထူထောင် နိုင်သလို ဘယ်လယ်သမားမှလည်း ပေါင်းမြက်ကင်းတဲ့ လယ်ကွင်းမျိုးကို မစိုက်ပျိုးနိုင်ပါဘူး။ ပတ္တမြားမှန်ရင် ပြည်တန်ပတ္တမြားတောင်မှ အပြစ်အနာ မကင်းတတ်ပါဘူး။ လောကုတ္တရာ ရနံ့တွေ သင်းပျံ့တဲ့ သာသနာ့ ပန်းဥယျာဉ်ထဲမှာ ကိလေသာ နေပူမိလို့ ညှိုးသွားတဲ့ပန်း၊ ဒုစရိုက် ပိုးတွေကိုက်လို့ နွမ်းသွားတဲ့ ပန်းကြွေတွေ ရှိနေတာဟာ သဘာဝကျပါတယ်။ ကုသိုလ်မျိုးစေ့ကို ကြဲချ စိုက်ပျိုးဖို့ရာ အကောင်းဆုံး လယ်ယာ ဖြစ်တဲ့ သာသနာ့မြေမှာ ပေါင်းမြက်တွေ ထချင်လည်း ထပါစေ၊ နောက်ဆုံးမှာ ကိုယ်စိုက်ပျိုးတာကိုပဲ ကိုယ်ရိတ်သိမ်း ကြရမှာပါ။ ရဟန်းဘဝဆိုတာ ရခဲတဲ့ ဘဝတစ်ခုဖြစ်သလို ရကျိုးနပ်တဲ့ ဘဝတစ်ခုလည်း ဖြစ်ပါတယ်။

သူမေဓာဘဝနဲ့ ဝေဿန္တရာဘဝတို့အကြား ပါရမီခရီးမှာ ဘုရားအလောင်း တော်တောင် (၉)ဘဝပဲ ရဟန်း ဘဝရခဲ့တယ်လို့ ဆိုမိန့်ချက် ရှိပါတယ်။ ရဟန်းဘဝဆိုတာ ပါရမီ (၁၀)ပါး၊ စရိယ(၃)ပါးကို အချိန်ပြည့်ဖြည့်ကျင့်ရာ ရောက်တာမို့ ဘဝပေးတာဝန်ကို အမြင့်မြတ်ဆုံး ကျေပွန်အောင်ထမ်းဆောင်ခြင်း ဖြစ်သလို တန်ဖိုးအရှိဆုံး လောက



http://mmteashop.com July 11, 2011

ကောင်းကျိုးပြု ဝန်ဆောင်မှု လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ပြောမယ်ဆိုရင် သားရွှေအိုး ထမ်းလာတာကို တွေ့မြင်ရတဲ့ ဘဝမျိုးပါ။

သားသမီးကောင်းတွေသာ မိဘတွေရဲ့ အမွေအနှစ်တွေကို ဆက်ခံပြီး မပျောက်မပျက် ရအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်သလို သာသနာတော်ရဲ့ မြင့်မြတ်တဲ့ အမွေအနှစ်တွေကိုလည်း ရဟန်းတော်တွေကသာ ဆက်ခံနိုင်ပြီး မပျောက်မပျက် ရအောင် ထိန်းသိမ်း စောင့်ရှောက် နိုင်ကြပါတယ်။ သာသနာတော်ရဲ့ နောင်ရေးဟာ ရဟန်းတော်တွေရဲ့ လက်ထဲမှာပဲ ရှိပါတယ်။ ရဟန်းကောင်း တစ်ပါးဆိုတာ အလိုအလျောက် မတော်တဆ ဖြစ်ပေါ် လာနိုင်တာမဟုတ်ပါ။ ယုံကြည်ချက် ခိုင်ခိုင်မာမာနဲ့ ရည်ရွယ်ချက် မြင့်မြင့်မားမား ထားကာ စိတ်ကောင်းနဲ့ အသနညာဏ်ကူ လုံ့လဝီရိယကို အလံထူပြီး ကြိုးစားနိုင်မှ ဖြစ်ပေါ်လာတတ်တာပါ။

အခု ရဟန်းကောင်းတို့ရဲ့ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ပြတဲ့ ဓမ္မပုံပြင် ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကို ရတနာပုံ နေပြည်တော်ခေတ်က တရားဟောရာမှာ အလွန်ထင်ရှားတဲ့ သင်္ဂဇာဆရာတော် ဘုရားကြီး ပြောပြခဲ့တာပါ။

ꧏꧏꧏꧏꧏꧏꧏꧏꧏꧏꧏꧏꧏꧏꧏꧏ

## တောင်ကျောင်းဘုန်းကြီး နဲ့ မြောက်ကျောင်းဘုန်းကြီး

တစ်ခါတုန်းက ရောဝတီ မြစ်ရိုးမှာ အင်မတန်သာယာဝပြောတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်။ အိမ်ခြေ တစ်ထောင်ရှိတဲ့ အဲဒီရွာကြီးရဲ့ တစ်ဖက်တစ်ချက်စီမှာ



http://mmteashop.com July 11, 2011

ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းစီဆောက် လှူထားကြတယ်။ ကျောင်းနာမည် အသီးသီး ရှိကြပေမယ့် ရွာထဲက လူတွေကတော့ တောင်ကျောင်းနဲ့ မြောက်ကျောင်းဆိုပြီး အလွယ် ခေါ်ကြတယ်။ အဲဒီကျောင်းက ကျောင်းထိုင် ဘုန်းတော်ကြီးတွေလည်း တောင်ကျောင်း ဘုန်းကြီးနဲ့ မြောက်ကျောင်း ဘုန်းကြီးလို့ အလွယ်ခေါ် ကြပြန် တယ်။

တောင်ကျောင်းဘုန်းကြီးဟာ ငယ်စဉ်ကပဲ ရှင်သာမဏေ ဝတ်ပြီး နေပြည်တော်မှာ ပိဋကတ(၃)ပုံကို သင်ရိုးကုန်အောင် သင်ခဲ့ဖူးတာမို့ စာပေပရိယတ် တတ်ကျွမ်းရုံသာမက ကိုယ့်တရားနဲ့ကိုယ် ရိုးရိုး အေးအေး ရဟန်းပီအောင် နေတတ်တယ်။ ဝိနည်းကို လေးစားပြီး သိက္ခာကို အရေးထားတယ်။ ဂန္ထဓူရ- ဝိပဿနာ ဓူရလို့ခေါ်တဲ့ ပရိယတ် ပဋိပတ်ကိစ္စမှ တစ်ပါး ရပ်ရေးရွာရေးကို ဝင်ရောက် စီမံလေ့မရှိပါဘူး။ လောက ဝတ်=(လောကွတ် ) ပြုလေ့မရှိဘဲ ဓမ္မဝတ်နဲ့ အညီ ဒကာ၊ ဒကာမတွေရဲ့ အကျိုးစီးပွားကို စောင့်ရှောက်တော်မူပါတယ်။

မြောက်ကျောင်း ဘုန်းကြီးကတော့ အသက်အရွယ်ကြီးမှ သာသနာ့ဘောင် ရောက်လာပြီး ပရိယတ် စာပေက သဒ္ဒါ၊ သဂြိုဟ်လောက်ပဲ သင်ရပေမယ့် ဗေဒွေါနဲ့ ဗေဒင်ကိုတော့ ဆုံးခန်းတိုင်အောင် သင်ယူခဲ့တယ်လို့ဆိုပါတယ်။ လူ့ဘဝမှာ သံဝေဂရလို့ သင်္ကန်းဝတ်လာတယ် ဆိုပေမယ့် လူသူတရုန်းရုန်းနဲ့ နေပါတယ်။ ဝိနည်းကို မလေးစားသလို သိက္ခာ(၃)ပါးကိုလည်း ပွားများအားထုတ်ခြင်း မရှိပါဘူး။ ပရိယတ်၊ ပဋိပတ်ကိစ္စဆိုလို့ ဘာတစ်ခုမျှ မရှိဘဲ၊ ဆေးကု၊ဗေဒင်ဟော၊ ရပ်တကာ၊ရွာတကာ အလှူခံ လှည့်လည်ခြင်းနဲ့ အချိန်ကုန်ပါတယ်။ ဒကာ၊ ဒကာမ ဆက်ဆံရေးမှာလည်းလောကွတ်ကို အခြေခံပြီး အလှူခံဖို့သာ ရည်ရွယ် အားထုတ်တတ်ပါတယ်။

သာသနာဆိုတာ အုန်းသီး၊ ငှက်ပျောသီးနဲ့ ပွဲတင်လှူတာလောက်ပဲလို့ ထင်မြင်နေကြတဲ့ ရွာသူ ရွာသား အများစုဟာ စာသင်စာချပြီး၊ ကိုယ့်တရားကိုယ် ရိုးရိုးကုပ်ကုပ်အားထုတ် နေတတ်တဲ့ တောင်ကျောင်းဘုန်းတော်ကြီးကို ရိုသေလေးမြတ်

July 11, 2011 http://mmteashop.com

ဆည်းကပ်လေ့မရှိကြဘဲ၊ သာသနာပြုစကားများများ ပြောပြီး ဆေးကု၊ ဗေဒင်ဟောနေတဲ့ မြောက်ကျောင်းဘုန်းကြီးကိုပဲ ဝိုင်းအုံဆည်းကပ်ကြသတဲ့။ သာသနာပြုတဲ့ ကျောင်းမှာ လာဘ်လာဘ နည်းပါးပြီး သာသနာဖျက်တဲ့ကျောင်းမှာ လာဘ်လာဘပေါများနေတာကို မခံချင်ကြတဲ့ ရဟန်းရှင်ငယ်တွေဟာ တောင်ကျောင်းဘုန်းကြီးကို "ရှင်ဘုရားလည်း ဗေဒင်ဟောပါ လား"လို့ လျှောက်ထားတတ်ကြတယ်။

အဲဒီအခါ တောင်ကျောင်းဆရာတော်ကြီးက "ငါ့ရှင်တို့၊ ရဟန်းတော်တွေဆိုတာ ဒကာ၊ ဒကာမ တွေရဲ့ ကျေးဇူးကို လောကနည်းနဲ့ မတုံ့ပြန်ရဘူး၊ ဝိနည်းတော်နဲ့အညီ ဓမ္မနည်းနဲ့သာ ပေးဆပ်ရတယ်။ သာသနာဆိုတာ ဒကာ၊ ဒကာမတွေရဲ့ စားဝတ်နေရေး၊ စီးပွားရေး အဆင်ပြေဖို့လောက် ရည်ရွယ်ပြီး ပွင့်ပေါ် ခဲ့တာမဟုတ်သလို၊ ရဟန်းသံဃာ ဆိုတာလည်း လူမှုဝန်ထမ်းဖို့အတွက် ဖွဲ့စည်းတည်ထောင်ခဲ့တာ မဟုတ်ပါဘူး။ ရဟန်းတော်တွေဟာ ဒကာ၊ ဒကာမတွေရဲ့ စိတ်ဓါတ်၊ အသိဉာဏ်နဲ့ ကိုယ်ကျင့် တရားတွေကို မြင့်တက်လာအောင် မြှင့်တင်ပေးနိုင်ရပါမယ်။ အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲ၊ ဘဝဆင်းရဲ တွေက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ဦးဆောင် လမ်းပြ ပေးနိုင်ရပါမယ်။

အဲဒီလိုမဟုတ်ပဲ ဒကာ၊ ဒကာမတွေကို ခေတ်နောက်ပြန်ဆွဲပြီး၊ စိတ်ဓာတ်၊ အသိဉာဏ်နဲ့ ကိုယ်ကျင့်တရားတွေ အောက်တန်းကျ ဆင်းရဲရအောင် အောက်လမ်းနည်း၊ အထက်လမ်းနည်း၊ ဗေဒင်နည်း နက္ခတ်နည်းတွေနဲ့ မြှောက်ပြောက်ပြီး မြူဆွဲစားနေတာ ကတော့ သာသနာတော်ကို ဖျက်ဆီးပြီး လောကကို ချောက်ထဲ တွန်းချတာပါပဲ။ အဲဒီလို ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားရှင်က "မဟာစောရ =အယုတ်မာဆုံး သူခိုးကြီး"လို့ နာမည် တပ်လေ့ ရှိတယ်။

တကယ်တော့ ဘုန်းကြီးလည်း ဗေဒင်ဟောတာပါပဲ၊ ဒါပေမယ့် သူများတွေ ဟောတဲ့ ပြဟ္မာ ဝေဒ=ပုဏ္ဏားဗေဒင်တော့ မဟုတ်ဘူး၊ ဗုဒ္ဓဝေဒ=ဘုရားရှင်ရဲ့ ဗေဒင်ပါ။

http://mmteashop.com July 11, 2011

ဘုရားရှင်ရဲ့ ဗေဒင်ဆိုတာ "ရှေးက ကောင်းလို့ အခုကောင်းကြွယ်၊ အခုကောင်း နောင်းကောင်းပါလိမ့်မယ်။ ရှေးကဆိုးလို့ အခု ဆိုးတယ်၊ အခုဆိုး နောင်ဆိုးပါလိမ့်မယ်" ဆိုတာ ပါပဲ။

"ဒါဆို ယတြာရော ချေနိုင်းပါသေးလားဘုရား"

"အေး....ချေနိုင်းတယ်၊ လောကမှာ အကောင်းဆုံး ယတြာဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပဲကွ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သာရရင် ဘဝသံသရာ တစ်လျှောက်လုံးကပါလာတဲ့ အကုသိုလ်ဝဋ်ကြွေးတွေဟာ တစ်ချက်တည်း အမြစ်ပြတ်ပျောက် သွားတာပဲကွ။ တစ်ခါချေရုံနဲ့ တစ်သံသရာလုံးစိတ်ချရတဲ့ အကောင်းဆုံး ယတြာကွ"

"ဆေးရော မကုပေးဘူးလား ဘုရား"

"ကုပေးတာပေါ့ကွ၊ဒါနဆိုတဲ့ လိမ်းဆေး၊ သီလ သောက်ဆေး၊ ဘာဝနာထိုးဆေး၊ သတိပဋ္ဌာန် အသက်ကယ်ဆေး စုံလို့ပဲ။ ဒီကြားထဲ ခွဲစိတ်ရမယ့် လူနာတွေဆိုရင်လည်း ဝိပဿနာဉာဏ် ဓါးထက်ထက်နဲ့ ခပ်နက်နက်လေး ခွဲပြီး 'ဒေဝဩသဓ'လို့ခေါ်တဲ့ ဗောဇ္ဈင်ဆေးတွေလည်း ထည့်ပေးရသေးတယ်။ 'အမတ'လို့ခေါ်တဲ့ မသေဆေးဟာ ငါ့ဆီမှာ ရှိတယ်ကွ၊ ဒါပေမယ့် မာရ်နတ်က ဟန့်တားထားလို့ ငါ့ဆီကို ဆေးကုဖို့လာတဲ့ လူဦးရေဟာ အင်မတန်နည်းတယ်ကွ"

"အရှင်ဘုရား၊ ဒါဆိုရဟန်း တော်တွေက တရားနဲ့အညီ ဆေးကု၊ ဗေဒင် ဟောကောင်းတာပေါ့ ဘုရား"

"အေး... ဟုတ်တယ်၊ ရဟန်းကောင်း၊ ရဟန်းမြတ်ဆိုတာ တရားတော်နဲ့မညီတဲ့ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်းတွေကိုရှောင်ပြီး၊ တရားတော်နဲ့ညီတဲ့ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်းတွေကိုသာ ပြုသင့်တယ်။ ဒါမှသာ မိမိလည်းကြီးပွားပြီး လောကရော၊ သာသနာပါ တိုးတက်နိုက်မှာပါ။


http://mmteashop.com July 11, 2011

ဒီလိုနဲ့ တစ်နေ့မှာ နေပြည်တော်က ဆွမ်းလောင်းလှူပွဲရှိလို့ တောင်းကျောင်းဘုန်းကြီးရော မြောက်ကျောင်းဘုန်းကြီးပါ အလှူခံကြွရောက်ဖို့ ပင့်စာပို့လိုက်သတဲ့။ ရှေးတုန်းကတော့ အခုခေတ်လို ကတ္တရာ လမ်းမကြီးတွေမရှိသေးတော့ အများအားဖြင့် ရေလမ်းကိုပဲ အားကိုးကြရတယ်။ မြောက်ကျောင်းဘုန်းကြီးကတော့ အလှူရက်နီးခါမှ ကြွရင် ပြဿဒါးမလွတ်သလို၊ ဝါရမိတ္တုလို့ခေါ်တဲ့ အန္တရာယ်ရက်နဲ့လည်း တိုးနေမှာမို့၊ နောက်ပြီး လမ်းခရီးက ရွာတချို့မှာ ဝင်စရာကိစ္စကလည်း ရှိနေတာမို့ (၂/၃)ရက်ကြိုတင်ပြီး ရေကြောင်းကနေ လှေလောင်းနဲ့ ဆန်တက်သွားသတဲ့။

တောင်ကျောင်း ဘုန်းကြီးကတော့ "ရက်ရာဇာ၊ ပြဿဒါးဆိုတာ ပုဏ္ဏားအဆုံးအမဖြစ်တာမို့ ဘုရားသားတော် ရဟန်းများနဲ့ဘာမှ မဆိုင်၊ ဘုရားသားတော်ဟာ ဘုရားအဆုံးအမကိုသာ လိုက်နာရိုးရှိတယ်" ဆိုပြီး ပြဿဒါးနေ့မှာပဲ တပည့်တွေ တားမြစ်တဲ့ကြားက လှေလောင်းနဲ့ ရေကြောင်းကို ဆန်တက်ခဲ့တယ်။ ဒီလိုနဲ့ နေပြည်တော်မရောက်ခင် မြစ်ပြင် တစ်နေရာမှာ လွန်ခဲ့တဲ့(၂/၃)ရက်က ဆန်တက်သွားခဲ့တဲ့ မြောက်ကျောင်း ဘုန်းကြီးရဲ့ လှေကို မီလာသတဲ့။

ဒီလိုမီလာလို့ မြစ်ပြင်မှာ လှေနှစ်စင်းဘေးချင်းယှဉ်ပြီး လှော်နေတုန်းမြစ်လယ်မှာ လေနီကြမ်းထ၊ လှိုင်းကြီးတွေ ကြွတက်လာလို့ လှေနှစ်စင်းလုံးပြိုင်တူမှောက်သွားကြတယ်။ လှေပေါ်ပါ ဘုန်ကြီးတွေလည်း အသက်လုပြီးအတင်းကူးကြလို့ တစ်ဖက်ကမ်းမြစ်နဖူးကို ပင်ပန်းစွာ ရောက်ကြရတယ်။ အဲဒီအခါ နောက်ပါ တပည့်များက တောင်ကျောင်းဘုန်းကြီးကို" ပြောစကားကို နားမထောင်၊ ပြဿဒါးနေ့ လှေထွက်လို့ လှေမှောက်တာဖြစ်ကြောင်း" အပြစ်တင် လျှောက်ထားကြပါတယ်။

အသက်လုပြီး ရေကူးလာခဲ့ရလို့ ပင်ပန်းနေတဲ့ တောင်ကျောင်းဘုန်းကြီးဟာ တပည့်တွေ အချိုးမကျတာကို တွေ့မြင်ရတဲ့အတွက် ပိုမိုဒေါသထွက်ပြီး "ဟေ့ကောင်တွေ၊ ပြဿဒါးနေ့ ထွက်လို့ ငါ့လှေပျက်တာ ရှိပါစေတော့၊ ဘာဖြစ်လို့ ရက်ရာဇာရွေးတဲ့

http://mmteashop.com July 11, 2011

မြောက်ကျောင်း ဘုန်းကြီးလည်းလေ့မှောက် ရသတုံး" လို့ ကြိမ်းမောင်းစကား ပြောကြားလိုက်သတဲ့။

ဒီပုံပြင်ကလေးရဲ့ နိဂုံးဟာ "ရယ်စရာကောင်းသလို" "မော" စရာလည်း ကောင်းပါတယ်။ သေရေး ရှင်ရေး ကာလမှာတောင် ဥပါဒါန် ငန်းဖမ်း နေကြလို့ အစွဲအလမ်းတွေရဲ့ လက်က မလွတ်မြောက်နိုင်တာဟာ သနားစရာကောင်းသလို အမြင်ကတ်စရာလည်း ကောင်းပါတယ်။ ပြီးတော့ ဗုဒ္ဓယဉ်ကျေးမှုနယ်မြေမှာ ဗုဒ္ဓနဲ့ဆန့်ကျင်ဘက် အဖျက်ဝါဒဖြစ်တဲ့ ဒီရက်ရာဇာ၊ ပြဿဒါးစတဲ့ ဖြဟ္မဏ ယဉ်ကျေးမှုတွေ ကြီးစိုး လွှမ်းမိုးနေတာဟာ အသည်းနာစရာ ကောင်းသလို ရှက်စရာလည်း ကောင်းပါ တယ်။

သာသနာပျက်တယ်ဆိုတာ အဆန်းတကြယ်မဟုတ်ပါ။ မှန်မြတ်တဲ့ သာသနာတော်ရဲ့ အနှစ်သာရ ဆွမ်းဆန်ထဲမှာ သာသနာ့ပြင်ပ အယူအဆ "ဗာဟိရကဝါဒ" ကြွက်ချေးတွေ ရောနှောဝင်ရောက် လာခြင်းပဲ ဖြစ်ပါတယ်။ အိမ်ဝင်း ခြံဝင်းတွေထဲမှာ တန်ဖိုးရှိ အသုံးဝင်တဲ့ သစ်ပင်တွေထက် တန်ဖိုးမဲ့ အသုံးမကျတဲ့ ပေါင်းမြက်ပင်တွေ ပိုမိုပေါများသလို ကမ္ဘာလောကမှာလည်း တန်ဖိုးရှိ အသုံးဝင်တဲ့ အယူဝါဒတွေထက် တန်ဖိုးမဲ့ အသုံးမကျတဲ့ အယူဝါဒတွေက ပိုမိုပေါများလှပါတယ်။ ရဟန်းတော်တွေဟာ သာသနာ့ဘေးရန်ကို တွန်းလှန်ကာကွယ်သူတွေသာ ဖြစ်သင့်ပြီး၊ သာသနာဖျက်ပိုးကို မျိုးချပေးသူတွေ လုံးဝမဖြစ်သင့်ပါဘူး။

တကယ့်တော့ သာသနာဆိုတာ အတွင်းလူဖျက်မှ ပိုပျက်တတ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ

ꩠꩡꩡꩠꩠꩡꩡꩠꩠꩡꩡꩠꩠꩡꩡꩠ



http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

❖ သူတော်ကောင်း တရားဆိုတာ သဘောတရားအရသာ ကွေးလွယ် ညွတ်လွယ်ရှိပေမယ့် လုပ်ငန်းသဘောအရတော့ တစ်ဖြောင့်တည်း တစ်တန်းတည်း ကျင့်သုံးရပါတယ်။

❖ ပြောနဲ့အလုပ်။ သဘောနဲ့မနော တစ်သမတ်တည်းရှိရပါတယ်။

❖ ပညာရှိသူတော်ကောင်းတွေဆိုတာလေးကိုင်းလို မကျင့်ရပါဘူး။

❖ မြားတံလို ကျင့်ရပါတယ်။ မြစ်ချောင်းတွေလို ကွေ့ကောက် မသွားရပါဘူး၊ ကြယ်စင်တွေလို တစ်ဖြောင့်တည်း သွားရပါတယ်။

❖ တကယ့် သူတော်ကောင်း ဘဝဆိုတာ စကားနဲ့ တည်ဆောက်လို့ မရပါဘူး၊ တရားနဲ့ တည်ဆောက် ရပါတယ်။



ပြောသလိုလုပ်ပြီး လုပ်သလို ပြောလေ့ ရှိတဲ့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာ တော်မှာ အပြောနဲ့ အလုပ် မကိုက်ညီမှုဟာ သူတော် ကောင်း ဂုဏ်ရည်ကို ချိုတဲ့စေပြီး သာသနာတော်ရဲ့ ဂုဏ်သိက္ခာ ကိုလည်း မေးမှိန် လျော့ပါး စေပါတယ်။

ကျုပ်တူမအရင်းကြီးဗျ

ကောင်းမွန်မှု၊ ပြည့်စုံမှု၊ မှန်ကန်မှု အလှအပတွေနဲ့ ကြွယ်ဝတဲ့ ဗုဒ္ဓသာသနာတော်ဟာ ညီညွတ်မှု၊ ငြိမ်းချမ်းမှု၊ လွတ်မြောက်မှုရသတွေကို အနှိုင်းမဲ့ပေးစွမ်းနိုင်ပါတယ်။

ကြုံကြိုက်ခဲလှတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို လူအဖြစ်နဲ့ ဆုံဆည်းခွင့်ရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ဟာ သူယုတ်မာအဖြစ်မှ သူတော်ကောင်းဖြစ်ရန်၊ မကောင်းမှု ဒုစရိုက်မှ ကောင်းမှု သုစရိုက်ဖြစ်ရန် ယုတ်နိမ့်တဲ့ဘဝမှ မြင့်မြတ်တဲ့ဘဝကို ရောက်ရန်၊ ဆင်းရဲဒုက္ခမှ ချမ်းသာသုခကို ရရန်၊ သေးငယ်တဲ့ အဖြစ်မှ ကြီးကျယ်တဲ့ အဖြစ်ကို ရောက်ရန်၊ အဝိဇ္ဇာအမှိုက်အမှောင်မှ ဝိဇ္ဇာအလင်းရောင်ကို ရရန်ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ဟာ ဘဝရဲ့ အကောင်းဘက်ကိုသာ ကြည့်တတ်တဲ့ ဝါဒမျိုး မဟုတ်သလို၊ ဘဝရဲ့ အဆိုးသက်သက်ကိုပဲ မြင်တတ်တဲ့ ဝါဒမျိုးလည်း မဟုတ်ပါဘူး၊ ဘဝရဲ့ သဘောဓမ္မတာကို အမှန်အတိုင်း ညွှန်ပြပြီး လွတ်မြောက် ငြိမ်းအေးရာ အချမ်းသာဆုံး နိဗ္ဗာန်ဆီကို ပို့ဆောင်ပေးမယ့် မဇ္ဈိမပဋိပဒါ (ခေါ်) မဂ္ဂင်ရှစ်ပါး အလယ်အလတ်သွား လမ်းစဉ်ကို ညွှန်ပြတဲ့ဝါဒသာ ဖြစ်ပါတယ်။ ဖြူစင်တဲ့ ကိုယ်ကျင့်တရားနဲ့ ကောင်းမွန်မှန်ကန်တဲ့ အသက်မွေး ဝမ်းကျောင်းမှုကို ပြုကာ လူကောင်းသူကောင်း အဖြစ်နဲ့ချမ်း မြေ့ပျော်ရွှင်စွာ ဘဝနေနည်းကို သင်ပြပေးတဲ့ ဝါဒလည်း ဖြစ်ပါတယ်။

ဒီလိုကောင်းမွန်ပြီး အခွင့်သာတဲ့ လူ့ဘဝကို ရပါလျက်နဲ့ မြင့်မြတ်တဲ့ သူတော်ကောင်း တရားကို ဂရုမစိုက် နိုင်သူတွေဟာ "အဖိုးတန် ကျောက်မျက် ရတနာတွေ ပေါများရာ အရပ်က လက်အချည်းနှီး ပြန်လာတဲ့လူ" တွေနဲ့ တူသလို၊ သူတော်ကောင်း တရားကို အကြိမ်ပေါင်းများစွာ ကြားနာပြီးတဲ့နောက် မိမိရဲ့ စိတ်နေသဘောထားကို သူတော်ကောင်း တရားနဲ့ညီအောင် ညှိမရသေးသူတွေဟာလည်း "နာတာရှည်ရောဂါ စွဲကပ်နေတဲ့ ဆေးဆရာ" နဲ့ တူပါတယ်။



http://mmteashop.com July 11, 2011

ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ ဒေသနာတော်တွေဟာ တွေးခေါ်ရုံ၊ စိတ်ကူးဉာဏ် ကွန့်မြူးရုံ၊ ကျွမ်းကျင် လိမ္မာစွာ ပြောဆိုတတ်ရုံမျှနဲ့ လုံလောက်မှုမရှိဘဲ မေတ္တာ၊ ကရုဏာ၊ ရိုးသားမှန်ကန်မှုတွေကို အခြေခံပြီး နေ့စဉ်ဘဝ ကိစ္စတွေမှာ တာဝန်၊ ဝတ္တရားအဖြစ် ထည့်သွင်းအသုံးချကာ လက်တွေ့လိုက်နာ ကျင့်ကြံရပါတယ်။ ကိုယ်တိုင်လက်တွေ့လိုက် နာကျင့်ကြံမှုဟာ သာသနာတော်ရဲ့ လိုရင်းအနှစ်သာရ၊ အတွင်းဝတ်ဆံ သဘောဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ရဲ့ အမြင့်မြတ်ဆုံး ပန်းတိုင်ဟာ စာတွေ့တစ်လှမ်း၊ လက်တွေ့တစ်လှမ်း တစ်ကယ်တမ်း လျှောက်လှမ်းနိုင်မှ ရောက်နိုင်တာပါ။ စာတွေ့အရရော လက်တွေ့အရပါ ကျေနပ် လောက်အောင် လေ့လာ အားထုတ်ပြီးလို့ သာသနာတော်ရဲ့ အရသာကို ကိုယ်တိုင်အပြည့်အဝ ခံစားနားလည်းပြီးတဲ့အခါ လက်လှမ်းမီရာကိုလည်း သာသနာတော်ရဲ့ အရသာကို မျှဝေ ခံစားစေရပါ တယ်။ တစ်ကိုယ်ရည် သာသနာနဲ့ ပြည့်စုံပြီးခါမှ လက်လှမ်းမီရာသာသနာပြုခြင်းကို ဘုရားရှင် နှစ်သက် ချီးမွမ်းတော် မူပါတယ်။

မိမိကိုယ်ကို သာသနာ့ယဉ်ကျေးမှုဘောင်အတွင်း အရင်ဆုံးသွတ်သွင်းပြီးခါမှ တစ်ပါးသူတွေကို ယဉ်ကျေးစေခြင်းကသာ အပြစ်ကင်းပြီးအများသူငါရဲ့ ကဲ့ရဲ့ခြင်းကလည်း လွတ်ကင်းနိုင်ပါတယ်။ ကိုယ်တိုင်က ရွှံ့ညွံ့အတွင်း နစ်ဝင်နေပြီး သူတစ်ပါးကို လွတ်မြောက်အောင် ကယ်တင်လိုမှု၊ ကိုယ်တိုင်က မကျန်းမာသူ ဂိလာန ဖြစ်နေပြီး၊ သူတစ်ပါးကို ရောဂါမှပျောက်ကင်းအောင် ဆေးကုသ လိုမှု၊ ကိုယ်တိုင်က ညစ်ပေနေပြီး သူတစ်ပါးကို သန့်ရှင်းအောင် ပြုပြင်လိုမှုတွေဟာ အသင့်ယုတ္တိကင်း ရုံသာမက ဖြစ်နိုင်ခြေလည်း လုံးဝမရှိပါဘူး။

“ပြောသလိုလုပ်ပြီး၊ လုပ်သလို ပြောလေ့ရှိ” တဲ့ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မှာ အပြောနဲ့အလုပ် မကိုက်ညီမှုဟာ သူတော်ကောင်းဂုဏ်ရည်ကို ချို့တဲ့စေပြီး သာသနာတော်ရဲ့ ဂုဏ်သိက္ခာကိုလည်း မှေးမှိန် လျော့ပါး စေပါတယ်။ သာသနာပြု

http://mmteashop.com July 11, 2011

ရဟန်းတော်တွေဟာ ပြောသလိုလုပ်ပြီး လုပ်သလိုသာ ဟောပြောသင့် ကြပါတယ်။ အပြောနဲ့အလုပ် မကိုက်ညီရင် လူရယ်စရာဖြစ်လို့ ရှက်စရာလည်း ကောင်းပါတယ်။ အခု အဲဒီ အကြောင်းနဲ့ဆက်စပ်ပြီး ငယ်စဉ်က ကြားခဲ့ရဖူးတဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြ ချင်ပါတယ်။

ꩰꩰꩰ

## ကျုပ်တူမအရင်းကြီးဗျ

တစ်ခါတုန်းက "ညောင်ပင်သာ" ဆိုတဲ့ ရွာကြီးတစ်ရွာမှာ ဦးပဥ္စင်းကြီးတစ်ပါး ကျောင်းထိုင်နေ သတဲ့။ ဦးပဥ္စင်းကြီးရဲ့ ဘွဲ့တော်က ဦးသံဝရ ဖြစ်ပေမယ့် တစ်ရွာလုံးက ယခင် လူနာမည်အတိုင်း ခေါ်ခေါ်ကြတာမို့ ဦးပဥ္စင်းဦးသာဗျောလို့ပဲ အမည်တွင်တယ်။ ဦပဥ္စင်းကြီး ဦးသာဗျောဟာ လူဘဝတုန်းက ဘိသိက်ဆရာကြီး တစ်ယောက်ဖြစ်ပြီး လူပျိုလူလွတ် ဘဝနဲ့ အသက်(၄၀)အထိ နေပြီး မှ သက်န်းဝတ်ခဲ့တာပါ။

ဦးပဥ္စင်းကြီး ဦးသာဗျောဟာ ဘိသိက်ဆရာဖြစ်လို့ အသံသြဇာကောင်းတဲ့အပြင် စာပေဗဟုသုတလည်း အင်မတန် ကြွယ်ဝတာမို့ ညောင်ပင်သာ ရွာတွင်မက ရွာနီးချုပ်စပ်အထိ တရားဟောကောင်းတဲ့ ဓမ္မကထိကတစ်ပါးအဖြစ် နာမည်ကျော်ကြား လူသိများပါတယ်။ ဦးပဥ္စင်းကြီး ဦးသာဗျောဟာ အသက်ကြီးမှ သက်န်းဆီးရလို့ ဝိနည်းဘက်က အားနည်းချို့ယွင်းချက် ရှိပေမယ့် သဘောမနောကောင်းပြီး ဖော်ရွေ တတ်တာမို့ ကြည်ညိုတဲ့သူ များပါတယ်။



http://mmteashop.com July 11, 2011

တရားဟောကောင်းမှုကြောင့်ပဲ ဦးပဥ္စင်းကြီး ဦးသာဗျောမှာ တစ်ခါတစ်ရံ ငိုရခက် ရယ်ရခက်တဲ့ အဖြစ်တွေနဲ့ ကြုံရတတ်ပါတယ်။ တစ်ခါတော့ ရွာထဲက လယ်သူမကြီး တစ်ဦးဟာ သူ့ရဲ့အချစ်ဆုံးသား လူမမယ်ကလေး တစ်ယောက် ဆုံးပါးသွားတာမို့ နေအိမ်မှာ ဦးပဥ္စင်းကြီး ဦးသာဗျောအပါအဝင် သံဃာတော် ငါးပါးကို ပင့်ဖိတ်ပြီး ရက်လည်ဆွမ်းသွတ် တရားနာကြားပါတယ်။ လူကသာ တရားနာနေပေမယ့် လယ်သူမကြီးရဲ့ စိတ်ကတော့ကွယ်လွန်သူ သားကလေးအပေါ်မှာသာ ရစ်ဝဲနေတာမို့ ဘာတရား ဟောသွားတယ်ဆို တာတောင် မမှတ်မိလိုက်ဘူးတဲ့။

ဦးပဥ္စင်းကြီး ဦးသာဗျောက တရားဟောလို့အပြီး "ဆုတောင်းကြကုန်သတည်း " လို့ သတည်းနဲ့ အဆုံးသတ်၊ ပရိတ်သတ်ကလည်းသာဓု (၃)ကြိမ်ခေါ်မှ သားသေလို့ ဗျာဝေလိုက်မောနေတဲ့ လယ်သူမကြီးက "ဟင်....၊ တရားလည်း ဆုံးသွားပြီ၊ တစ်လုံးမျှလည်း မမှတ်မိ၊ ဦးပဥ္စင်းကြီးဦးသာဗျော ထပ်ပြီး ဟောတော်မူပါဦးဘုရား"လို့ လျှောက်ထားတဲ့အခါ ဦးပဥ္စင်းကြီးက "ဒကာမကြီးမှာ၊ သားသေလို့ ရတက်ပွေ၊ နလုံးမသွင်းနိုင်အားလို့ တရားကိုလည်း တစ်လုံးမျှ မမှတ်မိ၊ ဘုန်းကြီးမှာလည်း ဒကာမကြီးတို့ လှူတဲ့ အုန်းငှက်ပျောက နည်းပါး၊ ရှိတဲ့ တပည့်တပန်းက များနေတာမို့ ကျောင်းသားကိုရင်ကိုမျှအောင် ဘယ်လိုဝေခြမ်းရမယ်ဆိုတာ စဉ်းစားနေမိတာနဲ့ ဘာတရားဟောမိမှန်း မသိဘူး၊ နောက်တစ်ချီမှ မကျေနပ်ပွဲ နွှဲကြတာပေါ့" လို့ အမိန့်ရှိသတဲ့။

တစ်နေ့မှာတော့ ညောင်ပင်သာ ရွာထဲက လယ်ပိုင်ရှင် သူဌေးမကြီးဟာ သူ့ရဲ့(၁၆)နှစ် အရွယ် နုနယ်လှပတဲ့ တစ်ဦးတည်းသော ချစ်သမီးကလေး အနိစ္စ ရောက်သွားလို့ သောကပရိဒေဝဖိစီးပြီး စားမဝင် အိပ်မပျော်၊ ဘယ်သူပြောလို့မှ နားမဝင်၊ ဘယ်သူတရားချလို့မှ မရဘဲ သူ့သမီးရဲ့ ရုပ်ကလာပ်နံ့ဘေးကနေ မခွဲနိုင်မခွာရက် ဖြစ်နေသတဲ့။ နောက်ဆုံးမှာတော့ ဦးပဥ္စင်းကြီး ဦးသာဗျောဟာ အိမ်တိုင် ရာရောက် ကြွလာတော်မူပြီး သူဌေးမကြီးကို တရားချပါတယ်။ ဇာတ်တော်တွေ၊ ဓမ္မပဒပါဠိတော်တွေ



http://mmteashop.com July 11, 2011

ကိုးကားပြီး ဝိသာခါတုန်းက ဘယ်လို၊ အနာထပိဏ်ကျတော့ ဘယ်သို့၊ ကောသလမင်းကြီး ကိုတော့ ဘယ်ပုံ၊ မြတ်စွာဘုရား တရားဟောတော်မူပုံ တွေကို စိတ်ရှည်လက်ရှည် ဟောပြ ပါတယ်။

တရားအဆုံးမှာတော့ သူဌေးမကြီးဟာ "အရှင်ဘုရား၊ တပည့်တော် သတိတရား ရပါပြီ၊ ပြည့်ပြည့်ဝဝ ထိုပ်တဲ့ အမှုကိစ္စကို သောကသိမ်းပြီး တည်ငြိမ်းအေးချမ်းစွာ ဆောင်ရွက် သွားပါ့မယ်။ ရတနာသုံးပါးနဲ့အတူ အရှင်ဘုရားတို့ရဲ့ ကျေးဇူးတော်တွေဟာ အင်မတန် ကြီးမားလှပါတယ်ဘုရား "လို့ လျှောက်ထားပါတယ်။ ဦးပဥ္ဇင်းကြီး ဦးသာဗျောကလည်း "အင်း-သာဓု၊ သာဓု၊ ကောင်းလေစွ ဒကာမကြီး"လို့ သာဓုခေါ်တော်မူကာ ကျောင်းပြန် ကြွတော်မူပါတယ်။

ဒီလိုနဲ့ နေလာလို့ တစ်လလောက် အကြာမှာတော့ ညောင်ပင်သာရွာထဲက ဦးပဥ္ဇင်းကြီး ဦးသာဗျောရဲ့ (၁၆) နှစ်အရွယ် ချစ်စဖွယ် တူမချောတစ်ယောက်ဟာလည်း လယ်ထဲမှာ ပိုးထိလို့ သေဆုံးပြန်ပါတယ်။ ဒီတစ်ချီမှာတော့ ဦးပဥ္ဇင်းကြီး ဦးသာဗျောဟာ ဘုရားနဲ့တရားကိုရော မိမိကိုပါသတိမရတော့ပဲ ကွယ်လွန်သူ တူမချောအတွက် ယူကျုံးမရ အပူလုံးကြွပြီး တငိုငို တရယ်ရယ် ဖြစ်နေသတဲ့။ ညီအစ်ကို မောင်နှမတွေက သင်္ကန်း ဝတ်ကြီးနဲ့ ငိုကြွေးနေတာ အမြင်မတော်လို့ မငိုပါနဲ့ပြောလည်း မရဘူးတဲ့။

နောက်ဆုံးမှာတော့ အရင်လက သမီးသေတာကို သောကငြိမ်းအောင် တရားပြပေး ခဲ့တဲ့ လယ်ပိုင်ရှင် သူဌေးမကြီးကိုယ်တိုင် ရောက်လာပြီး "အရှင်ဘုရား၊ သတိထားတော်မူပါ။ အရှင်ဘုရား တပည့်တော်ကို ဟောခဲ့တဲ့ တရားတွေ.." ဇာတ်တော်တွေက ဘယ်လို၊ ဓမ္မပဒကဘယ်သို့၊ ဗုဒ္ဓဝင်က ဘယ်ပုံ စသဖြင့် ပြန်လည်ဟောပြ တရားချပါတယ်။ ဒါပေမယ့် ဦးပဥ္ဇင်းကြီး ဦးသာဗျော ကတော့ နားဝင်ပုံ မရပါ ဘူး။

http://mmteashop.com July 11, 2011

ဒါကြောင့် ဦးပဥ္စင်းကြီး ဦးသာဗျော အမိန့်ရှိလိုက်ပုံက သင်းလိုက်ပါဘိသနဲ့။ "ဒကာမကြီး၊ စွမ်းနိုင်ရင် ပိဋကသုံးပုံရွက်ပြီး တရားချဦးတော့ ကျုပ်ကတော့ တရားရမှာ မဟုတ်ပါဘူး။အဲဒီတုန်းက သေတာဟာ ဒကာမကြီးသမီးမို့ ကျုပ်က တရားချလို့ရတာ၊ အခုသေတာက သူစိမ်း မဟုတ်ဘူး၊ ကျုပ် တူမ အရင်းကြီးဗျ" တဲ့။

ဒီပုံပြင်ကလေးဟာ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားတဲ့သူ၊ ကိုယ်ကြော်ငြာတဲ့ပစ္စည်း ကိုယ်မသုံးစွဲတဲ့ သူ၊ ပါးစပ်က ဘုရား၊ ဘုရား၊ လက်က ကားရားကားရား လုပ်တဲ့သူ၊ ပြောတော့ တစ်မျိုး၊ လုပ်တော့ တခြား မရိုးသားချင်သူတွေကို သရော်ထားတဲ့ ပုံပြင်ကလေးပါ။ အပြောနဲ့အလုပ်မကိုက်ညီမှုဟာ ရင်တွင်းရိုးသားမှုရှိရင် ရယ်စရာ ဖြစ်ပေမယ့် ရင်တွင်းမရိုးသားရင်တော့ ရှက်စရာ အလွန်ကောင်းပါတယ်။

ပညာရှိ သူတော်ကောင်းတွေဆိုတာ ဘဝနဲ့တရားကို တစ်သားတည်း တစ်ထပ်တည်း ပြုထားတဲ့ သူတွေပါ။ သူတော်ကောင်းတရားတွေရဲ့ မြစ်ဖျားဟာ မိမိတို့ရဲ့ နှလုံးသားဖြစ်ပြီး လောကပါလ တရားတွေရဲ့ ဗဟိုချက်မဟာလည်း မိမိတို့ရဲ့ နှလုံးသား ဖြစ်တယ်ဆိုတာကို သူတို့က အလေးအနက်ယုံကြည် လက်ခံကြပါတယ်။ သူတော်ကောင်း တရားဆိုတာ ဘဝကို စနစ်တကျ အသုံးချတတ်အောင် ကျင့်ကြံ သင်ယူရတဲ့ ကျက်မှတ် သင်အံရတဲ့ ကျက်စာမှတ်စာ တစ်ခုမျှ မဟုတ်ပါဘူး။

တကယ့် သူတော်ကောင်းဘဝဆိုတာ စကားနဲ့ တည်ဆောက်လို့ မရပါဘူး။ တရားနဲ့တည်ဆောက် ရပါတယ်။ ဘဝမှာ ဒုက္ခသစ္စာဆိုတာ အမှန်တကယ် တည်ရှိတာမို့ ဒုက္ခလွတ်ကြောင်း သူတော်ကောင်းတရားကိုလည်း အမှန်တကယ် အားထုတ်ရပါတယ်။ နိဗ္ဗာန်ဆိုတာ ဟန်ဆောင်ပန်ဆောင် နှလုံးသားနဲ့ အနားကပ်လို့တောင် မရနိုင်ပါဘူး။ လောကကြီးမှာ ရှိရှိသမျှ ကောင်းမွန်တဲ့ တိုးတက်ကြီးပွားမှု မှန်သမျှဟာ "အပြောသမား"တွေရဲ့ လေနဲ့ မှုတ်သွင်း ထားခြင်းမဟုတ်ဘဲ လက်တွေ့ ကြိုးစား အားထုတ်ကြတဲ့ "အလုပ်သမား"တွေရဲ့ လက်နဲ့ ဖန်ဆင်းထားကြခြင်းပဲ ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011



တကယ်တော့ အလုပ်ကောင်း တစ်ဆယ်သားဟာ အပြောကောင်း တစ်ပိဿာထက် ပိုပြီး အဖိုးတန်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ

http://mmteashop.com July 11, 2011

တချို့ကတော့ "ဘုံခန်းနဲ့မြောက်၊ ငရဲခန်းနဲ့ခြောက်" ဆိုသလိုနတ်ပြည်နဲ့ ငရဲဆိုတာ လူတွေကို မြှောက်ပင့်ဖို့နဲ့ ခြိမ်းခြောက်ဖို့ ဖန်တီးထားတဲ့ ဒဏ္ဍာရီ တွေလို့ ထင်တတ်ကြပါတယ်။ အဲဒါ လုံးဝ မဟုတ်ပါဘူး။

## ငရဲ နဲ့ နတ်ပြည်

တချို့က လောကကြီးကို "အကောင်း"လို့ မြင်တတ်ကြပြီး တချို့က လောကကြီးကို "အဆိုး"လို့ မြင်တတ်ကြပါတယ်။ တကယ်တော့ လောကကြီးကို လွှမ်းမိုး အုပ်စိုး နေတာဟာ အကောင်းနဲ့ အဆိုး မဟုတ်ဘဲ "အကြောင်း"နဲ့ "အကျိုး"သာဖြစ်ပါတယ်။

အကောင်းမြင် သူတွေက လောကကြီးမှာ တရားမျှတမှုတွေ ကြီးစိုး လာလိမ့်မယ်လို့ မျှော်လင့် တတ်ကြပြီး၊ အဆိုးမြင်သူတွေက လောကကြီးကို မတရားမှုတွေ လွှမ်းမိုး သွားလိမ့်မယ်လို့ ထင်တတ် ကြပါတယ်။ အမှန်မှာတော့ လောကကြီးဟာ သူတို့ ထင်မြင် မျှော်လင့်နေကြသလို မဟုတ်ဘဲ"ရေများ ရေနိုင်၊ မီးများ မီးနိုင်"ဆိုသလို အကြောင်း ရှိသလောက် အကျိုး သက်ရောက် နေခြင်းသာ ဖြစ်ပါတယ်။ အကောင်းအဆိုး ဆိုတာ အကြောင်းအကျိုးရဲ့ လက်အောက်ခံပဲ ဖြစ်ပါတယ်။

အကြောင်းနဲ့ အကျိုးကို မှန်မှန်ကန်ကန် နားလည်လက်ခံနိုင်ရင် အကောင်းနဲ့ အဆိုးကိုလည်း မှန်မှန်ကန်ကန် နားလည်လက်ခံနိုင်ပါတယ်။ အကောင်းအဆိုး အဖြစ်အပျက်တွေကို အကြောင်းအကျိုး နိယာမနဲ့ ချိန်ထိုး ကြည့်လိုက်တဲ့ အခါ"ကောင်းသော အကြောင်းတရားကြောင့် ကောင်းကျိုး ဖြစ်ပေါ်လာရပြီး၊ ဆိုတာ အကြောင်း တရားကြောင့် ဆိုးသော အကျိုးတရား ဖြစ်ပေါ်လာရတယ်"ဆိုတဲ့ ဥပဒေသဟာ အမှန်တရားကို မြတ်နိုးသူတိုင်းရဲ့ လောက ဖွဲ့စည်းအုပ်ချုပ်ပုံ(Universal Law ) ဖြစ်လာ ပါတော့တယ်။



http://mmteashop.com July 11, 2011

အကြောင်း-အကျိုးနဲ့ အကောင်း-အဆိုးကို နားလည်လက်ခံ နိုင်သူဟာ ကုသိုလ်-

အကုသိုလ်နဲ့ သုခ-ဒုက္ခကို နားလည်လက်ခံ နိုင်ပါတယ်။ ကုသိုလ်ဟာ သုခရဲ့ အကြောင်းဖြစ်ပြီး၊ ဒုက္ခဟာ အကု သိုလ်ရဲ့ အကျိုး ဖြစ်ပါတယ်။ ဒီလိုပဲ ကုသိုလ်-အကုသိုလ်နဲ့ သုခ-ဒုက္ခကို နားလည်လက်ခံနိုင်သူဟာ နတ်ပြည်နဲ့ ငရဲကိုလည်း နားလည်လက်ခံနိုင်ရပါမယ်။ အကြောင်းကတော့ နတ်ပြည်ဆိုတာ ကုသိုလ်နဲ့ သုခတို့ရဲ့ ကိုယ်ထင်ပြမှုတစ်ခုဖြစ်ပြီး၊ ငရဲဆိုတာက အကုသိုလ်နဲ့ ဒုက္ခတို့ရဲ့ ကိုယ်ပွားတစ်ခုပဲဖြစ်ပါ တယ်။

တချို့ကတော့ "ဘုံခန်းနဲ့မြှောက်၊ ငရဲခန်းနဲ့ ခြောက်" ဆိုသလို နတ်ပြည်နဲ့ ငရဲဆိုတာ လူတွေကိုမြှောက်ပင့်ဖို့နဲ့ ခြိမ်းခြောက်ဖို့ ဖန်းတီးထားတဲ့ ဒဏ္ဍာရီတွေလို့ ထင်တတ်ကြပါတယ်။ အဲဒါလုံးဝမဟုတ် ပါဘူး။ အကြောင်း-အကျိုးနဲ့ ကုသိုလ်-အကုသိုလ်ကို လက်မခံလိုကြသူ လူ့ဗာလ တချို့ရဲ့ မှုမမှန်မှု၊ သူတို့ရဲ့ မိစ္ဆာဝါဒထဲကို ကျုံသွင်းမောင်းချလို မှုတွေသာ ဖြစ်ပါတယ်။

"ကိုယ့်အမှုကြောင့်၊ အထက်ရောက်ခဲ့၊ အောက်ကျသူမှာ၊ ကိုယ်မှုသာတည်း။

ပမာနိုင်းထောက်၊ တံတိုင်းဆောက်သူ၊ တွင်းတူးသူ နှစ်မူစံထား၊ ကျင့်လေလော့" ဆိုတဲ့ ရှေးဟောင်းနီတိစကားအတိုင်းပါပဲ။ လူသားတွေ အထက်တန်း (နတ်ပြည်) ရောက်ရတာတွေ၊ အောက်တန်း (ငရဲ) ကျရတာတွေဟာ ကိုယ့်အမှု၊ ကိုယ်ကံကြောင့်သာ ဖြစ်ရတာပါ။ ဘယ်သူ့ပယောဂမျှမပါ ပါဘူး။ ကုသိုလ်ကောင်းမှုပြုတဲ့သူတွေဟာ နံရံ၊ တံတိုင်းဆောက်တဲ့ ပန်းရံဆရာတွေနဲ့ တူပါတယ်။ တစ်ချပ်ချင်းစီ ထပ်သွားတဲ့ အုတ်ချပ်တွေနဲ့အတူ သူတို့ရဲ့ အခြေအနေဟာလည်း အထက်ကို မြင့်တက်လာရပါတယ်။ ဒါဟာသူ့လုပ်ငန်းရဲ့ သဘာဝဖြစ်စဉ်အတိုင်း ဖြစ်တာပါ။

http://mmteashop.com    July 11, 2011

မကောင်းမှု အကုသိုလ် လုပ်တဲ့သူတွေဟာ တွင်းတူသမားတွေနဲ့ တူပါတယ်။ တစ်လက်မချင်း တူးထုတ်သွားတဲ့ မြေသားတွေနဲ့ အတူ သူတို့ရဲ့ အခြေအနေဟာ မြေကြီးထဲကို နိမ့်ကျ နစ်ဝင်သွားပါတယ်။ အောက်ခံမြေသားကို(၁၀)ပေလောက် တူးမိရင် သူတို့လည်း မြေကြီးထဲကို(၁၀)ပေ နစ်ဝင်သွားတော့တာပါပဲ။ ဒါဟာ သူ့လုပ်ငန်းရဲ့ သဘာဝဖြစ်စဉ်အတိုင်း ဖြစ်ပါတယ်။

ဒီဥပမာအတိုင်းပဲ သူတော်ကောင်းတွေဟာ ဘဝခန္ဓာကို ငြမ်းပမာ တပ်ဆင်ပြီး မိမိတို့ရဲ့ ကုသိုလ် ပါရမီအဆောက်အဦကို မြင့်သည်ထက် မြင့်အောင် တည်ဆောက်ရင်း အထက်တန်းကျ မြင့်မြတ်သွားကြပါတယ်။ လူမိုက်တွေကတော့ မိမိတို့ရဲ့ ဘဝခန္ဓာကို မိမိတို့ဘာသာ တူးဖြိုပြစ်ပြီး အောက်တန်းကျနစ်ဝင်သွား ကြပါတယ်။ တကယ်တော့ နတ်ပြည်နဲ့ ငရဲအပါအဝင် (၃၁)ဘုံသော သြကာသ လောကကြီးတစ်ခုဟာ လူသားတွေ ကိုယ့်ဘာသာကိုယ် တည်ဆောက်ထားတဲ့ နေရာဌာနကြီးတစ်ခုသာ ဖြစ်ပါတယ်။

အခု ဒီအကြောင်းနဲ့ပတ်သက်တဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးဟာ ဂျပန်ရိုးရာ ပုံပြင်တစ်ခုကို အခြေခံထားတာပါ။

ဿ ဿ ဿ

## ငရဲ နဲ့ နတ်ပြည်

တစ်ခါတုန်းက ကျေးလက်က တောရွာတစ်ရွာမှာ တောရ ဆောက်တည်နေတဲ့ ဆရာတော်တစ်ပါး ရှိခဲ့ဖူးတယ်။ ဆရာတော်ဟာ အရပ်တော်က ပုပြီး ကိုယ်ခန္ဓာကလည်း



http://mmteashop.com July 11, 2011

သေးသေးကွေးကွေးလေး ဖြစ်တာမို့ ရွာထဲက လူတွေက "ဘုန်းဘုန်းလေး" လို့ ခေါ်ကြတယ်။ ဘုန်းဘုန်းလေးဟာ ခန္ဓာကိုယ်က ပုပုသေးသေးလေး ဖြစ်ပေမယ့် တန်ခိုးကတော့ အင်မတန် ကြီးမားသတဲ့။

ဘုန်းဘုန်းလေးဟာ တစ်ခါတစ်ရံ တောအုပ်တွေပေါ်က ကျော်ပြီး ဆွမ်းခံ ကြွလာတတ်သလို၊ တစ်ခါတစ်ရံ မြစ်ပြင်ပေါ်မှာ လမ်းလျှောက် ပြီးတော့လည်း ဆွမ်းခံ ကြွလာတတ်တယ်။ ဒီရွာမှာ အမြဲလိုလို ဆွမ်းခံကြွနေပေမယ့် ဘုန်းဘုန်းလေး ဘယ်နေရာမှာ သီတင်းသုံးတယ် ဆိုတာ ဘယ်သူမျှ မသိရဘူးတဲ့။ ဘုန်းဘုန်းလေးဟာ စကားနည်းပြီး ပြောရင်လည်း တိုတို ကျဉ်းကျဉ်း ဖြစ်ပေမယ့် အနက် အဓိပ္ပါယ်ကတော့ အင်မတန် ကျယ်ပြန့်သတဲ့။

ဥပမာဆိုရရင် တစ်ခါက အသက်(၈၀) လောက်ရှိပြီး အငြိမ်းစား ယူထားတဲ့ အစိုးရ အရာရှိကြီး တစ်ဦးဟာ ဘုန်းဘုန်းလေးရဲ့ အင်မတန် ကျော်ကြားလှတဲ့ ဂုဏ်သတင်း ကြောင့် ဆွမ်းခံကြွမယ့်လမ်းမှာ တမင်လာရောက်စောင့်မျှော်ပြီး ဖူးတွေ့ကန်တော့သတဲ့၊ လှူဖွယ်တွေလှူဒါန်း ပြီးတဲ့အခါ"ဆရာတော်ဘုရား တပည့်တော်အတွက် တစ်သက်တာ မှတ်လောက် စရာ ဩဝါဒစကား ဟောကြားချီးမြှင့်ပေး တော်မူပါ"လို့ လျှောက်ထားတဲ့ အတွက် ဆရာတော်က "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ဖြူအောင် စိတ်ကိုထား"လို့ မိန့်ကြားလိုက်ပါတယ်။

ဘုန်းဘုန်းလေးရဲ့ ရိုးစင်းလှတဲ့ ဩဝါဒစကားကို နာကြားလိုက်ရတဲ့ အရာရှိကြီးဟာ မှန်းချက်နဲ့ နမ်းထွက်မကိုက်သလို ပုံစံမျိုးနဲ့ "အရှင်ဘုရား၊ ဒီလို တရား စကားမျိုးတော့ တပည့်တော် (၈) နှစ်သား အရွယ်ကတည်းက ကြားဖူးပါတယ်ဘုရား"လို့ ပြန်လည် လျှောက်ထားသတဲ့။ အဲဒီအခါ ဘုန်းဘုန်းလေးက "ရှစ်နှစ်သား အရွယ် ကတည်းက ကြားဖူးပြီးသား တရားစကားကို အသက်ရှစ်ဆယ် အရွယ်ရောက် တာတောင် လက်တွေ့လိုက်နာဖို့ မလွယ်ကူသေးဘူး မဟုတ်လား"လို့ ထပ်ဆင့် မိန့်ကြားတော်မူ



http://mmteashop.com July 11, 2011

ပါတယ်။ အဲဒီအခါကျမှ အရာရှိကြီးဟာ "မှန်လှပါ၊ မှန်လှပါ၊ တပည့်တော် နားလည်ပါပြီဘုရား"လို့ ပျာပျာသလဲ ဝန်ခံရသတဲ့။

ဒီလိုနဲ့ တစ်နေတော့ ဘုန်းဘုန်းလေးထံကို ဓါးပြဗိုလ်ကြီးတစ်ဦး ရောက်လာတယ်။ အဲဒီ ဓါးပြ ဗိုလ်ကြီးဟာ လုယက်သတ်ဖြတ်ရာမှာ အညှာအတာကင်း ရက်စက်လွန်းလို့ အင်မတန် နာမည်ကြီးပြီး လူတိုင်းက ကြောက်ရွံ့ရသတဲ့။ ဘုန်းဘုန်းလေးထံ ရောက်လာတဲ့ ဓါးပြဗိုလ်ကြီးက "ဆရာတော်ဘုရား၊ လောကမှာ နတ်ပြည်နဲ့ငရဲဆိုတာ တကယ်ရှိပါသလား၊ ရှိရင် ငရဲနဲ့ နတ်ပြည်အကြောင်း တပည့်တော်ကို သင်ပြပေးပါဦး"လို့ မေးမြန်းလျှောက်ထားသတဲ့။

အဲဒီအခါ ဘုန်းဘုန်းလေးက ဓါးပြဗိုလ်ကြီးရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး "မင်းလို သူတစ်ပါးတွေရဲ့ အသက်ကို ရက်ရက် စက်စက် သတ်ဖြတ်ပြီး သူများ စည်းစိမ် ချမ်းသာတွေကို လုယက်ခိုးယူနေသူ တစ်ယောက်ကို နတ်ပြည်အကြောင်း သင်ပြပေးလို့ ဘာအဓိပ္ပါယ်ရှိမှာလဲ၊ အပိုပဲပေါ့"လို့ မိန့်ကြား လိုက်ပါတယ်။ ဘုန်းဘုန်းလေးရဲ့ မထောက်မညှာ မိန့်ကြားတဲ့ အဖြေစကားကို ကြားလိုက်ရတဲ့အခါ ဓါးပြဗိုလ်ကြီးဟာ တစ်ခါတည်း မျက်စိမျက်နှာပျက်ပြီးလက်တွေ တဆတ်ဆတ် တုန်လာအောင် ဒေါသတွေ ထွက်လာတယ်။

ပြီးတော့ ပွက်ပွက်ဆူနေတဲ့ သူ့စိတ်ကို သူမထိန်းနိုင်တော့ဘဲ "ဒီလောက် မိုက်ရိုင်းတဲ့ ကိုယ်တော်ကို ခေါင်းဖြတ် သတ်ပစ်တာပဲ နားအေးတယ်"ဆိုပြီး ဆောင်ဓါးကို ထုတ်ကာ ဘုန်းဘုန်းလေးရဲ့ ဦးခေါင်းထက်မှာ ချိန်ရွယ်လိုက်သတဲ့။

အဲဒီအခါ ဘုန်းဘုန်းလေးက "အဲဒါငရဲပဲ၊ မင်းအတွက် ငရဲတံခါးကြီးပွင့်သွားပြီး"လို့ အမိန့်ရှိလိုက်သတဲ့။

http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011

အဲဒီတော့မှ ဘုန်းဘုန်းလေးဟာ အသက်နဲ့ရင်းပြီး သူနားလည်အောင် ငရဲရဲ့ သဘာဝကို သင်ပြပေးလိုက်တာပဲလို့ ခါးပြဗိုလ်ကြီး သဘောပေါက်သွားတယ်။ ဒါကြောင့် မြှောက်ချီထားတဲ့ ဆောင်ဓါးကို မြေကြီးပေါ်မှာ အသာအယာချပြီးလက်အုပ်ချီကာ "ကျေးဇူးကြီးလိုက်တာ အရှင်ဘုရား၊ ခွင့်လွှတ်တော်မူပါ အရှင်ဘုရား"လို့ လျှောက်ထား တောင်းပန်ရင်း ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါ တယ်။

အဲဒီအခါ ဘုန်းဘုန်းလေးက "အဲဒါ နတ်ပြည်ပဲ၊ ဒကာကြီးအတွက် နတ်ပြည် တံခါးကြီး ပွင့်သွား ပြီ"လို့ ထပ်မံပြီး အမိန့်ရှိလိုက်ပါတယ်။

ဒီဇမ္မပုံပြင်ကလေးဟာ ငရဲနဲ့ နတ်ပြည်ရဲ့ သဘာဝကို လူပြိန်းနားလည်အောင် တစ်စိတ်တစ်ဒေသ ဖော်ပြခြင်းမျှသာ ဖြစ်ပါတယ်။ ငရဲနဲ့ နတ်ပြည်ရဲ့ သဘာဝ အတိအကျ ကိုတော့ အဘိညာဉ်ရသူများသာ အပြည့်အစုံ သိနိုင်ကြမှာပါ။

နတ်ပြည်တံခါးကြီးနဲ့ငရဲဆိုတာ ဘုံ၊ နေရာ၊ ဌာနတွေရဲ့ အခေါ်အဝေါ်တွေ ဖြစ်ပေမယ့် ဒီနာမည်တွေမှာ ခံစားမှုပိုင်းဆိုင်ရာ စိတ်ရဲ့အခြေအနေတွေက အများကြီး လွှမ်းမိုးနေပါတယ်။ ချမ်းသာမှုကင်းမဲ့တဲ့ အခြေအနေ၊ ဖြစ်ရာဌာနဟာ ငရဲဖြစ်ပြီး ချမ်းသာမှု ပြည့်စုံတဲ့ အခြေအနေ၊ ဖြစ်ရာဌာနဟာ နတ်ပြည်ပဲ ဖြစ်ပါတယ်။ ဒီအဓိပ္ပါယ် ဖော်ဆောင်မှုဟာ ငရဲနဲ့နတ်ပြည်ဆိုတာ သေလွန် ပြီးနောက် တမလွန်ဘဝရောက်မှ တွေ့ကြုံ ခံစားရမယ့် အရာတွေလို့ လွဲမှားစွာ တွေးခေါ်နေသူတွေကို အမြင်မှန်ရစေမှာ ဖြစ်သလို "ဒီဘဝ ဒီကိုယ်စံ၊ နောက်ဘဝ နောက် ကိုယ်ခံလိမ့်မယ်" ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဝါဒကိုလည်း စင်ကြယ်စေနိုင်ပါလိမ့်မယ်။

တကယ်တော့ "ငရဲကျတယ်"ဆိုတာ မကောင်းမှု အကုသိုလ် ဒုစရိုက်ကို လွန်ကျူး မိချိန်ကစပြီး ကွယ်လွန်ချိန်မှာတော့ အဲဒီမကောင်းမှု အကုသိုလ်ရဲ့အပြစ်ကို မှချဆတ်ဆတ် ခံစားရတာကို ဆိုလိုတာပါ။ အဲဒီလိုပါပဲ၊ "နတ်ပြည်ရောက်တယ်" ဆိုတာလည်း ကောင်းမှု

ကုသိုလ်သူ စရိုက်ကို အားထုတ် ပြုလုပ် မိချိန်ကစပြီး ကွယ်လွန်ချိန်မှာတော့ အဲဒီကောင်းမှု ကုသိုလ်ရဲ့အကျိုးကို မုချဆတ်ဆတ် ခံစားရတာကို ဆိုလိုတာပါ။

နတ်ပြည်နဲ့ငရဲဟာ တမလွန်ဘဝနဲ့ အကျုံးဝင်သလို ပစ္စုပ္ပန်ဘဝနဲ့လည်း သက်ဆိုင်ပါတယ်။ ကုသိုလ်ကောင်းမှုကြောင့် ဒီဘဝ ကျေနပ် ကြည်နူး ရတဲ့ပီတိဟာ ပစ္စုပ္ပန် နတ်ပြည်ဖြစ်ပြီး၊ နောက်ဘဝ ကောင်းစားရတဲ့ အခြေအနေဟာ တမလွန်ဘဝ နတ်ပြည်ဖြစ်ပါတယ်။ အကုသိုလ် မကောင်းမှုကြောင့် ဒီဘဝ ပူပန်ဆင်းရဲရတဲ့နောင်တဟာ ပစ္စုပ္ပန်ငရဲဖြစ်ပြီး၊ နောက်ဘဝ တွေ့ကြုံရမယ့် ဆိုးဝါးလှတဲ့ အခြေအနေဟာ တမလွန်ဘဝ ငရဲဖြစ်ပါတယ်။

ပုံပြင်ထဲက ဘုန်းဘုန်းလေး ပြောပြသလိုပဲ နတ်ပြည်နဲ့ ငရဲမျိုးစေ့ဟာ မိမိတို့ရဲ့ နှလုံးသားမှာ ကိန်းအောင်းနေတာမို့ မိမိတို့နဲ့ အနေဝေးလှတာ မဟုတ်ပါဘူး။ ရင်ထဲမှာရှိတဲ့ ဒီမျိုးစေ့ကိုပဲ ကုသိုလ် ရေစင်နဲ့ သွန်းဖျန်းလိုက်တဲ့အခါ နတ်ဘုံဗိမာန်တွေ ပေါ်ပေါက်လာပြီး အကုသိုလ် အဆိပ်ရေတွေနဲ့ လောင်းထည့် လိုက်တဲ့အခါ ငရဲကြီးရှစ်ထပ် ပေါ်ပေါက် လာတာပဲ ဖြစ်ပါတယ်။

အကြောင်းရှိမှ အကျိုးထင်တတ်တဲ့ လောကကြီးမှာ အကျိုးတရား သက်သက် ဖြစ်တဲ့ နတ်ပြည်နဲ့ ငရဲဆိုတာ တကယ်တော့ ဘာမျှ ပြဿနာမဟုတ်ပါဘူး။ အကြောင်း အကျိုးကို ကိုယ်လိုသလို ဆွဲယူချင်တာကသာ ပြဿနာဖြစ်ပါတယ်။ "စိတ္တေန နီယတေ လောကော =လောကကြီးကိုစိတ်က ဖန်ဆင်းတာ"ဆိုတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဆိုမိန့်ချက် ရှိပါတယ်။ ဒါကြောင့် နတ်ပြည်ရော ငရဲပါ(၃၁)ဘုံသော လောကကြီးဟာ လူ့စိတ်တွေက ဖန်ဆင်းထားတဲ့ တကယ့်အရှိတရား တစ်ခုဖြစ်တယ်ဆိုတာ လွတ်လပ် ပွင့်လင်းတဲ့ စိတ်ထားနဲ့ ရိုးသားစွာ လက်ခံလိုက်ရင် ပြဿနာအားလုံး ရှင်းလင်းသွားလိမ့်မယ်လို့ ယုံကြည် ယူဆမိပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ

http://mmteashop.com July 11, 2011



http://mmteashop.com July 11, 2011

"နမှာ ငါးရာ၊ ရင့်မှာ တစ်ကျိပ်၊ နောင်လာ ရှစ်သောင်း၊ ဘုရားပေါင်းတဲ့။ ဘုရားပေါင်း နောက်၊ တို့ နှစ်ယောက်၊ တို့နှစ်ယောက် နောက်၊ ခင်ကြီးပေါက်ပေ့ "

## တို့နှစ်ယောက်နောက်ခင်ကြီးပေါက်ပေ့

လုပ်ငန်းတစ်ခု ပြီးစီးအောင်မြင်ဖို့ဆိုရင် "စမိ"ဖို့နဲ့ "စွဲမြဲ"ဖို့လိုပါတယ်။ စမိခြင်းဟာ လုပ်ငန်းရဲ့ ရှေ့ထက်ဝက် ပြီးစီးဖို့ အခြေခံဖြစ်ပြီး၊ စွဲမြဲခြင်းကတော့ နောက်ထက်ဝက် ပြီးစီးဖို့အတွက် အဓိက မောင်းနှင်အား ဖြစ်ပါတယ်။ စမိခြင်းဟာ ယုံကြည်ချက်ရဲ့ အသီးအပွင့်ဖြစ်ပြီး စွဲမြဲခြင်းကတော့ လုံ့လဝီရိယရဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်။ စရုံသာစပြီး စွဲမြဲမှုမရှိပါက ဘယ်လုပ်ငန်းမဆို ပြီးစီးအောင်မြင်ဖို့ မလွယ်ကူပါဘူး။ စမိခြင်း၊ စွဲမြဲဖို့အတွက် ခိုင်မာတဲ့ သန္နိဋ္ဌာန်လိုအပ်ပါတယ်။ ဆုံးဖြတ်ချက် မခိုင်မာ၊ မပြတ်သား ရင် ဘယ်လုပ်ငန်းမဆို ဆန့်ကျင်ဘက် အရာတွေနဲ့ ရင်ဆိုင်တွေ့ကြုံရတဲ့အခါ ရပ်တန့် ဆုတ်ယုတ် ပျက်စီးသွားတတ်ပါတယ်။ မြင့်မြတ်တဲ့ လုပ်ငန်းတိုင်းမှာ ရည်မှန်းချက်ကို ဖြည့်ဆည်း ပေးဖို့အတွက် စွဲစွဲမြဲမြဲ ကျားကုတ်ကျားခဲ ဖွဲ့ရှိရှိတည်ခြင်း၊ ဆုံးဖြတ်ချက် ခိုင်မာပြတ်သားခြင်းကို "အဓိဋ္ဌာန် ပါရမီ"လို့ ခေါ်ပါတယ်။

အဓိဋ္ဌာန်ပါရမီဟာ "စမိဖို့"နဲ့ "စွဲမြဲဖို့"ကို ပေါင်းကူးပေးရာဖြစ်သလို ယုံကြည်ချက်နဲ့ သန္နိဋ္ဌာန်ကို အခိုင်အမာ ချိတ်ဆက်ပေးရာ သံမဏိကွင်းဆက် တစ်ခုလည်းဖြစ်ပါတယ်။ စိတ်ဓာတ်ခွန်အား အားကိုးနဲ့ အနာဂတ် ကံကြမ္မာကို အကဲစမ်း စိမ်ခေါ်တာမျိုးဖြစ်သလို အခက်အခဲ အကျပ်အတည်းတွေကို ကျော်လွှားဖို့အတွက် အသိဉာဏ်နဲ့ ကိုယ်ကျင့် တရားတို့ ရင်ချင်းအပ်၊ ကျောချင်းကပ်မိတာမျိုးလည်း ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

အဓိဋ္ဌာန်မြဲမြံမှုဆိုတာ ခြံစည်းရိုးပေါ်မှာ ခွထိုင်တာမျိုးမဟုတ်သလို ခေါင်းမာမှု သက်သက်လည်း မဟုတ်ပါဘူး။ ကိစ္စရပ်တစ်ခုကို သတ္တိရှိစွာ၊ အသိဉာဏ်ရှိစွာ၊ ငြိမ်းချမ်းစွာ ရင်ဆိုင်ဖြေရှင်းမှု ဖြစ်ပါတယ်။ ခိုင်မြဲတဲ့အဓိဋ္ဌာန်ဟာ စိတ်ဓာတ်ကို နိုးကြား၊ ခွန်အားကို တိုးပွားစေပြီး မျှော်လင့်ချက်ကို အစဉ်အမြဲ ရှင်သန်စေပါတယ်။ အဓိဋ္ဌာန်ပါရမီနဲ့ ပြီးစီးအောင်မြင်မှုတို့ဟာ ရှေ့သွား နောက်လိုက်ပါ။ ခိုင်မြဲတဲ့ အဓိဋ္ဌာန် ပါရမီနောက်ကို အောင်မြင်မှုတွေ တသီကြီး လိုက်တတ်ပါတယ်။

အဓိဋ္ဌာန်ပါရမီဟာ အောင်မြင်မှုနဲ့ ကျရှုံးမှု၊ ပေါက်ရောက်မှုနဲ့ နောက်ကောက်ကျမှု၊ ကြီးမြတ်မှုနဲ့ သာမာန်ဖြစ်မှုတွေကို အမြဲတစေ အဆုံးအဖြတ် ပေးတတ်ပါတယ်။ အဓိဋ္ဌာန်ပါရမီနဲ့ ပြည့်စုံသူတွေရဲ့ ရင်ထဲက ကာဗွန်(မီးသွေးခဲ)တွေဟာ တစ်ချိန်မှာ စိန်ပွင့်တွေ အဖြစ် တောက်ပစွာ ပေါ်ထွက်လာကြပေမယ့် အဓိဋ္ဌာန်ပါရမီ ချို့တဲ့ကြသူ တွေရဲ့ ရင်ထဲက ရွှေရောင်အိပ်မက်တွေကတော့ အချိန်ကြာလာတာနဲ့ အမှု ဖက်ရှက်ဝါ တွေလို မှိန်ဖျော့သွား တတ်ကြပါတယ်။

တကယ့်တော့ လူ့ဘဝဆိုတာ အဓိဋ္ဌာန်ကြီး၊ အဓိဋ္ဌာန်ငယ်တွေနဲ့ တည်ဆောက် ထားတာပါ။ အဲဒါတွေ ခိုင်မြဲဖို့ အင်မတန်အရေးကြီးပါတယ်။ ကိုယ့်ရဲ့ သန္နိဋ္ဌာန်ဟာ ကိုယ့်ဘဝလမ်းကြောင်းကို ကောင်းကောင်းကြီး ပြောင်းလဲစေပါတယ်။ သန္နိဋ္ဌာန်ခိုင်မာမှု ကင်းမဲ့တဲ့အခါ ဘဝရဲ့ ခွန်အားတွေဟာ လေထဲမှာ လွင့်ပါးသွားတဲ့ ရေငွေ့တွေလို အလဟဿ ပျောက်ကွယ်သွားရပြီး မျှော်လင့်ချက် အိပ်မက် တွေဟာလည်း ဘယ်တော့မှ အကောင်အထည်ပေါ်လာမှာ မဟုတ်ပါဘူး။

ဆန့်ကျင်ဘက်အရာတွေနဲ့ သွေးဆောင်ဖြားယောင်းမှုနဲ့ ခြိမ်းခြောက်မှုတွေကြောင့် ယိမ်းယိုင် တုန်လှုပ်မှုမရှိဘဲ မိမိရဲ့ ရည်ရွယ်ချက်ကို အသေအချာ ဖက်တွယ်ထားနိုင်ခြင်း၊ မိမိရဲ့ ရည်မှန်းချက် ပန်းတိုင်ကို အခိုင်အမာ ဆုပ်ကိုင် ထားနိုင်ခြင်းတွေဟာ အဓိဋ္ဌာန် ပါရမီရဲ့ မှုရင်းအနှစ်သာရတွေ ဖြစ်ပါတယ်။ ဒီအဓိဋ္ဌာန်ပါရမီဆိုတဲ့ မီးကို ရင်ထဲမှာ

http://mmteashop.com July 11, 2011

အစဉ်အမြဲ တောက်လောင်စေဖို့အတွက် ရဲတင်းတဲ့ ယုံကြည်ချက်နဲ့ ပြင်းပြတဲ့ ဆန္ဒ လောင်စာတွေ အလျှံအပယ်ရှိနေဖို့တော့ တကယ်လိုအပ်လှပါတယ်။

ရဲတင်းတဲ့ ယုံကြည်ချက်နဲ့ ပြင်းပြတဲ့ ဆန္ဒဟာ အဓိဋ္ဌာန် ပါရမီ အဆောက်အဦးရဲ့ အောက်ခြေ အမာခံ ဖြစ်ပါတယ်။ အဲဒီအရာတွေ ကောင်းမွန်စွာ မရှိဘဲ တည်ဆောက်ထားတဲ့ အဓိဋ္ဌာန်ပါရမီဆိုတာ တာရှည်မခံဘဲ အလွယ်တကူ ပြိုကွဲ ပျက်စီး တတ်ပါတယ်။ အဲဒီအကြောင်းနဲ့ ဆက်စပ်ပြီးငယ်စဉ်က စာချဆရာတော် ပြောပြခဲ့ဖူးတဲ့ ပုံပြင်ကလေး တစ်ပုဒ်ကို သတိရမိပါတယ်

ꩫꩬꩬꩫꩫꩬꩬꩫꩫꩬꩬꩫꩫꩬꩬꩫ

## တို့နစ်ယောက် ခင်ကြီးပေါက်ဟော့

တစ်ခါတုန်းက ပုဂံနေပြည်တော် အနီးအပါးက ရွာကလေးတစ်ရွာမှာ မောင်ပေါက်လို့ အမည်ရတဲ့ အမျိုးသားတစ်ယောက် ရှိခဲ့ဖူးတယ်။ မောင်ပေါက်ဟာ ဖတဆိုးလေးဖြစ်တာမို့ ငယ်စဉ်ကတည်းကပဲ ဘုန်းတော်ကြီးကျောင်းမှာ နေခဲ့ရတယ်။ ဉာဏ်အနည်းငယ် ထုံထိုင်းပေမယ့် ရိုးသားသိမ်မွေ့တဲ့ မောင်ပေါက်ကို ဘုန်းတော်ကြီးက ဦးစားပေးစောင့်ရှောက်တော်မူပါတယ်။

မောင်ပေါက်ဟာ ဘုန်းတော်ကြီး သင်ပေးတဲ့ ဇာတ်ကြီး ဆယ်ဘွဲ့၊ ငါးရာငါးဆယ် နိပါတ်တော်တွေကို ဖတ်ရှုရပြီး ဘုရားအလောင်းတော်ကို အင်မတန်ကြည်ညိုအားကျသလို ကိုယ်တိုင်လည်း ဘုရားဆုပန်ထားသတဲ့။ ဒါကြောင့်မို့ မောင်ပေါက်ဟာ အသက်(၂၀)



http://mmteashop.com July 11, 2011

ပြည့်တဲ့ အခါ ရဟန်းဘဝကို ခံယူပြီး အသက်အရွယ် ကြီးရင့်နေပြီဖြစ်တဲ့ မိခင်ကြီးကို ဆွမ်းခံပြီး ကျွေးမွေးပြုစုပါတယ်။ ပါရမီဆယ်ပါးကိုလည်း တတ်နိုင်သလောက် ဖြည့်ဆည်း သွားမယ်လို့ ဆုံးဖြတ်ထားသတဲ့။

ရဟန်းဘဝ ရောက်သွားတဲ့ မောင်ပေါက်ကို အဲဒီ ခေတ်တုန်း ကတော့ "ခင်ကြီးပေါက်"လို့ ခေါ်ကြတယ်။ ခင်ကြီးဆိုတာ ရဟန်းတွေကို ခေါ်တဲ့ ရှေးခေတ်သုံး ပေါရာဏဝေါဟာရ တစ်ခုပေ့ါ။ ခင်ကြီးပေါက်ရဲ့ လိမ္မာတတ်သိမှုဟာ သူတို့ရွာမှာတော့ အထင်ကရကို ဖြစ်လို့တဲ့၊ များသောအားဖြင့် ခင်ကြီးပေါက်တို့ရွာသားတွေဟာ အပျော်အပါး လိုက်စားခြင်း (ကတ္တိဓုတ္တ)၊ အရက်သေစာ သောက်စားခြင်း (သုရာဓုတ္တ) လောင်းကစား ကျူးခြင်း (အက္ခဓုတ္တ)လို့ခေါ်တဲ့ ဓုတ်သုံးပါးကို အလွန်အကြူး လိုက်စားကြတယ်။

ဒါကြောင့် မိဘတွေက သားမိုက်တွေကို အားမရတဲ့အခါ "ခင်ကြီးပေါက်တို့နဲ့တော့ ကွာပါ့ကွာ"လို့တစ်မျိုး၊ မယားတွေက လင်ဆိုးတွေကို စိတ်တိုင်း မကျတဲ့အခါ "ခင်ကြီးပေါက်နဲ့တော့ မိုးနဲ့မြေပဲ"လို့ တစ်ဖုံ နှိုင်းယှဉ်ကဲ့ရဲ့တတ်ကြတယ်။ အဲဒီလို အခါမျိုးမှာ ကိုယ့်ရဲ့ချို့ယွင်းချက်ကို အပြစ်လို့မမြင်တတ်ကြတဲ့ အန္ဓပုထုဇဉ်တွေဟာ ခင်ကြီးပေါက်ကိုပဲ မလိုတမာ ရန်ရှာတတ်ကြတယ်။ ကိုယ်မကောင်းတာ အပြစ်မရှိ၊ ခင်ကြီပေါက် ကောင်းနေတာဟာ အပြစ်လို့ ထင်နေကြတယ်။

နောက်ဆုံးတော့ အရက်သမားတစ်စုဟာ ခင်ကြီးပေါက်ကြောင့် သူတို့ကို သူများတွေက ကဲ့ရဲ့ ရှုတ်ချတာကို ခံရတယ်၊ ဒါကြောင့် ခင်ကြီးပေါက်ကိုလည်း သူတို့နဲ့ တစ်ဂိုဏ်းသားထဲ၊ ဓုတ်သုံးပါးထဲ ပါလာအောင် ခင်ကြီးပေါက်ဖျက်ဆီးရေး အစီအစဉ်ကို ဆွဲကြသတဲ့။ အစပိုင်းမှာတော့ အရက်သမားတွေဟာ ရွာထဲက ကလေးတွေကို မုန့်ဖိုးပေးပြီး သီချင်းတစ်ပုဒ်ကို တဘောင်လုပ်ပြီး သီဆိုစေသတဲ့။ နောက်တော့ ခင်ကြီးပေါက် မကြားကြားအောင် ခင်ကြီးပေါက်ရဲ့ ကျောင်းအနီးအပါးမှာ အရက်သမား နှစ်ယောက်ကို မကြာမကြာ အော်ဆိုခိုင်းတယ်။



http://mmteashop.com July 11, 2011

သူတို့ဆိုတာကတော့ -

"နမှာ ငါးရာ၊ ရင့်မာ တစ်ကျိပ်၊

နောင်လာရှစ်သောင်း၊ ဘုရားပေါင်းတဲ့။

ဘုရားပေါင်းနောက်၊ တို့နှစ်ယောက်၊ တို့နှစ်ယောက်နောက်၊

ခင်ကြီးပေါက်ဟေ့"

ဆိုတဲ့ သံချပ်လင်္ကာကလေးပါပဲ။

တစ်နေ့တော့ ခင်ကြီးပေါက်ဟာ နားနားနေနေ နေရင်းအရက်သမားနှစ်ယောက်ရဲ့ တဘောင် သီချင်းကို အသေအချာကြားလိုက်မိသတဲ့။ ကြားမိတယ်ဆိုရင်ပဲ တဘောင် စကားရဲ့ အနက် အဓိပ္ပါယ်ကို သူနားလည်သလို ဖော်ကြည့်တယ်။ "အင်း…နမှာ ငါးရာ၊ရင့်မာတစ်ကျိပ်ဆိုတာ ပါရမီနုသေးတဲ့ ဘုရားလောင်းငါးရာ၊ပါရမီရင့်မာပြီးသား ဘုရားလောင်းကတစ်ကျိပ်။ နောင်လာရှစ်သောင်း ဘုရားပေါင်းတဲ့ဆိုတာက အဲဒီ ဘုရားလောင်း ငါးရာနဲ့ တစ်ကျိပ်နောက်မှာ ဘုရားပေါင်းရှစ်သောင်း ပွင့်တော်မူဦးမယ်။ ဘုရားပေါင်းနောက်တို့နှစ်ယောက်ဆိုတာကတော့ အဲဒီဘုရားပေါင်း ရှစ်သောင်း ငါးရာ တစ်ကျိပ် ပွင့်တော်မူပြီးတဲ့ နောက်မှာ ဒီအရက်သမား နှစ်ယောက်က ဘုရားအဖြစ် ပွင့်တော် မူမယ်လို့ ဆိုလိုတာပဲ။ တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ဟေ့-ဆိုတာကတော့ သူတို့နှစ်ယောက် ဘုရားအဖြစ်ပွင့်ပြီးမှ ငါ့အလှည့်ကျမှာပါလား။ "ဟာ- ဒီလိုဆိုရင် ငါဘုရား ဖြစ်ဖို့ဟာ အဝေးကြီးရှိ ပါသေးလား။ ငါရဲ့ နောင်တော် ဘုရားလောင်းတွေ တောင်မှ မူးတုန်း ရူးတုန်း ရှိသေးတယ်။ ငါလည်း ပွင့်ချိန် မတန်သေးတဲ့ အတူတူသူတို့လို ပျော်ပျော်ပါးပါး နေဦးမှပါပဲ" လို့လည်း စိတ်ကူးမိသတဲ့။



http://mmteashop.com July 11, 2011

ဒီလိုနဲ့ တခေါင်စိတ်ကူးနဲ့ အူမြူးနေတဲ့ ခင်ကြီးပေါက်ဟာ မကြာခင်မှာပဲ ရဟန်းဘဝက လူထွက်ပြီး သူရာတင်းကုပ်မှာ အရက်သမား တစ်အုပ်နဲ့ ခုတ်သုံးခုတ်ထဲ အသင်းဝင်သွားပါသတဲ့။

ဒီဓမ္မပုံပြင် ကလေးဟာ စမိပေမယ့် စွဲမြဲမှုမရှိတာကြောင့် မအောင်မမြင် ဖြစ်သွားရတဲ့ သာမန် ပုထုဇဉ်တွေရဲ့ ဖြစ်ရိုးဖြစ်စဉ် အဖြစ်အပျက်ကလေးကို သရုပ်ဖော်ထားတာပါ။ သန္နိဋ္ဌာန် ခိုင်မာမှုမရှိရင် "အစကောင်း ပေမယ့် အနှောင်း မသေချာနိုင်ဘူး" ဆိုတာကိုလည်း တစ်စွန်းတစ်စ ဖော်ပြလိုက်တာပါ။ ပုထုဇဉ်ဘဝရဲ့ အိပ်မက်ကောင်း တွေဟာ ဒီလိုအဓိဋ္ဌာန် ပါရမီ မခိုင်မြဲမှုကြောင့်ပဲ တစ်ဝက်တစ်ပျက်နဲ့ ပျောက်ကွယ် ကုန်ကြရပါတယ်။

သူတော်ကောင်း လမ်းမကြီး ပေါ်မှာရှိတဲ့ ဒါနမှု၊ သီလမှုတွေဟာ အဓိဋ္ဌာန်ပေါက်မှပဲ ပါရမီ မြောက်ကြပါတယ်။ သတ္တဝါတစ်ဦးအနေနဲ့ သံသရာခရီး ပုထုဇဉ် လမ်းမကြီးပေါ်မှာ အဓိဋ္ဌာန်မပေါက်လို့ ပါရမီမမြောက်ဘဲ စွန့်ပစ်ခဲ့ရတဲ့ ကောင်းမှုကုသိုလ် တွေဆိုတာ အသင်္ချေအနန္တပါ။ နမြော်စရာကြီးပါ။ စိစစ် ကြည့်ရင် အဓိဋ္ဌာန်ပါရမီဆိုတာ ပါရမီအားလုံးရဲ့ အမြုတေရတနာတစ်ခု ဖြစ်ပါတယ်။

အဓိဋ္ဌာန်ပါရမီ ခိုင်မြဲဖို့ဆိုရင် သူတော်ကောင်းတရားအပေါ်မှာ အခြေခံတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရဲတင်းတဲ့ ယုံကြည့်ချက်၊ ပြင်းပြတဲ့ဆန္ဒ၊ ထက်သန်တဲ့လုံ့လ၊ စွဲမြဲတဲ့သတိ၊ တည်ကြည်တဲ့ သမာဓိနဲ့ တောက်ပတဲ့ ပညာတွေ ရှိဖို့လိုပါတယ်။ အဲဒီ အရင်းအမြစ်တွေ မရှိဘဲနဲ့တော့ အဓိဋ္ဌာန် ပါရမီဆိုတာ သီးပွင့်လာစရာ အကြောင်း မရှိပါဘူး။ အရင်းအမြစ်မှန်မှ အသီးအပွင့်မှန်ပါတယ်။

တကယ်တော့ ပုံပြင်ထဲက "ခင်ကြီးပေါက်" ဆိုတာဟာ စာရေးသူအပါအဝင် သာမန် ပုထုဇဉ်တွေကို ကိုယ်စားပြုနေတဲ့ ဇာတ်ရုပ်တစ်ခုပါ။ ပုထုဇဉ်ဆိုတာ သဲသောင်ပြင်ပေါ်မှာ သဲအိမ် တည်ဆောက်တမ်း ကစား ပျော်မြူး တတ်ကြတဲ့



http://mmteashop.com July 11, 2011

ကလေးတွေလိုပါပဲ၊ သံသရာ တစ်ဖက်ကမ်းကို ကူးဖို့ ရည်ရွယ်ချက် မရှိတဲ့ ဒီဘက်ကမ်းလို့ဆိုတ "လောကီဘ ဝ" သဲသောင်ပြင်ပေါ်မှာပဲ "အဓိဋ္ဌာန်ပါရမီ သဲအိမ်" တွေ တည်ဆောက်ပြီး ပျော်မြူးနေကြတယ်။ တည်ဆောက်လိုက်၊ ပျက်စီးသွားလိုက်၊ ပြန်တည်ဆောက်လိုက်နဲ့ ပျော်နေလိုက်ကြတာ ဘယ်သောအခါမှာ ပွင့်တော်မမူမယ့် ဘုရားလောင်းဘ ဝနဲ့ပေါ့။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ

❖ သည်းခံခြင်းဆိုတာ တစ်ဖက်သားကိုအနိုင်ရဖို့ အားထုတ်တာ မဟုတ်သလို အရှုံးပေး အညံ့ခံတာလည်း မဟုတ်ပါဘူး။
❖ အနိုင်-အရှုံးမဖက် သရေသဘောထားသက်သက်ပဲ ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

- ❖ သည်းခံခြင်းမှာ လွတ်လပ်ပွင့်လင်းတဲ့ စိတ်ထား၊ယဉ်ကျေးပျူငှာတဲ့ နှလုံးသား၊ ချစ်ကြည်နွေးထွေးတဲ့ကမ်းလှမ်းမှုများနဲ့အတူ စာနာနားလည်မှုများလည်းဖွဲ့စည်းပါဝင်နေပါတယ်။
- ❖ သည်းခံခြင်းဟာ ကောင်းမြတ်တဲ့ အလားအလာတွေနဲ့ တောက်ပနေတဲ့ ကျယ်ဝန်းတဲ့ မိုးကုတ်စက်ဝိုင်းကြီးတစ်ခုဖြစ်ပါတယ်။
- ❖ သည်းခံခြင်းဆိုတာ အာဃာတနဲ့ မုန်းတီး မှုတွေကို ကာကွယ်ဖို့၊ သဘော ကွဲလွဲမှုရဲ့ အောက်ခြေမှာ အချင်းချင်း ယုံကြည် လေးစားမှုကို အခြေခံပြီး မေတ္တာ ကမ္ဘာကို တည်ဆောက်ခြင်း ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

http://mmteashop.com July 11, 2011



## ခံသင့်သလောက်ပဲ ခံမည်

နားလည်မှု မှားယွင်းလို့ ကျင့်စဉ်လွဲချော်နေတဲ့ ပါဠိစကားလုံး(၂)ခုရှိပါတယ်။ အဲဒါတွေက "သန္တုဋ္ဌိ နဲ့ ခန္တီ"ပါ။ ခန္တီ=ကို သည်းခံခြင်းလို့ ရိုးရိုးလွယ်လွယ် မြန်မာပြန် ဆိုလို့ရပေမယ့် ဘယ်လို သည်းခံရတယ်၊ ဘယ်လောက်ထိ သည်ခံရမယ်ဆိုတာ လေ့လာ မထားရင် ရှင်းပြဖို့ အတော်ခက်ခဲပါတယ်။

ခန္တီ-ဆိုတာက သူ့ရဲ့ပင်ရင်း သဘောက စိတ်နလုံးခိုင်ခံ့တဲ့ သွင်ပြင်လက္ခဏာရှိပြီး အကြောင်းအားလျော်စွာ တွေ့ကြုံလာတတ်တဲ့ ကောင်းဆိုးနှစ်တန် လောကဓံတရားတွေကို တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ မဖောက်မပြန် အမှန်အတိုင်း လက်ခံနိုင်တဲ့ အစွမ်းသတ္တိ ရှိပါတယ်။ ပါရမီမြောက်တဲ့ ခန္တီဟာ (ဘဝနဲ့ လောကအကြောင်းကို နောကျေအောင်

သိထားတာမို့ သဘောထား၊ ကြီးမြတ်နားလည်ခွင့်လွှတ်တတ်တဲ့ ) သူတော်ကောင်းတို့ရဲ့ ရင်ခွင်တွင်းကသာ သက်ဆင်းလာရိုးရှိပြီး၊ သူ့ရဲ့ ပုံစံအချင်းအရာဟာ သူတစ်ပါးတွေက မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး လွန်လွန်ကြူးကြူး အပြစ်ဖို့ စော်ကားလာရင်တော်မှ အကြမ်းမဖက် အမျက်မာန်မပါ နူးညံ့ချိုသာ မှန်ကန်စွာနဲ့ သည်းခံဖြေရှင်း တတ်ပါတယ်။

အနိုင်အထက်ပြုမှုနဲ့ တွေကြုံရတဲ့အခါ "ငုံ့ခံခဲ"တာဟာ မကောင်းလှသလို "လက်တုံ့ပြန်"တာ ဟာလည်း မှားယွင်းပါတယ်။ အစေမ္မမှုတစ်ခုဟာ ငုံ့ခံလိုက်ရုံနဲ့ ပပျောက်သွားမှာ မဟုတ်သလို၊ လက်တုံ့ ပြန်လိုက်တာနဲ့လည်း ပြေလည်သွားမှာ မဟုတ်ပါဘူး။ ငုံ့ခံတာဟာ အစွန်းတစ်ခုဖြစ်သလို၊ လက်တုံ့ပြန် တာဟာလည်း အစွန့်တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလို အစွန်းနှစ်ဖက် မထွက်စေဘဲ မဇ္ဈိမပဋိပဒါဆိုတဲ့ အ လယ်အလတ်လမ်းစဉ်အတိုင်း အကြမ်းမဖက်တဲ့ နည်းနဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းကိုပဲ ခန္တီ=သည်းခံ ခြင်းလို့ ခေါ်တာပါ။

သည်းခံခြင်းဆိုတာ တစ်ဖက်သားကို အနိုင်ရဖို့ အားထုတ်တာ မဟုတ်သလို အရှုံးပေး အညံ့ခံ တာလည်းမဟုတ်ပါဘူး။ အနိုင်-အရှုံး မဖက် သရေ သဘောထား သက်သက်ပဲ ဖြစ်ပါတယ်။ သည်းခံခြင်း မှာ လွတ်လပ်ပွင့်လင်းတဲ့ စိတ်ထား၊ ယဉ်ကျေးပျူငှာတဲ့ နှလုံးသား၊ ချစ်ကြည်နွေးထွေးတဲ့ ကမ်းလှမ်းမှုများနဲ့အတူ စာနာ နားလည်မှု များလည်း ဖွဲ့စည်းပါဝင်နေပါတယ်။ သည်းခံခြင်းဟာ မိုးကုတ်စက်ဝိုင်း ကြီးတစ်ခု ဖြစ်ပါတယ်။

သည်းခံခြင်းမှာ လှပတဲ့ မျက်နှာစာတွေ အများကြီးရှိပါတယ်။ သည်းခံတတ်သူဟာ လူများစုရဲ့ ချစ်ခင်နှစ်သက်မှုကို ခံယူရတယ်။ ဘေးရန်မရှိဘူး၊ အမှားအယွင်း နည်းတယ်။ မတွေမဝေ သေရတယ်။ သေပြီးနောက်ကောင်းတဲ့ဘ ဝ ရောက်ရတယ်လို့ ဗုဒ္ဓမြတ်စွာက ဟောတော် မူခဲ့တာပါ။ တကယ်တော့ သည်းခံခြင်းဆိုတာ သဘောထားကြီးခြင်းရဲ့ သင်္ကေတ၊ အနစ်နာခံနိုင်မှုရဲ့ စံနမူနာ၊ ခွင့်လွှတ်နိုင်မှုရဲ့ သက်သေ သာဓကတွေပဲ ဖြစ်ပါတယ်။

http://mmteashop.com July 11, 2011

အခု သည်းခံခြင်း=ခန္တီနဲ့ ပတ်သက်တဲ့ ပုံပြင်ကလေး တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီဇမ္ဗူပုံပြင် ကလေးဟာ ငယ်ငယ်တုန်းက စာချဆရာတော် တစ်ပါး ပြောပြခဲ့တာပါ။

ꕥꕥꕥꕥꕥ

## ခံသင့်သလောက်ပဲ ခံမည်

တစ်ခါတုန်းက ဟိမဝန္တာ တောအုပ်ကြီးထဲမှာ တရားကျင့်နေတဲ့ ရသေ့ကြီးတစ်ပါး ရှိခဲ့ဖူးတယ်။ အဲဒီရသေ့ကြီးဟာ "လောကမှာရှိတဲ့ အကျင့်တွေထဲမှာ သည်းခံခြင်း=ခန္တီဟာ အမြတ်ဆုံးပဲ"လို့ အယူရှိပြီး၊ သည်းခံခြင်းကို အဓိကထားကာ တရားကျင့်လေ့ရှိတာမို့ "ခန္တီဝါဒီ ရသေ့ကြီး"လို့လည်းအများက ခေါ်ကြသတဲ့။

တစ်နေ့တော့ ဗာရာဏသီပြည်ကိုလာရင်း ဗြဟ္မဒတ်မင်းကြီးရဲ့ ဥယျာဉ်ထဲမှာပဲ ခေတ္တခဏသီတင်း သုံးနေတယ်။ ညနေတိုင်းမှာ ဗာရာဏသီးပြည်သူ၊ ပြည်သားတွေဟာ ပန်းနံ့သာတွေကို လက်ဆွဲပြီး ရသေ့ကြီးထံမှာ တရားနာလာတတ်ကြသလို၊ နေ့လယ်ဘက်မှာလည်း နွားကျောင်းသား တစ်ယောက်နဲ့ မြွေပေါက်ကြီး တစ်ကောင်ဟာ မကြာမကြာ တရားနာလာတတ်သတဲ့။

အဲဒီလိုနဲ့ တစ်ချိန်မှာ ရသေ့ကြီးက နွားကျောင်းသားနဲ့မြွေပေါက်ကြီးကို ဒေါသမကြီးဖို့၊ ဒေါသ ဖြစ်ခဲ့လို့ ရှိရင်လည်း သတ္တဝါတွေကို မ ညှဉ်းဆဲ မနှိပ်စက်ဖို့ ဆုံးမရင်း လောကမှာရှိတဲ့ အကျင့်တွေထဲမှာ သည်းခံခြင်း=ခန္တီဟာ အမြတ်ဆုံး အကျင့်ဖြစ်ကြောင်း၊ သည်းခံခြင်း= ခန္တီအကျင့်ဆိုတာ သူတစ်ပါးတွေက ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုလာရင်

http://mmteashop.com July 11, 2011

"ကိုယ်ထိလက်ရောက် မရိုက်နှက်မပုတ်ခတ်တာ တော်သေး" ဆိုပြီး၊ တကယ်လို့ ကိုယ်ထိလက်ရောက် ရိုက်နှက် ပုတ်ခတ် လာခဲ့ရင်လည်း "သေအောင် မသတ်ဖြတ်တာ တော်သေးရဲ့" ဆိုပြီး၊ ဒီထက်မက သေအောင် သတ်ဖြတ်လာရင်တောင်မှ "ဩော်-တချို့သူတွေဟာ ကိုယ်ဟာကိုယ်သတ်သေဖို့ ကိုယ်တိုင် အားထုတ်ကြရတယ်၊ ငါမှာတော့ ဒီလို ကြောင့်ကြရတာမျိုး မရှိဘူး"ဆိုပြီး၊ ကောင်းတဲ့ဘက် လှည့်တွေးကာ သည်းခံ ခွင့်လွှတ်တတ်ရမှာ ဖြစ်ကြောင်းကို ဟောကြား သင်ပြပေးလိုက်ပါတယ်။

နွားကျောင်းသားနဲ့ မြွေဟောက်ကြီးတို့ကလည်း ရသေ့ကြီး သင်ပေးလိုက်တဲ့ ခန္တီဝါဒကို လိုက်နာကျင့် ကြံပါမယ်ဆိုတဲ့ ဝန်ခံချက်နဲ့ ရသေ့ကြီးကို ရှိသေစွာ ရှိခိုးပြီး ကိုယ့်နေရာ ကိုယ်ပြန်သွားကြတယ်။ နွားကျောင်းသားက ကိုယ့်နေရာရောက်တဲ့ အခါ"ယနေ့က စပြီး ခန္တီဝါဒကို ကျင့်သုံးမယ်၊ ဒါပေမယ့် လူမသိမှာ စိုးရတယ်။ အကုန်လုံးသိအောင် အိမ်ရှေ့မှာ စာရေးကပ်ထားမယ်"ဆိုပြီး "ကျွန်ုပ် သည်းခံသည်"လို့ စာရေးပြီး ကပ်ထားသတဲ့။

ဒီလိုနဲ့ ရွာလည်လျှောက်ပြီး သောင်းကျန်းနေတဲ့ လူငယ်တွေဟာ နွားကျောင်းသားရဲ့ အိမ်ရှေ့က ကပ်ထားတဲ့ စာကိုဖတ်ရတော့ တကယ်တမ်း သည်းခံသလားဆိုတာ စမ်းသပ်ကြမယ် ဆိုပြီး၊ နွားကျောင်းသားကို တချို့က ခဲနဲ့ပေါက်ကြ၊ တချို့က တုတ်တွေနဲ့ ရိုက်ကြတယ်၊ နွားကျောင်းသာကတော့ ဆရာရသေ့ရဲ့ အဆုံးအမကို အသက်နဲ့ လဲပြီး ကာကွယ်မယ်ဆိုကာ အင်မတန် သည်းခံပါတယ်။ ဒါကြောင့်ပဲ လူငယ်တွေက စိတ်တိုင်းကျ အားရအောင် ရိုက်နှက်ပုတ်ခတ်ပြီး ပြန်သွားကြတဲ့ အခါ နွားကျောင်းသားဟာ ဒဏ်ရာတွေ ဗရပွနဲ့ ခွေခွေလေး လဲကျကျန်ခဲ့တယ်။

ဒီလိုပဲ မြွေဟောက်ကြီးကလည်း "ယနေ့ကစပြီး ခန္တီဝါဒကို ကျင့်သုံးမယ်" ဆိုပြီး သူ့နေရာ သစ်ပင်ခြေရင်းမှာ ခွေခွေလေးအိပ်နေသတဲ့၊ အဲဒီအချိန်မှာ နွားကျောင်းသား တချို့ရောက်လာပြီး မြွေဟောက်ကြီးကို အဝေးကနေကာ တုတ်တွေ၊ ခဲတွေနဲ့

http://mmteashop.com July 11, 2011

ပစ်ခတ်တို့ထိ စကြတယ်။ ခါတိုင်း ဆိုလို့ရှိရင်တော့ မြွေဟောက်ကြီးဟာ သူ့ကို ထိဖို့ မဆိုထားနဲ့ အနားကပ် လာတာနဲ့ ပါးပျဉ်းကြီးထောင်ပြီး တရှူးရှူး မှုတ်ကာ ပြေးလိုက်တော့တာပဲ။ အဲဒီအခါ နွားကျောင်းသားတွေလည်း သေပြေး ရှင်ပြေး ပြေးကြတော့တာပဲ။ ဒါပေမယ့် ဒီကနေ့တော့ ဆရာရသေ့ရဲ့ အဆုံးအမကို လိုက်နာမယ်ဆိုတဲ့ စိတ်ကူးနဲ့ မြွေဟောက်ကြီးဟာ ငြိမ်ကုပ်ပြီး နေတယ်။

မြွေဟောက်ကြီးက ဘာမျှ မတုံ့ပြန်မှန်းသိလေ နွားကျောင်းသားတွေဟာ ကဲလေ ပါပဲ၊ တချို့က ခဲတွေနဲ့ပစ်လို့ အားမရတော့ စူးချွန်တွေနဲ့ ထိုးကြတယ်၊ တချို့ ရိုက်နက်ရတာ အားမရလို့ အမြီးကို ဆွဲပြီး လေထဲမှာ ဝှေ့ရမ်းကြတယ်။ ပြီးတော့ သစ်ပင်နဲ့ ရိုက်ပြီး ပစ်ထားခဲ့ကြတယ်။ နွားကျောင်းသားတွေ ပြန်သွားမှ မသေရုံတစ်မည် ကျန်ခဲ့တဲ့ မြွေဟောက်ကြီးဟာသူ့နေရာ သစ်ပင်ရင်းကို မနည်းရောက်အောင် ပြန်ခဲ့ရသတဲ့။

ဒီလိုနဲ့ ၂-၃ရက်လောက် ကြာတဲ့အခါ ခန္တီဝါဒီရသေ့ကြီးဟာ သူ့တပည့် နွားကျောင်းသားနဲ့ မြွေဟောက်ကြီးတို့ "ဘာကြောင့်များ သူ့ဆီကို မလာကြပါလိမ့်၊ နေထိုင်းမကောင်း ဖြစ်နေကြသလား" ဆိုပြီးသူတို့နဲ့ တွေ့ရအောင် ထွက်လာခဲ့တယ်။ ပထမဦးဆုံး နွားကျောင်းသားထံ ရောက်တဲ့အခါ ပတ်တီးအဖွေးသာနဲ့ သူ့တပည့်ကို မြင်လိုက် ရတော့ ရသေ့ကြီးက "ဘယ်နှယ်ဖြစ်တာတုံး"လို့ တအံ့တသြ မေးမြန်းပါတယ်။ ဖြစ်ပျက်ပုံအလုံးစုံကို နွားကျောင်းသားက ပြောပြတဲ့အခါ၊ ရသေ့ကြီးက "ဖြစ်မှ - ဖြစ်ရလေငါ့တပည့်ရယ်၊ သည်းခံတယ်ဆိုတာ အဲဒီလို အဓိပ္ပါယ်မဲ့ ပေါက်ကရလေးဆယ်ကို ငုံ့ခံရမယ်လို့ ပြောတာမဟုတ်ဘူးကွယ်၊ ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ကျင့်စဉ်ကို ထိပါး ပုတ်ခတ် စော်ကားလာတဲ့အခါ ကိုယ့်လမ်းကြောင်း ပျောက်မသွားရအောင် တစ်ဖက် သားကို အမျက်ဒေါသနဲ့ လက်တုံ့မပြန်နဲ့လို့ ဆိုလိုတာပါ။ ကဲ-ကဲ- ငါပြုပြင် ပေးခဲ့ ပါ့မယ်" ဆိုပြီး နွားကျောင်းသား အိမ်ရှေ့မှာ ကပ်ထားတဲ့စာကို "ကျွန်ုပ်သည်းခံသည်၊ သို့သော် ခံသင့် သလောက်ပဲ ခံမည်"လို့ ဆက်ရေးထားခဲ့သတဲ့။

http://mmteashop.com July 11, 2011

ရသေ့ကြီးဟာ အဲဒီကနေဆက်ပြီး မြွေဟောက်ကြီးဆီကို ရောက်သွားတယ်၊ မြွေဟောက်ကြီးလည်း ဒဏ်ရာအနာတရတွေနဲ့ မရှိမဆဲ့ ခံစားနေရတာကို တွေ့ရတဲ့အခါ "တပည့်ရယ်၊ သည်းခံတယ် ဆိုပေမယ့် အစွန်းရောက်အောင် မကျင့်ရဘူးကွယ့်" လို့ ဆုံးမသတဲ့။ အဲဒီအခါ မြွေဟောက်ကြီးက "ဒါဆို ဘယ်လို ကျင့်ရမလဲအရှင်"လို့ ထပ်မေးတယ်။ ရသေ့ကြီးက "အရင်တုန်းက မင်းကို တုတ်တွေ၊ ခဲတွေ ပစ်ကြတဲ့အခါ တပည့်ဘယ်လိုလုပ် သလဲ"ဆိုတော့ မြွေဟောက်ကြီးက "အဲဒီတုန်းကတော့ တစ်ခါတည်း ပါးပျဉ်းထောင်ပြီး တရှူးရှူးမှုတ်ကာ လိုက်ပေါက် သတ်ပစ်လိုက်တာပဲ"လို့ဖြေတယ်။

အဲဒီအခါ ရသေ့ကြီးက "အခုလို ငုံ့ခံတာဟာ မကောင်းသလို အရင်တုန်းကလို ဒေါသနဲ့ လိုက်ကိုက်တာလည်း မကောင်းဘူး၊ သည်းခံတယ်ဆိုတာ အဲဒီအစွန်း နှစ်ဖက် ကြားထဲမှာ ကိုယ့်အကျိုးစီးပွား၊ သူ့အကျိုးစီးပွား မထိခိုက်အောင် လိမ်လိမ်မာမာ နေတတ်တာကို ခေါ်တာပဲ။ ဥပမာ ဆိုပါတော့ နွားကျောင်းသားတွေ နောက်တစ်ခါ လာပြီးတော့ တပည့်ကို တုတ်တွေ၊ ခဲတွေနဲ့ ပစ်ပေါက်ကြရင် အခုလိုလည်း ငုံ့မခံဘဲ၊ အရင်တုန်းက လိုလည်း ဒေါသနဲ့ လိုက်မကိုက်ဘဲ သူတို့အဝေးကို ထွက်ပြေးရုံလောက် ဟန်ဆောင်ပန်ဆောင် ပါးပျဉ်းထောင်ပြီး ရှူးခနဲ၊ ရှဲခနဲ မှုတ်ပြလိုက်ရင်တပည့်လို မြွေဟောက် တစ်ကောင်အတွက် သည်းခံခြင်း ခန္တီဆိုတာ ပြည့်စုံပါပြီကွ"လို့ စိတ်ရှည် လက်ရှည် ဆုံးမသတဲ့။

ရသေ့ကြီးပြန်သွားပြီးတဲ့ နောက်တစ်နေ့မှာ ရွာလယ်က လူငယ်တွေဟာ နွားကျောင်းသားကြီးရဲ့ အိမ်ကို နောက်တစ်ခေါက် ရောက်လာကြပြန်ပါတယ်။ ဒါပေမယ့် ရသေ့ကြီး ပြင်ဆင် ရေးသားထားခဲ့တဲ့ အိမ်ရှေ့က စာတန်းကိုဖတ်ပြီး ပုခုံးနှစ်ဖက်ကို တွန့်ကာ သူတို့အားလုံး အသာတကြည်ပဲ ပြန်သွားခဲ့ ကြပါတယ်။ အဲဒီလိုပဲ မြွေဟောက်ကြီးကို နှိပ်စက်မယ် ဆိုပြီး လာကြတဲ့ နွားကျောင်းသားတွေဟာလည်း မြွေဟောက်ကြီးက ပါးပျဉ်ထောင်ကာ တရှူးရှူးမှုတ်ပြီး လိုက်တာကြောင့် ထွက်ပြေး သွားကြပြီး နောက်ထပ်လည်း မစရဲတော့ပါဘူး။



http://mmteashop.com　July 11, 2011

အဲဒီနေ့ကစပြီးတော့ နွားကျောင်းသားနဲ့ မြွေဟောက်ကြီးတို့ဟာ ခန္တီဝါဒီ ရသေ့ကြီးရဲ့ အဆုံးအမ အောက်မှာပဲ ငြိမ်းငြိမ်းချမ်းချမ်း တရားကျင့်သုံး သွားနိုင်ကြပါတော့တယ်။

ဒီပုံပြင်ကလေးဟာ သည်းခံမှု အနုပညာရဲ့ နက်ရှိုင်းသိမ်မွေ့လှပပုံ တစ်စိတ် တစ်ဒေသကို ထုတ်ဖော်ပြသပေးတာဖြစ်သလို ခန္တီပါရမီ အပေါ်မှာအုပ်မိုးနေတဲ့ မသိနား မလည်မှုဆိုတဲ့ မြူတိမ်၊ မီးခိုးတွေ ကိုလည်း အထိုက်အလျောက် မှုတ်လွှင့်ပေးတာလည်း ဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ရန်ငြိုးအာဃာတ အကြမ်းဖက်မှုတွေနဲ့ ပြည့်နှက်နေတဲ့ ယနေ့ခေတ်လို ကာလမျိုးမှာ သည်းခံခြင်း=ခန္တီတရားဟာ တိမ်ညို တိမ်မည်းတွေကြားက ဘွားခနဲပေါ်လာတဲ့ လပြည့်ဝန်းကြီးလို အင်မတန် ချစ်ခင်အားကိုး ကြည်နူးကျေနပ်စရာ ကောင်းပါတယ်။

ခန္တီဝါဒဟာ တစ်ဦးချင်းကစပြီး တစ်ကမ္ဘာလုံးအထိ မေတ္တာတရားနဲ့ ဖြန့်ကြက် လွှမ်းခြုံပေးပြီး အပြစ်ကင်း ကောင်းကျိုးရတဲ့ ကိစ္စတွေကို ကမ္ဘာနဲ့ အဝန်း ဖြစ်ထွန်း ပေါ်ပေါက် စေပါတယ်။ ခန္တီဝါဒ မထွန်းကားသေးသမျှ ကမ္ဘာဟာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို လုံးဝရနိုင်စရာ မရှိပါဘူး။ တကယ်တော့ သည်းခံခြင်းဆိုတာ အာဃာတနဲ့ မုန်းတီးမှုတွေကို ကာကွယ်ဖို့၊ သဘောကွဲလွဲမှုရဲ့ အောက်ခြေမှာ အချင်းချင်း ယုံကြည်လေးစားမှုကို အခြေခံပြီး မေတ္တာကမ္ဘာကို တည်ဆောက်ခြင်း ဖြစ်ပါတယ်။

သည်းခံခြင်းဟာ လူ့ဘဝကို နေခြည်နုလို နွေးထွေးပြီးယုံကြည်ရဲရင့်စေပါတယ်။ လေခြည်နုလို အေးချမ်းပြီး ကြည်လင်လန်းဆန်း စေပါတယ်။ ဒါကြောင့်မို့ ပုံပြင်ထဲကလို ငုံ့မခံနိုင်ရင်တောင်မ "ခံသင့်သလောက်တော့ခံကြစေ " ချင်ပါတယ်။ ဘဝမှာ အများ ဒေါသကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆုံးရှုံးမှုတွေနဲ့ သည်းခံ ခွင့်လွှတ်နိုင်မှုကြောင့် ရလာနိုင်မယ့် အောင်ပွဲတွေကို အသေအချာ လေ့လာသုံးသပ်မိရင် လူသားတိုင်း "ခန္တီဝါဒီ"တွေ ဖြစ်လာကြမှာပါ။

http://mmteashop.com July 11, 2011



အပွမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

http://mmteashop.com July 11, 2011

ရှာနေသူ လူအများ ပျက်စီးရင် ရှာပျက်တယ်လို့ ပြောဆို ရသလိုပဲ သာသနာကို မှီခိုနေသူ ရဟန်းရှင်လူတို့ ပျက်စီးရင်လည်း သာသနာ ပျက်စီးတော့ တာပါပဲ။

http://mmteashop.com July 11, 2011

## ငစံမိုက်ကြောင့် ငါ့ကျား ငယ်ရတယ်

ဗုဒ္ဓမြတ်စွာဟာ လူအပါအဝင် သက်ရှိသတ္တဝါအားလုံးရဲ့ အကျိုးစီးပွားအတွက် ပွင့်ထွန်း ပေါ်ပေါက်ခဲ့ တာပါ။ တရားတော်မြတ်ဟာလည်း သတ္တဝါအားလုံး ချမ်းသာစစ်၊ ချမ်းသာ မှန်ရရှိစေရန် ရည်သန်ပြီး ဖြစ်ထွန်းလာခဲ့တာပါ။ သံဃာတော် အရှင်မြတ်တွေ ကတော့ သတ္တဝါအားလုံးရဲ့ စိတ်ဓာတ်၊ အသိဉာဏ်နဲ့ ဘဝပေး အခြေအနေတွေ အဆင့်အတန်း မြင့်တက် ရင့်ကျက်လာအောင် မြှင့်တင်ပေးနိုင်ဖို့ ဖွဲ့စည်း ဖြစ်တည် လာခဲ့တာပါ။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး လွှမ်းခြုံပါဝင်နေတဲ့ "သူတော်ကောင်း ရပ်ဝန်းကြီး" တစ်ခုလုံးကို "ဗုဒ္ဓသာသနာ"လို့ ယုံကြည်သက်ဝင် ဦးထိပ်တင် ကြပါတယ်။

ဗုဒ္ဓသာသနာတော်ဟာ သာကီဝင် မြန်မာတို့အဖို့ ဘာသာရေး အမွေအနှစ်မျှ သာမက ဘိုးဘွားပိုင် မိသားစု အမွေအနှစ်တစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာ သာသနာကြီး ကမ္ဘာပေါ်မှာ နေလိုလနယ် တင့်တယ်စွာ ထွန်းလင်းတောက်ပနိုင်ရေးဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အဖို့ အခြား သူများထက် နှစ်ဆခန့် ဝန်ပိုလျက်ရှိကြောင်းကို သတိပြုသင့်ကြပါတယ်။ ဗုဒ္ဓသာသနာတော်ဟာ မြန်မာနိုင်ငံတော်ကို တည်ထောင်စဉ်ကပဲ

ဗုဒ္ဓသာသနာတော်ဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ အဓိက မဏ္ဍိုင်အဖြစ် ရပ်တည်လာခဲ့တာ ယခုအချိန်ထိပင် ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ရဲ့ ကျေးဇူးကြောင့်ပဲ "မြန်မာတွေဟာ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝမှာ နွေးနွေးထွေးထွေးနေကြရတယ်။ ကောင်းမွန်တဲ့ ဘာသာတရားနဲ့ အဆုံးအမ အောက်မှာ ငြိမ်းချမ်းမှု၊ တရားမျှတမှုနဲ့ အတူ သူတို့ သဘောကျသလို လွတ်လပ်စွာ ကိုးကွယ် ဆည်းကပ်နိုင်ကြတယ်။ သူတို့ဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးနဲ့ အပျော်ရွှင်ဆုံး လူမျိုးများ ဖြစ်တယ်"လို့ ကမ္ဘာက ချီးကျူးခြင်းကို ခံယူ ခဲ့ကြရပါတယ်။

ဒီလို ကမ္ဘာနဲ့ မြန်မာကို ကျေးဇူးများစေတဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ ပြန့်ပွားစေရေးအတွက် ဗုဒ္ဓဘာသာမြန်မာတိုင်းမှာ တာဝန်ကိုယ်စီ ရှိကြပေမယ့် ဦးဆောင်မှု ကဏ္ဍမှာ ရှိနေကြတဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကတော့ အဓိက ပဓာနဖြစ်ပါတယ်။ ဒီနေရာမှာ မြောင်းမြ ဆရာတော်ကြီးရဲ့ "သာသနာ့ဝန်ထမ်းဆိုတာ သာသနာ့ဝန်ကိုသာ မိမိက ထမ်းရတယ်၊ မိမိ ဝန်ကို သာသနာတော်က မထမ်းစေရဘူး"ဆိုတဲ့ ဆိုမိန့်ချက်ဟာ ဦးထိပ်ရွက်ပန်ဆင်စရာ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီကနေ့ သာသနာ့ဝန်ထမ်းလောကမှာ "သာသနာပြု သာသနာပြုဆိုပြီး လာဘ-သက္ကာရ-သိလောကနောက်လိုက်ကာ မိမိဘဝ၊ မိမိအတ္တကလေး နေရာရအောင် ကြိုးစားနေကြသူ တွေကိုသာ" အများစုအဖြစ် မြင်တွေ့နေရပါတယ်။ "အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿသိ"ဆိုတဲ့ ဗုဒ္ဓဒိတ်စကား အထင်အရှား ရှိပါတယ်။ သာသနာဆိုတာ သိက္ခာသုံးပါး ဖြူဖွေး စင်ကြယ်သူတွေသာ ပြုစု ထိန်းသိမ်း စောင့်ရှောက်နိုင် ကြတာပါ။ ဆရာတွေက ရှေ့က ဖြောင့်ဖြောင့်သွားရင် ဒကာတွေကလည်းနောက်က ဖြောင့်ဖြောင့် လိုက်တတ်ကြပါတယ်။

စင်ပေါ်ကလူတွေ အရှက်၊ သိက္ခာ၊ ကင်းမဲ့လာတဲ့အခါ စင်အောက်က လူတွေ အရှိအသေ တန်လာတာကတော့ ဘာမျှ အပြစ်ပြောစရာ မရှိပါဘူး။ အခု ဒီအကြောင်းနဲ့

http://mmteashop.com　July 11, 2011

စပ်ယှဥ်ပြီး ပုံပြင်ကလေးတစ်ပုဒ် ပြောပြချင်ပါတယ်။ ဒီဓမ္မပုံပြင်ကလေးဟာ ရတနာပုံ နေပြည်တော်ခေတ်က အင်မတန်ထင်းရှားတဲ့ သင်္ဂဇာဆရာတော်ဘုရားကြီး ပြောပြခဲ့တာပါ။

ꩤꩤꩤ

## ငစံမိုက်ကြောင့် ငါ့ကျား ငယ်ရတယ်

တစ်ခါတုန်းက ဘုန်းတော်ကြီးတစ်ပါးဟာ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ တစ်ပါးတည်း တောရဆောက်တည် ကေစာရီနေသတဲ့။

တစ်နေ့မှာ ရွာထဲက ဒကာ မောင်စံဟာ တောလည်သွားရင်း တောရကျောင်း ဘုန်းကြီးထံ ဝင်ရောက် ဖူးမြော်ပြီး "အရှင်ဘုရား၊ ကိုယ်တော်တစ်ပါးတည်း တောကြီး လယ်ကောင် ကျောင်းတစ်ဆောင်နဲ့ ညဥ့် မှောင်မိုက်ခါ မကြောက်ပါလော၊ သတ္တဝါ သစ်ကျား ဘေးရန်တွေ များလှတာမို့ တောကြားတွင် နေ၍မပျော်၊ တပည့်တော်များ ရွာကျောင်းသို့ ရွှေ့ပြောင်း သီတင်း သုံးတော်မူပါဘုရား"လို့ လျှောက်ထား တောင်းပန် သတဲ့။

အဲဒီအခါ တောရကျောင်း ဘုန်းကြီးက "ဒကာလျှောက်ထားတဲ့ စကားဟာ တယ်မှန်တာပဲ၊ မနေ့ည နေဝင်ပြီးစအချိန်မှာ ဘုန်းကြီးလည်းကျောင်းပေါ်က သက်ဆင်းပြီး သစ်ပင်ရင်းမှာ ပုတီးစိပ်နေတုန်း လာလိုက်တဲ့ကျားကြီးနယ် မငယ်လှပေဘူး"လို့ အမိန့်ရှိရာ၊ ဒကာမောင်စံက "မှန်ပါဘုရား၊ အရှင် ဘုရားမြင်လိုက်ရတဲ့ ကျားကြီးက ဘယ်လောက်များ ကြီးပါသလဲဘုရား"လို့ အင်မတန်စိတ်ဝင်စားတဲ့ ပုံစံနဲ့ မေးမြန်းလျှောက်ထားပါတယ်။



http://mmteashop.com July 11, 2011

တောရ ကျောင်းဘုန်းကြီးက "အမှန်ပြောရရင် အဲဒီ ကျားကောင်ဟာ ကိုးတောင်လောက် ရှိလိမ့်မယ် ထင်ရဲ့"လို့ မိန့်ကြားတဲ့အခါ လူရှုပ်လူပွေမောင်စံက ရယ်စရာလုပ် လက်ခုပ်လက်ဝါးတီးပြီး "အရှင်ဘုရား၊ ဤကဲ့သို့သော စကားကို လူပုံလယ်မှာ မိန့်ကြားတော် မမူပါနဲ့၊ ကျားဆိုတဲ့အကောင်ဟာ ရှစ်တောင်၊ ကိုးတောင်ကြီးမြဲမဟုတ်။ သေးနုပ်တဲ့စကားကို သူတစ်ပါးကြားက ရယ်ဖွယ် ဖြစ်ပါလိမ့်မယ် ဘုရား"လို့ လီဆယ်ကာ လျှောက်ထားသတဲ့။

အဲဒီအခါ တောရကျောင်း ဘုန်းကြီးက "အင်း... နေဝင်ဆည်းဆာ မှိန်ပျပျမှာ မြင်လိုက် ရတာဆိုတော့ တပ်အပ်သေချာ မပြောနိုင်ဘူးပေါ့။ ဒါပေမယ့် မင်းဘယ်လိုငယ်တယ် ပြောပြော၊ ငါမြင်လိုက်ရတဲ့ အကောင်ဟာ အနည်းဆုံး ငါးတောင်လောက်တော့ မုချရှိမယ်ကွ" လို့ တစ်ထစ်ချစကား ပြောကြားပြန်ရာ၊ ဒကာ မောင်စံက လှောင်ချင်တဲ့ စိတ်ထားနဲ့ တဝါးဝါးရယ်ပြီး "အရှင်ဘုရား၊ အပိုမကြွားပါနဲ့၊ ကျားဆိုတာ ဒီလောက် မကြီးပါဘုရား"လို့ လျှောက်ထားတဲ့အခါ တောရ ကျောင်းဘုန်းကြီးဟာ စိတ်တိုလာပြီး "ဟေ့ ဒကာစံ၊ မှန် မှန်လျှောက်စမ်း၊ ငါ့ကို လှည့်စားမနေနဲ့၊ ကျားဆိုတာ ဘယ်လောက်ကြီးသလဲ"လို့ ခပ်ဆတ်ဆတ် မိန့်ကြားတော်မူပါတယ်။

အဲဒီတော့မှ ဒကာမောင်စံက "အရှင်ဘုရား၊ နောက်တစ်ခါ မလွဲအောင် တစ်ခါတည်း မှတ်ထား၊ ကျားဆိုတာကြီးရင် လက်တစ်ဝါး၊ငယ်ရင် လက်လေးသစ် လောက်ပဲ ရှိပါတယ်ဘုရား"လို့ မှင်နဲ့မောင်းနဲ့ လျှောက်ထားပြီး အိမ်ပြန်သွားသတဲ့။

ဒီလိုနဲ့ နောက်တစ်နေ့ နံနက်အလင်းမှာ ဥပုသ်သီတင်း အနေနဲ့ကြုံကြိုက်နေတာမို့ ရပ်သူရွာသား ဒါယကာ၊ ဒါယကာမတွေဟာ တောရကျောင်းကို ရှစ်ပါးသီလ စောင့်သုံးကြရန် ရောက်ရှိ လာကြတယ်။ တောရ ကျောင်းဘုန်းကြီး မျက်မည်းထဲမှာ သီလ ခံယူပြီတဲ့အခါ ဒကာ၊ ဒကာမတွေက "အရှင်ဘုရား၊ တောကြီးမျက်မည်းထဲမှာ



http://mmteashop.com July 11, 2011

သစ်ကျားဘေးရန် အတန်တန်နဲ့ သီတင်းသုံးရတာ အင်မတန် အားငယ်စရာ ကောင်းပါတယ်။ တပည့်တော်တို့ ရွာနီကျောင်းကို ရွှေ့ပြောင်း သီတင်းသုံးတော်မူ ပါဘုရား”လို့ လျှောက်ထား တောင်းပန်ကြတဲ့အခါ တောရကျောင်းဘုန်းကြီးက “ဒကာအများ လျှောက်ထားသည်မှာ မမှားပေမယ့် အမှန်ပဲဖြစ်ပါတယ်။ တစ်နေ့ညက ငါဟာ ကျောင်းပေါ်မှာ သက်ဆင်းပြီး သစ်ပင်ရင်းမှာ ပုတီးစိပ်နေတုန်း လာလိုက်တဲ့ ကျားနယ် မငယ်လှပေဘူး”လို့ ထပ်မံ အမိန့်ရှိပါတယ်။

ဒကာ၊ ဒကာမတွေက “မှန်ပါဘုရား၊ အရှင်ဘုရား မြင်လိုက်ရတဲ့ကျားက ဘယ်လောက်တောင် ကြီးမားပါသလဲဘုရား”လို့ လျှောက်ထားမေးမြန်းကြတဲ့အခါ တောရကျောင်း ဘုန်းကြီးဟာ (ဒကာမောင်စံ လိမ်ညာထားတဲ့ စကားကို အမှန်လို့ ထင်မှတ်ထားပြီး) “ဒကာ၊ ဒကာမတို့၊ဘုန်းကြီး မြင်လိုက်ရတဲ့ကျားဟာ ကြီးရင် လက်တစ်ဝါး၊ ငယ်ရင် လက်လေးသစ်လောက် ရှိလိမ့်မယ်”လို့ တည်ကြည်တဲ့ မျက်နှာထားနဲ့ မိန့်ကြားလိုက်သတဲ့။

ကြားလိုက်ရတဲ့ ဒကာ၊ ဒကာမတွေဟာ အောင့်မထားနိုင်ကြဘဲ တအုန်းအုန်း တသောသော ရယ်မောကြတဲ့အခါ၊ တောရကျောင်း ဘုန်းကြီးက “ဟဲ့...ဒကာတွေ၊ ဘာကြောင့် ရယ်မော တသောသော ဖြစ်နေကြရသတုံး”လို့ မေးမြန်းပါတယ်။ ဒကာတစ်ယောက်က “အရှင်ဘုရား၊ ဆရာနဲ့ဒကာ၊ ဒကာက ဆရာလုပ်တယ်လို့ မထင်ပါနဲ့ဘုရား၊ အရှင်ဘုရား မြင်လိုက်ရတဲ့ကျားက လက်တစ်ဝါး၊ လက်လေးသစ်လောက် ဆိုတော့ လူမရှိသေလောက်တစကား မခန့်ညားလောက်အောင် ဖြစ်နေပါတယ်ဘုရား”လို့ ပြန်လည်လျှောက်ထားတဲ့အခါ တောရကျောင်းဘုန်းကြီးက “ဒကာတို့၊ ဒီလိုဆိုရင် ကျားဆိုတဲ့ အကောင်ဟာ ဘယ်လောက်တောင် ရှိသတုံး”လို့ မေးမြန်းစုံစမ်းပါတယ်။

“မှန်လှပါဘုရား၊ ကျားဆိုတဲ့ သတ္တဝါဟာကြီးရင် ရှစ်တောင်၊ ကိုးတောင်၊ ငယ်ရင်လေးတောင်၊ ငါးတောင်လောက် ရှိမြဲဖြစ်ပါတယ်ဘုရား” လို့ ဒကာအများက

http://mmteashop.com July 11, 2011

လျှောက်ထားတဲ့အခါ တောရကျောင်း ဘုန်းကြီးဟာ "တောက်၊ အစက ငါပြောတာ ဟန် အကိုက်သားနဲ့ ငစံမိုက်ကြောင့် ငါ့ကျားငယ်ရတယ်" လို့ ညည်းတွားတော်မူ လိုက်ပါသတဲ့။

ဒီပုံပြင်ထဲက အတိုင်းပါပဲ၊ ယခုအခါ သာသနာတော်မှာလည်းရှင်ရဟန်းဆိုတာ မူလက မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်တဲ့ ဂုဏ်သိက္ခာနဲ့ ဟန်အကိုက်ရှိနေပြီးမှ မိုက်မဲများယွင်း ဖောက်ပြန်စွာ ပြုမူပြောဆိုနေထိုင်ကြတဲ့ ရဟန်း၊ ရှင်လူ တချို့ကြောင့် သံဃာဂုဏ်ဟာညှိုးငယ်နေရပါပြီ။ ရွာနေသူ လူအများ ပျက်စီးရင် ရွာပျက်တယ်လို့ ပြောဆို ရသလိုပဲ သာသနာကိုမှီခိုနေသူ ရဟန်းရှင်လူတို့ ပျက်စီးရင်လည်း သာသနာ ပျက်စီး တော့တာပါပဲ။

ဗုဒ္ဓသာသနာတော်ရဲ့ အနာဂတ်နဲ့ ပတ်သက်ရင် အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးရဲ့ အယူအဆကို နှစ်သက်မိပါတယ်။ ဆရာတော်ကြီးက သာသနာတော်ဟာ (၁) ဂုဏ်မဲ့၊ သိက္ခာမဲ့ ဆက်လက် တည်တံ့နေတာရယ်၊ (၂)ဂုဏ်ရှိ၊ သိက္ခာရှိ အမြန် ကွယ်ပျောက်သွားတာရယ် ဒီနှစ်ခုကို ရွေးရမယ်ဆိုရင် နံပါတ်(၂)ဖြစ်တဲ့ ဂုဏ်ရှိ၊ သိက္ခာရှိ အမြန်ကွယ်ပျောက်သွားတာကိုပဲ လိုချင်ပါတယ်တဲ့။ တကယ်တော့ ဗုဒ္ဓသာသနာတော်ဟာ တစ်လောကလုံး ကုသိုလ်ဖြစ်ဖို့၊ ချမ်းသာဖို့ပါ။ ဒီရည်ရွယ်ချက် အတိုင်း ဖြစ်မလာရင် အမြန် ပျောက်ကွယ်သွားတာက ပိုကောင်းပါတယ်။ ကိုယ်တိုင် ဘုရားမတည်နိုင်ရင် ကုသိုလ် မရရုံဘဲရှိပါတယ်။ ငရဲ မကျနိုင်ပါဘူး။ ဒါပေမယ့် သူတစ်ပါးတွေ တည်ထားတဲ့ စေတီပုထိုးတွေကို တူးဖြို ဖျက်ဆီးမိရင်တော့ သေချာပေါက် ငရဲကျမှာပါပဲ။

ဒီနေရာမှာ ရတနာပုံ နေပြည်တော်ခေတ်က မင်းတုန်းမင်းကြီးရဲ့ သာသနာတော်နဲ့ ပတ်သက်ပြီး ပြတ်သားတဲ့ မိန့်ကြားချက်ကို နားဆင်ကြည့်ပါ။ "ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်၊ ထိုသို့မဖျက်ဆီးနိုင်သော ခွေးသည် အဝီစိသို့ မကျရ။ လူသည် သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်။ ထိုသို့ ဖျက်ဆီးနိုင်သော လူသည်

http://mmteashop.com July 11, 2011

အဝီစိသို့ကျရသည်။ မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အရှက်မရှိ၊ သိက္ခာမဲ့ အလဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှောက်ထောက် ပံ့ခြင်းကို မပြုကြကုန်လင့်၊ အဝီစိငရဲကြီးသို့ ကျဆင်းကြရမည်ကို ကြောက်ကြကုန်။ ”

သာသနာတော်ကို အဖျက်သဘော မဖက်၊ အပြုသဘော သက်သက်ဖြင့် ဆည်းကပ်နိုင်ကြပါ စေ။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ

Typing - ရာမညသူလေး



http://mmteashop.com July 11, 2011



- ကလျာဏပုထုဇဉ်တွေဟာ ကာမဂုဏ် အာရုံလမ်းမကြီးပေါ်မှာ အစွမ်းကုန် လိုက်စားရေးနဲ့ အစွမ်းကုန် ချုပ်ထိန်းရေးဆိုတဲ့ အစွန်း နှစ်ဖက်ကိုလုံးဝ မရောက် ရှိစေဘဲ။
- သင့်တင့်လျောက်ပတ်စွာ ခံစားခြင်းဆိုတဲ့ အလယ် အလတ် လမ်းစဉ် "မဇ္ဈိမပဋိပဒါ" အကျင့်ပေါ်မှာ ခိုင်မြဲစွာ ရပ်တည်ပြီး၊ ရုပ်နာမ်နှစ်ပါး (ကိုယ်စိတ် စွမ်းအားတွေ)ကို ကိုယ်ကျင့်တရား၊ စိတ်ဓာတ်တည်ကြည်မှုနဲ့ ဉာဏ်အမြော်အမြင် ရှိမှုတွေမှာ ရင်းနှီးမြှုပ် နှံပြီး၊စနစ်တကျ အသုံးချတတ်တာမို့ အရင်းရော အမြတ်ပါတိုးများကော ကြီးပွားချမ်းသာ ကြရပါတယ်။
- ဒီလူတွေကတော့ ပုံပြင်ထဲက ညီအငယ်ဆုံးနဲ့ ဥပမာတူပါတယ်။



http://mmteashop.com July 11, 2011

ဗုဒ္ဓအဆုံးအမနဲ့အညီ နေထိုင်သူ မှန်သမျှဟာ ဘဝမှာ မျှော်လင့်ချက် ဆိတ်သုဉ်းခြင်းနဲ့ ဆုံးရှုံး ကြေကွဲ ရခြင်းတွေ ဖြစ်ပေါ်လာစရာ အကြောင်း မရှိပါဘူး။

## သူဌေးကြီးနဲ့ သားသုံးယောက်

http://mmteashop.com July 11, 2011

ဘဝသံသရာ အမှောင်ထုထဲမှာ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ ဦးစွာ ကိုယ်တော်တိုင် နိုးထလာပြီး ဝေနေယျသတ္တဝါတွေကိုလည်း အလားတူ နိုးထလာစေနိုင်သူ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်ကို "ဗုဒ္ဓ"လို့ ရှိခိုးဦးတင်ကြပါတယ်။ ဗုဒ္ဓဆိုတာ စိတ်ဓာတ်၊ အသိဉာဏ်၊ ကိုယ်ကျင့်တရားနဲ့ အရာ အားလုံးအတွက် တစ်လောကလုံးက အတုမဲ့ စံပြုရမယ့် အနိုင်းမဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာက ကမ္ဘာ့လောကရဲ့ အကြောင်းအကျိုး နိယာမ အမှန်တရားနဲ့ လူ့လုံ့လ စွမ်းရည်ကို ရှင်းလင်းစွာသင်ပြပေးပြီး လူ့ဘဝအရေးအခင်းမှာ မိမိကိုယ်ကို မိမိအားကိုးဖို့ သွန်သင်တော်မူပါတယ်၊ လူသားဟာ အတိတ်ဘဝ ဖြစ်ရပ်မှန်တွေကို နားလည်လက်ခံကာ ပစ္စုပ္ပန်မှာ မှန်ကန်လွတ်လပ်တဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နည်းကို ကျင့်သုံး ဆောက်တည်ပြီး အနာဂတ် ဆင်းရဲဒုက္ခ မျိုးစေ့အားလုံးကို ချေမှုန်း ဖျက်ဆီး ပစ်ရမယ်လို့ မိန့်ကြားတော်မူပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတော် မှန်သမျှဟာ ကရုဏာ ရနံ့သင်းပျံ့တဲ့ နလုံးသားပညာပေး ငြိမ်းချမ်းရေးလမ်းစဉ်တွေပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမတော်တွေဟာ မြင့်မြတ်မှန်ကန်ပြီးအဖိုးတန်တဲ့ ဝါဒ၊ (ဒါမှမဟုတ် )စာပေယဉ်ကျေးမှုတစ်ခုအဖြစ် စာအုပ်ဗီရိုထဲမှာသာ သက်သက်ထိန်းသိမ်း

စောင့်ရှောက်ထားဖို့ မဟုတ်သလို သမိုင်း ရှုထောင့်ကကြည့်ပြီး ရှေးကျတဲ့ ဘိုးဘွား အမွေအနှစ် တစ်ခု၊ သိပ္ပံနည်းကျတဲ့ ဘာသာရေး တစ်ရပ်အဖြစ် လေ့လာ သုတေသန ပြုဖို့လည်း မဟုတ်ပါဘူး။ အမှန်က မြတ်စွာဘုရား ဆိုဆုံးမတော်မူတဲ့ အတိုင်း မိမိတို့ရဲ့ နေ့စဉ်ဘဝမှာ လက်တွေ့ ကျင့်သုံးကြဖို့ပဲ ဖြစ်ပါတယ်။

တကယ့်ဘဝ အရည်အသွေးဆိုတာ အတွေးမဟုတ်ဘဲ လက်တွေ့လုပ်ခြင်းကို ခေါ်ဆိုတာပါ။ ဗုဒ္ဓ ဘာသာဝင်တစ်ဦးဟာ ဗုဒ္ဓ တရားတော်တွေနဲ့အညီ ကျင့်သုံးနေထိုင် နိုင်မယ်ဆိုရင် သတ္တိ၊ အသိဉာဏ်၊ စိတ်ငြိမ်းချမ်းမှု တွေနဲ့အတူ မိမိဘဝခရီးကို ပျော်ရွှင် ကျေနပ် ရောင့်ရဲစွာ ကျော်ဖြတ်နိုင်မှာ ဖြစ်သလို၊ မလွဲသာမရှောင်သာ တွေ့ကြုံလာရမယ့် ခန္ဓာ ဒုက္ခ၊ ကံကြမ္မာဒုက္ခ၊ သံသရာဒုက္ခတွေကိုလည်း မှန်ကန်ရဲရင့်စွာ ရင်ဆိုင်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ဗုဒ္ဓအဆုံးအမနဲ့ အညီ နေထိုင်သူ မှန်သမျှဟာ ဘဝမှာ မျှော်လင့်ချက် ဆိတ်သုဉ်းခြင်းနဲ့ ဆုံးရှုံးကြေကွဲရခြင်းတွေ ဖြစ်ပေါ်လာစရာ အကြောင်းမရှိပါဘူး။ ဗုဒ္ဓ သာသနာတော်ဟာ အောင်မြင်စွာ ပန်းဝင်လာသူတိုင်းကို လွတ်လပ်ရေး လမ်းမကြီးပေါ်မှာ ပျော်ရွှင်ချမ်းမြေ့ခြင်း ပန်းတွေခင်းပြီး ထာဝစဉ်နွေးထွေးစွာ ကြိုဆိုတတ်ပါတယ်။

ဒါပေမယ့် လေးကျွန်းလုံးကို ရောင်ခြည်တစ်ထောင်နဲ့ အလင်းဆောင်နိုင်တဲ့ ရှင်နေမင်းဟာ ကန်းနေသူတွေနဲ့ အလုံပိတ် အမှောင်ခန်းမှာ ရောက်နေသူတွေကို ကျေးဇူး မပြုနိုင်သလို ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကလည်း သူတော်ကောင်းတွေရဲ့ ပါရမီအစုံ မြကြာငုံကို ဖူးပွင့်လန်းဆန်းလာစေနိုင်စွမ်းပေမယ့် ကာမဂုဏ် အာရုံလမ်းမကြီးပေါ်မှာ အစွန်း ရောက်နေသူတွေကိုတော့ ကယ်တင်နိုင်စွမ်း မရှိပါဘူး။

အခု အဲဒီအကြောင်းနဲ့ ပတ်သက်တဲ့ ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြ ချင်ပါတယ်။ ဒီပုံပြင်ကလေးဟာ ဆရာနန္ဒာသိန်းဇံ ပြောပြခဲ့ဖူးတဲ့ ပုံပြင်ကလေးတစ်ခုကို အခြေခံထားတာပါ။

http://mmteashop.com July 11, 2011

ꩠꩠꩠ

## သူဌေးကြီးနဲ့သားသုံးယောက်

တစ်ခါတုန်းက မြို့တစ်မြို့မှာ အင်မတန်ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ အဲဒီသူဌေးကြီးဟာ ငယ်စဉ်ကတော့ အလွန်ဆင်းရဲသတဲ့၊ နှစ်ပေါင်း(၄၀)ကျော် လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်ခဲ့တာမို့ ယခုလို အသက်(၆၅)နှစ်ကျော်အရွယ်မှာ ဘဏ္ဍာတိုက်ကြီး (၃)ခုနဲ့အပြည့် ရွှေဒင်္ဂါးပေါင်း(၈၄)ကုဋေတောင်ရှိသတဲ့။

သူဌေးကြီးမှာ သား(၃)ယောက်ရှိပြီး ငယ်စဉ်ကတည်းက တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံမှာ အပ်နှံထားခဲ့တယ်၊ အခုဆိုရင် သား(၃)ယောက်စလုံး အတတ်ပညာတွေ သင်ယူပြီးလို့ သူဌေးကြီးအိမ်တော်မှာ ပြန်ရောက်နေကြပြီ၊ ဒါပေမယ့် သူဌေးကြီးက သား(၃)ယောက်ကို လုပ်ငန်းခွင် အဝင်မခိုင်းသေးသလို ငွေကြေးဥစ္စာ ခွဲဝေပေးတာလည်း မရှိသေးဘူးတဲ့။

တစ်နေ့တော့ သူဌေးကတော်ကြီးက "သူဌေးကြီး၊ ရှင်ဟာငယ်စဉ်တုန်းကတော့ ကြီးလာရင် ငါ့သားတွေအတွက်ဆိုပြီး ကြိုးစားခဲ့တယ်၊ အခု သားတွေကြီးလာတော့ ရှင်ရဲ့ရည်ရွယ်ချက်တွေ ပြောင်းကုန်ပြီလား၊ သားတွေအတွက် တစ်ခုခု စီစဉ်ပေးပါ"လို့ ပြောတဲ့အခါ သူဌေးကြီးက "အေး-သူဌေးကတော်ကြီး ပြောမယ်ဆိုလည်း ပြောစရာပေါ့၊ ဒါပေမယ့် သားတော်မောင်တွေက အဖေကြီးလို ပင်ပင်ပန်းပန်း ကြိုးစား ရှန်းကန် ကြရတဲ့ သူတွေမဟုတ်တော့ အဖေကြီး ရှာထားတဲ့ ဒီငွေကြေးတွေရဲ့ တန်ဖိုးကို သိမှသိနိုင် ပါ့မလားလို့ စဉ်းစား တွေးတော နေမိလို့ပါ။ မပူပါနဲ့။ သားတော်တွေအတွက် တစ်ခု ခုစီစဉ်မှာပါ"လို့ ပြန်ပြောပါတယ်။

http://mmteashop.com July 11, 2011

သူဌေးကြီးဟာ တစ်ချိန်မှာ သား(၃)ယောက်စလုံးကို ရှေ့တော်မှောက် ခေါ်ယူပြီး၊ တစ်ယောက်ကို ရွှေဒင်္ဂါး နှစ်ရာစီ လာယူကြ၊ ဒီရွှေဒင်္ဂါးတွေကိုမင်းတို့ ဉာဏ်ရှိသလို သုံးဆောင်ကြ"လို့လည်း မှာကြားလိုက်သေးတယ်။

ညီအစ်ကို(၃)ယောက်စလုံး ရွှေဒင်္ဂါး (၂၀၀)စီယူလာကြကာ၊ အစ်ကိုအကြီးဆုံးက "ဟေ့ကောင်တွေ၊တို့အဖေဟာ သူဌေးကြီးလုပ်နေပြီး တယ်ကပ်စေးနဲတာပဲကွာ၊ အခုမှပဲ သူဌေးသားပီပီ ကောင်းကောင်းသုံးရ တော့မယ်၊ ငါတော့ သောက်သောက်စားစား လူမင်းသား လုပ်ဦးမယ်ကွာ"ဆိုပြီး ပျော်ပွဲ ရွှင်ပွဲတွေမှာ စားသောက် သုံးဖြုန်း ပစ်လိုက်တာ မကြာခင်မှာပဲ ရွှေဒင်္ဂါးအပြားနှစ်ရာ ကုန်သွားသတဲ့။

အစ်ကိုလတ်ကတော့ "တို့ အဖေဟာ အစ်ကိုကြီးပြောသလို ကပ်းစေးနဲတာ မဟုတ်ဘူး၊ ခြိုးခြံ ချွေတာတာပဲ၊ ဒီတော့ အဖေပေးထားတဲ့ ဒီရွှေဒင်္ဂါးတွေကို အရမ်းသုံး ဖြုန်းပစ်လို့ မတော်ဘူး၊ တစ်ချိန်မှာ အဖေကြီးမေးရင် ပြနိုင်အောင် လုံခြုံတဲ့နေရာမှာ သိမ်းထားမယ်" ဆိုပြီး လုံခြုံရာအရပ်မှာ မြှုပ်ထား လိုက်သတဲ့။

ညီအငယ်ဆုံးကတော့ "အစ်ကိုကြီးသွားတဲ့လမ်းက မကောင်းသလို၊ အစ်ကိုလတ် လုပ်ပုံကလည်း မဟုတ်သေးပါဘူး၊ ငါကတော့ သူတို့နှစ်ယောက် သွားတဲ့လမ်းကို မလိုက်ဘဲ၊ အဖေရဲ့ လမ်းစဉ်ကိုပဲ လိုက်မယ်၊ အဖေဟာ အစ်ကိုကြီးပြောသလို ကပ်စေးနဲတာ မဟုတ်သလို အစ်ကိုလတ်ပြောသလို ခြိုးခြံချွေတာတာလည်း မဟုတ်ပါဘူး။ စည်းကမ်းနဲ့ သုံးစွဲတာပါ။ တိုးပွားအောင်လုပ်တာပါ" ဆိုပြီးစီးပွားရေးမှာ ရင်းနှီးမြှုပ်နှံပါတယ်၊ စည်းကမ်း ထားပြီး သုံးစွဲသလို၊ တိုးပွားအောင်းလည်း ကြိုးစားတဲ့အခါ ရွှေဒင်္ဂါနှစ်ရာကနေ နှစ်ထောင်၊ နှစ်ထောင်ကနေ နှစ်သောင်းအထိ ရလာသတဲ့။

ဒါနဲ့ တစ်နေ့မှာ သူဌေးကြီးက သား(၃)ယောက်စလုံးကိုခေါ်ပြီး "ရွှေဒင်္ဂါးနှစ်ရာကို ဘယ်လိုသုံးစွဲကြသလဲ"လို့ မေးမြန်းပါတယ်၊ သားအကြီးဆုံးက "သူကောင်းကောင်း ဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းသုံးကြောင်း"ဖြေကြားပါတယ်။ အဲဒီအခါ သူဌေးကြီးက

http://mmteashop.com July 11, 2011

"အခု-မင်း လက်ထဲမှာ ရွှေဒင်္ဂါး ဘယ်လောက် ရှိသေးလဲ"လို့ထပ်ပြီးမေးပါတယ်၊ သားကြီးက "ကုန်သွားပြီ၊ မကျန်တော့ဘူး"လို့ဖြေတဲ့ အခါ၊ သူဌေးကြီးက "မင်းဟာက တစ်လမ်သွားပဲ"လို့ ပြောပြီး ပြုံးနေပါတယ်။

သားလတ်ကတော့ "ကျွန်တော်ကတော့ ဘာမျှ သုံးမပစ်ဘဲ ကျစ်ကျစ်လျစ်လျစ် စုထားပါတယ်"လို့ ဖြေပြီးရွှေဒင်္ဂါးနှစ်ရာကို ဝမ်းသာအယ်လဲထုတ်ပြပါတယ်၊ အဲဒီအခါမှာ သူဌေးကြီးက"မင်း ဟာကလည်း တစ်လမ်းသွားပဲ"လို့ ပြောပြီး ပြုံးနေပါတယ်။

သားငယ်ကတော့ "အဖေ၊ကျွန်တော်ကတော့ စည်းနဲ့ကမ်းနဲ့ သုံးလည်း သုံးပါတယ်၊ တိုးလည်းတိုးပွားအောင် လုပ်ပါတယ်၊ အခု ကျွန်တော်လက်ထဲမှာ ရွှေဒင်္ဂါး နှစ်သောင်း ရှိပါတယ်လို့" ဖြေတဲ့ အခါ သူဌေးကြီးက "အေး-မင်းဟာကမှ နှစ်လမ်းသွားကွ၊ စီပွားဆိုတာ တစ်လမ်းသွားနည်းနဲ့ ဘယ်တော့မှ မအောင်မြင်နိုင်ဘူး"လို့ ဂုဏ်ပြုပြောဆိုကာ သားကြီးနဲ့ သားလတ်တို့ကိုလည်း သားငယ်ရဲ့ လမ်းစဉ်အတိုင်း စည်းကမ်းရှိရှိ တိုးပွားအောင် ကြိုးစားကြဖို့ ဆုံးမပြီး၊ သားကြီးကို ရွှေဒင်္ဂါးနှစ်ကုဋေ၊ သားလတ်ကို ရွှေဒင်္ဂါးနှစ်ကုဋေနဲ့ သားငယ်ကိုတော့ ဘဏ္ဍာတိုက် (၃)ခုနဲ့အတူ ရွှေဒင်္ဂါးကုဋေရှစ်ဆယ်ကို အမွေအဖြစ် လွှဲအပ်ပေးလိုက်ပါသတဲ့။

သူဌေးကြီးဟာ အမွေအားလုံး ခွဲဝေပေးပြီး မကြာခင်မှာပဲ ရဟန်းဝတ်ကာ တောထွက် သွားပါတော့တယ်။

ဒီပုံပြင်ကလေးဟာ သင်္ကေတတွေ သုံးထားတဲ့ နိမိတ်ပြပုံပြင်တစ်ခု ဖြစ်ပါတယ်။ ပုံပြင်ထဲမှာပါတဲ့ သား(၃)ဦးဟာ ပုထုဇဉ်လောကီလူသားအားလုံးကို ရည်ညွှန်း ထားတာ ဖြစ်သလို ရွှေဒင်္ဂါးနှစ်ရာ ဆိုတာဟာလည်း ရုပ်နာမ်နှစ်ပါးကို ကိုယ်စားပြုဖော်ညွှန်းထားတာ ဖြစ်ပါတယ်။ ပုံပြင်ထဲက သား(၃)ဦးဟာ ဖခင်သူဌေးကြီးထံက ရွှေဒင်္ဂါးနှစ်ရာ ရရှိခဲ့သလို ပုထုဇဉ်လူသားတွေဟာလည်း ကံတရားဖခင်ကြီးထံက ရုပ်နာမ်နှစ်ပါးဆိုတဲ့ ရွှေဒင်္ဂါးတွေ ညီတူ ညီမျှ ရရှိခဲ့ကြတာပါ။



http://mmteashop.com July 11, 2011

ဒါပေမယ့် ပုံပြင်ထဲက ညီအစ်ကို (၃)ယောက်လိုပဲ ပုထုဇဉ်လူသားတွေဟာလည်း ရုပ်နာမ်နစ်ပါး (ခန္ဓာငါးပါး)ရထားတာချင်းအတူတူ သုံးစွဲပုံ မတူညီတာကြောင့် အကျိုးကျေးဇူး ခံစားရပုံချင်းလည်း လွန်စွာမှကွဲပြားခြားနားကြပါတယ်။ ပုထုဇဉ် လူသားတချို့ဟာ ကာမဂုဏ်အာရုံ လမ်းမကြီးပေါ်မှာ အစွမ်းကုန် လိုက်စား၊ ပျော်ပါးရေး အစွန်း ဘက်ကို ရောက်သွား တတ်ကြပါတယ်၊ အဲဒါကို ပိဋကစာပေမှာ "ကာမသုခလ္လိကာနုယောဂ " အကျင့်လို့ခေါ်ပါတယ်၊ ဒီလို လက်ယာစွန်း ရောက်တဲ့ သူတွေဟာ လောဘ၊ အတ္တကြီးမားပြီး၊ ယုတ်ညံ့တတ်ပါတယ်၊ မိမိရဲ့ လူ့စွမ်းအား အရင်းအမြစ် အားလုံးကို ရာဂမီးပုံထဲ လောင်းထည့်ပြီး ကာမနတ်ကို ယဇ်ပူဇော် ရတာမျိုးဖြစ်လို့ အရင်းရော အမြတ်ပါ အကုန်ရှုံးတဲ့ သူညလုံးလုံး ဖြစ်တတ်ပါတယ်။ ဒီ လူတွေဟာ ပုံပြင်ထဲက အစ်ကိုအကြီးဆုံးနဲ့ ဥပမာတူပါတယ်။

တချို့ ပုထုဇဉ်လူတွေကတော့ ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ အစွမ်းကုန် ချုပ်ထိန်းရေး အစွန်းဘက် ရောက်သွားတတ်ပါတယ်။ ဒါကိုတော့ ပိဋကစာပေမှာ "အတ္တကိလမထာနုယောဂ "အကျင့်လို့ ခေါ်ပါတယ်။ ဒီလိုလက်ဝဲစွန်း ရောက်သူတွေဟာ မာနကြီးပြီး အမြင် ကျဉ်းမြောင်းပါတယ်၊ လူ့ အရင်းအမြစ်တွေ ဆုတ်ယုတ်ပျက်စီး ကာ တိုးတက်ကြီးပွားမှုတွေ ရပ်တန့်သွားတတ်ပါတယ်။ ဒီလူတွေဟာ ပုံပြင်ထဲက အစ်ကိုလတ်နဲ့ ဥပမာတူပါတယ်။

ကလျာဏ ပုထုဇဉ်တွေဟာ ကာမဂုဏ်အာရုံလမ်းမကြီးပေါ်မှာ အစွမ်းကုန် လိုက်စားရေးနဲ့ အစွမ်းကုန် ချုပ်ထိန်းရေးဆိုတဲ့ အစွန်းနစ်ဖက်ကို လုံးဝ မရောက်ရှိစေဘဲ၊ သင့်တင့်လျောက်ပတ်စွာ ခံစားခြင်းဆိုတဲ့ အလယ်အလတ်လမ်းစဉ် "မဇ္ဈိမပဋိပဒါ" အကျင့်ပေါ်မှာ ခိုင်မြဲစွာ ရပ်တည်ပြီး၊ ရုပ်နာမ်နစ်ပါး (ကိုယ်စိတ်စွမ်းအားတွေ )ကို ကိုယ်ကျင့်တရား၊ စိတ်ဓာတ်တည်ကြည်မှုနဲ့ ဉာဏ်အမြော်အမြင်ရှိမှုတွေမှာ ရင်းနှီးမြှုပ်နှံပြီး၊ စနစ်တကျ အသုံးချတတ်တာမို့ အရင်းရောအမြတ်ပါ တိုးများကာ ကြီးပွားချမ်းသာ ကြရပါတယ်။ ဒီလူတွေကတော့ ပုံပြင်ထဲက ညီအငယ်ဆုံးနဲ့ ဥပမာတူပါတယ်။

လူတိုင်းသာ ကာမဂုဏ် အာရုံလမ်းမကြီးပေါ်မှာ "မဖျှိုမပဋိပဒါ"လို့ ခေါ်တဲ့ အလယ်အလတ် လမ်းစဉ်နဲ့ လျှောက်သွားနိုင်ကြရင် ပုံပြင်ထဲက ညီအငယ်ဆုံးလိုပဲ နောက်ဆုံးမှာ မဂ်လေးပါး၊ ဖိုလ်လေးပါး=ရှစ်ပါးသော လောကုတ္တရာ တရားတွေနဲ့တကွ၊ နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ ဘဏ္ဍာတိုက်ကြီးကိုပါ ဗုဒ္ဓ မြတ်စွာရဲ့ လောကုတ္တရာအမွေအနှစ်အဖြစ် ရရှိပိုင်ဆိုင်ကာ မုချချမ်းသာ ကြွယ်ဝလာနိုင်ကြမှာပါ။

တကယ်တော့ ဗုဒ္ဓမြတ်စွာသာသနာဆိုတာ လူသားတိုင်း အစွန်းနှစ်ဖက်ကို ရှောင်ရှားပြီး၊ အလယ်အလတ် လမ်းက လျှောက်သွား တတ်ဖို့ ပေါ်ပေါက် လာခဲ့တာ ဖြစ်ပါတယ်။

အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ

http://mmteashop.com July 11, 2011

- မင်ညာက် ဖိုလ်ညာက်ရဖို့ ပါရမီ အခြေခံရှိပြီသာ အဇာတသတ် မင်းသားဟာ မိတ်ဆွေယုတ် အရှင်ဒေဝဒတ္တကို မိတ်ဆွေကောင်း ထင်ပြီး ပေါင်းသင်းမိလို့ မင်ဖိုလ် အညွန့်ကျိုးရုံ မျှမက ဥဿဒငရဲသို့ ကျရောက်ပျက်စီးရသလို၊
- ယခုအခါမှာလည်း လောကီလောကုတ္တရာမှာ ကြီးပွားဖို့ အခြေခံပါပြီးသား လူငယ်လူရွယ်တွေဟာ မိတ်ဆွေယုတ် သုရာမေရယကို မိတ်ဆွေကောင်း ထင်ပြီး ပေါင်းသင်း မိကြလို့ လူညွန့် ကျိုးရုံမျှမက ဘဝပျက်၊ အရက်ကွဲ ကိုယ်ကျိုးနည်း နေကြပါတယ်။



"ဆေးလိပ်သမား အမှားတစ်ရာ၊အရက်သမား အမှားတစ်ထောင်၊ဘိန်းစားအမှားတစ်သိန်း "
ဆိုတဲ့ စကားဟာ လျော်ကန်တဲ့ ပညတ်ချက် တစ်ခုပါ။

## ပေါင်မုန့်ခြောက်နဲ့ မှင်စာ

လောကမှာ ဉာဏ်ပညာ အကြီးမားဆုံးနဲ့ အမိုက်မဲဆုံးပုဂ္ဂိုလ်ဆိုတာ လူသားတွေပါ။ လူဟာ နေမင်းထက် ပိုမိုတောက်ပနိုင်သလို လကွယ်ညတွေထက်လည်း ပိုပြီး အမှောင်ကျနိုင်ပါတယ်။ လူ့ရဲ့စိတ်ဟာ အာကာသ ဟင်းလင်းပြင်ကြီးထက် ပိုမို

Typing - ရာမညသူလေး



http://mmteashop.com July 11, 2011

ကျယ်ပြန့် နိုင်သလို အပ်နဖားလေးထက်လည်း ပိုပြီး ကျဉ်းမြောင်းနိုင်ပါတယ်။ ဒါကြောင့်မို့ တချို့က လူသားကို "တိရစ္ဆာန်တစ်ပိုင်း နတ်တစ်ပိုင်းသတ္တဝါ" လို့ ခေါ်ဝေါ်သမုတ်ကြတာပါ။

ပါဠိစာပေမှာ မနုဿ=လူမည်ခြင်းရဲ့ အဓိပ္ပါယ်ကို "အကောင်းအဆိုး၊ အကျိုး-အပြစ်၊ ကုသိုလ်ကို သိနားလည်တတ်သူ၊ မြဲသောသတိနဲ့ ရဲသောသတ္တိတို့ကြောင့် ထက်မြက်ပြန့်ပြော ကြီးကျယ်သော စိတ်သဘောရှိသူ" လို့ ဖွင့်ဆို ပြပါတယ်။ လိုရင်း အဓိပ္ပါယ်ကတော့ မိမိဘဝကို ကုသိုလ်အညွှန့် တလူလူ လွင့်အောင် လွှင့်ထူနိုင်သူဟာ လူမည်တာပါပဲ။

အဲဒီ ကုသိုလ်တရားလို့ခေါ်တဲ့ လူ့ဘဝရဲ့အညွှန့်=လူညွှန့်ကို ကျိုးသွားစေ၊ တုံးသွားစေတတ်တဲ့ ပြစ်မှုတွေထဲမှာ သုရာမေရယ=သေရည်အရက်သောက်စားမှုဟာ အဆိုးဝါးဆုံးပါ။ သုရာမေရယ "သေရည်" လို့ ဆိုတဲ့အတိုင်း လူတစ်ယောက်ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့အရေးကိစ္စ ဘဝတစ်ခုလုံးကို သေဆုံး ပျက်စီးသွားစေနိုင်တဲ့ အရည်တွေ ဖြစ်ပါတယ်။ ယခုခေတ်မှာတော့ အရည်သာမက အဖတ်တွေ၊ အတုံး၊ အခဲ၊ အမှုန့်၊ အခိုးအငွေ့ စတာတွေအထိ မူးယစ်စေတတ်တဲ့ အရာတွေဟာ ပေါ်များလာနေပါပြီ။

သုရာမေရယအမှုဟာ ဒုစရိုက် ပြစ်မှုအားလုံးတို့ရဲ့ ခေါင်းကိုင်ဦးစီးဖခင်ကြီးပါ။ သေရည်သေရက်သောက်ထားသူတစ်ဦး မပြုဝံ့၊ မပြုနိုင်တဲ့ ဒုစရိုက်ပြစ်မှုဆိုတာ တစ်ခုမျှ မရှိပါ။ သေရည်သေရက်ဟာ သူနဲ့ ရင်းနှီးခင်မင် အကျွမ်းဝင်သူအားလုံးကို တစ်ယောက်မကျန် အရှက်တကွဲ အကျိုးနည်းအောင် လုပ်လေ့ရှိပါတယ်။ သေရည်သေရက်ကြောင့် ဘဝပျက် အရှက်ကွဲ၊ အကျိုးနည်းရသူတွေထဲမှာ သာမန်သူလိုငါလို ပုဂ္ဂိုလ်တွေသာမက ရှင်ဘုရင်တွေ မှူးကြီးမတ်ရာတွေနဲ့ တကွ ဈာန်အဘိညာဉ်ရ ပုထုဇဉ် ရသေ့ ရဟန်းတွေ အထိ ပါဝင်ပါတယ်။

http://mmteashop.com July 11, 2011

မင်္ဂလာပါ ဖိုလ်ဉာဏ်ရဖို့ ပါရမီအခြေခံရှိပြီးသား အဇာတသတ်မင်းသားဟာ မိတ်ဆွေယုတ် အရှင်ဒေဝဒတ္တကို မိတ်ဆွေကောင်းထင်ပြီး ပေါင်းသင်းမိလို့ မဂ်ဖိုလ်အညွန့် ကျိုးရုံမျှမက ဥဿဒငရဲသို့ ကျရောက်ပျက်စီးရသလို၊ ယခုအခါမှာလည်း လောက လောကုတ္တရာမှာ ကြီးပွားဖို့ အခြေခံပါပြီးသား လူငယ်လူရွယ်တွေဟာ မိတ်ဆွေယုတ် သုရာမေရယကို မိတ်ဆွေကောင်းထင်ပြီး ပေါင်းသင်းမိကြလို့ လူညွန့် ကျိုးရုံမျှမက ဘဝပျက်၊ အရှက်ကွဲ ကိုယ်ကျိုးနည်းနေကြပါတယ်။

သုရာမေရယအမှုဟာ ပြုပြုချင်း အစပထမမှာပဲ ငါးပါးသီလလို့ခေါ်တဲ့ အခြေခံ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်ပါတယ်။ ဒုတိယအနေနဲ့ အခြေခံလူ့စွမ်းရည်လို့ခေါ်တဲ့ သတိနဲ့ သတ္တိကို ရိုက်ချိုးပါတယ်။ ပြီးတော့ အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ လုပ်ပိုင်ခွင့်နဲ့ ခံစားခွင့်ကို ဖျက်ဆီးပါတယ်။ နောက်ဆုံးမှာတော့ လူ့ဂုဏ်၊ လူ့သိက္ခာ၊ လူ့ချမ်းသာ၊ လူ့ကျက်သရေ မင်္ဂလာနဲ့ လူ့ဘဝရဲ့အညွန့် အဖူးအားလုံးကို တုံးစေပြီး "ပါရမီနဲ့ နိဗ္ဗာန်"လို့ခေါ်တဲ့ လူ့ဘဝရဲ့အမြင့်မြတ်ဆုံး အသီးအပွင့်တွေကိုပါ လက်လွတ် ဆုံးရှုံး စေပါတယ်။ ခံတွင်းပေါက်ထဲ လောင်းထည့်လိုက်တဲ့ သုရာရေ တစ်ခွက်ဟာ အစာအိမ်မှာသာ ရပ်တန့် မနေဘဲ ဝမ်းဗိုက်ကို ဖြစ်ပြီး ငရဲပြည်အထိ စီးဆင်းသွားတာပါ။

သုရာမေရယအမှုကို ပြုမိတဲ့သူဟာ အရေးအခွင့် သင့်- မသင့်ကို မသိတော့ခြင်း၊ အားထုတ်မှုမရှိ ပျင်းရိတတ်ခြင်း၊ မူးရူးပေါ့ဆမေ့လျော့တတ်ခြင်း၊ ကျေးဇူးကန်းခြင်း၊ အရှက်ကြောက် ကင်းမဲ့ခြင်း၊ အကုသိုလ် ဒုစရိုက်ဟူသမျှ ပြုလွယ်ခြင်းစတဲ့ ဆိုးဝါး ယုတ်ညံ့တဲ့ အရည်အသွေးတွေ စုဝေးလာတာမို့ (၁) ဥစ္စာဓန ဆုတ်ယုတ်ပျက်စီးခြင်း၊ (၂) အငြင်းအခုံ ခိုက်ရန်များခြင်း၊ (၃) ရောဂါထူပြောခြင်း၊ (၄) အကျော်အစောမဲ့ခြင်း၊ (၅) အရှက်တကွဲဖြစ်ရခြင်း၊ (၆) အသိဉာဏ် ဆုတ်ယုတ်ပျက်စီးခြင်းဆိုတဲ့ ဆိုးပြစ်တွေကို ဆက်တိုက်ခံစားရတော့ တာပါပဲ။ ဒါ့အပြင် အမှားတစ်ခုကနေ နောက်အမှားတစ်ခုဆီ ကူးစက် ပျံ့နှံ့လွယ်တာမို့ အမှားသံသရာလည်ကာ အမှောင်ညတွေထဲမှာ ရုန်းမထွက်နိုင် အဆင့်ထိ ရောက်တတ်ပါတယ်။



http://mmteashop.com July 11, 2011

"ဆေးလိပ်သမား အများတစ်ရာ၊ အရက်သမား အများတစ်ထောင်၊ ဘိန်းစား အများ တစ်သိန်း" ဆိုတဲ့ စကားဟာ လျော်ကန်တဲ့ ပညတ်ချက် တစ်ခုပါ။ လူ့စိတ်ရဲ့ ပကတိသဘောဟာ မကောင်းမှုမှာ မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်တတ်တာမို့ အများ၊ အမှန်ကို ဝေဖန်နိုင်တဲ့ အသိ၊ အကောင်း၊ အဆိုးကို ခွဲခြားနိုင်တဲ့ သတိတွေနဲ့ ကိုယ့်ကိုယ်ကို လူ့လမ်းကြောင်း ပေါ်ကနေ တိမ်းစောင်း မသွားရအောင် အမြဲပဲ ထိန်းကျောင်း နေရတာပါ။ သုရာမေရယ ကံဟာ လူ့စိတ်ရဲ့ အထိန်းအချုပ်ဖြစ်တဲ့ အဲဒီအသိ၊ အတိတွေကို တစ်ခဏချင်း ချိုးဖြတ်ပစ်တတ်တာမို့ လူဟာ ဘရိတ်အုပ်မရတော့တဲ့ ကားတစ်စီးလို့ ကိလေသာ ဗွက်၊ ဒုစရိုက် နွံအတွင်း သက်ဆင်းနစ်ဝင်သွားတော့တာပါပဲ။

တကယ်တော့ သုရာမေရယတွေဟာ မာရ်နတ်မင်းရဲ့ အဖျက်လက်နက်တွေ ပါ။ မာရ်နတ်ဆိုတာ လူသားတွေ ကိလေသာဒုစရိုက်တွေကြောင့် ပြားပြားမှောက် ဒုက္ခ ရောက်နေတာကို အမြဲကြည့်ချင် မြင်ချင်တဲ့ သူပါ။ အခု သူနဲ့ပတ်သက်တဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ အဲဒီ ဓမ္မပုံပြင်ကလေးကို "Twenty Three Tales" ဆိုတဲ့ စာအုပ်ထဲမှာ ကမ္ဘာကျော် စာရေးဆရာကြီး လီယိုတော်လစတွိုင်းက ရေးသားခဲ့တာပါ။

ꕥꕥꕥ

## ပေါင်မုန့်ခြောက်နဲ့ မှင်စာ

တစ်ခါတုန်းက မာရ်နတ်ကြီးဟာ သူတပည့် မှင်စာတစ်ကောင်နဲ့အတူ လမ်းလျှောက် ထွက်လာသတဲ့။ အဲဒီအချိန်မှာ လယ်သမား လူဆင်းရဲ တစ်ယောက်ဟာ မနက်စောစောကပဲ လယ်ထဲကိုရောက်ပြီး လယ်ထွန်းနေပါတယ်။ မနက်စာအဖြစ် ယူလာတဲ့ ပေါင်မုန့်ခြောက်တစ်ချပ်ကိုလည်း သူ့ကုတ်အင်္ကျီနဲ့ထုပ်ပြီး အဲဒီလယ်သမားကို



http://mmteashop.com July 11, 2011

သူ့မျက်စိရှေ့မှာပဲ "ပျက်စီး ဒုက္ခရောက်အောင် လုပ်လိုက်စမ်း" လို့ မုဆိုးကို အမိန့် ပေးလိုက်တယ်။

အဲဒီအခါ မုဆိုးက လယ်သမားရဲ့ မနက်စာ ပေါင်မုန့်ခြောက်ကို ခိုးဝှက် ထားလိုက်ပြီး ချုံပုတ်နောက်ကွယ်မှာ ထိုင်ကာ လယ်သမားရဲ့ အမျက်ဒေါသနဲ့ ကျိန်ဆဲ သံကို နားစွင့်နေသတဲ့။ လယ်သမားဟာ အတန်ကြာ ထွန်ယက်ပြီးလို့ သူ့နွားတွေ မောလာတဲ့ အခါ နွားတွေကို အနားပေးရင်း၊ သူလည်း မနက်စာစားဖို့ စိတ်ကူးနဲ့ ချုံပုတ် ဆီကို လာခဲ့တာပေါ့။ ချုံပုတ်ဆီ ရောက်တဲ့အခါ သူဝှက်ထားတဲ့ ပေါင်မုန့်ခြောက်ဟာ ဘယ်သူမှ မလာဘဲ ပျောက်ခြင်းမလှ ပျောက်နေတာကို တွေ့ရလို့ လယ်သမားဟာ အင်မတန် ထူးဆန်း အံ့သြနေတယ်။

နံနက်စာလွတ်သွားတဲ့ လယ်သမားဟာ နည်းနည်းစိတ်မကောင်း ဖြစ်မိပေမယ့် ဒေါသထွက် ကျိန်ဆဲတဲ့အဆင့်ကိုတော့ လုံးဝ ရောက်မလာပါဘူး။ ဒါအပြင် "မနက်စာ တစ်နပ် မစားရလို့တော့ ငါမသေနိုင်ပါဘူး။ ငါ့ ပေါင်မုန့်ခြောက်ကို ယူသွားသူဟာ သူ့အတွက် လိုအပ်နေလို့ ဖြစ်မှာပေါ့။ ဒီပေါင်မုန့်ခြောက်ဟာ သူ့အတွက် အကျိုးဖြစ်ပါစေ" လို့တောင် မေတ္တာပို့ လိုက်သေးသတဲ့။

မုဆိုးကောင်ဟာ လယ်သမားကို မကောင်းမှု ဒုစရိုက် စိတ်ဝင်လာအောင် မလုပ်နိုင်တဲ့ အတွက် မာရ်နတ်ရဲ့ရှေ့မှာ ဂုဏ်သိက္ခာ ကင်းမဲ့သလို ဖြစ်သွားတယ်။ စိတ်ဆိုး နေတဲ့ မာရ်နတ်မင်းကို သူ မော့မကြည့် ရဲတော့ဘူး။ "လူတစ်ယောက်ကို အဆိုးမြင်လာအောင် မလုပ်နိုင်တာဟာ မင်းရဲ့အပြစ်၊ မင်းရဲ့ချို့ယွင်းချက်ပဲ။ တကယ်လို့ သုံးနှစ်အတွင်းမှာ ဒီလယ်သမားကို အပေါ်စီးရအောင် မကိုင်နိုင်ရင် ငါမင်းကို မစင်ဘင်ပုပ်ငရဲထဲမှာ နှစ်သက်မယ် နားလည်လား" လို့လည်း မာရ်နတ်ဟာ မုဆိုးကို ကျိန်းမောင်း လိုက်ပါတယ်။

http://mmteashop.com July 11, 2011

ကြောက်ရွံ့ထိတ်လန့်နေတဲ့ မှင်စာဟာ အလျင်အမြန် ထွက်ပြေးပြီး မြေကြီးထဲ ဝင်ပုန်းကာ သူ့အပြစ်ကို ဘယ်လိုကျေအောင် လုပ်ရပါ့မလဲလို့ စဉ်းစားတော့တာပဲ။ နောက်ဆုံးမှာတော့ မှင်စာဟာ အကြံတစ်ခုကို ရသွားပါတယ်။ မှင်စာကောင်ဟာ သူ့ကိုယ်သူ လယ်သမား တစ်ယောက်လို့ ဖန်ဆင်းပြီး အခုနက လယ်သမား သူဆင်းရဲထံ သွားကာ လုပ်ခစားအဖြစ် ဝင်လုပ်ပါတယ်။ မှင်စာကောင်ကပေးတဲ့ အကြံဉာဏ်တွေကြောင့် သူဆင်းရဲ လယ်သမားဟာ တစ်နှစ်ထက် တစ်နှစ် ဂျုံသီးနှံတွေ ပိုမို အထွက် ကောင်းလာကာ ဝမ်းစာ လုံလောက်ရုံမက အများကြီး ပိုလျှံလာတာမို့ ဘယ်လိုလုပ်ရမယ် ဆိုတာတောင် မသိဖြစ်နေသတဲ့။

အဲဒီအခါ မှင်စာက ဂျုံစေ့တွေကို ထုချေပြီး အရက်ချက်နည်း သင်ပေး လိုက်ပါတယ်။ လယ်သမားဟာ မှင်စာပေးတဲ့ နည်းအတိုင်း ပိုလျှံနေတဲ့ ဂျုံစေ့တွေကို အရက်ချက်ပြီး ကိုယ်တိုင်လည်း သောက်တတ်လာတယ်။ သူ့သူငယ်ချင်းတွေကိုလည်း အိမ်ကိုဖိတ်ပြီး အရက်တိုက်တတ်လာတယ်။ ဂျုံတွေရောင်းလို့ ရလာတဲ့ ဝင်ငွေကြောင့် လယ်သမားဟာ ပိုမိုပြီး ချမ်းသာကြွယ်ဝလာသလို သူ့အိမ်မှာလုပ်တဲ့ ပါတီပွဲတွေဟာလည်း ပိုမိုပြီး ကြီးကျယ်ခမ်းနားလာသတဲ့။

အဲဒီလို ပါတီပွဲကြီးတွေမှာဆိုရင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားတဲ့ လယ်သမားကြီးဟာ တောက်ပနေတဲ့ သူ့ရဲ့စည်းစိမ်တွေနဲ့ လျှံတက်လာတဲ့ အရက်ရဲ့ အရှိန်တွေကြောင့် နဂိုလိုမဟုတ်ဘဲ အင်မတန် ခက်ထန် ကြမ်းတမ်းသတဲ့။ သူ့ရဲ့ အိမ်စေ အလုပ်သမားတွေကိုသာမက သူ့ရဲ့ဇနီးကိုတောင် ပြစ်တင်ဆဲဆို ကျိန်းမောင်းတယ်။ ဒါတွင်မက သူဆင်းရဲလယ်သမားတွေ သူ့ပါတီကိုလာပြီး စားသောက်တာကို တွေ့ရင်လည်း တန်ရာတန်ရာ မလုပ်ဘူးဆိုပြီး ဆဲဆို ရိုက်ပုတ်နှင်ထုတ်ပစ်တတ်တယ်။

အဲဒီ အဖြစ်တွေကို ကြည့်ပြီး ကျေနပ်အားရနေတဲ့ မှင်စာကောင်ဟာ မာရ်နတ်ကြီးကို "သူ့ ပေါင်မုန့်ခြောက်ကို မနမြောတဲ့လူဟာ အခု ဘာဖြစ်နေပြီးလဲ

http://mmteashop.com July 11, 2011

ဆိုတာလာပြီး ကြည့်ရှုတော်မူပါလို့” ပင့်ဖိတ် လိုက်တာပေါ့။ တစ်ရက်မှာ မာရ်နတ်ကြီးဟာ လယ်သမားရဲ့ ပါတီပွဲကို လာပြီး အကဲခတ်ပါတယ်။ လူချမ်းသာ လယ်သမားတွေဟာ အိမ်ရှင်လယ်သမားနဲ့တွဲပြီး အရက်သောက်ကြတယ်။ အနှစ်မရှိတဲ့ စကားတွေကို ပြောပြီး တစ်ယောက်နဲ့တစ်ယောက် ညာဝါး မြှောက်ပင့် ဖြီးဖြန်း ပြောဆိုကြတာတွေကို နားထောင်ရင်း မာရ်နတ်က မင်းစာရဲ့ လုပ်ရပ်ကို အလွန်သဘောကျသွားတယ်။

ဒါပေမယ့် မင်းစာက “သူတို့ နောက်တစ်ချီ အရက်တစ်ဖန်ခွက်စီ မော့သောက်ချိန် အထိ စောင့်ကြည့်လိုက်ပါဦး၊ အခုဆိုရင် ဒီကောင်တွေ အားလုံး မြေခွေးတွေလို အမြီးတန်းနံနဲ့ တစ်ကောင့်ကို တစ်ကောင် လျှီးဖို့ဖြတ်ဖို့ စဉ်းစားနေကြပြီ။ မကြာခင် ဝံပုလွေလို ဖြစ်လာပြီး အချင်းချင်း ကိုက်ကြခဲ့ကြတာကို သခင်ကြီး မြင်ရပါလိမ့်မယ့်” လို့ သံတော်ဦး တင်လိုက်တာမို့ မာရ်နတ်ကြီးဟာ ဘယ်မျှမပြောတော့ဘဲ ဆက်ပြီး စောင့်ကြည့် နေတာပေါ့။

လယ်သမားတွေဟာ နောက်ထပ်အရက် တစ်ခွက်စီ မော့ကြပြန်တယ်။ ပြောနေတဲ့ စကားတွေလည်း ပိုပြီးကျယ်လောင်၊ ပိုပြီး ကြမ်းတမ်းရိုင်းစိုင်းလာတယ်။ စောစောတုန်းက ဟန်ဆောင်ပန်ဆောင် သိမ်မွေ့မှုတွေ လုံးဝပျောက်သွားပြီး တစ်ယောက်ကို တစ်ယောက် ဆဲလား၊ ဆိုလား ကြိမ်းလား၊ မောင်းလား လုပ်လာကြတယ်။ မကြာခင်မှာပဲ တစ်ဦးကို တစ်ဦး ထိုးဟယ်၊ ကြိတ်ဟယ်ဖြစ်လာပြီး ရန်ပွဲထဲမှာ အိမ်ရှင်ကိုယ်တိုင် ဝင်နွှဲခဲ့လို့ ပုလင်းတွေ၊ ဖန်ခွက်တွေ ပန်းကန်ပြားတွေသာမက လူတွေ အားလုံးလည်း အဖုအထစ် အကွဲအပြဲတွေနဲ့ အလဲလဲအပြိုပြို ဖြစ်ကုန်ကြတယ်။

မာရ်နတ်ဟာ ရန်ပွဲကို အစအဆုံးကြည့်ပြီး အင်မတန် အားရ ကျေနပ်နေတယ်။ သူတပည့်မင်းစာကောင်ကိုလည်း “အခုဟာ ပထမတန်းစား လုပ်ရပ်တစ်ခုပဲကွ” လို့ ချီးကျူးပြောဆိုလိုက်တယ်။ မင်းစာကောင်က “ခဏစောင့်ပါဦး၊ အကောင်းဆုံးတစ်ခုလာဖို့ ရှိပါသေးတယ်၊ တတိယအကြိမ် တစ်ဖန်ခွက်စီ သောက်ပြီးတဲ့အထိ စောင့်ကြည့်ပါဦး၊

http://mmteashop.com July 11, 2011

အခုသူတို့ ဝံပုလွေတွေလိုဖြစ်ကုန်ပါပြီ။ နောက်မကြာခင် ဝက်တွေလို ဖြစ်လာပါလိမ့်ဦးမယ် ” လို့ ထပ်မံပြီး သံတော်ဦးတင်လိုက်ပါတယ်။

လယ်သမားတွေဟာ နောက်တစ်ကျော့ တစ်ဖန်ခွက်စီမော့ကြပါတယ်။ ဒီတစ်ကြိမ်မှာတော့ လူတွေအားလုံး တိရစ္ဆာန်အရိုင်းတွေလို ဖြစ်ကုန်ပြီး ဂူးဝါး၊ ဂူးဝါးအော်ကြ ဟစ်ကြကာ အရက်ပွဲကို လူစုခွဲကြပါတယ်။ တချို့က တစ်ယောက်တည်း၊ တချို့က နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထွက်သွားကြတယ်။ အားလုံး လမ်းမပေါ်မှာ ခြေလှမ်းမမှန်၊ ဒယီးဒယိုင်ဖြစ်ကာ သိုင်းကွက် နင်းနေကြပါတယ်။ အိမ်ရှင် လယ်သမားဟာ ဧည့်သည်တွေကို လိုက်ပို့မယ်ဆိုပြီး ထွက်လိုက်လာပေမယ့် အမှုးလွန်နေတာမို့ ရွှံ့အိုင် တစ်အိုင်ပေါ်မှာ မှောက်ရက်လဲပြီး ပြန်မထနိုင် ဖြစ်နေပါတယ်။ ခြေမကအစ ဦးခေါင်းအထိ တစ်ကိုယ်လုံး ရွှံ့အလိမ်းအလိမ်းလူးကာ တညည်းညည်း တညူညူ လုပ်နေတာမို့ သူ့ပုံဟာ ဝက်တစ်ကောင်နဲ့ ဘာမျှမခြားတော့ပါဘူး။

မာရ်နတ်ကြီးဟာ ပိုပိုပြီးတော့ ကျေနပ်အားရလာပြီး “သိပ်ကောင်းတယ်ကွာ၊ မင်း အစီအစဉ်က ပထမတန်းစားဝင်သွားပြီး၊ ဒါပေမယ့် မင်း ငါ့ကို တစ်ခုပြောပြစမ်း၊ ဒီအရက်ကို ဘယ်လိုလုပ်ယူရသလဲ၊ အခုငါမြင်ရတဲ့အတိုင်း ဆိုရင်တော့ မင်းရဲ့အရက်ဟာ မြေခွေး သွေးနဲ့ ရောစပ်ထားပုံပဲ။ ဒါကြောင့် ဒီလယ်သမားကောင်တွေ အရက်မူးစ ပြုလာတာနဲ့ တစ်ပြိုင်နက် မြေခွေးတွေလို ကောက်ကျစ် စဉ်းလဲလာတာပေါ့။ နောက်ပြီးတော့ ဒီအရက်ဟာ ဝံပုလွေသွေးနဲ့လည်း ရောထားပုံရတယ်။ ဒီကောင်တွေ တဖြည်းဖြည်း ဝံပုလွေတွေလို ဖြစ်လာတာ သိပ်ကြည့်လို့ ကောင်းတယ်။ နောက်ဆုံးတစ်ခုကတော့ ဝက်သွေးလည်းပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီအကောင်တွေလုပ်ပုံက ဝက်တွေနဲ့ တကယ်တူတာပဲ ” လို့ မှင်စာကောင်ကို မေးလိုက်တယ်။

မှင်စာကောင်က “အဲသလို လုပ်တာ မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်လုပ်တာက သူ့လက်ထဲမှာ ဂျုံတွေ ပိုလျှံလာအောင်ပဲ လုပ်ပေးတာပါ။ အရိုင်းအစိုင်း သားရဲ



http://mmteashop.com July 11, 2011

တိရစ္ဆာန်သွေး ဆိုတာကတော့ လူတွေမှာ အစကတည်းက အမြဲတစေ ရှိနေပြီးသားပါ။ လူတွေဟာ သူတို့နဲ့ ထိုက်တန် သလောက်လေးရနေရင် စည်းကမ်းရှိပြီး စိတ်ကောင်း ဝင်နေတတ်ပါတယ်။ လိုတာထက် ပိုလျှံပြီး ရလာပြီဆိုတော့ စည်းကမ်းမဲ့၊ စိတ်ကောင်း ပျက်ပြီး အောက်ခြေလွတ်၊ ဘဝင်ကိုင်လာတတ်ပါတယ်။ အရက်ဟာ လူသားတွေ အောက်ခြေ လွတ်စေဖို့ အတွက် အကောင်းဆုံးလက်နက်ပါ။ ဒါကြောင့် ဘုရားသခင်ရဲ့ လက်ဆောင်မွန် ဂျုံသီးတွေကို သခင်မာရ်နတ်ရဲ့ လက်နက် အရက်တွေအဖြစ် ပြောင်းလိုက်တဲ့ အခါ လူမှာ အရင်ကတည်းက ရှိနေပြီးသားဖြစ်တဲ့ မြေခွေးသွေးတွေ၊ ဝံပုလွေသွေးနဲ့ ဝက်သွေးတွေဟာ တစ်ခါတည်း သူ့ကိုယ်ထဲက ထွက်လာတာပေါ့။ တကယ်လို့ ဒီအရက်ကို အဆက်မပြတ် သောက်သွားမယ်ဆိုရင် လူသားတွေဟာ အမြဲတမ်း အရိုင်းအစိုင်း တိရစ္ဆာန် တစ်ကောင်လို ဖြစ်သွားပြီးတော့ သခင်မာရ်နတ်ရဲ့ "လက်ခုပ်ထဲက ရေ" ဘဝက ဘယ်တော့မှလည်း လွတ်ထွက်သွားမှာ မဟုတ်တော့ပါဘူး" လို့ ရှင်းပြလိုက်ပါတယ်။

အဲဒီအခါ မာရ်နတ်ဟာ မှင်စာကို အားရပါးရ ချီးကျူးပြီး အရင်က ပြုခဲ့တဲ့ အမှားကို ခွင့်လွှတ်ကာ လက်ရှိအခြေအနေထက် တစ်ဆင့်မြင့်တဲ့ အဆင့်တစ်ဆင့်သို့ ရာထူး တိုးပေး လိုက်ပါသတဲ့။

ပုံပြင်နည်းနည်း ရှည်သွားတာ စိတ်ပျက်စရာ ကောင်းပေမယ့် မိစ္ဆာဘုံက မကောင်းဆိုးဝါး နတ်တွေရဲ့ စိတ်ထားကို စာဖတ်သူတွေကြား သိခွင့် ရစေလိုက်တာကတော့ စိတ်ချမ်းမြေ့ဖို့ ကောင်းပါတယ်။ သုရာမေရယကံဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ သူတော်ကောင်းတွေက မိမိဝန်းကျင်နဲ့ ကမ္ဘာလောကရဲ့ ကောင်းကျိုးပြု ဝန်ဆောင်မှုတွေ ပြုလုပ်နေတဲ့ အချိန်မှာ သုရာမေရယသမားတွေက မိမိ၊ ဝန်းကျင်နဲ့ ကမ္ဘာလောကရဲ့ ပျက်စီးဆုတ် ယုတ်မှုတွေကို ပြုလုပ်နေကြရတဲ့ အဖြစ်ဟာ သံဝေဂရ- ရင်နာစရာ ဖြစ်ရပ်ကြီးတစ်ခုပါ။ လူတွေအားလုံး မာရ်နတ်ရဲ့ လက်တွင်းက

http://mmteashop.com　July 11, 2011

လွတ်ကင်းပြီး မြတ်စွာဘုရားရှင်ရဲ့ ကရုဏာ ရင်ခွင်တော်မှာ လွတ်လပ်ပျော်ရွှင်စွာ ရှိနေစေချင်တာဟာ ဒီဓမ္မပုံပြင်ကလေးရဲ့ အဓိကစေတနာပဲဖြစ်ပါတယ်။

http://mmteashop.com July 11, 2011